http://www.dhammadownload.com

021364
THANK YOU
2100

မင်းယုဝေ ● တိပိဋကဓရ ယောဆရာတော်

SEIKKU CHO CHO

စိတ်ကူးချိုချိုအနုပညာ

# တိပိဋကဓရ ယောဆရာတော်

မင်းယုဝေ

http://www.dhammadownload.com

စိတ်ကူးချိုချိုစာအုပ်

# တိပိဋကဓရ ယောဆရာတော်

## မင်းယုဝေ

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ
ပထမအကြိမ်

http://www.dhammadownload.com

တိပိဋကဓရယောဆရာတော်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၅၉၅၀၈၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၆၃၁၁၀၀၇ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို က.န.ဝ ပြုလုပ်၍ ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ်အဖြစ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၇ ခု၊ ဒီဇင်ဘာလ တွင် တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

http://www.dhammadownload.com

စိတ်ကူးချိုချိုအနုပညာ
၈၅(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း-၇၂၆၆၂၄

http://www.dhammadownload.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | |
| ၂။ | ယောနှင့် ဆရာဦးသိန်းဖေမြင့် | ၁ |
| ၃။ | ယောသည် ဗမာ | ၂ |
| ၄။ | ကိုယ်တွေ့ယော | ၄ |
| ၅။ | လှသောယော | ၅ |
| ၆။ | ဂုဏ်ယူဖွယ်ဒေသ | ၆ |
| ၇။ | လက်ပံရွာမှ ဇနီးမောင်နှံ | ၇ |
| ၈။ | မောင်သာမောင် | ၈ |
| ၉။ | အထိန်းတွန်းအား | ၉ |
| ၁၀။ | ထူးခြားသောကလေး | ၉ |
| ၁၁။ | မျိုးစေ့ကောင်း | ၁၀ |
| ၁၂။ | အာဂဘုန်းကြီးကျောင်းသား | ၁၁ |
| ၁၃။ | အလုပ်ကိုမြတ်နိုးသော မောင်သာမောင် | ၁၂ |
| ၁၄။ | ပွဲလမ်းသဘင် လုံးဝမကြည့် | ၁၃ |
| ၁၅။ | မောင်သာမောင်နှင့် အရှင်ဇနကာဘိဝံသ | ၁၄ |
| ၁၆။ | ကိုရင်သာမောင် | ၁၅ |
| ၁၇။ | ကန်ရွာသို့ | ၁၆ |
| ၁၈။ | ကန်တောရကျောင်းတိုက် | ၁၈ |

http://www.dhammadownload.com




| | | |
|---|---|---|
| ၁၉။ | ထူးခြားသော မြစ်သာမြစ် | ၂၁ |
| ၂၀။ | တစ်ယောက်တည်းသာအောင် | ၂၂ |
| ၂၁။ | လောကီကြီးပွားမှု လျစ်လျူပြု | ၂၃ |
| ၂၂။ | အမြတ်ဆုံးအမွေ | ၂၄ |
| ၂၃။ | ထူးခြားသောနေ့ | ၂၅ |
| ၂၄။ | သံယာ့ဂိုဏ်း ၉-ဂိုဏ်း | ၂၆ |
| ၂၅။ | ရွှေကျင်ဂိုဏ်းဟူသည် | ၂၇ |
| ၂၆။ | ရွှေကျင်နှင့် မင်းတုန်းမင်း | ၂၉ |
| ၂၇။ | သီတဂူဆရာတော်၏ မှတ်ချက် | ၂၉ |
| ၂၈။ | ရွှေကျင်သာသနာပိုင်များ | ၃၀ |
| ၂၉။ | ပထမကန်တောရဆရာတော်ကြီး | ၃၂ |
| ၃၀။ | မျက်နှာကြီးရာမလိုက်သော ရွှေကျင်ဆရာတော်ကြီး | ၃၃ |
| ၃၁။ | ကျယ်ငါးပါး၊ များရှစ်ပါး၊ ကြမ်းကိုးပါး | ၃၄ |
| ၃၂။ | ရွှေဟင်္သာဆရာတော်ကြီး၏ ဖွင့်ဆိုချက် | ၃၅ |
| ၃၃။ | ကန်တောရဆရာတော်ကြီး ပျံလွန်တော်မူ | ၃၇ |
| ၃၄။ | သူတော်ကောင်းကြီး | ၃၇ |
| ၃၅။ | သာမဏေဘဝ သင်ယူမှု | ၃၈ |
| ၃၆။ | ထူးခြားသောနေ့ | ၃၉ |
| ၃၇။ | မန္တလေးသို့ | ၄၁ |
| ၃၈။ | ခိုင်မာသောဆုံးဖြတ်ချက် | ၄၂ |
| ၃၉။ | မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် ခိုလှုံ | ၄၂ |
| ၄၀။ | ထိန်းသိမ်းနိုင် | ၄၃ |
| ၄၁။ | ရပ်ဆွမ်းသာခံ | ၄၄ |
| ၄၂။ | တောသားပါ | ၄၅ |
| ၄၃။ | ထမင်းဆိုင်တွင် ဆွမ်းဘုဉ်းမပေးလို | ၄၆ |
| ၄၄။ | မန္တလေးမှာ ၅-နှစ်ကြာ | ၄၇ |

http://www.dhammadownload.com




| | | |
|---|---|---|
| ၄၅။ | အသံတိတ်စာကျက် | ၄၇ |
| ၄၆။ | တောဘုန်းကြီးအဖြစ် သာသနာပြုရန် ရည်ရွယ် | ၄၉ |
| ၄၇။ | အံ့ဖွယ်ဆရာတော်ဦးဗုဓ် | ၅၀ |
| ၄၈။ | အသက်ကယ်သော ရွှေကျင်ဆရာတော် | ၅၃ |
| ၄၉။ | ဘွဲ့တံဆိပ် လက်မခံ | ၅၆ |
| ၅၀။ | ချို့တဲ့ | ၅၇ |
| ၅၁။ | ထူးခြားသောပြန်စာ | ၅၈ |
| ၅၂။ | အဆင်းရဲခံမည် | ၅၉ |
| ၅၃။ | ရန်ကုန်မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သို့ | ၆၁ |
| ၅၄။ | ထူးခြားသော ကျောင်းတိုက်နှင့် ထူးခြားသောဘုရား | ၆၁ |
| ၅၅။ | မဟာဂန္ဓာရုံကျောင်းတိုက် | ၆၂ |
| ၅၆။ | စိတ်ကောင်းရှိဖို့ ပထမ | ၆၃ |
| ၅၇။ | အတုယူဖွယ်စိတ်ထား | ၆၄ |
| ၅၈။ | သူများနားလည်ဖို့ရေးတာ | ၆၅ |
| ၅၉။ | ခြိုးခြံနိုင်သူ | ၆၅ |
| ၆၀။ | ပိဋကတ်ကျောက်စာတော် ၇၂၉-ချပ် | ၆၇ |
| ၆၁။ | သင်္ဂါယနာ | ၆၈ |
| ၆၂။ | ရဟန်းအာဇာနည်များ | ၇၀ |
| ၆၃။ | ရည်မှန်းခြင်းမရှိခဲ့သော်လည်း | ၇၁ |
| ၆၄။ | မင်းတုန်းမင်း | ၇၂ |
| ၆၅။ | ဓာတ်ဆရာကြီး ဦးပို | ၇၃ |
| ၆၆။ | ကားစင်တင် | ၇၄ |
| ၆၇။ | ဦးဖိုးလှိုင်နှင့် ဗျစ်ရည် | ၇၅ |
| ၆၈။ | မိဖုရား ၄၅-ပါး | ၇၅ |
| ၆၉။ | မန္တလေးမှ ရန်ကုန်သို့ | ၇၇ |
| ၇၀။ | ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသ | ၇၇ |

http://www.dhammadownload.com




၇၁။ စည်းကမ်းရှိသေ ၃၉
၇၂။ အတုယူဖွယ် စည်းကမ်းချက်များ ၈၀
၇၃။ စာချ ၈၂
၇၄။ စာသင်သား ၈၃
၇၅။ အရှင်ဝါသဝါဘိဝံသနှင့် အရှင်သိရိန္ဒာဘိဝံသ ၈၄
၇၆။ အောင်ပွဲဆင့်ဆင့် နွဲတိုင်းတင့် ၈၄
၇၇။ တိပိဋကဓရလမ်းစ ၈၅
၇၈။ အသားလွတ်စား သွေးသားစင်ကြယ် ၈၇
၇၉။ ကမ္ဘာအရပ်ရပ်မှ အသက်သတ်လွတ်စားသူများ ၈၇
၈၀။ အစာအာဟာရပါရဂူ ဒေါက်တာဗောလ်မာ ၈၈
၈၁။ ဒေါက်တာဘာချာ၏အဆို ၈၈
၈၂။ ဒေါက်တာဟိတ်၏အဆို ၈၉
၈၃။ အသားစားခြင်းနှင့် ကင်ဆာရောဂါ ၈၉
၈၄။ ဒေါက်တာရောဘတ်ဘဲလ်၏အဆို ၉၀
၈၅။ ဇီဝဗေဒ ဦးစံလှ၏ သုတေသနပြုချက် ၉၁
၈၆။ သက်သတ်လွတ်စားခြင်းနှင့် ကာယစွမ်းအား ၉၂
၈၇။ သက်သတ်လွတ်စားသော ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးအချို့ ၉၃
၈၈။ ဘားနတ်ရှော၏ ခံယူချက် ၉၄
၈၉။ တော်စတွိုင်း၏ ခံယူချက် ၉၄
၉၀။ ပါမောက္ခဆရာဝန်ကြီးနှင့် သက်သတ်လွတ်စားခြင်း ၉၆
၉၁။ လယ်တီဆရာတော်ဘုရားကြီးနှင့် အမဲသား ၉၈
၉၂။ အသက်လွတ်ဘုဉ်းပေးသော ဆရာတော်ကြီးများ ၁၀၁
၉၃။ ရောင့်ရဲစိတ်ထား၍ ၁၀၃
၉၄။ အစမ်းဖြေဆို ၁၀၄
၉၅။ ဦးခင်မောင်လင်း အိပ်မပျော် ၁၀၆
၉၆။ ဆရာတော်ကြီးများ၏ မှတ်ချက် ၁၀၇

http://www.dhammadownload.com




| | | |
|---|---|---|
| ၉၇။ | အဘိဝံသ နှစ်ထပ်ကွမ်းရရှိ | ၁၀၈ |
| ၉၈။ | ပိဋကတ်တစ်ပုံ အောင်မြင် | ၁၀၈ |
| ၉၉။ | မြောင်းမြဆရာတော်ကြီး | ၁၀၉ |
| ၁၀၀။ | မြောင်းမြဆရာတော်ကြီး၏ အဆုံးအမ | ၁၁၂ |
| ၁၀၁။ | စာမေးပွဲအမျိုးမျိုး ဖြေဆို | ၁၁၃ |
| ၁၀၂။ | မြစ်သာမြစ်ကူးတံတား | ၁၁၄ |
| ၁၀၃။ | အရှင်သုမင်္ဂလာလင်္ကာရ | ၁၁၅ |
| ၁၀၄။ | ပိဋကနှစ်ပုံအောင်မြင် | ၁၁၆ |
| ၁၀၅။ | ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသနှင့် အရိုးကင်ဆာရောဂါ | ၁၁၇ |
| ၁၀၆။ | ဆရာတော်အရှင်ဝါသဝါဘိဝံသ၏ အဆုံးအမ | ၁၁၉ |
| ၁၀၇။ | သဗ္ဗမင်္ဂလ မွေဒေသနာကျမ်းကြီး | ၁၂၀ |
| ၁၀၈။ | ပိဋကသုံးပုံ အာဂုံဆောင် | ၁၂၁ |
| ၁၀၉။ | ဆရာသခင်၏ တာဝန်ပေးချက်အရ | ၁၂၂ |
| ၁၁၀။ | ညီနောင်စိတ်ထား | ၁၂၂ |
| ၁၁၁။ | တာဝန် ၄-မျိုးထမ်းဆောင် | ၁၂၃ |
| ၁၁၂။ | ဝမ်းသာဂုဏ်ယူကြ | ၁၂၄ |
| ၁၁၃။ | ဘူမိနက်သန်များ | ၁၂၄ |
| ၁၁၄။ | ထူးဆန်းသောမွေကြီး | ၁၂၅ |
| ၁၁၅။ | ဆရာတော်ဦးဇာဂရ၏ကောက်ချက် | ၁၂၇ |
| ၁၁၆။ | သက်တော် ၄၀-ကျော်ပြီးမှသာ | ၁၂၈ |
| ၁၁၇။ | ဒီယဆိုတော့ ရှည်ဦးမှာ | ၁၂၉ |
| ၁၁၈။ | လက်တစ်ကမ်းသာကျန် | ၁၃၀ |
| ၁၁၉။ | မော်လမြိုင်သတိပဋ္ဌာန်ဆရာတော်ကြီး | ၁၃၀ |
| ၁၂၀။ | ထူးခြားသော ၁၃၄၆-ခုနှစ် | ၁၃၁ |
| ၁၂၁။ | တိုက်တိုက်ဆိုင်ဆိုင် | ၁၃၂ |

http://www.dhammadownload.com




| | | |
|---|---|---|
| ၁၂၂။ | အပူဇော်ခံလို၍မဟုတ် | ၁၃၃ |
| ၁၂၃။ | ဆရာတော်ကြီး အရှင်ဇနကာဘိဝံသနှင့် ပူဇော်ပွဲ | ၁၃၃ |
| ၁၂၄။ | မင်းကွန်းဆရာတော်ကြီး၏ ညည်းချင်း | ၁၃၄ |
| ၁၂၅။ | မင်းကွန်းဆရာတော်ကြီးနှင့် ဗိုလ် ၅-ပါး | ၁၃၅ |
| ၁၂၆။ | မှတ်ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ် | ၁၃၇ |
| ၁၂၇။ | တရားကို အဖော်လုပ် | ၁၃၇ |
| ၁၂၈။ | တရားအားထုတ် | ၁၃၈ |
| ၁၂၉။ | ညီနောင်နှစ်ပါးပမာ | ၁၃၉ |
| ၁၃၀။ | တပည့်များကိုဆုံးမ | ၁၃၉ |
| ၁၃၁။ | မေတ္တာရှင် | ၁၄၀ |
| ၁၃၂။ | နေမင်းလမင်းပမာ | ၁၄၁ |
| ၁၃၃။ | တာဝန်အဆင့်ဆင့် | ၁၄၂ |
| ၁၃၄။ | ပဓာနနာယကဆရာတော်တာဝန် | ၁၄၃ |
| ၁၃၅။ | ညင်ညင်သာသာ | ၁၄၄ |
| ၁၃၆။ | ပဋိပတ္တိမကင်းတဲ့ ပရိယတ် | ၁၄၄ |
| ၁၃၇။ | ဆရာတော်နှင့် တီဗွီ | ၁၄၅ |
| ၁၃၈။ | ခန္ဓာတီဗွီ | ၁၄၆ |
| ၁၃၉။ | ခန္ဓာဘောလုံးပွဲ | ၁၄၇ |
| ၁၄၀။ | တယ်လီဖုန်းမသုံး | ၁၄၈ |
| ၁၄၁။ | ယောဆရာတော် | ၁၄၉ |
| ၁၄၂။ | ယောတရားတော် | ၁၄၉ |
| ၁၄၃။ | ယောကဗျာ | ၁၅၁ |
| ၁၄၄။ | ယောအတွက်လှူဒါန်း | ၁၅၄ |
| ၁၄၅။ | မိဘကျေးဇူးဆပ် | ၁၅၅ |
| ၁၄၆။ | သံဃာတော်များအတွက် | ၁၅၆ |
| ၁၄၇။ | ယူခြင်းထက် ပေးခြင်းအဓိက | ၁၅၈ |

http://www.dhammadownload.com



| | | |
|---|---|---|
| ၁၄၈။ | တရားစာအုပ် ဓမ္မဒါန | ၁၅၈ |
| ၁၄၉။ | အုံ့ဖွယ်ကူညီ | ၁၅၉ |
| ၁၅၀။ | နိုင်ငံခြားသို့ မကြွလို | ၁၅၉ |
| ၁၅၁။ | ထိုင်းနှင့်လောနိုင်ငံသို့သာ | ၁၆၁ |
| ၁၅၂။ | နှလုံးသားဝယ် ဘုရားတည် | ၁၆၄ |
| ၁၅၃။ | ဖိုးထိန်အမြင်မှန်ရ | ၁၆၈ |
| ၁၅၄။ | တရားအစွမ်း | ၁၆၉ |
| ၁၅၅။ | လူရှုပ်တောင်းပန် | ၁၇၀ |
| ၁၅၆။ | လူရှုပ်မြေလာပေးပြီ | ၁၇၁ |
| ၁၅၇။ | မြန်မာစကားပြေ ဦးစားပေး | ၁၇၂ |
| ၁၅၈။ | ယောဆရာတော်နှင့် ပရဟိတ | ၁၇၃ |
| ၁၅၉။ | မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ | ၁၇၃ |
| ၁၆၀။ | အမြင့်မြတ်ဆုံး ပရဟိတစွမ်းအားရှင်မြတ်ဗုဒ္ဓ | ၁၇၄ |
| ၁၆၁။ | ပရဟိတဆိုတာ ပေးဖို့သက်သက် | ၁၇၅ |
| ၁၆၂။ | မြင့်မြတ်သူတို့အလုပ် | ၁၇၆ |
| ၁၆၃။ | အုံ့ဖွယ်အကျိုးပေး | ၁၇၆ |
| ၁၆၄။ | မြတ်မင်္ဂလာစာစောင်နှင့် ပရဟိတ | ၁၇၇ |
| ၁၆၅။ | မေတ္တာ၊ ကရုဏာ၊ မုဒိတာ | ၁၇၇ |
| ၁၆၆။ | ယောဆရာတော်၏ ခံယူချက် | ၁၇၈ |
| ၁၆၇။ | တရားဟောပြောပွဲများ | ၁၇၈ |
| ၁၆၈။ | ဂျပန်သူဌေး ဇနီးမောင်နှံ | ၁၇၉ |
| ၁၆၉။ | ဒုက္ခသစ္စာ | ၁၈၀ |
| ၁၇၀။ | သားလေး သေသွားလို့ပါ | ၁၈၁ |
| ၁၇၁။ | သတိ | ၁၈၂ |
| ၁၇၂။ | မိနစ် ၂၀-တရား | ၁၈၃ |
| ၁၇၃။ | တရားရေအေး | ၁၈၄ |

http://www.dhammadownload.com




၁၇၄။ အကောင်းဆုံး စိတ်အပန်းဖြေခြင်း ၁၈၅
၁၇၅။ တရားဆေး ၁၈၅
၁၇၆။ ဓမ္မပုံပြင်များ ၁၈၆
၁၇၇။ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးနှင့်
ယောဆရာတော် ၁၈၇
၁၇၈။ ရဟန်းထူးရဟန်းမြတ် ၁၈၇
၁၇၉။ ကျောင်းပေါင်းများစွာ ၁၉၀
၁၈၀။ ပဲခူး ဓမ္မသီတဂူ ရွှေအင်ကြင်းကျောင်း ၁၉၀
၁၈၁။ ရွှေအင်ကြင်းဆရာတော်၏ ကိုယ်တွေ့ ၁၉၁
၁၈၂။ ယောဆရာတော်နှင့် ရဝေနွယ် (အင်းမ) ၁၉၃
၁၈၃။ မိမိသက်န်းကို မိမိကိုယ်တိုင်လျှော် ၁၉၄
၁၈၄။ နေ့လယ်ခင်းမကျိန်း ၁၉၅
၁၈၅။ အရှင်ကေသရိန္ဒကိုယ်တွေ့ ၁၉၅
၁၈၆။ ဩဝါဒါစရိယတာဝန်များ ၁၉၆
၁၈၇။ ယောဆရာတော်နှင့် မြန်မာစကားပြေ ၁၉၇
၁၈၈။ ယောဆရာတော်၏ ကဗျာအချို့ ၁၉၈
၁၈၉။ အကိုးများ ၂၀၄

http://www.dhammadownload.com

# အမှာစာ

ဤထေရုပ္ပတ္တိကို ရေးခွင့်ပြုပါရန် ယော ဆရာတော်အား ကျွန်တော်လျှောက်ထားရာတွင် ဆရာတော်က အစဦးခွင့်မပြုခဲ့ပါ။ "တောသားကြီး ဖြစ်တဲ့ ဘုန်းကြီးအိုကြီးအကြောင်းရေးလို့ ဘာ ထူးခြားမှာလဲ။ မရေးချင်ပါနဲ့ဗျာ။" ဟူ၍ မိန့်တော် မူကာ ငြင်းပယ်ခဲ့ပါသည်။ ကျွန်တော်က အား မလျှော့ပါ။ ထပ်မံလျှောက်ထား ခွင့်ပန်ခဲ့ပါသည်။ ၃-ကြိမ်တိုင်တိုင် အတင်းပူဆာ တောင်းပန်သော အခါတွင်မှ ခွင့်ပြုခဲ့ပါသည်။ ထိုသို့ ခွင့်ပြုတော် မူသဖြင့် ဤယောထေရုပ္ပတ္တိကို ရေးဖြစ်ပါသည်။ ထို့ အတွက် ယောဆရာတော်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လှပါ သည်။

ရေးသားရာ၌ အမှားအယွင်း ကင်းစင်ရပါ မည်။ ထို့အတွက် ဆရာတော်အား ကျွန်တော်ရေး ပြီးသား စာမူကြမ်းများကို ဖတ်ရှု၍ အမှားအယွင်း ပါရှိပါက ဖတ်ရှုပြင်ဆင်ပေးပါရန် တောင်းပန်ရပါ သည်။ ထိုအခါတွင်တော့ ဆရာတော်က မငြင်းဆန် ဘဲ ဖတ်ရှု၍ တည်းဖြတ်ပေးပါသည်။ ထိုအတွက် လည်း ဆရာတော်ကို အထူးကျေးဇူးတင်ရှိ ပါသည်။

ကျွန်တော်သည် ယောဆရာတော်၏ ထေရုပ္ပတ္တိကို ၂၀၀၂- ခုနှစ်၊ အောက်တိုဘာလမှ

http://www.dhammadownload.com

http://www.dhammadownload.com



တပည့်ရဟန်းများကို
ဩဝါဒပေးနေသော
ယောဆရာတော်

ယောဆရာတော်
စာပေပို့ချသော
ဓမ္မစရိယအုဌ်ကျောင်း



http://www.dhammadownload.com



ယောဆရာတော်ထံ
စာလိုက်နေသော
ရဟန်းသာမဏေများနှင့်
သီလရှင်များ



ယောဆရာတော် စာပေပို့ချရန်
ကြွတော်မူနေစဉ်

http://www.dhammadownload.com



ယောဆရာတော် သက်သတ်လွတ်ဆွမ်းဘုဥ်းပေးနေစဉ်



ယောဆရာတော် သီတင်းသုံးတော်မူသော ထေရာသနကျောင်း

http://www.dhammadownload.com



ဆွမ်းအလှူရှင်များကို တရားဟောတော်မူနေသော ယောဆရာတော်



ခေတ္တအနားယူနေချိန်တွင် စာဖတ်ရှုနေသော ယောဆရာတော်

http://www.dhammadownload.com



တိပိဋကဓရစာမေးပွဲ၌ ကြီးကြပ်တော်မူနေသော ယောဆရာတော်



စာအုပ်ပုံများကြားတွင် ဖူးတွေ့ရသော ယောဆရာတော်

http://www.dhammadownload.com




မင်္ဂလာဗျူဟာအသင်းချုပ်သို့ တရားဟောရန် ကြွတော်မူလာသော ယောဆရာတော်



ယောဆရာတော်နှင့် ခမည်းတော် ဦးရဲနိုင်၊ မယ်တော် ဒေါ်တုတ်ခိုင်

http://www.dhammadownload.com



ယောဆရာတော်တရားဟောပြောနေစဉ်

http://www.dhammadownload.com



ယောဆရာတော်ကျမ်းပြုနေစဉ်



ယောဆရာတော်
စာချနေစဉ်



ယောဆရာတော်ထံ
စာလိုက်နေသော
သံဃာတော်များ

http://www.dhammadownload.com



ဆွမ်းစားကျောင်း
အဝင်ဝ၌
ဆွမ်းခံတော်မူ
နေသော
ယောဆရာတော်



ဆွမ်းစားကျောင်းသို့ ဆွမ်းခံကြွတော်မူနေသော ကျောင်းတိုက်ရှိ သံဃာတော်များ



တရားရှုမှတ်နေသော
စာသင်သားသံဃာတော်များ

http://www.dhammadownload.com

ယောဆရာတော်နှင့်
ယောဆရာတော်
ထေရုပ္ပတ္တိပြုစုသူ
စာရေးဆရာမင်းယုဝေ
(လယ်) နှင့် မြတ်မင်္ဂလာ
တာဝန်ခံအယ်ဒီတာ
ဦးညွန့်လင်းအောင်
(ဝဲ)






ရဟန်းပျိုဘဝ ယောဆရာတော်နှင့် ညီအစ်ကိုမောင်နှမများ



တိပိဋကပ်ရေး
တိပဋကကောဝိဒ
ဘွဲ့လက်မှတ်ကို
ဆပ်ကပ်ခံယူတော်
မူနေသော
ယောဆရာတော်
(၁၂-၅-၈၅)

http://www.dhammadownload.com




ယောဆရာတော်တရားဟောပြောနေစဉ်


http://www.dhammadownload.com



ယောဆရာတော်ကျမ်းပြုနေစဉ်




ယောဆရာတော်
စာချနေစဉ်




ယောဆရာတော်ထံ
စာလိုက်နေသော
သံဃာတော်များ

http://www.dhammadownload.com




ဆွမ်းစားကျောင်း
အဝင်ဝ၌
ဆွမ်းခံတော်မူ
နေသော
ယောဆရာတော်

ဆွမ်းစားကျောင်းသို့ ဆွမ်းစံကြွတော်မူနေသော ကျောင်းတိုက်ရှိ သံဃာတော်များ




http://www.dhammadownload.com

ယောဆရာတော်နှင့်
ယောဆရာတော်
ထေရုပ္ပတ္တိပြုစုသူ
စာရေးဆရာမင်းယုဝေ
(လယ်) နှင့် ဗြတ်မဂ်လာ
တာဝန်ခံအယ်ဒီတာ
ဦးဉာဏ်လင်းအောင်
(ဝဲ)



ရဟန်းပျိုဘဝ ယောဆရာတော်နှင့် ညီအစ်ကိုမောင်နှမများ



http://www.dhammadownload.com

# ယောနှင့် ဆရာဦးသိန်းဖေမြင့်

"မိန်းကလေးတို့က ချင်းမကလေးတွေလား။"

"ဘယ်ကဟုတ်ရမှာလဲ အော့။"

"ဒါဖြင့် ဒီတစ်ဝိုက်မှာ အများအပြားနေကြတယ်ဆိုတဲ့ တောင်သားများလား။"

"မဟုတ်ပါဘူး အော့။ ကျွန်မတို့က ဗမာပါ။"

"မိန်းကလေးတို့ စကားပြောတာ သိပ်ဝဲတော့ ဗမာမှဟုတ်ပါ့မလားလို့ သံသယဖြစ်ပြီး မေးမိတာပါကွယ်။ ဒါဖြင့် မင်းတို့က ယောသူတွေပေါ့နော်။"

"ဟုတ်တယ် အော့။"

"မိန်းကလေးနာမည်က ဘယ်သူတဲ့တုံး။"

"မစောမြို့တဲ့ အော့။"

"အော့" ကား ကျွန်တော်တို့အညာက "တော့" နှင့် အတူတူပင်ဖြစ်ဟန်ရှိသည်။

ယောသူ မစောမြို့မှာ ခင်ကျောင်းရွာမှ သူကြီး၏သမီး ဖြစ်သည်။ အတန်ကြာသော် သူကြီးကိုယ်တိုင် ရောက်လာပြီး သူ့အိမ်ခဏဝင်ရန် ဖိတ်ခေါ်လေသည်။ မစောမြို့နှင့် မိန်းကလေးအချို့သည် ကျွန်တော်တို့စီးခဲ့သော

http://www.dhammadownload.com



ဂျစ်ကားကိုစီးပြီး သူကြီးအိမ်သို့ သွားနှင့်ကြသည်။ ကျွန်တော်တို့သည် သူကြီး အိမ်သို့ လမ်းလျှောက်ခဲ့ကြသည်။

အထက်ပါဖော်ပြချက်မှာ စာရေးဆရာကြီး ဦးသိန်းဖေမြင့်ရေးသော "ချင်းဝိသေသတိုင်း သမိုင်းအစ" စာအုပ်ပါ ကောက်နုတ်ချက်ဖြစ်သည်။ ယင်းစာအုပ်ကို စာပေဗိမာန်က ၁၉၆၇-ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ဆရာ ဦးသိန်းဖေမြင့်သည် ထိုစာအုပ်ကို ရေးရန်အတွက် ၁၉၆၆-ခုနှစ်တွင် ချင်းပြည်နယ်သို့ သွားရောက်လေ့လာခဲ့သည်။ အပြန်ခရီးတွင် ဆရာဦးသိန်းဖေမြင့်နှင့် အဖော်တို့သည် ယောဒေသသို့ ခေတ္တဝင်ရောက်ခဲ့သည်။ ယောချောင်းပေါ်ရှိ ခင်ကျောင်းရွာသို့ ရောက်ရှိ၍ ခဏနားကြရာမှ ယောသူ မစောမြို့နှင့်တွေ့ကာ အထက်ပါအတိုင်း အပြန်အလှန် ပြောဆိုခဲ့ခြင်း ဖြစ်သည်။

## ယောသည် ဗမာ

ယောသူမစောမြို့ ပြောသည့်အတိုင်းပင် ယောသူ ယောသားများသည် ဗမာများပင် ဖြစ်ကြသည်။ မြန်မာ့စွယ်စုံကျမ်း၌ "ယောသူ ယောသားတို့သည် ဗမာအနွယ်ဝင်များဖြစ်၍ ဒေသအလိုက် ထုံးဓလေ့နှင့် စကားအသုံးအနှုန်းတို့ ခြားနားနေရခြင်းဖြစ်သည်" ဟူ၍ ဖော်ပြထားသည်။

ယောနယ်သည် အနောက်ရိုးမတောင်တန်းနှင့် ပုံတောင်ပုံညာအကြား မြစ်သာမြစ်ဝှမ်း တစ်လျှောက်ရှိသော နယ်မြေဒေသဖြစ်သည်။ ရန်ကုန်-မန္တလေးတို့နှင့် အနေဝေး၍လည်းကောင်း၊ ဧရာဝတီအနောက်ဘက်ကမ်း၌ တည်၍ အတွင်းပိုင်းကျနေခြင်းကြောင့်လည်းကောင်း၊ ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့်လည်း

http://www.dhammadownload.com



ကောင်း အပြောအဆို၊ ဓလေ့ထုံးစံ အနည်းငယ် ကွာခြားနေခြင်းဖြစ်သည်။ ယောသူ ယောသားတို့က မုံရွာ၊ ပခုက္ကူ၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ပုသိမ်၊ မော်လမြိုင်စသော မြို့ပြဒေသများကို အောက်ပြည် အောက်ရွာဟု ခေါ်ကြသည်။ ထိုဒေသနေလူများကိုလည်း အောက်သား အောက်သူဟု ခေါ်ကြသည်။

ယောသူ၊ ယောသားတို့သည် အလွန်ယဉ်ကျေးသူများ ဖြစ်ကြသည်။ ရတနာသုံးပါးကို အလွန်ရိုသေမြတ်နိုးသူများ ဖြစ်ကြသည်။ သို့ရာတွင် ယခင့်ယခင်က လိမ်ညာခဲ့ကြသူအချို့ကြောင့်လည်းကောင်း၊ စိတ်ကူးယဉ် စုန်း၊ ကဝေ၊ တစ္ဆေ ဝတ္ထုရေးဆရာအချို့ကြောင့်လည်းကောင်း၊ မျက်လှည့်ဆရာအချို့ကြောင့်လည်းကောင်း ယောသူ ယောသားများကို အချို့က အထင်မှား၊ အမြင်မှား ဖြစ်ခဲ့ကြသည်။ ပြုစားတတ်သူများ၊ စုန်း၊ ကဝေအတတ်၊ မှော်အတတ်တို့ကို တတ်မြောက်ကြသူများဟူ၍ ထင်မှတ်မှားခဲ့ကြသည်။

သို့ရာတွင် ယောနယ်ကို ရောက်ဖူးသူတိုင်း အထင်မှား၊ အမြင်မှားတို့ လွင့်စင်ကွယ်ပျောက်သွားကြသည်။ ယောနယ်သူ၊ ယောနယ်သားတို့၏ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကြည်ညိုမှု၊ ရိုသေမှု၊ နှလုံးသားဖြူစင်မှု၊ စေတနာသဒ္ဓါတရားကောင်းမှုတို့ကို ကြုံတွေ့ကာ ချစ်ခင်မဆုံး ရှိကြသည်။ လေးစားမဆုံး ရှိကြသည်။ ယောနယ်သူ၊ ယောနယ်သားတို့၏ မြတ်နိုးဖွယ်ဘဝမှန်ကို ဆရာဦးသိန်းဖေမြင့်၊ ဆရာဝန်တင်ရွှေ စသူတို့ကလည်း ရေးသားဖော်ထုတ် တင်ပြခဲ့ကြသည်။

http://www.dhammadownload.com



# ကိုယ်တွေ့ယော

ကျွန်တော်သည် ၁၉၈၂-ခုနှစ်၊ ဒီဇင်ဘာလတွင် ကာတွန်း ဦးဖေသိန်း၊ ဆရာဒွေးမောင်၊ ဆရာ ကျိုက်လတ်မိုးမြင့်၊ ဆရာနွမ်ဂျာ သိုင်း၊ ဆရာမြတ်ဆွေတို့နှင့်အတူ ယောနယ်သို့ စာပေဟောပြောပွဲ သွားရောက်ခဲ့သည်။ ယောနယ်ဖြစ်သော ကျောက်ထု၊ ဆော၊ လောင်း ရှည်၊ ယော၊ သိမ်ကျင်းတို့ကို ရောက်ခဲ့သည်။ ယောသူ၊ ယောသား တို့ စိတ်နှလုံးဖြူစင်၍ စေတနာသဒ္ဒါတရား ကြီးမားပုံကို အံ့ချီးဖွယ် တွေ့မြင်ခဲ့ရသည်။

ဆောမြို့တွင် ကျွန်တော်တို့ ညစာစားသောအခါ ယောသူက လေးများသည် မိမိတို့အိမ်များတွင် ချက်ထားသော ထမင်းဟင်းများကို လာရောက်ပေးပို့ ကျွေးမွေးကြသည်။ သူတို့သည် ဝတ်ကောင်းစားလှ များ ဝတ်လျက် အချို့က ထမင်းအုပ်များကို ရွက်၍လည်းကောင်း၊ အချို့က ဟင်းခွက်များထည့်ထားသော ဗန်းများကို ရွက်၍လည်း ကောင်း စီတန်းကာ လာပို့ကြသည်။ ကျွန်တော်တို့ကို စေတနာသဒ္ဒါ တရား ထက်သန်စွာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

တတိယနေ့တွင် ကျွန်တော်တို့အဖွဲ့သည် သိမ်ကျင်းရွာသို့သွား၍ ရွှေကန်သာစေတီတော်ကြီးကို ဖူးမြော်ကြသည်။ သိမ်ကျင်းရွာသူ ရွာသားများသည် ဧည့်သည်များရောက်နေသည်ဟု ချက်ချင်း ကြားသိ သွားကြသည်။ မကြာမီပင် ယောသူကလေးများသည် စားသောက် ဖွယ်ရာများနှင့် လက်ဖက်ရည်ကြမ်းများကို ဗန်းကိုယ်စီဖြင့်ရွက်၍ ဘုရားတန်ဆောင်းထဲသို့ ယူဆောင်လာကြသည်။ လှပတင့်တယ်၍ ချိုပြုံးသော မျက်နှာကလေးများဖြင့် ကျွန်တော်တို့ကို ယဉ်ကျေးပျူငှာ စွာ ဆက်ဆံကြသည်။ "စားကြပါအော့၊ သုံးဆောင်ကြပါအော့" ဟု

http://www.dhammadownload.com



ဆိုကာ လက်ဖက်ရည်ကြမ်းနှင့်တကွ လက်ဖက်သုပ်၊ ဆတ်သားကြော်၊ ဝါးဥ၊ သင်္ဘောသီးမှည့် စသည်တို့ကို ကျွေးမွေးကြသည်။ တစ်အိမ်စီမှ ကိုယ်တတ်နိုင်သလောက် ယူလာ၍ ဝိုင်းဖွဲ့ပြုစု ကျွေးမွေးကြခြင်းဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်များတွင် မဆိုထားနှင့် မြန်မာပြည်ရှိ အရပ်ဒေသ အတော်များများတွင်ပင် ကြုံတွေ့ရခဲသော ဓလေ့ကောင်း၊ ဓလေ့မွန်များပင် ဖြစ်သည်။

ဒေသခံယောသား မိတ်ဆွေတစ်ဦးက "တစ်ခါက အောက်ပြည်အောက်ရွာက ဇာတ်အဖွဲ့တစ်ခု ဘုရားပွဲမှာ လာရောက်ကပြခဲ့တယ်။ အကြောင်းမသင့်တော့ ဇာတ်အဖွဲ့ဟာ အမြတ်အစွန်းမပေါ်ဘဲ အရှုံးပေါ်ခဲ့တယ်။ မပြန်နိုင်ဘဲ သိမ်ကျင်းရွာမှာပဲ သောင်တင်နေခဲ့တယ်။ အဲဒါကို သိမ်ကျင်းရွာသားတွေက စာနာထောက်ထားပြီး ဇာတ်အဖွဲ့တစ်ဖွဲ့လုံးကို အလှည့်ကျ ထမင်းကျွေးထားကြတယ်။ ရက်ပေါင်းတော်တော်ကြာတယ်။ နောက်ဆုံး ရွာသူရွာသားတွေကပဲ စရိတ်ငွေစုဆောင်းရှာဖွေပေးကြတယ်။ ဒီတော့မှ သူတို့လဲ ပြန်သွားနိုင်ကြတော့တယ်။ ကျေးဇူးတင်မဆုံး ရှိခဲ့ကြတယ်" ဟူ၍ ပြောပြခဲ့သည်။

ကျွန်တော်သည် ယောသူယောသားများ၏ စေတနာသဒ္ဓါတရား ကြီးမားပုံကို ကိုယ်တွေ့ကြုံခဲ့ရသည်။ သူတို့၏ မွန်မြတ်သောစိတ်နှလုံးသည် ကျွန်တော်၏နှလုံးသားဝယ် ရိုက်ခတ်လာခဲ့သည်။ ထို့ကြောင့် ထိုဒေသမှာပင် အောက်ပါကဗျာကို ရေးဖွဲ့မိသည်။

## လှသော ယော

ယောနယ် ယောရွာ အလှဖြာ

တောင်ညိုပြာနှင့် ရှုခင်းသာ။

http://www.dhammadownload.com



ချောင်းရေလျဉ်မှာ ဘော်ငွေသွေး
သွင်သွင်စီးလို့ ကြည်လင်အေး။
စိုက်ပျိုးရေးက ယာနဲ့လယ်
ရက်ကန်းကိုလဲ ရက်ကြတယ်။
စွမ်းအားကြွယ်လို့ အားမာန်ပွား
ဖြောင့်မတ်တည်ကြည် ယောနယ်သား။
ညှော်သည်များကို ဆီးလို့ကြို
ကျေးချင်မွေးချင် စေတနာပို။
ထမင်းအုပ်ကိုယ်စီ ရွက်ကာပို့
ယောမေပျိုဖြူ ယောသူတို့။၏

## ဂုဏ်ယူဖွယ်ဒေသ

ဤသို့ ဒေသလည်းလှ၍ ဒေသခံနယ်သူနယ်သားတို့၏ စိတ်ထားလည်းလှသော ယောနယ်သည် ဂုဏ်ယူဖွယ်ဒေသလည်း ဖြစ်သည်။ ယောနယ်သည် မြန်မာ့သမိုင်းတွင် ပုဂံနှင့်ယှဉ်၍ ထင်ရှားလာခဲ့သော ဒေသဖြစ်သည်။ ပုဂံခေတ်ကျောက်စာတို့တွင် ယောနယ်၏ အချို့သောရွာများအား ဖော်ပြခဲ့သည်များကို တွေ့ရှိရသည်။ ထို့ပြင် ယောနယ်သည် မြန်မာ့သမိုင်းတွင် အစောဆုံး လူနေဒေသဖြစ်မည်ဟု ပညာရှင်အချို့က မှန်းဆကြသည်။ ထိုဒေသတွင် ကျောက်ခေတ်ဦးကာလ လူသားများနေထိုင်ကြောင်း အထောက်အထားများ တွေ့ရှိရသောကြောင့် ဖြစ်သည်။

ယခု ယောနယ်သည် မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတွင် ပါဝင်သည်။ ရှေးခေတ် ယော ၄-မြို့တို့မှာ ဆောမြို့၊ ယောမြို့၊ လောင်းရှည်

http://www.dhammadownload.com



မြို့နှင့် ထီးလင်းမြို့တို့ ဖြစ်ကြသည်။ ယခုခေတ် ယော ၄-မြို့မှာ ကလေး မြို့၊ ဂန့်ဂေါမြို့၊ ဆောမြို့နှင့် ထီးလင်းမြို့တို့ ဖြစ်ကြသည်။

ဤယော ၄-မြို့တွင် ဂန့်ဂေါမြို့သည် ချင်းဗမာနယ်စပ်တွင် တည်ရှိသည်။ ပခုက္ကူမြို့နှင့် ၁၄၅-မိုင် ကွာဝေးသည်။

## လက်ပံရွာမှ ဇနီးမောင်နှံ

ထိုဂန့်ဂေါမြို့နှင့် ၁၄-မိုင်အကွာတွင် လက်ပံရွာဟူသော ရွာ ကလေးတစ်ရွာ တည်ရှိသည်။ လွန်ခဲ့သောနှစ်ပေါင်း ၆၀-ကျော်က လက်ပံရွာမှာ အိမ်ခြေ ၈၀-ခန့်သာရှိသည်။ လူဦးရေ ၄၀၀-ကျော်ခန့် သာ ရှိသည်။

ထိုရွာတွင် ဦးရဲနိုင်နှင့် ဒေါ်တုတ်ခိုင်တို့ ဇနီးမောင်နှံ နေထိုင်ကြ သည်။ ဦးရဲနိုင်သည် တောင်သူလယ်သမား ဖြစ်သည်။ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ အစုံစိုက်ပျိုးသည်။ အလုပ်ကြိုးစားလုပ်ကိုင်သူ ဖြစ်သည်။ အလုပ်နှင့်လက်နှင့် ပြတ်သည်ဟူ၍ မရှိပေ။ ဇနီး ဒေါ်တုတ် ခိုင်ကလည်း ခင်ပွန်းနှင့် လိုက်ဖက်ညီသည်။ ထမင်းဟင်းချက်ပြုတ်၍ အိမ်မှုကိစ္စတို့ကို ကျေပွန်စွာ လုပ်ဆောင်ရုံမျှမက ရက်ကန်းလည်း ရက် သည်။ ဗိုင်းလည်း ငင်သည်။

ယောသူမှန်လျှင် ရက်ကန်းမရက်တတ်သူ မရှိသလောက်ပင် ဖြစ်သည်။ ယောဒေသသည် ပင်နီချောနှင့် ယောထဘီခေါ်သည့် ယောလုံချည်လုပ်ငန်းကို ရှေးနှစ်ပေါင်းများစွာကပင် လုပ်ဆောင်ခဲ့ သော ဒေသဖြစ်သည်။ နယ်ချဲ့ကို ဆန့်ကျင်သော ဝံသာနုလုပ်ငန်းတွင် ပင်နီချောနှင့် ယောထဘီသည် ရှေ့တန်းက ပါဝင်ခဲ့သည်။

http://www.dhammadownload.com



# မောင်သာမောင်

ထိုလက်ပံရွာ၌ ၁၃၀၄-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆-ရက် (၂၆-၃-၁၉၄၃) သောကြာနေ့ နံနက် ၄-နာရီခွဲအချိန်တွင် ဦးရဲနိုင်နှင့် ဇနီးဒေါ်တုတ်ခိုင်တို့သည် သားဦးရတနာလေးတစ်ဦး ဖွားမြင်သည်။ သောကြာသားလေး ဖြစ်သည်။ ထို့ပြင် ထိုအခါက ဂန့်ဂေါမြို့နယ် ဘင်းရွာ (ယခု ထယ်လျှော်ရွာ)၌ အလွန်အလုပ်ကြိုးစား၍ ရိုးသားသော တောင်သူကြီး ဦးသာမောင်ဟု ရှိခဲ့သည်။ ထိုဦးသာမောင်ကဲ့သို့ အလုပ်ကြိုးစား၍ ရိုးသားဖြောင့်မတ်စေလိုသဖြင့် မိဘတို့သားရတနာကို "မောင်သာမောင်" ဟု အမည်ပေးကြသည်။

ထိုသားဦးကလေးသည် နောင်အခါတွင် ယောနယ်၏ဂုဏ်ဆောင်၊ မြန်မာနိုင်ငံ၏ ဂုဏ်ဆောင်၊ သာသနာတော်၏ဂုဏ်ဆောင်၊ ပိဋကတ်သုံးပုံ အာဂုံဆောင် ရဟန်းထူး၊ ရဟန်းမြတ် သာသနာ့အာဇာနည်တစ်ပါး ဖြစ်လာလိမ့်မည်ဟူ၍ မည်သူကမျှ မထင်မှတ်ခဲ့ကြချေ။ ထို့ပြင် ကမ္ဘာကျော် ဂင်းနစ်မှတ်တမ်းတင်စာအုပ်ကြီး၌ မှတ်တမ်းတင်ရမည့် မှတ်ဉာဏ်ထူးချွန်သော ကမ္ဘာ့အံ့ဖွယ်လူသားတစ်ဦး ဖြစ်လာလိမ့်မည်ဟူ၍လည်း မည်သူကမျှ မထင်မှတ်ခဲ့ကြချေ။

ထိုကလေးငယ် ဖွားမြင်ချိန်မှာ မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်မီးကြီး လောင်ကျွမ်းနေချိန်ဖြစ်သည်။ ဖက်ဆစ်ဂျပန်တို့ စိုးမိုးနေချိန်ဖြစ်သည်။ ထိုကလေးငယ်သည် အသားလတ်လတ်၊ ပုပုပိန်ပိန် သေးသေးကလေးဖြစ်သည်။ နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ဖန်ကောင်းကောင်းနှင့် ရုပ်ရည်ရူပကာ တင့်တယ်သည်။ ထူးခြားသည်မှာ နဖူးကျယ်၍ မေးရိုးကားသည်။ ဒျစ်စရာကောင်းသဖြင့် ထိုရွာတွင် ခေတ္တစခန်းချနေသော ဂျပန်စစ်သားများကပင် ပွေ့ချီခဲ့ကြသည်။

http://www.dhammadownload.com



## အထိန်းတွန်းအား

ဒေါ်တုတ်ခိုင်သည် ဘုန်းတော်ကြီးကျောင်းတွင် စာသင်ကြားခဲ့ဖူးသည်။ ကောင်းစွာစာတတ်သည်။ ထို့ကြောင့် မောင်သာမောင်ကလေး စကားပြောတတ်ခါစအရွယ်မှစ၍ ရက်ကန်းရက်ရင်း စာများကို နှုတ်တိုက်ချ၍ သင်ကြားပေးခဲ့သည်။ ဒေါ်တုတ်ခိုင်၏ မိဘနှစ်ပါးဖြစ်သော မောင်သာမောင်၏ ဘိုးဘွား ဦးကျော်ထိုက်၊ ဒေါ်စိုးချုပ်တို့ကလည်း မြေးဖြစ်သူ မောင်သာမောင်ကလေးအား ပုံဝတ္ထု၊ ဇာတ်နိပါတ်တော်များကို ပြောပြလေ့ရှိကြသည်။ မောင်သာမောင်သည် ဇာတ်နိပါတ်တော်များထဲမှ ဇာတ်ကြီးဆယ်ဘွဲ့ကို ကလေးအရွယ်ကပင် ကြားသိဖူးနေပြီ။ ထိုသို့ မိဘဘိုးဘွားများက လိမ္မာယဉ်ကျေးအောင် သွန်သင်ပေးကြသည်ကို မောင်သာမောင်သည် ဝမ်းသာမဆုံးဖြစ်ခဲ့သည်။ ကျေးဇူးတင်မဆုံး ဖြစ်ခဲ့သည်။

## ထူးခြားသောကလေး

ကလေးဘဝမှာပင် မောင်သာမောင်သည် အများနှင့်မတူ၊ တစ်မူထူးခြားသည်။ သူသည် တည်ငြိမ်အေးဆေးသည်။ ကစားမှုကို အလွန်အကဲ ဝါသနာမပါ။ ကစားလျှင်လည်း တစ်ယောက်တည်းသာ ကစားတတ်သည်။ လူတောသို့ ဝင်ရ၊ ရောနှောရမည်ကို ဝန်လေးတတ်သည်။ သူတစ်ပါးတို့နှင့် ခွန်းတုံ့ခွန်းပြန် ငြင်းခုံ၍ စကားပြောလေ့မရှိ။ သူတစ်ပါးက စတင်ငြင်းခုံလာလျှင်လည်း သူကသာ အရှုံးပေးတတ်သည်။ နေထိုင်မကောင်းဖြစ်လျှင် မညည်းညူ။ သူတစ်ပါးကို မပူဆာတတ်။ ကိုယ့်ဒုက္ခကို ကိုယ်သာအောင့်အည်း သည်းညည်းခံ

http://www.dhammadownload.com



တတ်သည်။ အစားအသောက်ဆိုလျှင်လည်း မရွေး၊ ကြုံသလို စားသည်။ ဟိုဟာကြိုက်သည်၊ သည်ဟာကြိုက်သည်ဟု လုံးဝမပြောခဲ့။ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် အလွန်ရောင့်ရဲနိုင်သူ ဖြစ်သည်။

## မျိုးစေ့ကောင်း

၁၃၁၄ (၁၉၅၃)ခုနှစ်၊ မောင်သာမောင် ၁၀-နှစ်သားအရောက်တွင် မိဘများက လက်ပံရွာကျောင်းဆရာတော် ဦးတိဿထံ ပညာသင်ယူရန် အပ်နှံကြသည်။ ဆရာတော် ဦးတိဿနှင့် ကျောင်းသားကြီးဖြစ်သူ ကိုမောင်သန်းတို့က မောင်သာမောင်ကို အခြားကလေးများနှင့်အတူ စာပေများ ဂရုတစိုက် သင်ကြားပေးကြသည်။ ကျောင်းသားကြီး ကိုမောင်သန်းမှာ မောင်သာမောင်၏ ဦးလေးအရင်းဖြစ်သည်။ မောင်သာမောင်ထက် လေးငါးနှစ်သာ ကြီးသည်။

ပညာလိုလားသော မောင်သာမောင်ကလည်း စာသင်ရသည်ကို ပျော်နေသည်။ ထူးခြားသည်မှာ မောင်သာမောင်သည် အလွန်မှတ်ဉာဏ်ကောင်းလှသည်။ စာကို အော်မကျက်ဘဲ စိတ်ဖြင့်သော်လည်းကောင်း၊ တိုးတိုးသော်လည်းကောင်း တစ်ကြိမ်၊ နှစ်ကြိမ် ဖတ်ရုံမျှဖြင့် အလွတ်ရရှိသည်။

ထိုပြင် အဘိုးပြောပြသည့် ဇနကဇာတ်ထဲမှ ဇနကမင်းသား၏ လုံ့လပီရိယ ထူးကဲပုံကိုလည်း အလွန်နှစ်ခြိုက်သူ ဖြစ်သည်။ ထို့ကြောင့် စာကို စိတ်ဝင်စားစွာဖြင့် အထူးကြိုးစားသင်ယူသည်။ ပါဠိ၊ မြန်မာစာပေ၊ ဂဏန်းသင်္ချာအခြေခံနှင့်တကွ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအခြေခံတို့ကို အခြေကျကျ သင်ယူဇာတ်မြောက်ခဲ့သည်။ ဆရာသမားများ၏ ချီးကျူးမှုကို မကြာခဏ ခံယူရရှိခဲ့သည်။ စာညံ့သဖြင့်လည်းကောင်း၊

http://www.dhammadownload.com



စည်းကမ်းမဲ့သဖြင့်လည်းကောင်း၊ စာရိတ္တမကောင်းသဖြင့်လည်း ကောင်း အပြစ်ပေးခြင်းမျိုးကို တစ်ကြိမ်တစ်ခါမျှ မခံခဲ့ရဖူးပေ။

## အာဂဘုန်းကြီးကျောင်းသား

မောင်သာမောင် ဘုန်းတော်ကြီးကျောင်း၌ စာပေသင်ကြားသည်မှာ တစ်နှစ်ခွဲကျော် ရှိသွားပြီ။ ၁၃၁၅-ခုနှစ် (၁၉၅၄)၊ နတ်တော်လ၌ ဆရာတော် ဦးတိဿသည် ရန်ကုန်မြို့သို့ ခေတ္တကြွရောက် သီတင်းသုံးသည်။ ထိုအခါ မိဘများက အရွယ်နှင့်မလိုက်အောင် လိမ္မာယဉ်ကျေးသော၊ အလွန်မှတ်ဉာဏ်ကောင်းလှသော သား၏ ပညာရေး လစ်ဟင်းနှောင့်နှေးမည်ကို စိုးရိမ်မိကြသည်။ သို့ဖြင့် ဘုန်းကြီးကျောင်းက ထွက်စေသည်။ လက်ပံရွာရှိ တစ်ခုတည်းသော အစိုးရမူလတန်းကျောင်း၌ အပ်နှံကြသည်။

ထိုမူလတန်းကျောင်း၏ ကျောင်းအုပ်ဆရာကြီးမှာ ဦးဘစံ ဖြစ်သည်။ မောင်သာမောင်၏ ဦးရီးဖြစ်သည်။ အခြားကျောင်းဆရာများမှာ ဦးချစ်ကျော်နှင့် ဦးပုတို့ ဖြစ်ကြသည်။

ကျောင်းဆရာများက မောင်သာမောင်၏ အရည်အချင်းကို စမ်းသပ်စစ်ဆေးကြည့်ကြသည်။ အံ့ချီးဖွယ်ကောင်းလောက်အောင် ပင် စာတတ်နေသည်။ မေးသမျှကို တစ်လုံးမကျန် မှန်အောင် ရဲရဲတောက် ဖြေဆိုပြနိုင်ခဲ့သည်။

ဆရာများက "အာဂဘုန်းကြီးကျောင်းသားပါကလား" ဟု အံ့ဩချီးကျူးကြသည်။ သူငယ်တန်းတွင် မနေစေဘဲ ပထမတန်းမှ စတင် ပညာသင်ပေးကြသည်။ ထိုအချိန်၌ မောင်သာမောင်သည် အသက် ၁၁-နှစ်အရွယ် ရှိပြီ။ မောင်သာမောင်သည် ကျောင်းတွင်

http://www.dhammadownload.com



အဖော်များအကျိုးကို အစွမ်းကုန် ဆောင်ရွက်ပေးသည်။ တံမြက်လှည်းသည်။ ရေအိုးများကို ရေခပ်ထည့်ပေးသည်။ အစစအရာရာ အနစ်နာခံ၍ ဆောင်ရွက်ပေးသည်။ ပညာကိုလည်း အလွန်စိတ်ဝင်စားသည်။ အထူးကြိုးစား သင်ယူသည်။ စာအလွန်တော်လှသည်။ ကျောင်းသား၊ ကျောင်းသူများ၏ စံပြဖြစ်သည်။ ချစ်ခင်လေးစား အရေးထားမှုကို အရွယ်နှင့်မလိုက်အောင် ခံယူရရှိသည်။ ဆရာများ၏ ချီးကျူးမှုကိုလည်း အမြဲရရှိသည်။ ပထမတန်းမှ စတုတ္ထတန်းအထိ နှစ်စဉ် ထိပ်ဆုံးနံပါတ် (၁)ကချည်း အောင်မြင်ခဲ့သည်။

## အလုပ်ကိုမြတ်နိုးသော မောင်သာမောင်

ထိုအချိန်၌ မိဘနှစ်ပါးသည် သားငယ်၊ သမီးငယ်များ ထပ်မံမွေးဖွားလာပြန်သည်။ မောင်သာမောင်သည် ညီငယ်၊ ညီမငယ်ကလေးများကိုလည်း ချစ်ခင်ယုယစွာဖြင့် ထိန်းကျောင်းပေးသည်။ တစ်ဖက်ကလည်း မိခင်၏ အိမ်မှုကိစ္စအားလုံးကို အောက်ခြေသိမ်း ကူညီလုပ်ကိုင်ပေးသည်။ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ထမင်း၊ ဟင်း ချက်တတ်သည်။ ထို့ပြင် ဖခင်၏ တောင်သူလုပ်ငန်းကိုပါ ဝင်ရောက်ကူညီလုပ်ကိုင်ပေးလိုက်သေးသည်။

မောင်သာမောင်အဖို့ အခြားကလေးများကဲ့သို့ လည်ပတ်ချိန်၊ ကစားချိန် မရှိလောက်အောင်ပင် ဖြစ်သည်။ နဂိုမူလကပင် ကစားခုန်စားမှုကို ဝါသနာမပါ၊ အေးအေးဆေးဆေး တစ်ယောက်တည်း နေလိုသော မောင်သာမောင်သည် ကစားချိန်၊ လည်ပတ်ချိန်နည်းသည်ကို ဝမ်းမနည်း၊ အလုပ်လုပ်ရသည်ကိုပင် ပျော်နေသည်။

http://www.dhammadownload.com



# ပွဲလမ်းသဘင် လုံးဝမကြည့်

မောင်သာမောင်၏ အထူးခြားဆုံးအချက်မှာ ပွဲလမ်းသဘင် လုံးဝမကြည့်ခြင်း ဖြစ်သည်။ ရွာဘုရားပွဲများတွင် ဇာတ်ပွဲများ လာရောက်ကပြကြသည်။ များသောအားဖြင့် ဗလာပွဲများ ဖြစ်သည်။ အခကြေးငွေ ပေးရန်မလို။ သို့တိုင်အောင် မောင်သာမောင်က သွားရောက်ကြည့်ရှုခြင်း မပြုခဲ့ပေ။

တစ်ကြိမ်တွင် ဦးရီးတစ်ယောက်က မောင်သာမောင်အား ပွဲဈေးခင်းသို့သွား၍ အကြော်ဝယ်ရန် စေလွှတ်လိုက်သည်။ မောင်သာမောင်က အကြော်ဝယ်ပြီး ချက်ချင်း ပြန်လာပေးသည်။

ဦးရီးက အကြော်ကိုလှမ်းယူရင်း "သာမောင်၊ ဇာတ်ပွဲမှာ ဘာတွေ ကပြနေသလဲ" ဟု လှမ်းမေးလိုက်သည်။ မောင်သာမောင်က "မသိပါဘူး ဦးရီးရာ၊ ကျွန်တော် ဇာတ်ပွဲကို လှမ်းမကြည့်ခဲ့ဘူး။ အကြော်ပဲဝယ်ပြီး ပြန်လာခဲ့ပါတယ်" ဟူ၍ ပြန်ပြောသည်။ ဦးရီးမှာ အံ့သြမဆုံး ဖြစ်သွားသည်။

အလားတူပင် မောင်သာမောင်သည် ရုပ်ရှင်ကိုလည်း မကြည့်ခဲ့ပေ။ လက်ပံရွာတွင် ရုပ်ရှင်ပွဲမပြ၊ ဂန့်ဂေါမြို့တွင်မူ ရုပ်ရှင်ရုံရှိသည်။ ညစဉ် ရုပ်ရှင်ပြသည်။ တစ်ခါတစ်ရံ မောင်သာမောင်သည် လူကြီးများနှင့်အတူ ဂန့်ဂေါမြို့သို့ သွားရောက်တတ်သည်။ ထိုအခါ လူကြီးများကသာ ရုပ်ရှင်ကြည့်ကြသည်။ မောင်သာမောင်ကမူ "ရုပ်ရှင်မကြည့်ချင်ပါဘူးဗျာ" ဟူ၍ ပြောဆိုကာ ရုပ်ရှင်မကြည့်ခဲ့ပေ။

တစ်ကြိမ်တွင် မိမိတို့ရွာ ဘုရားပွဲသို့ ဆပ်ကပ်ပွဲတစ်ပွဲ လာရောက်ကပြသည်။ အထူးအဆန်းဖြစ်၍ တစ်ရွာလုံးလိုလို သွားရောက်ကြည့်ရှုကြသည်။ မောင်သာမောင်တို့ တစ်အိမ်သားလုံးလည်း သွား

http://www.dhammadownload.com



ရောက်ကြည့်ရှုကြသည်။ မောင်သာမောင်ကိုလည်း ခေါ်သည်။ မလိုက်။ "ကျွန်တော် မကြည့်ချင်ပါဘူးဗျာ" ဟုဆိုကာ တစ်ယောက်တည်း နေရစ်ခဲ့သည်။ သူအလွန်နှစ်ခြိုက်သော "ဗုဒ္ဓဘာသာလက်စွဲ" အမည်ရှိ စာအုပ်ကလေးကိုသာ ဖတ်ရှုနေရစ်ပေသည်။

## မောင်သာမောင်နှင့် အရှင်ဇနကာဘိဝံသ

ထိုစာအုပ်ကလေးကား မူလတန်းကျောင်းသားများအတွက် ဖတ်ရှုမှတ်သားရန် ရေးသားထားသော စာအုပ်ကလေး ဖြစ်သည်။ ကျမ်းပြုသူမှာ အရှင်ဇနကာဘိဝံသဟု ဖော်ပြထားသည်။ ထိုစာအုပ်ကလေးကို မောင်သာမောင် အလွန်နှစ်သက်သည်။ အစမှအဆုံး အကြိမ်ကြိမ်အခါခါ ဖတ်ရှုလေ့ရှိသည်။ ထိုစာအုပ်ထဲတွင်ပါသော ရတနာသုံးပါးအကြောင်း၊ သရဏဂုံသုံးပါးအကြောင်း၊ ငါးပါးသီလအကြောင်း၊ ကောင်းမှု၊ မကောင်းမှုတို့အကြောင်း၊ အပါယ်လေးပါးအကြောင်း၊ ကပ်သုံးပါးအကြောင်း စသည်တို့ကို ထိုစဉ်ကပင် ကောင်းစွာနားလည် သဘောပေါက်နေသည်။ ရင်ထဲ၌ စွဲမြဲနေသည်။ အထူးသဖြင့် စာအုပ်၌ ဖော်ပြထားသော အောက်ပါတို့ကို ကောင်းစွာသိရှိနားလည်ပြီး တစိမ့်စိမ့် မှတ်သားနာယူမိသည်။

(၁) စိတ်ဆိုးနေသူကို မိမိကပြန်၍ စိတ်မဆိုးခြင်းဖြင့် အနိုင်ယူရမည်။

(၂) လူကောင်းမဟုတ်သူ (လူယုတ်မာ)ကို မိမိက လူကောင်းလုပ်၍ အနိုင်ယူရမည်။

(၃) နှမြောစေးနှဲသူကို ပေးကမ်းစွန့်ကြဲခြင်းဖြင့် အနိုင်ယူရမည်။

(၄) လိမ်တတ်သူကို မှန်ကန်သောစကားဖြင့် အနိုင်ယူရမည်။

http://www.dhammadownload.com



ထိုစဉ်က ထိုစာအုပ်ငယ်ကို ရေးသားသူ ဆရာတော် အရှင် ဇနကာဘိဝံသသည် မည်သည့်ဆရာတော်ဖြစ်သည်ကို မောင်သာ မောင် မသိခဲ့။ ဆရာတော်၏ ရေးသားချက်တို့ကို အကြောင်းပြု၍ ဆရာတော်အား တစိမ့်စိမ့် ကြည်ညိုခဲ့သည်။ နောင်ကြီးပြင်းလာသော အခါတွင်မှ ဆရာတော် အရှင်ဇနကာဘိဝံသဟူသည် အခြားပုဂ္ဂိုလ် မဟုတ်။ အမရပူရမြို့မှ တောင်မြို့ဆရာတော်ခေါ် မဟာဂန္ဓာရုံ ဆရာ တော်ဘုရားကြီးဖြစ်ကြောင်း သိရသည်။

# ကိုရင်သာမောင်

၁၃၁၈-ခုနှစ် (၁၉၅၇) မောင်သာမောင် ၁၄-နှစ်သားအရွယ် တွင် စတုတ္ထတန်း အောင်သည်။ ထိုနှစ် နွှောင်းတန်ခူးလတွင် မိဘ တို့က ရှင်ပြုမင်္ဂလာ ပြုကြသည်။ ကိုရင်ဝတ်ရမည်ကို မောင်သာမောင် ဝမ်းသာမဆုံး ဖြစ်နေသည်။ အချိန်ကြာကြာ ကိုရင်ဝတ်မည်ဟု ရည် မှန်းထားသည်။ မိဘတို့က ကြာရှည်ဝတ်ခွင့်မပြု။ ခေတ္တခဏသာ ဝတ် စေလိုသည်။

ရှင်ပြုမင်္ဂလာကို မူလဆရာရင်း ဆရာတော်ဦးတိဿထံ မှောက်၌ ပြုသည်။ ခေတ္တခဏသာ သင်္ကန်းဝတ်ခွင့်ရကြောင်း သိရ သဖြင့် ဆရာတော်များက ကိုရင်ဘွဲ့နာမည် မပေးကြချေ။ "ခဏသာ ဝတ်တာဆိုတော့ ကိုရင်သာမောင်ပေါ့ကွာ" ဟူ၍ မိန့်ဆိုကြသည်။

ကိုရင်သာမောင်ကို ဘထွေး (ဖခင်၏ညီ) ဘုန်းတော်ကြီး ဦးနန္ဒက လောကီလောကုတ် ပညာရပ်များကို အချိန်ရသမျှ စနစ်တ ကျ သင်ပြပေးသည်။ ကိုရင်သာမောင်သည် ရှင်သာမဏေဘဝ၌ နေရ သည်ကို အလွန်ပျော်မွေ့သည်။ တစ်သက်လုံး သင်္ကန်းဝတ်၍ သာ

http://www.dhammadownload.com



သနာ့တာဝန်ကို ထမ်းဆောင်လိုသော ဆန္ဒများ တဖွားဖွား ပေါ်နေသည်။ ထို့ကြောင့် မိဘများထံ ခွင့်တောင်းပြန်သည်။ မိဘများက သဘောမတူကြချေ။ သို့ဖြင့် သာမဏေဘဝ၌ တစ်လသာနေ၍ လူဝတ်လဲခဲ့ရသည်။

## ကန်ရွာသို့

မိဘများသည် အိမ်တွင် သားကိုစွရော သမီးကိုစွပါမကျန် မောင်သာမောင်ကို အားကိုးသမှု ပြုကြသည်။ သို့ရာတွင် ပညာရေးက ပို၍အရေးကြီးသည်ဟု ခံယူကြသည်။ မောင်သာမောင်ကို ကျောင်းဆက်ထားချင်ကြသည်။ သို့ရာတွင် မိမိတို့ လက်ပံရွာ၌ အစိုးရအလယ်တန်းကျောင်းမရှိ၊ ကန်ရွာအစိုးရ အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ထားမှသာ အဆင်ပြေမည်။

ကန်ရွာမှာ ရွာကြီးဖြစ်သည်။ ထိုစဉ်က အိမ်ခြေ ၅၀၀-ကျော်ရှိသည်။ ယောနယ်သည် မြန်မာနိုင်ငံရှိ အခြားအရပ်ဒေသများကဲ့သို့ပင် စစ်ဘေးဒဏ်ကို ခံခဲ့ရသည်။ အထူးသဖြင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ရောင်စုံသောင်းကျန်းသူများ နေရာအနှံ့ ဆူပူလှုပ်ရှားသောအခါ ယောနယ်ဒေသသည်လည်း ဆူပူမှုဒဏ်ကို ခံခဲ့ရသည်။ ထိုစဉ်က ကန်ရွာမှာ အလံနီကဲ့ဘာစ်မျိုး၊ ဒွားပြကတစ်ဖုံ ဒုက္ခပေးခြင်းကို ခံရသည်။ ယူအမ်ပီခေါ် အစိုးရတပ်များနှင့် ပြည်သူ့ရဲ (ယခု မြန်မာနိုင်ငံရဲ)များကလည်း အခြေအနေပေးလျှင် ပေးသလို သောင်းကျန်းသူများကို လာရောက်ရှင်းလင်းပေးသည်။ အမြဲတစေ စောင့်ကြပ်ပေးနိုင်သော အခြေအနေကား မရှိ။ ထိုအခါများတွင် သောင်းကျန်းသူများက ရွာဝင်ဆက်ကြေးကောက်၊ လူသတ်၊ ရွာမီးရှို့ စသည်ဖြင့် ပြုခဲ့

http://www.dhammadownload.com



ကြသည်။ ကန်ရွာရှိ အိမ်တိုင်း၊ ဘုန်းတော်ကြီးကျောင်းတိုင်းတွင် ဖုံးခိုကျင်းများ ဆောက်လုပ်ထားခဲ့ကြရသည်။ သေနတ်သံကြားလျှင် ဖုံးခိုကျင်းသို့ဝင်၍ ပုန်းကြရရှာသည်။

မောင်သာမောင်ကို ကန်ရွာအလယ်တန်းကျောင်းတွင်ထား ရန်စီစဉ်သောအချိန်တွင်ကား ထိုသို့သော ဆူပူသောင်းကျန်းမှုများ မရှိတော့ပေ။ ထို့ကြောင့် မိဘများက ကန်ရွာအလယ်တန်းကျောင်းတွင်ထားရန် စီစဉ်ကြခြင်းဖြစ်သည်။ လက်ပံရွာနှင့် ကန်ရွာမှာ ၆-မိုင်ကွာဝေးသည်။ ထိုစဉ်က မီးရထားလမ်းမရှိသေး။ ခြေကျင်သွားရသည်။ လက်ပံရွာမှ ကန်ရွာသို့ နေ့စဉ် ကျောင်းသွားတက်ရန် မဖြစ်နိုင်။ သို့ဖြင့် ဦးရီးဖြစ်သူ ဦးပြည့်ထွန်း၊ ဇနီး ဒေါ်ပေါခင်တို့ နေထိုင်ရာကန်ရွာသို့ မောင်သာမောင်ကို ပို့လိုက်ကြသည်။ ဦးပြည့်ထွန်းမှာ ပန်းထိမ်ပညာကို တတ်ကျွမ်း၍ ပန်းထိမ်အလုပ်ကို လုပ်ကိုင်သူဖြစ်သည်။ မောင်သာမောင်သည် သူတို့နေအိမ်တွင်နေ၍ သူတို့၏စောင့်ရှောက်မှုဖြင့် အလယ်တန်းပညာကို ဆက်လက်သင်ယူသည်။

မောင်သာမောင်အဖို့ စာတော်သူဖြစ်ရာ အလယ်တန်းပညာကို အခက်အခဲမရှိ လွယ်လွယ်ကူကူပင် သင်ယူနိုင်သည်။ ထိုခေတ်က မူလတန်း၌ အင်္ဂလိပ်စာကို မသင်ရ။ ၅-တန်းတွင်မှ စတင်သင်ယူရသည်။ ဉာဏ်ထက်မြက်သော မောင်သာမောင်အဖို့ အင်္ဂလိပ်စာကို သင်ယူရသည်မှာလည်း အခက်အခဲမရှိ။ သူ့ကို ထိုကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဌေး၊ ဆရာဦးသိန်းမောင်၊ ဆရာ ဦးရာမြို့၊ ဆရာ ဦးတင်လှ၊ ဆရာ ဦးခင်မောင်သိန်း၊ ဆရာမ ဒေါ်ခိုင်လှ၊ ဆရာမ ဒေါ်စန်းခင် တို့က ပညာသင်ပေးကြသည်။

မောင်သာမောင်သည် တည်ငြိမ်သည်။ ပညာ လိုလားသည်။ လိမ္မာယဉ်ကျေးသည်။ ဆရာသမား၊ လူကြီးမိဘများကို အလွန်ရိုသေ

http://www.dhammadownload.com



သည်။ ထို့ကြောင့် ဆရာ၊ ဆရာမများက သူ့ကို ချစ်ခင်ကြသည်။ အားရကျေနပ်ကြသည်။ ချီးမွမ်းကြသည်။ အဖော်ဖြစ်သော ကျောင်းသူကျောင်းသားများကလည်း သူ၏ ရိုင်းပင်းကူညီမှု၊ အများအကျိုးဆောင်မှု၊ သည်းခံခွင့်လွှတ်မှုတို့ကို အလွန်လေးစား မြတ်နိုးကြသည်။ သူ့ကို အလွန်ချစ်ခင်လေးစားကြသည်။

## ကန်တောရကျောင်းတိုက်

မောင်သာမောင်သည် ကန်ရွာ၌နေထိုင်၍ အစိုးရအလယ်တန်းကျောင်း၌ ပညာဆည်းပူးစဉ် ကန်တောရကျောင်းတိုက်သို့ မကြာခဏ ရောက်ခဲ့သည်။ ကန်တောရကျောင်းတိုက်သည် ပထမ ကန်တောရဆရာတော်ကြီး အရှင်ကေတုမဟာထေရ်နှင့် ဒုတိယကန်တောရဆရာတော် အရှင်ဇယန္တထေရ်တို့ တည်ထောင်သော ကျောင်းတိုက်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၆၆ (၁၉၀၄)-ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ယခုအခါ သက်တမ်းအားဖြင့် နှစ်ပေါင်း ၉၈-နှစ် ရှိပေပြီ။ နှစ် ၁၀၀-ပြည့်ရန် ၂-နှစ်သာလိုတော့သည်။

ပထမဆရာတော်ကြီး အရှင်ကေတုသည် ကန်ရွာအနောက်ကျောင်း၌ ပဓာနနာယကဆရာတော်အဖြစ် မူလက သာသနာပြု သီတင်းသုံးတော်မူခဲ့သည်။ တစ်ညတွင် ကျိန်းစက်တော်မူနေစဉ် ခြေဖဝါးတော်နှစ်ဖက်လုံး၌ အမွေးအမှင် ဖြူဖြူနုနုများ များပြားစွာ ပေါက်လာတော်မူသည်ဟု အိပ်မက်တော်မူသည်။ ထိုအခါ ဆရာတော်ကြီးက မိမိ လောကုတ္တရာ တရားထူးရဖို့ မြင်မက်ခြင်းဖြစ်သည်ဟူ၍ နိမိတ်ကောက်ယူကာ ဝိပဿနာတရားအားထုတ်ရန် တောထွက်တော်မူခဲ့သည်။ ထိုအချိန်က ဆရာတော်ကြီးသည် ဝါတော် ၂၀-ရ၍ သက်

http://www.dhammadownload.com



တော် ၄၀-အရွယ်သာ ရှိသေးသည်။

ဆရာတော်ကြီးသည် နောင်အခါ ဒုတိယ ကန်တောရဆရာတော်ဖြစ်လာမည့် အရှင်ဇယန္တနှင့်အတူ တောထွက်လာခဲ့သည်။ အရှင်ဇယန္တသည် ဆရာတော်ကြီး၏ တူတော်လည်းဖြစ်၍ တပည့်လည်းဖြစ်သည်။ အရှင်နှစ်ပါးသည် အရှေ့ဘက်က ကန်သာရွာ၊ အနောက်ဘက်က ကျွန်းစုံသာရွာ၊ တောင်ဘက်က ကန်ရွာဟူသော ရွာ ၃-ရွာ၏အလယ် တောခေါင်ခေါင်အရပ်၌ တောရဆောက်တည်၍ တရားအားထုတ်ကြသည်။ ထိုအချိန်က ထိုနေရာမှာ တောခေါင်ခေါင်အရပ်ဖြစ်သဖြင့် ကျားများပင် ခိုအောင်းနေထိုင်ကြသည်ဟူ၍ အဆိုရှိသည်။

ဆရာတော်နှစ်ပါးလုံးပင် ပရိယတ္တိစာပေ၌ တတ်မြောက်ကျွမ်းကျင်ကြသော ဆရာတော်များဖြစ်ကြသည်။ ထိုဆရာတော်နှစ်ပါး ထိုတောအရပ်၌ ကြာရှည်စွာ တရားအားထုတ်ခွင့် မရကြပေ။ ထိုခေတ်ထိုအချိန်က ယောဒေသရှိ စာသင်သားရဟန်းတော်များသည် မန္တလေး၊ ပခုက္ကူ၊ ရန်ကုန်ရှိ စာသင်တိုက်ကြီးများသို့ စာသင်သွားရန် မလွယ်ကူကြပေ။ ထို့ကြောင့် ဆရာတော်နှစ်ပါးထံ အားထားမှီခိုလာကြသည်။ ပရိယတ္တိစာပေများ သင်ယူလာကြသည်။ ဤတွင် ဆရာတော်နှစ်ပါးသည် တစ်ဖက်က ပဋိပတ်လုပ်ငန်းကိုအားထုတ်၍ တစ်ဖက်က ပရိယတ်စာပေများကို ပို့ချပေးရသည်။ ဤသို့ဖြင့် ကန်တောရသည် ပရိယတ်၊ ပဋိပတ် စွယ်စုံသော စာသင်တိုက်ကြီး ဖြစ်လာသည်။

ကန်တောရ ပရိယတ္တိစာသင်တိုက်ကြီးသည် အံ့သြဖွယ်ကောင်းလောက်အောင် တိုးတက်အောင်မြင်ခဲ့သည်။ ၁၂၈၀-ပြည့်လွန်နှစ်များမှ ၁၃၀၀-ပြည့်လွန်နှစ်များအထိ ဝါဆိုရဟန်းအပါး ၆၀-ကျော်၊ သာမဏေအပါး ၁၀၀-ကျော်နှင့် ကျောင်းသားလူငယ် ၁၀၀-ကျော်တို့

http://www.dhammadownload.com



ရှိခဲ့သည်။ ဒကာ၊ ဒကာမများကလည်း အထူးအားထား ဆည်းကပ်ကိုးကွယ်ကြသည်။ ဒေသနှင့်မလိုက်အောင်ပင် သာသနာ ပွင့်လင်းစည်ကားခဲ့သည်။

ထိုကျောင်းတိုက်ကြီးမှ ပေါ်ထွက်သော ရဟန်းတော်များ သည် မြန်မာနိုင်ငံ အရပ်ဒေသအနှံ့အပြားသို့ သာသနာပြုရန် ရောက်ရှိနေကြသည်။ ထိုကျောင်းတိုက်ထွက် ရဟန်းတော်များထဲမှ ကျောင်းထိုင်ပုဂ္ဂိုလ်ချည်းပင် ၁၅၀-ကျော် ပေါ်ထွက်ခဲ့သည်။ ထိုကျောင်းတိုက်၏ စတုတ္ထ ကန်တောရ ဆရာတော်ကြီးဖြစ်သူ အရှင်ကေလာသမဟာထေရ်သည် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ရ ဖြစ်သည်။ ယောဒေသ၊ ယောနယ်အနေဖြင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ပထမဆုံး ဆက်ကပ်ခြင်းခံရသော အရှင်မြတ်ဖြစ်သည်။ ယခု ကန်တောရစာသင်တိုက်၏ ပဉ္စမ ပဓာနနာယကဆရာတော်မှာ အရှင်တိက္ခာနန္ဒ (သာသနဓဇ သီရိပဝရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)ဖြစ်သည်။

မောင်သာမောင် ထိုကန်တောရကျောင်းတိုက်သို့ သွားရောက်ချိန်တွင် ပထမဆရာတော်ကြီး အရှင်ကေတုမဟာထေရ် သက်တော်ထင်ရှား ရှိတော်မူသေးသည်။ ဒုတိယကန်တောရ ဆရာတော်ကြီး အရှင်ဇယန္တမူ ၁၃၀၉-ခုနှစ် (သက်တော်-၇၁)တွင် ပျံလွန်တော်မူသဖြင့် မမီလိုက်တော့ပေ။

မောင်သာမောင်သည် ပထမကန်တောရဆရာတော်ဘုရားကြီး အမှူးပြုသော ဆရာတော်များကို မကြာခဏ ဖူးတွေ့ခဲ့ရသည်။ ဆရာတော်ကြီးများ၏ အဆုံးအမများကို မကြာခဏ ကြားနာခဲ့ရသည်။ ထိုစဉ်ကပင် ရဟန်းဘဝ၏ ငြိမ်းချမ်းမှုကို လေ့လာခံစား သိရှိရသည်။ ထိုကန်တောရတိုက်သို့ ရောက်တိုင်း "မောင်သာမောင်ရေ၊

http://www.dhammadownload.com



သာသနာတွင်း မြန်မြန်ဝင်ခဲ့ကွာ၊ နောက်ကျသွားလိမ့်မယ်" ဟု ပြောနေသယောင်ယောင် စိတ်၌ ခံစားချက်တစ်မျိုး ဖြစ်ပေါ်မိသည်။

## ထူးခြားသော မြစ်သာမြစ်

မောင်သာမောင် မွေးဖွားရာ လက်ပံရွာနှင့် ယခု ပညာဆည်းပူးရာ ကန်ရွာတို့သည် မြစ်သာမြစ်ကမ်းပါး၌ တည်ရှိကြသည်။ မောင်သာမောင်သည် တစ်ခါတစ်ရံ မြစ်သာမြစ်ကို လှမ်းမျှော်ကြည့်တတ်သည်။

မြစ်သာမြစ်ကား အလွန်ထူးခြားလှသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း စီးဆင်းလျက်ရှိသော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် သံလွင်မြစ်ကြီးများသည် မြောက်မှတောင်သို့ စီးဆင်းကြသည်။ မြစ်သာမြစ်ကား ထိုသို့မဟုတ်။ တောင်မှမြောက်သို့ ပြောင်းပြန်စီးဆင်းသည်။ မြစ်သာမြစ်သည် တောင်ကုန်းတောင်တန်း ပေါများရာ ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့နယ်အတွင်းမှ မြစ်ဖျားခံသည်။ မြောက်ပိုင်းယောနယ်ရှိ ထီးလင်း၊ ဂန့်ဂေါ၊ ကလေးမြို့နှင့် ကလေးဝမြို့နယ်တို့ကို ဖြတ်သန်းစီးဆင်းသည်။ ကလေးဝမြို့အနီး ချင်းတွင်းမြစ်ထဲသို့ စီးဝင်သည်။ ချင်းတွင်းမြစ်၏ အကြီးဆုံးမြစ်လက်တက် ဖြစ်သည်။ မြစ်အရှည်မှာ မိုင် ၁၁၀-ကျော်ရှိသည်။

မြစ်သာမြစ်သည် မိုးတွင်းအခါ၌ ရေနောက်သော်လည်း ဆောင်းနှင့်နွေတို့တွင် ကြည်လင်သည်။ သာယာသည်။ ငါးပေါသည်။ တစ်ခါတစ်ရံ ရေချိုပုစွန်တုပ်ကြီးများပင် ပေါ်မြူးကြသည်။ မြစ်သာကမ်းနံဘေး ဝဲယာတို့တွင် နုံးတင်မြေနုကျွန်းများ ဖြစ်ထွန်းသည်။ လယ်ယာကိုင်းကျွန်း လုပ်ကိုင်သူများအဖို့ စပါးကောင်း၊ ပဲကောင်း၊ သီးနှံစုံ

http://www.dhammadownload.com



ဖြစ်ထွန်းအောင်မြင်စေသည်။ မိုးရာသီတွင် မြစ်သာမြစ်၌ သစ်၊ ဝါး မျှောချကြသည်။ မော်တော်၊ သင်္ဘောမရှိ။ လှေများသာ သွားလာကြသည်။ (ယခုခေတ်မှသာ စက်တပ်လှေများ သွားကြသည်။) မြစ်သာမြစ်တစ်လျှောက်၌ လှေကူးတို့ဆိပ်ပေါင်း ၁၀၀-ကျော်ရှိသည်။

## တစ်ယောက်တည်းသာအောင်

မောင်သာမောင်သည် အလယ်တန်းကျောင်း၌ ပညာဆည်းပူးစဉ် စာကိုသာ ကြိုးစားသင်ယူသည်။ ဆရာ၊ ဆရာမများက "သာမောင်က သူများတွေလို အားအားရှိတိုင်း ဆော့နေတာ၊ စကားများနေတာ မပာတ်ဘူး။ အချိန်ရတိုင်း ရုံးခန်းထဲသွားပြီး တစ်ယောက်တည်း စာဖတ်နေတာချည်း တွေ့ရတယ်။ သာမောင်ကတော့ အတန်းကျော်ပြီးဖြေရင်တောင် အောင်မှာပဲ။ လက်ပံသားမို့လို့သာပေါ့၊ ကျွန်းသားသာဆိုရင်တော့" စသည်ဖြင့် အားရနှစ်သက်စွာ ချီးကျူးလေ့ရှိကြသည်။

မောင်သာမောင်သည် နွေရာသီကျောင်းပိတ်ရက်များတွင် လက်ပံရွာသို့ ပြန်လေ့ရှိသည်။ မိဘတို့၏ အိမ်မှုကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးသည်။ တစ်ဖက်ကလည်း လက်ပံရွာမှ ဦးရီးတော် ဆရာကြီး ဦးဘစိုးက ကျောင်းပိတ်ရက်ကို အချည်းနှီးမဖြစ်စေရ။ အိမ်သို့ခေါ်ယူ၍ စာများ ကြိုးစားသင်ပေးခဲ့သည်။

ဤသို့ ပညာဆည်းပူးလာရာ မောင်သာမောင်သည် ပဥ္စမ တန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်း ဗုဒ္ဓဘာသာ စာမေးပွဲတို့ကို နံပါတ် ၁-ကချည်းသာ အောင်မြင်ခဲ့သည်။ အခြားဘာသာရပ်များကိုလည်း ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သည်။

http://www.dhammadownload.com



၁၃၂၁-ခုနှစ် (၁၉၆၀)တွင် မောင်သာမောင် ပညာဆည်းပူးရာ ကန်ရွာ အလယ်တန်းကျောင်း၌ အစိုးရစစ် သတ္တမတန်းစာမေးပွဲကို ကျင်းပသည်။ ကျောင်းသူကျောင်းသား ၄၀-ကျော် ဝင်ရောက်ဖြေဆို ကြသည်။ အောင်စာရင်းထွက်သောအခါ တစ်ယောက်တည်းသာ အောင်မြင်သည်။ ထိုအောင်မြင်သူတစ်ယောက်ကား အခြားသူ မဟုတ်၊ မောင်သာမောင်ပင်တည်း။

## လောကီကြီးပွားမှု လျစ်လျူပြု

မောင်သာမောင် အစိုးရစစ် သတ္တမတန်းစာမေးပွဲကို ထူးထူး ခြားခြားအောင်မြင်ကြောင်း ကြားသိရသောအခါ ကန်ရွာသူ၊ ရွာသား များက ဝမ်းသာကြသည်။ အထူးသဖြင့် သူ၏ဇာတိဖြစ်သော လက်ပံ ရွာသူရွာသားများက ပို၍ ဝမ်းသာကြသည်။ "လက်ပံသားက ကျွန်း သားဖြစ်သွားပြီ" ဟူ၍ပင် အချို့က ဂုဏ်ယူပြောဆိုကြသည်။

မိဘများဖြစ်ကြသော ဦးရဲနိုင်နှင့် ဒေါ်တုတ်ခိုင်တို့ကမူ ဝမ်း သာအားတက်ရုံမျှမက ပညာထူးချွန်သော မိမိတို့သား၏ နောင်ရေး ကို စိတ်ကူးယဉ်မဆုံး ဖြစ်နေကြသည်။ မောင်သာမောင်ကို ဂန့်ဂေါ မြို့ရှိ အစိုးရအထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ယူစေ မည်။ ၁၀-တန်းအောင်လျှင် တက္ကသိုလ်သို့ ပို့မည်။ ထိုသို့ပို့နိုင်အောင် လည်း မိမိတို့ အစွမ်းကုန် အလုပ်လုပ်၍ ငွေကြေးရှာဖွေမည်စသည်ဖြင့် စိတ်ကူးနေကြသည်။

ဆွေမျိုးအချို့ကလည်း "မောင်သာမောင်၏ ဉာဏ်ထက်မြက် မှု၊ ကြိုးစားမှုနှင့်သာဆိုလျှင် တက္ကသိုလ်ပညာကို ထူးချွန်စွာ အောင် မြင်နိုင်သည်။ အစိုးရအရာရှိကြီး ဖြစ်နိုင်သည်။ အင်ဂျင်နီယာကြီး ဖြစ်

http://www.dhammadownload.com



နိုင်သည်။ ဆရာဝန်ကြီး ဖြစ်နိုင်သည်" စသည်ဖြင့် အားပေးပြောဆိုကြသည်။

ဤသို့ မိဘများနှင့် ဆွေမျိုးများက မောင်သာမောင်၏ လောကီအနာဂတ်ရေးအတွက် မျှော်မှန်းထားကြသော်လည်း မောင်သာမောင်ကမူ လောကီကြီးပွားမှုတို့ကို ဂရုမပြု။ လောကုတ္တရာဘက်တွင်သာ အားသန်နေသည်။

"အဖေနဲ့အမေ၊ ကျွန်တော် လောကီပညာတွေ ဆက်လက်မသင်ချင်တော့ဘူး။ သာသနာ့ဘောင်ဝင်ပြီး ပရိယတ္တိစာပေကို သင်ယူချင်တယ်။ တစ်သက်လုံး ရဟန်းပဲ ပြုနေချင်ပါတယ်" ဟူ၍ ပြောဆိုသည်။

ထိုစကားကို ကြားရသောအခါ မိဘဆွေမျိုးများ အံ့ဩမဆုံးဖြစ်သွားကြသည်။ "မဟုတ်တာ သာမောင်ရယ်၊ မင်း ပညာထူးချွန်တာပဲ။ အဖေနဲ့အမေတို့ မင်းကို ကြိုးစားပြီး ပညာဆက်သင်ပေးမယ်။ မင်း ကြီးပွားချမ်းသာတာ တို့ မြင်ချင်စမ်းတယ်ကွယ်" ဟူ၍ ချော့မော့ပြောဆိုကြသည်။ သို့ရာတွင် မောင်သာမောင်က လက်မခံ၊ သာသနာ့ဝန်ထမ်း ရဟန်းသာ ပြုချင်နေသည်။ မိဘတို့ကလည်း သဘောမတူ၊ ခွင့်မပြု။

## အမြတ်ဆုံးအမွေ

ဤတွင် ဦးရီးတော် ဦးပြည့်ထွန်းက ဦးရဲနိုင်နှင့် ဒေါ်တုတ်ခိုင်တို့ကို တရားပြကာ နားချပေးရတော့သည်။

"သာမောင်က ငါ့အိမ်မှာနေပြီး ပညာသင်သူဖြစ်တော့ သူ့အကြောင်းကို ငါ ကောင်းကောင်းသိတယ်။ သာမောင်ဟာ အရွယ်

http://www.dhammadownload.com



ယ်ပေမယ့် လောကုတ္တရာဘက်ကို အားသန်သူဖြစ်တယ်။ ကြည့်ပါလား၊ ပွဲလမ်းသဘင်တို့၊ ရုပ်ရှင်တို့ဆိုတာ မင်းတို့ ငါတို့အပါအဝင် လူတိုင်းလိုလို ကြည့်ကြတယ်။ သာမောင်က လုံးဝမကြည့်ခဲ့ဘူး။ စိတ်သဘောထားကလဲ အလွန်ယဉ်ကျေးသိမ်မွေ့တယ်။ အလွန်ဖြူစင်တယ်။ သူ ရာသက်ပန် ရဟန်းပြုချင်တာ ခွင့်ပြုသင့်ပါတယ်ကွာ။ တို့ရဲ့ မြတ်စွာဘုရားကို သားတော်ရာဟုလာက အမွေတောင်းတဲ့အခါ မြတ်စွာဘုရားက ဘယ်မှာ ပစ္စည်းအမွေပေးလို့လဲ။ ပစ္စည်းအမွေနဲ့ မနှိုင်းယှဉ်သာတဲ့ အမြတ်ဆုံး သာသနာ့အမွေကိုပဲ ပေးခဲ့တာမဟုတ်လား။ သာမောင့်မှာ ရှေးရှေးကပြုခဲ့တဲ့ ပါရမီအဟုန်ကြောင့်၊ ကံအစွမ်းကြောင့် ရဟန်းဘဝကို ခံယူနေချင်တာ။ ငါ့ညီတို့၊ ငါ့ညီမတို့ကလဲ အမြတ်ဆုံးဖြစ်တဲ့ သာသနာ့အမွေကို ပေးလိုက်ပါကွယ်" ဟူ၍ ရှင်းလင်းပြောပြ တိုက်တွန်းသည်။

နောက်ဆုံး၌ မိဘများသဘောတူကျေနပ်သွားသည်။ မောင်သာမောင်လည်း သာသနာ့ဝန်ထမ်းဘဝကို တက်လှမ်းခွင့် ရသွားပေတော့သည်။

## ထူးခြားသောနေ့

၁၃၂၂-ခုနှစ်၊ နယုန်လဆန်း ၈-ရက် (၁-၆-၁၉၆၀)။

ယိုနေ့သည် အခြားသူများအတွက် ထူးခြားသောနေ့ မဟုတ်ပေ။ သို့ရာတွင် မောင်သာမောင်အဖို့ကား ထူးခြားသောနေ့ ဖြစ်သည်။

ထိုနေ့တွင် မောင်သာမောင်သည် ဒုတိယအကြိမ် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ပထမအကြိမ် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်မှာ ဗုဒ္ဓဘာသာဝင် မြန်မာယောကျ်ားကလေးများ ထုံးစံ

http://www.dhammadownload.com



အတိုင်း ရှင်ပြုသဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခြင်းဖြစ်သည်။

ယခု ဒုတိယအကြိမ် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်ကား ပထမအကြိမ်နှင့် လုံးဝမတူ။ သာသနာ့ဘောင်သို့ ရာသက်ပန်ဝင်ရောက်ရန် ရှင်သာမဏေပြုခြင်း ဖြစ်သည်။ ထိုအချိန်က မောင်သာမောင်သည် အသက် ၁၈-နှစ်အရွယ်ရှိသည်။ အသက် ၂၀-ပြည့်ပါက ရဟန်းဘဝသို့ တက်လှမ်းတော့ပေမည်။ ထိုသို့ တက်လှမ်းနိုင်ရန် အစပျိုးလိုက်ခြင်း ဖြစ်သည်။

မောင်သာမောင်သည် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သာမဏေပြုသည်။ ကန်ရွာ၊ ကန်တောရတိုက်၌ သာမဏေပြုသည်။ ပထမ ကန်တောရဆရာတော်ကြီး အရှင်ကေတုကို ဥပဇ္ဈာယ်ပြုလျက် သာမဏေပြုသည်။ ကန်တောရ စာချဆရာတော် ဦးနန္ဒိမာက "ရှင်သိရိန္ဒ" ဟု ဘွဲ့မည်ပေးသည်။

## သံဃာ့ဂိုဏ်း ၉-ဂိုဏ်း

ကန်တောရကျောင်းတိုက်မှာ ရွှေကျင်ဂိုဏ်းဝင် ကျောင်းတိုက်ဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံတော်တွင် ဆရာတော်ကြီး ၄၇-ပါး ပါဝင်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကို ဦးထိပ်ထား ဖွဲ့စည်းထားသည်။ ၂၀၀၁-ခုနှစ်၊ စာရင်းအရ ထေရဝါဒ ရဟန်းတော်ပေါင်း ၁၇၀၁၆၅-ပါးရှိသည်။ ရဟန်းတော်များ သီတင်းသုံးလျက်ရှိသော ဘုန်းတော်ကြီးကျောင်းပေါင်းမှာ ၅၁၈၁၄-ကျောင်း ရှိသည်။

ထိုရဟန်းတော်များသည် သံဃာ့ဂိုဏ်း ၉-ဂိုဏ်းတွင် အသီးသီးပါဝင်လျက် သာသနာပြုတော်မူနေကြသည်။ သံဃာ့ဂိုဏ်း ၉-ဂိုဏ်းမှာ (၁) သုဓမ္မာဂိုဏ်း၊ (၂) ရွှေကျင်ဂိုဏ်း၊ (၃) မွောနုဓမ္မ (မဟာ

http://www.dhammadownload.com



ဒွါရ) နိကာယဂိုဏ်း၊ (၄) ဓမ္မဝိနယာနုလောမ (မူလဒွါရ)နိကာယဂိုဏ်း၊ (၅) အနောက်ချောင်း ဒွါရဂိုဏ်း၊ (၆) ဝေဠုဝန်နိကာယဂိုဏ်း၊ (၇) စတုဘုမ္မိကမဟာသတိပဋ္ဌာန် (ငှက်တွင်း)ဂိုဏ်း၊ (၈) ပဏာဝိမုတ် (ကူးတို့ဂိုဏ်း)၊ (၉) ဓမ္မယုတ္တိနိကာယ (မဟာရင်)ဂိုဏ်းတို့ ဖြစ်ကြသည်။

ယင်းတို့တွင် သုဓမ္မာဂိုဏ်းသည် သက်တမ်းအရင့်ဆုံးဖြစ် သည်။ အင်အားအကြီးဆုံး ဖြစ်သည်။ သံဃာတော်အများဆုံး ဖြစ် သည်။ ရွှေကျင်ဂိုဏ်းမှာ ဒုတိယ သက်တမ်းအရင့်ဆုံး ဖြစ်သည်။ ဒုတိယ အင်အားအကြီးဆုံး ဖြစ်သည်။ ဒုတိယ သံဃာတော်အများ ဆုံး ဖြစ်သည်။

## ရွှေကျင်ဂိုဏ်းဟူသည်

ရွှေကျင်နိကာယခေါ် ရွှေကျင်ဂိုဏ်းသည် မင်းတုန်းမင်းလက်ထက်တွင် စတင်ပေါ်လာသော ဂိုဏ်းဖြစ်သည်။ ရွှေကျင်ဂိုဏ်းဟူသည် ပထမရွှေကျင်ဆရာတော်ကြီး အရှင်ဇာဂရကို အစွဲပြု၍ ခေါ်ဝေါ်ခြင်း ဖြစ်သည်။

ပထမရွှေကျင်ဆရာတော်ကြီးသည် ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ရွှေကျင်ရွာဇာတိဖြစ်သည်။ ဘကြီးတော်မင်းလက်ထက် ၁၁၈၄-ခုနှစ်တွင် ဖွားဘော်မူခဲ့သည်။

အရှင်မြတ်သည် ရဟန်းဖြစ်တော်မူပြီးနောက် အမရပူရမြို့မှ ထင်ရှားသော ဆရာတော်များထံတွင် ၈-နှစ်တိုင် ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။ ထို့နောက် မန်ကျည်းစဉ်၊ ခေါတော၊ ရှိမ္ဗကားတောရကျောင်းတို့တွင် သီတင်းသုံး၍ ပဋိပတ်ကို အားထုတ်သည်။ သို့ အားထုတ်ရင်း မကင်းရာမကင်းကြောင်း တပည့်များကို စာပေပို့ချ

http://www.dhammadownload.com



သည်။

ဆရာတော်သည် ဝိနည်းကို အထူးလေးစားသည်။ အနေအထိုင် ကျစ်လျစ်သည်။ အပြောအဟော သေသပ်သည်။ ထို့ကြောင့် မင်းတုန်းမင်းသည် ဘုရင်မဖြစ်မီ လွှတ်တက်မင်းသားကြီး ဘဝကပင် ရွှေကျင်ဆရာတော်ကို ကြည်ညိုရင်းရှိခဲ့သည်။

၁၂၁၄-ခုနှစ်တွင် မင်းတုန်းမင်း နန်းတက်သည်။ မင်းကြီးသည် ဗုဒ္ဓသာသနာတော် စင်ကြယ်သန့်ရှင်းစွာ တောက်ပစေလိုသောကြောင့် "သာသနာပြု ရာဇာအမိန့်" ခေါ် "ဓမ္မဝိနယပြန်တမ်း" ကို ထုတ်ပြန်ခဲ့သည်။ ထိုပြန်တမ်းနှင့်အညီ သာသနာပြုနိုင်ရန် ရွှေကျင်ဆရာတော်ကို မန္တလေးမြို့တော်သို့ ပင့်ဆောင်ရန် စီစဉ်သည်။ ထိုအချိန်၌ ရွှေကျင်ဆရာတော်သည် သက်တော် ၃၉-နှစ်၊ သိက္ခာတော် ၁၉-ဝါ ရှိသည်။

မင်းတုန်းမင်းသည် မူလက အမရပူရထီးနန်းတွင် စိုးစံသည်။ ထို့နောက် အမရပူရမှ မန္တလေးသို့ပြောင်းရန် မန္တလေးမြို့နန်းကို တည်သည်။ ၁၂၁၈-ခုနှစ်မှစ၍ တည်သည်။ ၁၂၂၁-ခုတွင် ပြီးစီးသည်။ နန်းတည်ပြီးနောက် မင်းတုန်းမင်းသည် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်ကြီးကို ဆောက်လုပ်၍ ရွှေကျင်ဆရာတော်အား တင်လှူသည်။ ရွှေကျင်ဆရာတော်သည် ၁၂၂၂-ခုနှစ်တွင် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်ကြီးသို့ ကြွရောက်ကာ ဓမ္မဝိနယနှင့်အညီ သာသနာပြုတော်မူသည်။ ဤသို့ဖြင့် ရွှေကျင်ဆရာတော်နှင့် ရွှေကျင်ဆရာတော်၏ ဆုံးမဩဝါဒကို ခံယူကျင့်သုံးကြသည့် သံဃာတော်များသည် "ရွှေကျင်ဂိုဏ်း" ဟု ထင်ရှားလာခဲ့သည်။ ထို့နောက်တွင်မှ ဒွါရစသည့် ကျန်ဂိုဏ်းများ ပေါ်ထွန်းလာသည်။

http://www.dhammadownload.com



# ပထမကန်တောရဆရာတော်ကြီး

ရှင်သိရိန္ဒ (မောင်သာမောင်) ဒုတိယအကြိမ် သာမဏေပြု သောအချိန်၌ ရွှေကျင်သာသနာပိုင်မှာ စံကင်းဆရာတော်ကြီး ဖြစ် သည်။ ရှင်သိရိန္ဒ၏ ဥပဇ္ဈာယ်ဆရာတော် ပထမကန်တောရဆရာ တော်ကြီး အရှင်ကေတုသည် စံကင်းဆရာတော်ကြီးထက် ၆-နှစ် (၆-ဝါ) ကြီးတော်မူသည်။ ထိုဆရာတော်ကြီးနှစ်ပါး အချင်းချင်းကြည်ညို ကြပုံ၊ လေးစားကြပုံတို့မှာ အလွန်မြတ်နိုးဖွယ်ကောင်းလှပေသည်။

တစ်ခါသော် စံကင်းဆရာတော်ကြီးသည် သက်ကြီးဝါကြီးဖြစ် သော ကန်တောရဆရာတော်ကြီးထံသို့ ရာကျော်အခန်းစိပ် နှစ်ထပ် သင်္ကန်းကြီးတစ်ထည် ပေးပို့လှူဒါန်းတော်မူလိုက်သည်။

"ဆရာတော်ဘုရားကြီး အလိုရှိသလို ချီးမြှင့်အသုံးပြုတော်မူ ပါ" ဟုလည်း မှာကြားလျှောက်ထားလိုက်သည်။

ထိုနှစ်ထပ်သင်္ကန်းကြီး ရောက်ရှိလာသောအခါ ကန်တောရ ဆရာတော်ကြီးသည် မြတ်နိုးစွာ အသုံးပြုတော်မူသည်။ စံကင်းဆရာ တော်ကြီး၏ စေတနာကို မြတ်နိုးသောအားဖြင့် ဥပုသ်ပြုရာ ပါတိ မောက်ပြသောအခါမှသာ အသုံးပြုတော်မူသည်။ ပါတိမောက်ပြ သော ပုဂ္ဂိုလ်တိုင်းကိုလည်း ပခုံးပေါ်တင်၍ ပြစေတော်မူသည်။

ပါတိမောက်ပြသည်ဆိုသည်မှာ ရဟန်းတို့၏ သိက္ခာပုဒ်များ ကို အကျဉ်းရွတ်ဆိုပြခြင်း ဖြစ်သည်။ သာသနာတော်တွင် ဝိနည်း သည် အရေးအကြီးဆုံး ဖြစ်သည်။ ထိုအရေးကြီးဆုံးဖြစ်သော ဝိနည်း မာတိကာ ပါတိမောက်ကို ရွတ်ဖတ်နေစဉ်သာ ထိုနှစ်ထပ်သင်္ကန်း ကြီးကို အသုံးပြုတော်မူသည်။ ကန်တောရဆရာတော်ကြီးက စံကင်း ဆရာတော်ကြီးအပေါ် မည်မျှမြတ်နိုးကြောင်း သူတော်ကောင်းတို့၏

http://www.dhammadownload.com



နာသမိုင်း၌ ထေရဝါဒဂိုဏ်းကို တည်ထောင်ပေးသူများမှာ ကာလာသောကမင်းနှင့် ဓမ္မာသောကမင်း (အသောက)တို့ ဖြစ်ခဲ့ကြ၍ မဟာယာနဂိုဏ်းကို တည်ထောင်ပေးသူများမှာ ကနိသျှကမင်းတို့ဖြစ်ကြောင်း သာသနာသမိုင်းကို လေ့လာသော သုတေသီများ သိရှိကြပြီး ဖြစ်ပါလိမ့်မည်။ ထိုနည်းတူစွာ ရွှေကျင်ဂိုဏ်းကို စတင်တည်ထောင်ပေးသူ (ဂဏသမုဋ္ဌာပက)မှာ သာသနာ့ဒါယကာ၊ ကျောင်းဒါယကာ မင်းတုန်းမင်းတရားပင်ဖြစ်ကြောင်းကို နှစ်တစ်ရာသမိုင်းကို လေ့လာလျှင် တွေ့ရမည်ဖြစ်သည်။" ဟူ၍ မှတ်တမ်းတင် ဖော်ပြထားပေသည်။

## ရွှေကျင်သာသနာပိုင်များ

ရွှေကျင်ဂိုဏ်းသည် တစ်စတစ်စ တိုးတက်ထွန်းကားလာရာ မြန်မာနိုင်ငံတစ်ဝန်းလုံးသာမက သီရိလင်္ကာနိုင်ငံအထိပါ ပျံ့နှံ့ထွန်းကားခဲ့သည်။ ရွှေကျင်ဆရာတော်ကြီးသည် ၁၂၅၅-ခုနှစ်တွင် လွန်တော်မူသည်။ ၁၁၈၄-ခုနှစ်တွင် ဖွားတော်မူသည်ဖြစ်ရာ လွန်တော်မူချိန်၌ သက်တော် ၇၂-နှစ်သာ ရှိပေသည်။

ရွှေကျင်ဆရာတော်ကြီး လွန်တော်မူသောအခါ ရွှေကျင်သာသနာပိုင်အဖြစ် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး အရှင်ဝိသုဒ္ဓါစာရ (၁၂၀၀-၁၂၇၈)ကို တင်မြှောက်ကြသည်။ ထိုဆရာတော်ကြီးသည် ရာဇဂုရု၊ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဖြစ်သည်။ ထိုဆရာတော်ကြီးလက်ထက်တွင် ရွှေကျင်ဂိုဏ်းသည် ယိုးဒယားနိုင်ငံအထိပါ တိုးတက်ပြန့်ပွားလာသည်။

မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး လွန်ပြီးနောက် ဒီပဲယင်းဆရာတော်ကြီး အရှင်ဉာဏဝရ (မန္တလေး) (၁၂၁၄-၁၂၈၉)၊ ကျိုက္ကဆံဆရာ

http://www.dhammadownload.com



တော်ကြီး အရှင်ဥတ္တမ (ရန်ကုန်) (၁၂၁၄-၁၂၇၉)၊ အလုံဆရာတော်ကြီး အရှင်တိဿ (ခင်မွန်) (၁၂၁၂-၁၂၉၀)၊ ချမ်းသာကြီးဆရာတော်ကြီး အရှင်ဇလိန္ဒ (ရှမ္ဗကား) (၁၂၀၄-၁၂၉၁)၊ လှတောကြီးဆရာတော်ကြီး အရှင်ရာဇိန္ဒ (လှတောကြီး) (၁၂၁၃-၁၂၉၅)၊ ကျိုက်လတ်ဆရာတော်ကြီး အရှင်ကေလာသ (ကျိုက်လတ်) (၁၂၂၆-၁၃၁၁)၊ ကန္နီဆရာတော်ကြီး အရှင်ကောသလ္လ (မန္တလေး) (၁၂၂၇-၁၃၁၃)၊ အဘိဓဇ မဟာရဋ္ဌဂုရု စံကင်းဆရာတော်ကြီး အရှင်စန္ဒာဘိဝံသ (မန္တလေး) (၁၂၃၂-၁၃၃၄)၊ အဂ္ဂမဟာပဏ္ဍိတ မြောင်းမြဆရာတော်ကြီး အရှင်ဉာနဝံသာဘိဝံသ (မန္တလေး) (၁၂၅၀-၁၃၃၇)၊ အဂ္ဂမဟာပဏ္ဍိတ ကြေးမြင်ဆရာတော်ကြီး အရှင်ဇောတယာဘိဝံသ (မန္တလေး) (၁၂၄၃-၁၃၅၁)၊ အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟသ်ာဆရာတော်ကြီး အရှင်ပဏ္ဍိတသိရီ (စစ်ကိုင်း) (၁၂၅၅-၁၃၅၇)တို့သည် ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးများအဖြစ် ဦးဆောင် ဆောင်ရွက်တော်မူခဲ့ကြသည်။

ရွှေဟသ်ာဆရာတော်ကြီး လွန်တော်မူသဖြင့် ယခုအခါ ညောင်ရွှေကန်ကြီးဆရာတော် အရှင်ဝိမလ (ညောင်ရွှေ) (၁၂၇၃-ဖွား)က တေရသမ (၁၃-ဆက်မြောက်) ရွှေကျင်သာသနာပိုင်အဖြစ် ဆက်ခံဆောင်ရွက်တော်မူလျက် ရှိသည်။ ဆရာတော်ကြီးသည် ယခုသက်တော် ၉၁-နှစ်ရှိပြီ။

ယခုအခါ ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များသည် မြန်မာ နိုင်ငံအနယ်နယ်အရပ်ရပ်တွင်သာမက သီရိလင်္ကာ၊ ယိုးဒယား၊ အိန္ဒိယ၊ ဂျပန်၊ အမေရိကန်၊ အင်္ဂလန်စသော နိုင်ငံများအထိပါ ရောက်ရှိသာသနာပြုလျက် ရှိနေကြပေသည်။ ၁၃၅၅-ခုနှစ် စာရင်းအရ ရွှေကျင်ဂိုဏ်း၌ သံဃာတော်စုစုပေါင်း ၃၂၅၇၁-ပါး ပါဝင်ပေသည်။

http://www.dhammadownload.com



# ပထမကန်တောရဆရာတော်ကြီး

ရှင်သိရိန္ဒ (မောင်သာမောင်) ဒုတိယအကြိမ် သာမဏေပြု သောအချိန်၌ ရွှေကျင်သာသနာပိုင်မှာ စံကင်းဆရာတော်ကြီး ဖြစ် သည်။ ရှင်သိရိန္ဒ၏ ဥပဇ္ဈာယ်ဆရာတော် ပထမကန်တောရဆရာ တော်ကြီး အရှင်ကေတုသည် စံကင်းဆရာတော်ကြီးထက် ၆-နှစ် (၆-ဝါ) ကြီးတော်မူသည်။ ထိုဆရာတော်ကြီးနှစ်ပါး အချင်းချင်းကြည်ညို ကြပုံ၊ လေးစားကြပုံတို့မှာ အလွန်မြတ်နိုးဖွယ်ကောင်းလှပေသည်။

တစ်ခါသော် စံကင်းဆရာတော်ကြီးသည် သက်ကြီးဝါကြီးဖြစ် သော ကန်တောရဆရာတော်ကြီးထံသို့ ရာကျော်အခန်းစိပ် နှစ်ထပ် သက်န်းကြီးတစ်ထည် ပေးပို့လှူဒါန်းတော်မူလိုက်သည်။

"ဆရာတော်ဘုရားကြီး အလိုရှိသလို ချီးမြှင့်အသုံးပြုတော်မူ ပါ" ဟုလည်း မှာကြားလျှောက်ထားလိုက်သည်။

ထိုနှစ်ထပ်သက်န်းကြီး ရောက်ရှိလာသောအခါ ကန်တောရ ဆရာတော်ကြီးသည် မြတ်နိုးစွာ အသုံးပြုတော်မူသည်။ စံကင်းဆရာ တော်ကြီး၏ စေတနာကို မြတ်နိုးသောအားဖြင့် ဥပုသ်ပြုရာ ပါတိ မောက်ပြသောအခါမှသာ အသုံးပြုတော်မူသည်။ ပါတိမောက်ပြ သော ပုဂ္ဂိုလ်တိုင်းကိုလည်း ပခုံးပေါ်တင်၍ ပြစေတော်မူသည်။

ပါတိမောက်ပြသည်ဆိုသည်မှာ ရဟန်းတို့၏ သိက္ခာပုဒ်များ ကို အကျဉ်းရွတ်ဆိုပြခြင်း ဖြစ်သည်။ သာသနာတော်တွင် ဝိနည်း သည် အရေးအကြီးဆုံး ဖြစ်သည်။ ထိုအရေးကြီးဆုံးဖြစ်သော ဝိနည်း မာတိကာ ပါတိမောက်ကို ရွတ်ဖတ်နေစဉ်သာ ထိုနှစ်ထပ်သက်န်း ကြီးကို အသုံးပြုတော်မူသည်။ ကန်တောရဆရာတော်ကြီးက စံကင်း ဆရာတော်ကြီးအပေါ် မည်မျှမြတ်နိုးကြောင်း သူတော်ကောင်းတို့၏

http://www.dhammadownload.com



ပြသနည်းဖြင့် ပြသခြင်းဖြစ်သည်။

## မျက်နှာကြီးရာ မလိုက်သော ရွှေကျင်ဆရာတော်ကြီး

ထိုကန်တောရဆရာတော်ကြီး အရှင်ကေတုနှင့် တတိယဆရာတော် အရှင်ဝိသုတတို့က ရှင်သိရိန္ဒကို မကြာခဏပင် အနားသို့ ခေါ်တော်မူကြသည်။ အေးမြကြည်နူးဖွယ် အဆုံးအမများကို ပေးကြသည်။

"တို့ရဲ့ ပထမရွှေကျင်ဆရာတော်ကြီးဟာ အံ့ချီးဖွယ်ကောင်းလောက်အောင် မျက်နှာကြီးဘက် မလိုက်ဘူး။ တစ်နေ့မှာ မင်းတုန်းမင်းကြီးက အမတ်တစ်ယောက်ကို စေလွှတ်တယ်။ ဆရာတော်ဘုရားကြီးကို ဆွမ်းအလှူခံကြွဖို့ နန်းတော်သို့ ပင့်စေတယ်။ ဒါနဲ့ အမတ်လည်း ရွှေကျင်တိုက်ကို သွားတယ်။ ရောက်တော့ ဆရာတော်ကြီး သင်္ကန်းရုံတော်မူနေတာကို တွေ့တယ်။ အမတ်က "ဒကာတော် ရေမြေ့ရှင်က နန်းတော်သို့ ကြွရောက်ဆွမ်းအလှူခံတော်မူရန် ပင့်လျှောက်ပါကြောင်းဘုရား" လို့ လျှောက်ထားတယ်။

"ဒီအခါ ဆရာတော်ကြီးက ဘာမျှပြန်လည်မိန့်တော်မမူဘဲ သင်္ကန်းရုံပြီး သပိတ်ကိုလွယ်တော်မူလျက် ကျောင်းပေါ်က သက်ဆင်းကြွသွားတော်မူတယ်။ အမတ်လည်း နောက်ကလိုက်ပြီး အခြေအနေကို ကြည့်တယ်။ ဒီအခါ မန္တလေးတောင်ရဲ့မြောက်ဘက်က အဘိုးအိုနဲ့ အမယ်အိုနှစ်ဦးနေတဲ့တဲသို့ ဆွမ်းစားကြွတော်မူတာကို သိရတယ်။

"အမတ်အဖို့ ရွှေကျင်ဆရာတော်ကိုလဲ နန်းတော်သို့ ကြွရန် ထပ်မပင့်ဝံ့၊ မင်းတရားကြီးကိုလဲ မတင်ဝံ့နဲ့ ဖြစ်နေတယ်။ အချိန်အတန်ကြာမှ ပြန်ခဲ့တယ်။ မင်းတရားကြီးက အမတ်ကို "ရွှေကျင်ဆရာ

http://www.dhammadownload.com



တော် ကြွလာပြီလား” လို့ မေးတယ်။ အမတ်ကလဲ မြင်ခဲ့တဲ့အတိုင်း တင်လျှောက်လိုက်တယ်။ အဲဒီအခါ မင်းတရားကြီးဟာ အလွန် ဝမ်းသာအားရ ရှိသွားတယ်။ “ငါကဲ့သို့သော မင်း ရှိသေး၏လော” လို့ ဆိုပြီး လက်ပမ်းပေါက်ခတ်သတဲ့။ ရှင်ဘုရင်က ပင့်ပေမယ့် ဘုရင့်မျက်နှာကိုမကြည့်၊ မျက်နှာကြီးဘက်မလိုက်၊ ဦးစွာပင့်ထားတဲ့ သူဆင်းရဲ အဘိုးအို၊ အဘွားအိုတို့ရဲ့ တဲသို့သာ ကြွသွားတော်မူခြင်းဟာ အလွန် သင့်မြတ်ပါပေတယ်။ ယထာဓမ္မသာသနမျက်နှာကိုသာ သတ္တိရှိရှိ ကြည့်တော်မူတဲ့ဂုဏ်နဲ့ ပြည့်စုံတော်မူပါပေတယ်။ ဒီလိုဂုဏ်မျိုးနဲ့ ပြည့်စုံတော်မူတဲ့ ရဟန်းကောင်း၊ ရဟန်းမြတ်ကို အားထားကိုးကွယ်ခွင့်ရတဲ့ သာသနဒါယကာ ဖြစ်ရတာကို မင်းတုန်းမင်းက ဝမ်းမြောက်မဆုံး ဖြစ်ခဲ့တယ်တဲ့” ဟူ၍ ရှင်သိရိန္ဒကို ဆရာတော်ကြီးက ပြောပြတော်မူခဲ့သည်။

## ကျယ်ငါးပါး၊ များရှစ်ပါး၊ ကြမ်းကိုးပါး

ဤပထမရွှေကျင်ဆရာတော်ဘုရားကြီးသည် အံ့ချီးဖွယ် ကောင်းလောက်အောင်ပင် အနေအထိုင်လည်း ကျစ်လျစ်သည်။ မိမိနည်းတူ တပည့်များကိုလည်း အနေအထိုင်ကျစ်လျစ်ရန် ဆုံးမလေ့ရှိသည်။

ဆရာတော်ကြီးက တပည့်များအား “ကျယ်ငါးပါး၊ များရှစ်ပါး၊ ကြမ်းကိုးပါး” စသည်တို့ကို ပယ်ရန် အထူးဆုံးမတော်မူလေ့ရှိသည်။ ကျယ်ငါးပါးကား စကားပြောကျယ်ခြင်း၊ အရယ်ကျယ်ခြင်း၊ အခေါ်ကျယ်ခြင်း၊ အချေကျယ်ခြင်း၊ အသမ်းကျယ်ခြင်းတို့ ဖြစ်သည်။ များရှစ်ပါးကား စကားများခြင်း၊ အရယ်များခြင်း၊ အအိပ်များခြင်း၊ အစား

http://www.dhammadownload.com



များခြင်း၊ နဝကမ္မများခြင်း၊ ပစ္စည်းစုများခြင်း၊ ရှင်ငယ်လူငယ်တို့နှင့် ရောနှောများခြင်း၊ အလည်အပတ်များခြင်းတို့ဖြစ်သည်။ ကြမ်းကိုးပါး ကား အစားကြမ်းခြင်း၊ အအိပ်ကြမ်းခြင်း၊ အသွားကြမ်းခြင်း၊ အထိုင် ကြမ်းခြင်း၊ အရယ်ကြမ်းခြင်း၊ စိတ်ကြမ်းခြင်း၊ ကိုယ်ကြမ်းခြင်း၊ နှုတ် ကြမ်းခြင်း၊ အဆုံးအမကြမ်းခြင်းတို့ ဖြစ်သည်။ ယင်းတို့ကို ဆရာတော် ကြီးကိုယ်တော်တိုင်လည်း ပယ်၍ တပည့်များအားလည်း ပယ်ရန် ဆုံးမတော်မူခဲ့သည်။

## ရွှေဟသ်ာဆရာတော်ကြီး၏ ဖွင့်ဆိုချက်

ဤနေရာ၌ ကြမ်းကိုးပါးနှင့်ပတ်သက်၍ ရွှေဟသ်ာဆရာ တော်ကြီး အရှင်ပဏ္ဍိတမထေရ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်း တင်ပြလိုပါသည်။ ရွှေဟသ်ာဆရာတော်ဘုရားကြီးသည် ၁၂-ဆက် မြောက် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးဖြစ်သည်။ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဖြစ်သည်။

ရွှေဟသ်ာဆရာတော်ကြီးက အစားကြမ်းခြင်းဆိုသည်မှာ လက်များဖြင့် ဟင်းခွက်ကိုနှိုက်ခြင်း၊ ရှုးရှုးရှဲရှဲ အသက်ရှူ၍ စားခြင်း၊ ဟင်းရည်ဟင်းဖတ်ကို အတိုင်းအရှည်မသိ အစားကြီးခြင်း၊ စကား တပြောပြောနှင့် စားခြင်း၊ ဝက်သား၊ ကြက်သား၊ ငါး၊ အမဲကို လွန်စွာ စုံမက် အချက်အဝယ်ခိုင်း၍ ရှာကြံစားခြင်း၊ လက်ဖက်သုပ်၊ လက် ဖက်ရည် ထွေထွေလာလာ ရှာကြံစားသောက်ခြင်းတို့ ဖြစ်သည်။

"အအိပ်ကြမ်းခြင်းဆိုသည်မှာ နေ့ကိုင်နေ့ရမ်း (ဧကသီ)ကိုချ၊ ကိုယ်ဝတ်သင်းပိုင်မျှနှင့် အိပ်ခြင်း၊ ဒူးထောင်ပေါင်ကား အိပ်ခြင်း၊ ဟောက်၍အိပ်ခြင်း စသည်တို့ဖြစ်သည်။

http://www.dhammadownload.com



"အသွားကြမ်းခြင်းဆိုသည်မှာ အလွန်လျင်မြန်စွာသွားခြင်း၊ တောင်မြောက်ကြည့်ရှု လျှပ်ပေါ်လော်လီသွားခြင်း၊ ကြမ်းနင်းပြင်းခြင်း၊ လှေကားအဆင်းအတက် လျင်မြန်ခြင်း စသည်တို့ဖြစ်သည်။

"အထိုင်ကြမ်းခြင်းဆိုသည်မှာ မြူမှုန် ဖုန်သလဲရှိရာ အခင်းမပါ နေထိုင်ခြင်း၊ မရိုမသေ နေထိုင်ခြင်း၊ သီတင်းငယ်တို့ကို တိုးဝှေ့တိုက်ခိုက်နေထိုင်ခြင်း စသည်တို့ဖြစ်သည်။

"အရယ်ကြမ်းခြင်းဆိုသည်မှာ လက်ခုပ်လက်ဝါးတီး၍ ရယ်ခြင်း၊ စစ်စစ်မြည်အောင်ရယ်ခြင်း၊ ဟီးလားဟားလား အသံပြင်းစွာပြု၍ရယ်ခြင်း စသည်တို့ဖြစ်သည်။

"စိတ်ကြမ်းခြင်းဆိုသည်မှာ စိတ်အလွန်တိုခြင်း၊ ရန်ငြိုးကြီးခြင်း၊ ငြူစူစောင်းမြောင်းခြင်း၊ သူတစ်ပါးတို့အား မကောင်းကြံခြင်း စသည်တို့ဖြစ်သည်။

"ကိုယ်ကြမ်းခြင်းဆိုသည်မှာ သီတင်းသုံးဖော်တို့ရှေ့၌ မရိုမသေ ထိုင်ထသွားလာခြင်း၊ မညွတ်မကိုင်းနိုင်ခြင်း၊ ပဆစ်ဒူး၊ နဖူးမြေ ကျဝတ်မချနိုင်ခြင်း စသည်တို့ဖြစ်သည်။

"နှုတ်ကြမ်းခြင်းဆိုသည်မှာ ငမိုက်၊ ငမည်း၊ ငခွေး၊ ငဝက် စသည် မြည်တွန်ခြင်း၊ ရဟန်းတို့နှင့် မလျော်ပတ်သော ပုံကြမ်း စကားပြောဆိုခြင်း စသည်တို့ဖြစ်သည်။

"အဆုံးအမကြမ်းခြင်းဆိုသည်မှာ ရိုက်နှက်ပုတ်ခတ်၍ ဆုံးမခြင်း၊ ကာလဋ္ဌာန မငဲ့မလင့် ဆုံးမခြင်း၊ ဒေါသမာန်မာနနှင့် ဆုံးမခြင်း စသည်တို့ဖြစ်သည်" ဟူ၍ အဓိပ္ပါယ်ရှင်းလင်း ဖွင့်ဆိုပြတော်မူခဲ့သည်။ ရွှေကျင်ဆရာတော်ကြီး၏ အဆုံးအမကား အလွန်ပင် တန်ဖိုးရှိလှသည်။ ကြည်ညိုဖွယ်ကောင်းလှသည်။ ထို့ကြောင့်လည်း မင်းတုန်းမင်းကြီးသည် ရွှေကျင်ဆရာတော်ဘုရားကြီးကို အထူးကြည်ညိုမြတ်နိုး

http://www.dhammadownload.com



ခြင်း ဖြစ်ဟန်တူခဲ့ပေသည်။

## ကန်တောရဆရာတော်ကြီး ပျံလွန်တော်မူ

ကိုရင်သိရိန္ဒသည် ဆရာတော်ကြီးများထံမှ ဤအဆုံးအမများကို တစ်ဆင့်ကြားနာရသဖြင့် လွန်စွာ အကျိုးရှိခဲ့သည်။ ဤသို့လျှင် ပထမကန်တောရ ဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသကို ခိုလှုံ၍ အဆုံးအမတို့ကို နာယူလျက် ရှိကောင်းဆဲမှာပင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသွားခဲ့သည်။ ထိုအချိန်၌ ရှင်သိရိန္ဒသည် သာမဏေဘဝသို့ ရောက်ရှိနေသည်မှာ ၁-နှစ်သာ ရှိသေးသည်။

ကန်တောရဆရာတော်ကြီးသည် ၁၂၂၆-ခုနှစ်တွင် ဖွားမြင်တော်မူ၍ ၁၃၂၂-ခုနှစ်တွင် ပျံလွန်တော်မူခဲ့သည်။ ပျံလွန်တော်မူချိန်၌ သက်တော် ၉၆-နှစ်၊ ဝါတော် ၇၆-ဝါ ရှိသည်။ ဆရာတော်ကြီးသည် ဝိပဿနာတရားကို အလေးထားအားထုတ်တော်မူခဲ့သော အရှင်မြတ်ကြီးဖြစ်သည်။ မည်သည့်အဆင့်တွင် ရောက်ရှိသွားတော်မူသည်ကို မည်သူမျှမပြောနိုင်။ ဆရာတော်ကြီးသာလျှင် သိရှိပေလိမ့်မည်။

## သျှုတော်ကောင်းကြီး

ဦးမာနိတသိရီနှင့် ဦးနန္ဒမာလာဘိဝံသ ဆရာပော်နှစ်ပါး သည် စံကင်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ၁၃၃၄ (၁၉၇၂)တွင် ရေးသားပြုစု ထုတ်ဝေတော်မူခဲ့သည်။ ထိုစာအုပ်ကြီးတွင် ဆရာတော် နှစ်ပါးက ပထမကန်တောရ ဆရာတော်ကြီးအကြောင်း ထည့်သွင်း ဂုဏ်ပြု ရေးသားထားသည်။ ရေးသားတော်မူရာ၌ တစ်နေရာတွင်

http://www.dhammadownload.com



ဤသို့ မှတ်ချက်ချ ရေးသားတော်မူထားသည်။

"သူတော်ကောင်းကို မြတ်နိုးတတ်၍ သူတော်ကောင်းကြီး အစစ်ဖြစ်တော်မူသော ကန်တောရဆရာတော်ဘုရားကြီးသည် ယောနယ်တွင် ထင်ရှားကျော်ကြားသော ဆရာတော်ကြီးတစ်ပါး ဖြစ်သော်လည်း ပုံတောင်ပုံညာတောင်တန်းကြီးက ကာဆီးထားသဖြင့် မြန်မာပြည်အလယ်ပိုင်းမှ အသိနည်းနေကြပေသည်။ ချင်းတွင်းမြစ်ဆီမှ အနောက်သို့ လှမ်းကြည့်မိလျှင် မြင့်မားလှသော ပုံတောင်ပုံညာတောင်တန်းကြီးကို တွေ့မြင်ရပေမည်။ တောင်တန်းကြီးများ၏ တစ်ဖက်တွင် လူသူမရောက်နိုင်သော တောကြီးမြိုင်ကြီးက နေရာယူထားလိမ့်မည်ဟု ထင်မိကောင်း ထင်မိပေလိမ့်မည်။ သို့ရာတွင် ပုံတောင်ပုံညာ တောင်တန်းကြီးတို့ကို ဖြတ်ကျော်လိုက်ပါက ပြန့်ပြူးသာယာလှသော မြေပြင်ကြီးနှင့် ကျောင်းကန်ဘုရားတို့ဖြင့် လှပဆန်းကြယ် ပျော်မွေ့ဖွယ်ကောင်းသော မြို့ရွာအဆောက်အဦတို့ကို တွေ့မြင်ရပေမည်။ ထိုဒေသသည် လှပဆန်းကြယ် ပျော်မွေ့ဖွယ်ကောင်းသလောက် ကန်တောရဆရာတော်ဘုရားကြီးကဲ့သို့သော ဆရာတော်များ သီတင်းသုံးတော်မူရာဖြစ်ခြင်းကြောင့် ပတိရူပဒေသကြီး အစစ်ဖြစ်လျက် ရှိပါပေသည်။ သို့ဖြစ်၍ ယောနယ်သူ ယောနယ်သားတို့သည် ပတိရူပ ဒေသဝါသမင်္ဂလာနှင့် ပြည့်ဝကြပါပေသည်။"

## သာမဏေဘဝ သင်ယူမှု

ရှင်သီရိန္ဒသည် ပထမကန်တောရဆရာတော်ဘုရားကြီး အမှူးပြုသော ဆရာတော်များ၏ အဆုံးအမများကို နာယူရင်း တစ်ဖက်ကလည်း ပရိယတ္တိစာပေအခြေခံတို့ကို ကြိုးစားသင်ယူခဲ့သည်။ တတိယဆရာတော် ဦးဝိသုတ၊ စတုတ္ထဆရာတော် ဦးကေလာသ၊

http://www.dhammadownload.com



စာချဆရာတော် ဦးနန္ဒိမာ၊ ဦးသာကိန္ဒ (ဓမ္မာစရိယ)တို့ထံ၌ ပညာဆည်းပူးသည်။ ဆရာတော်များက အထူးပညာလိုလားသော ရှင်သိရိန္ဒအား သဒ္ဒါ၊ သင်္ဂဟ၊ ပါတိမောက်၊ ကင်္ခါ၊ ရူပသိဒ္ဓိ၊ ဋီကာကျော်၊ မာတိကာ ဓာတုကထာ၊ ပါဠိရေးနည်း၊ ဂါထာစီကုံးနည်း၊ ကဗျာလင်္ကာ စီကုံးနည်းတို့ကို ၂-နှစ်အတွင်း အခြေကျကျ တတ်မြောက်အောင် သင်ကြားပေးကြသည်။ အထူးဉာဏ်ထက်မြက်သော ရှင်သိရိန္ဒကလည်း သင်ပေးသမျှတို့ကို ကောင်းစွာတတ်မြောက်အောင် ကြိုးစားသင်ယူနိုင်ခဲ့သည်။

## ထူးခြားသောနေ့

၁၃၂၄-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈-ရက်၊ စနေနေ့ (၂၆-၅-၁၉၆၂)။

ထိုနှစ်၊ ထိုလ၊ ထိုရက်သည် ရှင်သိရိန္ဒအဖို့ အလွန်ထူးခြားသောနေ့ရက် ဖြစ်သည်။ အသက် ၂၀-ပြည့်ပြီဖြစ်၍ ထိုနေ့တွင် မြင့်မြတ်သော ရဟန်းဘဝကို ခံယူတော့မည် ဖြစ်သည်။

ထိုနေ့တွင် ရှင်သိရိန္ဒသည် ကန်တောရကျောင်းတိုက် ခဏ္ဍသိမ်တွင် တတိယကန်တောရ ဆရာတော် ဦးဝိသုတကို ဦးပဇ္ဈာယ်ပြုလျက် ရဟန်းပြုသည်။ ခမည်းတော် ဦးရဲနိုင်၊ မယ်တော် ဒေါ်တုတ်ခိုင်၊ ဘေးတော် ဒေါ်ခြုံ၊ ဘိုးဘွားများဖြစ်ကြသော ဦးကျော်ထိုက်၊ ဒေါ်စိုးချုပ်၊ ဒေါ်ရွှေဖုံးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရဟန်းပြုခြင်း ဖြစ်သည်။ ဘွဲ့မည်မှာ အရှင်သိရိန္ဒပင် ဖြစ်သည်။

ထူးခြားသည်မှာ အရှင်သိရိန္ဒသည် မိမိရဟန်းခံပွဲ၌ မိမိကိုယ်တိုင် တရားဟောခဲ့သည်။ ပထမဦးဆုံးသော ပွဲဦးထွက်တရားပင် ဖြစ်

http://www.dhammadownload.com



သည်။ ထို့ပြင် မိမိကိုယ်တိုင် ရဟန်းခံပွဲ အထိမ်းအမှတ်အဖြစ် ရတုပိုဒ်စုံနှင့် ဂါထာများကို ရေးသားဖြန့်ဝေခဲ့သည်။

အရှင်သီရိန္ဒက မိမိရေးသားဖွဲ့ဆိုသော ရတုပိုဒ်စုံတွင် ရဟန်းဘဝကို ရရှိသဖြင့် ဝမ်းသာမဆုံး ဖြစ်မိပုံကို -

"သဲညွန့်တုန်အောင်၊ ပီတိလျှောင်သား
အခေါင်မိပတိ၊ သီရိကျက်သရေ
ထိန်လင်းဝေသည့်
တက်နေပမာ၊ ဂုဏ်ရောင်ဖြာလတ်
အမြတ်လွန်ကဲ၊ သာသနာထဲ၌
ဒုလ္လဘစစ်၊ ပဗ္ဗဇ္ဇမှန်
အလွန်မြတ်လှ၊ သာကီယနွယ်
တကယ်တင့်ဆန်း၊ ရဟန်းအဖြစ်
ရတုံလစ်၍၊ စင်စစ်မသွေ
အောင်မြေဗိုက်ချီး၊ အောင်သံဟီးကာ
မငြီးရွှင်ပျော်၊ အရတော်လှ
ငါ့ဘဝဟု၊ နေ့ညမကွာ
ဝမ်းသာမဆုံး၊ ပီတိလုံးဆို့
ပြုံးလို့ချည်းလျှင်၊ နေလိုက်ချင်၏" ဟူ၍ ကျူးရင့်ထားပေသည်။

ထို့ပြင် ဆွေမျိုးမိဘတို့၏ ချီးမြှောက်မှုဖြင့် မိမိသည် သာသနာတွင်း၌ အလွန်ရနိုင်ခဲသော ရဟန်းအဖြစ်ကို ရရှိသောကြောင့် ဝမ်းသာမဆုံး ဖြစ်ရပုံကိုလည်း အောက်ပါ "ဥပသမ္ပဒ ဥဒါနဂါထာ" ဖြင့် ကိုယ်တိုင်ရေးဖွဲ့ကျူးရင့်ခဲ့ပေသည်။

ဉာတီဟိ စာ နုဂ္ဂဟိတော၊
မာတာပိတူဟိ ဒါနိစ။

http://www.dhammadownload.com



ဒုလ္လဘံ ပုဗ္ဗကမ္မေန၊
လဒ္ဓါပဟံ ဥပသမ္ပဒံ။
(ပထမ ဘကာရ ဝိပုလာဂါထာ)

## မန္တလေးသို့

အရှင်သီရိန္ဒသည် ရဟန်းခံပြီးနောက် ပရိယတ္တိစာပေတို့ကို ထူးချွန်ပေါက်မြောက်စွာ သင်ယူလိုသည်။ ထိုစဉ်က ကန်တောရ ကျောင်းတိုက်၌ စာချဆရာတော် လုံလုံလောက်လောက် မရှိ။ ထို့ကြောင့် မူလဥပဇ္ဈာယ် လက်ပံဆရာတော်၏ စီစဉ်မှုဖြင့် မန္တလေးသို့ သွားရောက်၍ ပညာဆည်းပူးရန် စီစဉ်သည်။

အရှင်သည် ၁၃၂၄-ခုနှစ်၊ နယုန်လဆန်း ၁၁-ရက် (၁၃-၆-၁၉၆၂)နေ့တွင် ဂန့်ဂေါမြို့မှ မန္တလေးသို့ လေယာဉ်စီး၍ သွားသည်။ လေဆိပ်သို့ မိဘဆွေမျိုးများနှင့် ညီအစ်ကိုမောင်နှမများ အားလုံး လိုက်လံပို့ဆောင်ကြသည်။ စုစုပေါင်း ညီအစ်ကိုမောင်နှမ ၅-ဦးရှိသည်။ အရှင့်အောက် (၁) ညီ-မောင်သာဒင်၊ (၂) ညီမ-မအောင်ကြည်၊ (၃) ညီမ-မတင်ရီ (နောင်အခါ သီလရှင် ဒေါ်ပညာနန္ဒီ ဖြစ်လာသူ)၊ (၄) ညီမ-မတင်ကြည်၊ (၅) ညီထွေး-မောင်သာချစ် (နောင်အခါ ရဟန်းတော် ဦးဇုတိန္ဓရ ဖြစ်လာသူ)တို့က မိဘနှစ်ပါးနှင့်အတူ လိုက်လံပို့ဆောင်ကြသည်။ ထိုအချိန်က မောင်သာချစ်မှာ အသက် ၂-နှစ်သား အရွယ်သာ ရှိသေးသည်။

http://www.dhammadownload.com



## ခိုင်မာသော ဆုံးဖြတ်ချက်

မိဘဆွေမျိုးများသည် အရှင်သီရိန္ဒ မိမိတို့ဒေသမှ ထွက်ခွာသွားတော့မည်ကို ဝမ်းနည်းမဆုံး ရှိကြသည်။ အချို့က မျက်ရည်ကျကြသည်။ အရှင်သီရိန္ဒကမူ မတုန်လှုပ်။ အလွန်တည်ငြိမ်နေသည်။ ထိုမျှမက "ဓမ္မာစရိယ မအောင်မချင်း မိမိဇာတိမြေကို ခြေမချတော့ပြီ" ဟူ၍ပင် ပြတ်သားစွာ ဆုံးဖြတ်ချက်ချလိုက်သည်။ (ဆုံးဖြတ်ချက်အတိုင်းပင် ၆-နှစ်ပတ်လုံး နေရပ်သို့မပြန်ခဲ့။ စွဲစွဲမြဲမြဲ ကြိုးစားခဲ့သည်။ ၁၃၃၀-ပြည့်နှစ် ဓမ္မာစရိယ စာချတန်းအောင်ပြီးမှသာ နေရပ်သို့ ပြန်ဖြစ်ခဲ့သည်။)

## မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် ခိုလှုံ

အရှင်သီရိန္ဒသည် မန္တလေးသို့ ရောက်သောအခါ ဝိဇ္ဇာလင်္ကာရတိုက်၌ တစ်ပတ်ခန့် တည်းခိုသည်။ ထိုတိုက်၌ နေထိုင်စဉ် အရှင်နရိန္ဒ (ယခု မြို့သာဆရာတော်)၊ အရှင်ကောသလ္လ (ယခု ဝိဇ္ဇာလင်္ကာရဆရာတော်)တို့က ညီအရင်းကဲ့သို့ အထူးပင် စောင့်ရှောက်ကူညီကြသည်။

တစ်ပတ်ခန့်ကြာသောအခါ ဝိဇ္ဇာလင်္ကာရဆရာတော် ဦးခေမာစာရ၊ ကြက်ဖနက်ဆရာတော် အရှင်ကောသလ္လ၊ ထိုမာဆရာတော် ဦးပညာဝံသတို့ကိုယ်တိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ လိုက်၍ ကူညီအပ်နှံပေးကြသည်။ အရှင်ပဏ္ဍိစ္စ (ယခု ကန်ရွာဦးဘသော်)၏ အကူအညီကိုလည်း ရရှိခဲ့သည်။ ထို့ကြောင့် မန္တလေးမြို့၊ ရွှေကျောင်းနိကာယ ဗဟိုဌာနချုပ်ဖြစ်သော မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ အောင်မြေသာစည်

http://www.dhammadownload.com



ကျောင်း၌ လွယ်ကူချောမောစွာ နေခွင့်ရခဲ့သည်။

သာသနာပိုင် မြောင်းမြဆရာတော်၊ သံတော်ဆင့်ဆရာတော်၊ သူဌေးတန်းကျောင်းဆရာတော် အရှင်ဂရုဓမ္မ၊ အောင်မြေသာစည် ကျောင်းဆရာတော် အရှင်ဥတ္တရာဇီဝနှင့် စာချဆရာတော် ဦးပဏ္ဍဝံသ တို့၏ ဆုံးမညွှန်ကြားမှုကို ခံယူကာ ပညာသင်ယူခဲ့သည်။

ထိုမှုမက မစိုးရိမ်ကျောင်းတိုက်သို့သွား၍လည်း မစိုးရိမ်ဆရာ တော် အရှင်ဝိစိတ္တာဘိဝံသ၊ အရှင်စန္ဒောဘာသာဘိဝံသ၊ အရှင် ကောသလ္လ (လေး)၊ အရှင်သိရိန္ဒာဘိဝံသိ၊ အရှင်ကောဝိဒါဘိဝံသ၊ အရှင်ရာဇဓမ္မာဘိဝံသ၊ အရှင်ဝိပုလ၊ အရှင်ကုန္တာစာရ၊ အရှင်ဓမ္မာနန္ဒ တို့ထံ၌လည်း ပညာသင်ယူခဲ့သည်။ တောင်ထီးလင်းသို့သွား၍လည်း ညဝါအကျော်ဆရာတော် ဦးဝဇီရဗုဒ္ဓိထံ၌ ပညာသင်ယူခဲ့သည်။

## ထိန်းသိမ်းနိုင်

အရှင်သိရိန္ဒသည် ငယ်စဉ်ကစ၍ ဆရာမိဘဘိုးဘွားတို့၏ ထိန်းသိမ်းစောင့်ရှောက်မှုကို နွံနာအောင် ခံယူခဲ့ရသူဖြစ်သည်။ ထို အရှိန်ကြောင့် မြို့ကြီး၌နေရသော်လည်း အပေါင်းအသင်းမများအောင် ထိန်းသိမ်းနေနိုင်ခဲ့သည်။ ထို့ပြင် အပေါင်းအသင်းများလျှင် ရည်ရွယ် ချက် တိမ်းပါးနိုင်သဖြင့် အပေါင်းအသင်း မများရအောင်လည်း ကြိုးစားနေထိုင်ခဲ့သည်။ အာရုံများစွာ ဆွဲဆောင်ရာပါလျှင်လည်း သီလဘက်တွင် အားနည်းသွားနိုင်သည်ဟု ဆင်ခြင်မိသည်။ ထို့ကြောင့် အာရုံများစွာ ဆွဲဆောင်ရာသို့ မလိုက်မိအောင်လည်း ကျင့်ကြံခဲ့သည်။

ရဟန္တာဟု ထင်ရှားခဲ့သော ဘုန်းတော်ကြီး ဦးသီလ၏ ဩဝါဒ သည် အရှင်သိရိန္ဒ၏ နှလုံးသား၌ သံမှိုဖြင့် နှက်ထားသကဲ့သို့ စွဲမြဲ

http://www.dhammadownload.com



လျက်ရှိသည်။ ဘုန်းတော်ကြီးဦးသီလက-

"(၁) ပစ္စည်းနှင့် အင်္ဂါခြေလက် တစ်ခုခု အန္တရာယ်တွေ့လျှင် အင်္ဂါခြေလက် အထိမခံနှင့်။ ပစ္စည်းအပျက်ခံ။

(၂) အင်္ဂါခြေလက်နှင့် အသက် တစ်ခုခု အန္တရာယ်တွေ့လျှင် အသက် အထိမခံနှင့်။ အင်္ဂါခြေလက် အပျက်ခံ။

(၃) အသက်နှင့်သီလ တစ်ခုခု အန္တရာယ်တွေ့လျှင် သီလ အထိမခံနှင့်။ အသက်အပျက်ခံ။" ဟူ၍ ဆုံးမဩဝါဒ ပေးခဲ့ဖူးသည်။ ထိုဆုံးမဩဝါဒကို အရှင်သိရိန္ဒသည် နှစ်သက်မြတ်နိုးမဆုံး ရှိခဲ့သည်။

## ရပ်ဆွမ်းသာခံ

မန္တလေး၌ ပညာသင်ယူစဉ် ဆွမ်းအတွက် ဆွမ်းခံအိမ်ဖိတ်ရဲသော သတ္တိလုံးဝမရှိ။ ရင်းနှီးသော အဖော်ဦးပဉ္ဇင်းတစ်ပါးက ဆွမ်းခံအိမ်ဖိတ်ရန် ခေါ်သွားမည်ဆိုသည်ကို မလိုက်။ ငြင်းပယ်ခဲ့သည်။ ရပ်ဆွမ်းသာခံသည်။ ရသမျှနှင့် တင်းတိမ်ရောင့်ရဲသည်။ အရှင်သိရိန္ဒာ၏ ကြန္ဒြေသိက္ခာရှိမှု၊ ရိုးသားမှုကို တွေ့မြင်ပြီး ကြည်ညိုကြသဖြင့် အချို့ ဆွမ်းလောင်းသောအိမ်များက ဖိတ်ကြားကြသည်။

"ဦးပဉ္ဇင်း၊ တပည့်တော်တို့အိမ်ကို နေ့စဉ် ထိုင်ဆွမ်းခံကြွပါဘုရား။"

"သည်းခံပါ ဒကာမကြီး။ ဦးပဉ္ဇင်း ရပ်ဆွမ်းပဲ ခံပါရစေ။ ထိုင်ဆွမ်း မခံပါရစေနဲ့။"

ဖိတ်ကြားသော ဒကာ၊ ဒကာမတို့မှာ အရှင်သိရိန္ဒ၏ ရိုးသားမှုကို အံ့ချီးမဆုံး ရှိကြသည်။ အချို့အဖော် ဦးပဉ္ဇင်းတို့ကမူ "ဦးပဉ္ဇင်းက တယ်နုံ၊ တယ်အတာပဲ" ဟူ၍ အပြစ်တင်ကြသည်။

http://www.dhammadownload.com



# တောသားပါ

အရှင်သိရိန္ဒက "ဦးပဥ္စင်းတို့ အပြစ်တင်မယ်ဆိုလဲ ခံပါတယ်။ တပည့်တော်က တောသားပါ။ ရပ်ဆွမ်းပဲ ခံတတ်တယ်။ တရားပဲ ဟောတတ်တယ်။ ဒကာ၊ ဒကာမတွေနဲ့ အာလာပ သလ္လာပ စကား မပြောတတ်ဘူး။ ဒါကြောင့်လဲ တမင်ရှောင်တာပါ" ဟူ၍ ရိုးသားပွင့်လင်းစွာပင် ပြန်လည်ပြောဆိုခဲ့သည်။

အရှင်သိရိန္ဒသည် ဓမ္မပဒ၊ ပါပဝဂ်၌ပါသော မဏိကာရကုလူပက တိဿတ္ထေရဝတ္ထုကိုလည်း ရင်ထဲ၌ စွဲနေသူဖြစ်သည်။ ထိုဝတ္ထုမှာ ကျောက်သွေးသမား ဇနီးမောင်နှံအိမ်သို့ ထိုင်ဆွမ်းကြွခဲ့သဖြင့် ဒုက္ခတွေ့ခဲ့ရသော တိဿမထေရ်၏ ဖြစ်ရပ်ဖြစ်သည်။ တစ်နေ့တွင် ကျောက်သွေးသမားမွေးထားသော ကြိုးကြာငှက်က ကျောက်သွေးသမားထံ ဘုရင်အပ်နှံထားသော ပတ္တမြားကို သားတစ်မှတ်ကာ ကောက်မြိုလိုက်သည်။ ကျောက်သွေးသမားက မသိ။ ထိုင်ဆွမ်းခံနေသော မထေရ်ခိုးသည်ဟု စွပ်စွဲသည်။ မထေရ်ကို ပြင်းထန်စွာ ရိုက်နှက်သည်။ ထို့နောက်မှ အဖြစ်မှန်ပေါ်သည်။ ကျောက်သွေးသမား နောင်တရခဲ့သည်။ ဤတွင် မထေရ်က ကျောက်သွေးသမားအား "သင့်မှာလည်း အပြစ်မရှိ ငါ့မှာလည်း အပြစ်မရှိ။ သံသရာဝဋ်ဆင်းရဲ၏အပြစ်သာ ဖြစ်သည်။ သင့်ကို ငါသည်းခံ၏" ဟု ဆို၏။ ထို့နောက် "ဒါယကာ၊ သင့်အိမ်သို့ ငါဝင်ရောက်သောကြောင့်သာ ဤအဖြစ်မျိုး ဖြစ်ရသည်။ ယနေ့မှစ၍ ငါသည် သူတစ်ပါး၏ အိမ်အမိုးအကာအောက်သို့ ဝင်တော့မည်မဟုတ်။ ခြေဖြင့်သာ သွားနိုင်သမျှသွား၍ အိမ်ပေါက်ဝ၌သာ ရပ်လျက် ဆွမ်းခံတော့အံ့" ဟု မိန့်ကြားသည်။ ထို့နောက် မထေရ်က "ရဟန်းအတွက် အိမ်တိုင်း၌ အနည်းငယ်စီသော

http://www.dhammadownload.com



ဆွမ်းရှိ၏။ ငါ့၌ ခြေသလုံးစွမ်းအားရှိ၏။ ထို့ကြောင့် ငါ ဆွမ်းခံထွက်အံ့" ဟု မိန့်တော်မူသည်။ ထိုနေ့မှစ၍ ရပ်ဆွမ်းသာ ခံလေတော့သည်။ ထိုဓမ္မပဒလာဖြစ်ရပ်သည် အရှင်သိရိန္ဒအတွက် သတိပေးလမ်းညွှန် သဖွယ်လည်း ဖြစ်နေပေသည်။

## ထမင်းဆိုင်တွင် ဆွမ်းဘုဉ်းမပေးလို

အရှင်သိရိန္ဒ ပင်ပန်းဆင်းရဲခံလျက် ရပ်ဆွမ်းခံကြွ၍ ဆွမ်းဘုဉ်းပေးနေသည်ကို လက်ပံရွာမှ ရဟန်းအမကြီး အဘွားဒေါ်ရွှေဖုန်း ကြားသိသွားသည်။ ထိုအခါ "ကျောင်းတိုက်အနီးရှိ ထမင်းဆိုင်တစ်ဆိုင်ဆိုင်၌ လခပေး၍ ဆွမ်းဘုဉ်းပေးပါ။ ထိုထမင်းစရိတ်အတွက် တပည့်တော် အကုန်အကျခံပါမယ်ဘုရား၊ လှူပါမယ်ဘုရား" ဟူ၍ လျှောက်ထားလာသည်။

အရှင်သိရိန္ဒက လုံးဝလက်မခံ၊ ငြင်းပယ်လိုက်သည်။

"ရဟန်းဆိုတာ ထမင်းဆိုင်မှာ အမြဲတမ်း ဆွမ်းဘုဉ်းပေးလို့ မသင့်တော်ပါဘူး။ ဆိုင်မှာ မဘုဉ်းပေးရအောင် ဆွမ်းချိုင့်ကို ကျောင်းလာပို့မယ်ဆိုလဲ မသင့်သေးဘူး။ စာသင်သားဘဝပဲ ရှိသေးတာ။ ဒီလိုပြုလို့ မတင့်တယ်ပါဘူး" ဆိုကာ ငြင်းပယ်လိုက်သည်။

အရှင်သိရိန္ဒက "ဆင်းရဲခက်ခဲ ပင်ပန်းမှသာ ပညာ တန်ဖိုးရှိမည်။ ရှိသမျှ ရသမျှဖြင့် တင်းတိမ်ရောင့်ရဲကျေနပ်မည်။ ဖြောင့်မတ်စူးစိုက်စွာ ပညာကြိုးစားရေးသာ အဓိကဖြစ်သည်။ ဆင်းရဲ၏နောက်မှာ ချမ်းသာစောင့်ကြိုနေလိမ့်မည်" ဟူ၍ ခံယူကာ စိတ်ကို အားသွင်းထားပေသည်။

http://www.dhammadownload.com



## မန္တလေးမှာ ၅-နှစ်ကြာ

အရှင်သီရိန္ဒသည် မန္တလေး၌ ၅-နှစ်ကြာမျှ ပညာသင်ကြားခဲ့သည်။ ၁၃၂၄-ခု (၁၉၆၂)မှ ၁၃၂၉ (၁၉၆၇)အထိ သီတင်းသုံးနေထိုင်ခဲ့သည်။ ထို ၅-နှစ်အတွင်း အရှင်သည် မည်သည့်အရပ်ဒေသသို့မျှ မကြွ။ စစ်ကိုင်းသို့ပင် မကြွ။ ပြင်ဦးလွင်သို့ပင် မကြွ။ မန္တလေးမှ မခွာဘဲ ပညာကိုသာ စူးစိုက်သင်ယူခဲ့သည်။

အရှင်သည် နံနက်စောစော အိပ်ရာမှထသည်။ မိမိသီတင်းသုံးသော မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာစည်ကျောင်းရှိ သံဃာတော်များအတွက် သောက်ရေ၊ သုံးရေများ ခပ်ပေးသည်။ ထို့နောက်မှ ဆွမ်းခံခြင်း၊ ဆွမ်းစားခြင်း၊ စာဝါလိုက်ခြင်း၊ စာဝါကျက်မှတ်ခြင်း စသည်တို့ကို ပြုသည်။

## အသံတိတ်စာကျက်

အရှင်သီရိန္ဒ၏ စာကျက်နည်းသည် ထူးခြားသည်။ အခြားစာသင်သားများကဲ့သို့ စာကို အသံထွက်၍မကျက်။ ပါးစပ်အနည်းငယ် လှုပ်ရုံသာလှုပ်၍ ကျက်သည်။ သို့သော် ပါးစပ်လှုပ်၍ ကျက်သည့်အခါလည်း အလွန်နည်းသည်။ မျက်စိကိုဖွင့်လိုက်၊ မှိတ်လိုက်ကြည့်ရှု၍ နှလုံးသွင်းပြီး ကျက်သည်။ စာကို တရားမှတ်သလိုမှတ်၍ ကြည့်ရှုရုံမျှသာဖြစ်သည်။ စာသတိပဋ္ဌာန် အလုပ်သဘောမျိုးပင် ဖြစ်၏။ ကျက်ပြီးစာကိုလည်း အသံထွက်၍မပြန်ဘဲ မျက်စိထဲ၊ စိတ်ထဲ၌ ထင်ရုံသာ မျက်စိမှိတ်ပြီး စိတ်ဖြင့် နှလုံးသွင်း၏။ စိတ်လွင့်တတ်သည့်အခါ လက်ချောင်းများချိုး၍ အမှတ်ပေးပြီး နှလုံးသွင်းသည်။ လုံးဝ

http://www.dhammadownload.com



အသံမထွက်ဘဲ အသံတိတ်နည်းဖြင့် စာကျက်ခြင်းဖြစ်သည်။

အရှင်သိရိန္ဒက "တပည့်တော်ကျက်မှတ်တဲ့ အသံတိတ်နည်း ကြောင့် တပည့်တော်အဖို့ ကိုယ်ခန္ဓာ မပင်ပန်းဘူး။ လေနာ မထဘူး။ ရောဂါမရဘူး။ တပည့်တော်ရဲ့အသံကြောင့် သူတစ်ပါးမှာ အနှောင့် အယှက်လဲ မဖြစ်ဘူး။ တပည့်တော်အဖို့ စာတွေ စိတ်ထဲမှာ စွဲမြဲနေတဲ့ အတွက် စာမေးပွဲဖြေဆိုရာမှာ ပိုမိုခရီးရောက်တယ်။ လူလဲ သက်သာ တယ်" ဟူ၍ စာသင်ဖော်များကို ဖွင့်ဟပြောဆိုခဲ့သည်။

အရှင်သိရိန္ဒသည် ပါရမီဓာတ်ခံကောင်းသဖြင့် အံ့ချီးဖွယ် မှတ် ဉာဏ်လည်း ကောင်းလှသည်။ ထို့ပြင် အရှင်သည် မဟာသတိပဋ္ဌာန သုတ်တော်ကို သေချာကျနစွာ လေ့လာမှတ်သား၍ တရားလည်း အားထုတ်သည်။ ထို့ကြောင့်လည်း စိတ်တည်ငြိမ်၍ သမာဓိအား ကောင်းကာ စာပေကျက်မှတ်ရာတွင် များစွာ အကျိုးရှိခဲ့သည်။

ဆရာတော်များနှင့် စာသင်ဖော်များသည် အရှင်သိရိန္ဒ၏ အသံတိတ်စာပေကျက်မှတ်နည်းကို အစပိုင်းတွင် မသိကြပေ။ အရှင် ၏ စာကျက်သံကို မကြားရသဖြင့် ပထမပြန်စာမေးပွဲများတွင် အောင် မြင်လိမ့်မည်ဟု မထင်မှတ်ကြ။ သို့ရာတွင် အရှင်သိရိန္ဒသည် အချိန်မ ကုန်၊ လူမပန်းဘဲ အစိုးရပထမငယ်တန်းကို ၁၃၂၄-ခု၊ ပထမလတ် တန်းကို ၁၃၂၅-ခု၊ ပထမကြီးတန်းကို ၁၃၂၆-ခုတွင် အလွယ်တကူ နှစ်စဉ်အောင်မြင်သွားသည်။ ထိုအခါတွင်မှ အရှင်၏ အသံတိတ် စာကျက်နည်း၏ ထူးခြားမှုကို သိရှိသွားကြပေသည်။

အရှင်သိရိန္ဒသည် ၁၃၂၇-ခုနှစ်တွင် ဓမ္မာစရိယ (စာချတန်း) တွင် ပါရာဇိကဏ်နှင့် အဋ္ဌသာလိနီ ၂-ကျမ်းကို အောင်မြင်ခဲ့သည်။ ၁၃၂၈-ခုနှစ်တွင် ဝိနယပါဠိပါရဂူစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။ ဝိနယပါဠိပါရဂူဘွဲ့ ရခဲ့သည်။ စေတိယင်္ဂဏ စာသင်တန်းကိုလည်း

http://www.dhammadownload.com



အောင်မြင်ခဲ့သည်။ စေတိယင်္ဂဏ စာသင်တန်း အောင်မြင်သဖြင့် အဘိဝံသဘွဲ့တိုးကာ အရှင်သိရိန္ဒာဘိဝံသဘွဲ့ ရရှိသည်။

## တောဘုန်းကြီးအဖြစ် သာသနာပြုရန် ရည်ရွယ်

အရှင်သည် "ဓမ္မာစရိယအောင်လျှင် ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်နယ်မြေသို့ပြန်၍ တောဘုန်းကြီးကလေးတစ်ပါးအနေဖြင့် သာသနာပြုမည်" ဟူသော ရည်ရွယ်ချက်ဖြင့် မန္တလေးမြို့သို့ ပညာသင်ရန် လာခဲ့ခြင်းဖြစ်သည်။ မြို့ကြီးများ၌ အပြစ်ကင်းအောင်နေထိုင်ဖို့ ခဲယဉ်းသဖြင့် အမြဲနေထိုင်ရန် ဆန္ဒမရှိခဲ့ချေ။ ရွာမှ ဆရာ၊ မိဘများကလည်း မြို့ကြီးများ၌ အမြဲမနေစေလိုကြပေ။ ထို့ကြောင့် ဓမ္မာစရိယ (စာချတန်း)ပြီးဖို့ တစ်ခုလောက်သာ စိတ်၌ ဦးတည်ရည်မှန်းခဲ့သည်။ သကျသီဟ၊ စေတိယင်္ဂဏစာမေးပွဲတို့ကို ခက်လှသည်ဟု ကြားဖူး၍ စိတ်ကူးမျှပင် မထည့်ခဲ့ချေ။ တိပိဋကဓရဟူသည်ကိုကား မိမိနှင့်ထိုက်တန်သည်ဟူ၍ပင် မယူဆခဲ့ချေ။

သို့ရာတွင် နောင်အခါ ကျေးဇူးရှင် ဝိသုဒ္ဓါရုံဆရာတော် ဦးဝါသဝါဘိဝံသ၏ အားပေးတိုက်တွန်းခြင်း၊ ဘုရားဟော ပိဋကတ်ပါဠိတော်များကို အစွမ်းရှိသလောက် လေ့လာလိုခြင်းစသော အကြောင်းများကြောင့် အကြောင်းအားလျော်စွာ တိပိဋကဓရလမ်းစသို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။

အရှင်သိရိန္ဒသည် ဘုရားဟော ပိဋကတ်ပါဠိတော်များကို လေးနက်စွာ လေ့လာရာမှ တရားတော်၏ အရသာကို တစ်စထက် တစ်စ ပိုမိုခံစားမိလာသည်။ ထို့ကြောင့် ဘုရား၊ ပုထိုး၊ စေတီတော်များကို တကူးတက သွားရောက်ဖူးမြော်ခြင်းထက် မိမိနှလုံးသား၌ တရား

http://www.dhammadownload.com



တော်များ ကိန်းအောင်းနေမှုကို အလေးထားခဲ့သည်။ တစ်နည်းအားဖြင့် နှလုံးသား၌ ဘုရားတည်ခြင်းကို အဓိကထားခဲ့သည်။

အရှင်သိရိန္ဒာဘိဝံသသည် မန္တလေး၌ ပညာသင်ယူစဉ် ပိဋကတ်စာပေတို့ကိုသာမက အခြားသော ဘာသာရေးစာပေများကိုလည်း ဖတ်ရှုလေ့လာ ဆည်းပူးခဲ့သည်။ ၁၃၂၅-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ကြီး အရှင်ပဏ္ဍိတ မဟာထေရ် စီစဉ်ရေးသားသော ရွှေကျင်နိကာယ သာသနာဝင် ကျမ်းစာအုပ်ကြီး ပေါ်ထွက်လာသည်။ အလွန်တန်ဖိုးရှိသော ကျမ်းစာအုပ်ကြီး ဖြစ်သည်။ အရှင်သိရိန္ဒသည် ထိုကျမ်းစာအုပ်ကြီးကို ဖတ်ရှုလေ့လာရာမှ ဆရာတော်ဦးဗုဓ်အကြောင်းကိုလည်း သိရှိသွားသည်။ အံ့ချီးမဆုံး ဖြစ်မိသည်။

## အံ့ဖွယ်ဆရာတော် ဦးဗုဓ်

ဆရာတော်ဦးဗုဓ်သည် ၁၁၄၉-ခုနှစ်၌ ဖွားမြင်တော်မူသည်။ သက်တော် ၅၅-နှစ်တွင် ပျံလွန်တော်မူသည်။ ဘကြီးတော်မင်းတရားနှင့် မိဖုရားကြီး နန်းမတော်မယ်နုတို့ ကိုးကွယ်သော ဆရာတော်ဖြစ်သည်။ ဘွဲ့တော်အပြည့်အစုံမှာ အရှင်ဇမ္ဗုဓဇ ဖြစ်သည်။ ငယ်မည်မှာ ဦးပုတ်ဖြစ်၍ ဦးပုတ်ဟုလည်း ခေါ်ကြသည်။ ဦးဗုဓ်ဟုလည်း ခေါ်ကြသည်။ စာပေကျမ်းဂန် ထူးချွန်စွာ တတ်မြောက်သည်။ သာသနာသမိုင်းတွင် ဗုဓ် ၃-ဗုဓ် ပေါ်ခဲ့သည်ဟု ဆိုစမှတ်ပြုကြသည်။

ပထမဗုဓ်ကား ဗုဒ္ဓမြတ်စွာ ဖြစ်၏။ ဒုတိယဗုဓ်မှာ အရှင်မဟာဗုဒ္ဓဃောသ ဖြစ်၏။ တတိယဗုဓ်ကား ဆရာတော် ဦးဗုဓ် ဖြစ်သည်။ ထို့ကြောင့် ဗုဓ်အစ၊ ဗုဓ်အလယ်၊ ဗုဓ်အဆုံးဟု ဆိုရိုးစကား ရှိခဲ့သည်။

http://www.dhammadownload.com



ဆရာတော်ဦးဗုဓ်သည် လောကီ၊ လောကုတ္တရာဆိုင်ရာ ပါဠိနှင့် မြန်မာကျမ်းပေါင်းများစွာ ရေးသားပြုစုတော်မူခဲ့သည်။ "စက္ကိန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်နှင့် "စက္ကိန္ဒာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ၂-ခု ဆက်ကပ်ခြင်းခံရသော အရှင်မြတ်ဖြစ်သည်။ သီလ၊ သမာဓိ၊ ပညာနှင့် အထူးပြည့်စုံ၍ ပရိယတ္တိဓမ္မ၌ အလွန်မွေ့လျော်တော်မူသော ရဟန်းထူးဖြစ်သည်။

ဆရာတော်ဦးဗုဓ်၏ ခမည်းတော်သည် တောင်သူဖြစ်သည်။ ဆရာတော်ဦးဗုဓ် ညောင်ကန်ရွာကျောင်း၌ သီတင်းသုံးတော်မူစဉ် ခမည်းတော် ဒကာကြီးသည် ဆရာတော်ဦးဗုဓ်၏ ကျောင်းဝင်းကဖြတ်သန်း၍ ယာခင်းသို့ သွားလေ့ရှိသည်။ နေ့စဉ် ယာခင်းသို့သွားတိုင်း၊ ပြန်တိုင်း အသွားတစ်ကြိမ်၊ အပြန်တစ်ကြိမ် ကျောင်းပေါ်သို့တက်၍ သားဘုန်းကြီးကို ဖူးတွေ့သည်။ သုံးကြိမ်ဦးချပြီးမှ သွားလေ့၊ ပြန်လေ့ရှိသည်။

ဤသို့ နေ့စဉ် တစ်နေ့ ၂-ကြိမ် ခမည်းတော်က ကျောင်းပေါ်တက်၍ ရှိခိုးဦးချသော်လည်း ဆရာတော်ဦးဗုဓ်က လုံးဝစကားမပြော။ "ဒကာကြီး သွားတော့မလား။ ဒကာကြီး၊ ပြန်ပလား" ဟူ၍ပင် တစ်ခါဖူးမျှ မေးမြန်းခြင်းမရှိခဲ့။

တစ်နေ့သောအခါ ခမည်းတော်ဒကာကြီး ယာတောကအပြန် မိုးဟ ရွာနေသည်။ တစ်ကိုယ်လုံး ရွှံ့များ လူးလိမ်းပေကျံနေသည်။ ကျောင်းပေါ်သို့တက်ရာ မြင်နေကျ ကျောင်းခွေးများက အထင်မှားကာ ဝိုင်းဟောင်ကြသည်။ ဝိုင်းလိုက်ကြသည်။ သို့သော် ဦးဗုဓ်က စာရေးမပျက်။ ကိုယ်တိုင်လည်း မခြောက်။ သာမဏေများ၊ ကျောင်းသားများကိုလည်း "ခြောက်လိုက်ပါ" ဟု မခိုင်းစေဘဲ နေသည်။

http://www.dhammadownload.com



ဒကာကြီးသည် ခွေးများကို တံဖျာနှင့်ခြောက်လျက် ကျောင်းပေါ်သို့ရောက်အောင် ဒရောသောပါး တက်ရလေသည်။ ကျောင်းပေါ်ရောက်မှ ခွေးများလည်း ဒကာကြီးကို မှတ်မိသောဟန်ဖြင့် ရှဲသွားကြ၏။

ဒကာကြီးသည် စိတ်ဆိုးလှစွာဖြင့် ဆရာတော်ဦးဗုဓ်ရှေ့သို့ သွားရောက်၍ "အိုခင်ဗျ၊ အို-ခင်ဗျ၊ ခင်ဗျားသည် ကျွန်ုပ်၏သားကား မှန်ပါ၏။ မှန်သော်လည်း ဖခင်တို့အပေါ်၌ သားဖြစ်သူ ပြုအပ်သော ဝတ္တရားကို အနည်းငယ်မျှ ခင်ဗျား ပြုဖော်မရပေ။ ရှိစေဦးတော့။ ဒကာကြီးသည် နေ့စဉ် ယာတောသို့ အသွားအပြန် ကျောင်းပေါ်အရောက် တက်၍ တစ်နေ့နှစ်ကြိမ် ရှိခိုးဦးချသည်ကိုလျက် "ဒကာကြီး၊ သွားပလား၊ ပြန်ပလား" မှ မေးဖော်မရချေ။

"ဒါလဲ ရှိစေဦးတော့။ ယခု ခင်ဗျားတည်းဟူသော အကြောင်းဖြင့် လာရောက်ရာတွင် ကျောင်းခွေးတစ်အုပ် ဝိုင်းလိုက်နေသည်ကို သိပါလျက် ကိုယ်တိုင် မမောင်းစေကာမူ တပည့်များကို မောင်းစေသင့်သည် မဟုတ်ပါလား။ ယခုတော့ အလွန်စိမ်းကားစွာ နေနိုင်အားသော သားဖြစ်သဖြင့် ယနေ့ကစ၍ ကျွန်ုပ်က အဖေမတော်လိုပြီ။ ခင်ဗျားသေလျှင်လည်း ကျုပ်မလာ၊ ကျုပ်သေလျှင်လည်း ခင်ဗျား မလာခဲ့ပါနှင့်" ဆို၍ ဆင်းသွားတော့သည်။

ဆရာတော်ဦးဗုဓ် ပျံလွန်တော်မူသောအခါ ဒကာကြီး အသက်ထင်ရှားရှိသေးသည်။ သို့သော်လည်း ဒကာကြီးသည် အရိုးမြေကျသည်အထိ မလာမရောက်။ တောက်တောက်ခါးခါး ဖြတ်လိုက်ခဲ့လေသည်ဟူ၏။

ဆရာတော်ဦးဗုဓ်ကား ဘယ်သူ့ကိုမျှ မငဲ့မကွက်၊ အတွယ်အတာမရှိ။ ပကတိသဘောအားဖြင့် လောကကို မငဲ့။ စာပေကိုသာ

http://www.dhammadownload.com



အလေးပြုလေ့ရှိသော ရှာမှရှားသည့် အံ့ဖွယ်ဆရာတော်ဖြစ်သည်။

## အသက်ကယ်သော ရွှေကျင်ဆရာတော်

ထို့နောက် ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ အံ့ချီးဖွယ် စိတ်ထား မြင့်မြတ်ပုံကိုလည်း အရှင်သိရိန္ဒ သိရှိရသည်။ ရွှေကျင်ဆရာတော်ကြီးသည် ရွှေကျင်သုမဟူသော ဂိုဏ်းဂဏခွဲခြားသော စိတ်ထားမျိုး လုံးဝမရှိပေ။ အရေးကြုံလာလျှင် ကြီးမားသော ကရုဏာတော်ဖြင့် ပင်ပန်းခံကာ ကယ်မတော်မူသည်။

မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ဖြစ်သည်။ တစ်နေ့သ၌ ထန်းပင်ရင်းတိုက်နေ ကသာစား မင်းသားကလေး၏ အင်္ကျီကို အခြားသူတစ်ယောက်က ဝတ်သွားသည်။ မလိုသူများက ပုန်ကန်လုပ်ကြံပါလိမ့်မည်ဟု ကုန်းချောကြသည်။ ဤတွင် ထန်းပင်ရင်းတိုက်သား ဦးဓမ္မသာမိစသော ဘုန်းကြီး ၃-ပါးကို ကြံရာပါဟုဆိုကာ ဖမ်းဆီးသွားကြသည်။ နောက်တစ်နေ့ နံနက် ၁၀-နာရီတွင် ကွပ်မျက်ရန် အမိန့်ချမှတ်၍ ချုပ်နှောင်ထားသည်။

ထိုအချိန်က ရွှေကျင်ဆရာတော်သည် တောရကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။ မဏ္ဍလာရာမ ဆရာတော်တို့သည် ကြံရာမရ ဖြစ်ကြသည်။ "မောင်ရွှေကျင်ထံ သွားကြပါဦး" ဟု သက်ဆိုင်ရာ ရဟန်းတော်များကို အကြံပေးသည်။ ဘုန်းတော်ကြီး ဦးမဋ္ဌုလည်း ကိုရင်ရာဇကိုခေါ်သည်။ ကိုရင်ရာဇသည် ရွှေကျင်ဆရာတော်၏ တူဖြစ်သည်။ ဦးမဋ္ဌုနှင့် ကိုရင်ရာဇတို့သည် ရွှေကျင်ဆရာတော် သီတင်းသုံးရာ တောရကျောင်းသို့ ည ၁၀-နာရီလောက်တွင် ရောက်သွားကြသည်။

http://www.dhammadownload.com



ရွှေကျင်ဆရာတော် သီတင်းသုံးတော်မူသော ကျောင်းတံခါးကိုခေါက်ရာ "ဘယ်သူလဲ" ဟု မေးတော်မူ၏။

"တပည့်တော် ရာဝေပါဘုရား။"

"ဒကာမကြီး (မယ်တော်ကြီး) ဘာဖြစ်သလဲ။"

"ဒကာမကြီး ဘာမှမဖြစ်ပါ။ အရေးကြီးသောကိစ္စ လျှောက်ထားရန်ရှိ၍ လာပါသည်ဘုရား။"

ဤတွင်မှ ဆရာတော်ကြီးက တံခါးကိုဖွင့်ပေးတော်မူသည်။ ဘုန်းကြီးမဥ္ဇူက ကသာစားမင်းသား အကျိုးကိစ္စနှင့်ပတ်သက်၍ ဘုန်းကြီး ၃-ပါးကို ကြံရာပါဟု ချုပ်နှောင်ထားကြောင်း လျှောက်ထားသည်။

"နက်ဖြန်နံနက် ၁၀-နာရီတွင် ကွပ်မျက်ပါလိမ့်မည် ဘုရား။ ဆရာတော်ဘုရား မကယ်လျှင် သေဖွယ်ရာ ရှိပါသည်။"

"အင်း အင်း၊ ကိုယ်ကျိုးနည်းလို့၊ ကိုယ်ကျိုးနည်းလို့။ ဖြစ်မှဖြစ်ရပလေ။ သာသန ဒါယကာ၊ သာသနဒါယကာ၊ သံဃာတွေသတ်ပစ်ရင်တော့ ရာဇဝင်ရိုင်းတော့မယ်" ဟု ညည်းညူတော်မူသည်။ ဆက်၍ ဦးမဥ္ဇူအား -

"ကိုယ်တော်တို့က တပည့်တော်ကိုချည်း အားကိုးမနေကြနှင့်။ ကူညီဖို့ ဆရာတော်များ ရှာကြဦး။ ကိုင်း မိုးချုပ်လှပြီ။ ပြန်ကြပေတော့။ နက်ဖြန်နံနက် တပည့်တော် ကြွလာခဲ့မယ်။"

နောက်တစ်နေ့နံနက်၌ ခပ်စောစောပင် ရွှေကျင်ဆရာတော်သည် သုဓမ္မာဇရပ်သို့ ရောက်နေတော်မူနှင့်၏။ မကြာမီ မတ္တရာဆရာတော်၊ မင်းတဲဆရာတော်၊ မန္တလာရာမဆရာတော်တို့ အသီးသီး ကြွရောက်တော်မူလာကြသည်။ ရွှေကျင်ဆရာတော်ဘုရားသည် ထိုဆရာတော်များနှင့်အတူ ဆွမ်းဘုဉ်းပေးတော်မူသည်။ ထို့နောက် နန်းတော်

http://www.dhammadownload.com



သို့ အတူတကွ ကြွတော်မူကြသည်။

နန်းတော်သို့ ရောက်ကြသောအခါ ရွှေကျင်ဆရာတော်က မင်းတုန်းမင်းကြီးကို ချက်ချင်းမေးတော်မူသည်။

"ရဟန်းတွေကို ရာဇဝတ်ပြစ်မှုဖြင့် ယနေ့ ၁၀-နာရီသတ်မည်ဟု ကြားရသည်။ မှန်ပါသလား ဒကာတော်။"

"ဒကာတော် မသိရပါဘုရား။"

မင်းကြီးသည် မိန်းမထိန်း လှေကလေးကို မေးတော်မူသည်။ လှေကလေးက "ဟုတ်မှန်ပါကြောင်း" တင်လျှောက်သောအခါတွင်မှ မင်းကြီး အမှန်ကို သိရသည်။

ရွှေကျင်ဆရာတော်ဘုရားသည် မင်းကြီးကို မြည်တွန်ဆုံးမတော်မူသည်။ မင်းကြီးလည်း ဩဝါဒစကားတော်ကို ရိုသေစွာ ကြားနာသည်။ ချုပ်နှောင်ထားသော ရဟန်းတော် ၃-ပါးကို "လွှတ်စေ" ဟု ချက်ချင်း အမိန့်တော် ထုတ်ပြန်တော်မူလိုက်၏။ ရွှေကျင်ဆရာတော်ဘုရားလည်း ထိုရဟန်းတော် ၃-ပါးကို ကိုယ်တော်တိုင် ခေါ်ဆောင်တော်မူသွားလေသည်။

မင်းတုန်းမင်းကြီးသည် ၁၁၇၆-ခုနှစ်တွင် ဖွားမြင်ရာ ရွှေကျင်ဆရာတော်ထက် ၈-နှစ်ကြီးပေသည်။ ရွှေကျင်ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အလွန်လေးစား ကြည်ညိုလှသဖြင့် ချစ်ကြောက်ရိုသေခြင်း ရှိပေသည်။ ရွှေကျင်ဆရာတော် သီရိလင်္ကာသို့ ခေတ္တကြွ၍ ဝါကပ်တော်မူစဉ် ၁၂၄၀-ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆-ရက်နေ့တွင် မင်းတုန်းမင်းကြီး နတ်ရွာစံတော်မူသည်။ ထိုနှစ်၊ ထိုလမှာပင် ရွှေကျင်ဆရာတော်ကြီးသည် မြန်မာနိုင်ငံသို့ ပြန်ကြွတော်မူသည်။ မင်းလှရွာတောရကျောင်း၌ ဝါကပ်တော်မူသည်။ ၁၂၄၃-ခုနှစ်တွင် သီပေါမင်းက ပင့်လျှောက်သဖြင့် မန္တလေးမြို့တော်သို့

http://www.dhammadownload.com



ပြန်ကြွတော်မူသည်။ ရွှေကျင်တိုက်၌ သီတင်းသုံးတော်မူသည်။

## ဘွဲ့တံဆိပ် လက်မခံ

ထိုနှစ် (၁၂၄၃)မှာပင် သီပေါမင်းက ရွှေကျင်ဆရာတော်ကြီးအား "ဇာဂရာဘိဓေ သဒ္ဓမ္မဝံသ ဓမ္မသေနာပတိ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော သာသနာပိုင် ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လျှုဒါန်းသည်။ ဆရာတော်ကြီးက ဘွဲ့တံဆိပ်ကို လက်ခံတော်မမူပေ။ မင်းတုန်းမင်းလက်ထက်တွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်သည်ကိုလည်း ရွှေကျင်ဆရာတော်ဘုရားသည် လက်ခံတော်မမူခဲ့ပေ။

သီပေါမင်းက တောင်တော်ဆရာတော်ကို "မာလာလင်္ကာရဓဇ ဓမ္မသေနာပတိ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော သာသနာပိုင် ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်သည်။ ဆရာတော်နှစ်ပါးအား သာသနာပြုတော်မူရန် တောင်းပန်လျှောက်ထားသည်။ သာသနာပြု အမိန့်တော်ကိုလည်း ၁၂၄၃-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁-ရက်နေ့ နံနက်ညီလာခံဆောင်တော်ရှေ့၊ စနုဆောင်တွင် နာခံတော်ဦးပြားက ပြန်ဆိုသည်။ ရွှေကျင်ဆရာတော်သည် သာသနာပိုင်ဘွဲ့တံဆိပ်ကို လက်မခံသော်လည်း ၉-တိုင်း၊ ၉-ဌာန သာသနာပြုလုပ်ငန်းကြီးကိုကား တာဝန်ယူ၍ သာသနာပြုခဲ့သည်။ ဆရာတော်ဘုရားသည် ၁၂၄၆-ခုနှစ်၊ သက်တော် ၆၄-နှစ်၌ မင်းကွန်းငွေတောင်တောရသို့ထွက်၍ သီတင်းသုံးတော်မူသည်။ ၁၂၅၅-ခုနှစ်၊ သက်တော် ၇၁-နှစ်တွင် ပျံလွန်တော်မူသည်။

အရှင်သိရိန္ဒသည် မန္တလေး၌ ပညာသင်ယူစဉ် ထူးခြားမြင့်

http://www.dhammadownload.com



မြတ်သော ဆရာတော်ကြီးများအကြောင်းကို သိရှိရသဖြင့် မိမိအတွက် များစွာ တန်ဖိုးရှိခဲ့ပေသည်။

## ချို့တဲ့

ဤရွှေကျင်ဆရာတော်ဘုရားကြီးအကြောင်းကို အရှင်သိရိန္ဒသည် ရွှေကျင်သာသနာဝင်ကျမ်းကို ဖတ်ရှုလေ့လာ၍ သိရှိရသည်။ ဤသို့ ဗဟုသုတဖြစ်ဖွယ် အဖိုးတန်ကျမ်းများကို အရှင်သိရိန္ဒသည် ဆရာတော်များနှင့် အခြားအဖော်ရဟန်းတော်များထံမှ ငှားရမ်းဖတ်ရှုခဲ့ရသည်။ ကိုယ်တိုင် မဝယ်နိုင်ရှာ။ ဤကျမ်းများကို ထားဦး။ မိမိ စာသင်ယူနေသော ပရိယတ္တိဆိုင်ရာ ကျမ်းစာအုပ်များကိုပင် အားလုံးပြည့်စုံအောင် မဝယ်နိုင်ရှာ။ ချို့တဲ့ရှာသည်။

ထိုအကြောင်းကို သိသဖြင့် ကလေးမြို့နယ်၊ မြို့လှဆရာတော် ဦးနန္ဒကက အရှင်သိရိန္ဒထံ စာအုပ်ဖိုး ၁၀ဝိ/-၊ အထွေထွေသုံးရန် ၄ဝိ/- ပေါင်း ၁၄ဝိ/-ကို ၂-ကြိမ်ခွဲ၍ ထောက်ပံ့ခဲ့ဖူးသည်။

တစ်နေ့တွင် အရှင်သိရိန္ဒမှာ စာအုပ်ဖိုးလည်း အထူးလိုအပ်နေသည်။ ထို့ပြင် မျက်စိကလည်း မကောင်း။ အဝေးသို့ကြည့်လျှင်ဝေနေသည်။ စာကြည့်ပါများလျှင်လည်း မျက်ရည်များ ကျကျလာသည်။ ဆရာဝန်ထံ ပြသရာ မျက်မှန်တပ်ရန် လိုအပ်ကြောင်းသိရသည်။ သို့ဖြင့် အရှင်သည် လက်ပံရွာမှ ခမည်းတော်၊ မယ်တော်များနှင့် ဆွေမျိုးများထံ ဝတ္ထုငွေ ၁၅ဝိ/- စာရေးအလှူခံသည်။

ထိုအချိန်တွင် ခမည်းတော်တို့မှာ စီးပွားရေး မပြေလည်ကြ။ အခက်အခဲများနှင့် ကြုံတွေ့နေရချိန် ဖြစ်သည်။ သို့ရာတွင် သား မောင်ပဉ္စင်းအတွက် ဆွေမျိုးများ ဝိုင်းဝန်းစုပေါင်း၍ ဝတ္ထုငွေ ၁၅ဝိ/-ကို

http://www.dhammadownload.com



ပေးပို့လှူဒါန်းကြသည်။

## ထူးခြားသော ပြန်စာ

အခက်အခဲကြားမှ ခမည်းတော်တို့ ဝတ္ထုငွေ ပို့ရရှာသည်ကို သိရှိရသောအခါ အရှင်သိရိန္ဒသည် စိတ်မကောင်း။ သို့ဖြင့် အောက်ပါအတိုင်း ပြန်စာရေးခဲ့သည်။

**ဒါယကာကြီး ဦးရဲနိုင်**

နတ်တော်လဆုတ် ၃၊ (၃-၁၂-၆၃) အင်္ဂါ။

ဦးပဥ္ဇင်း စာရေးသား ပြန်ကြားအပ်ပါသည်။

ဒါယကာကြီးနှင့်တကွ ဦးကျော်ထိုက်၊ ဒေါ်ရွှေဖုံး၊ ဒေါ်ခြုံ၊ ဦးကွမ်းအုပ် စသော ဒကာ၊ ဒကာမတို့ထံမှ လှူဒါန်းတင်ပို့လိုက်သော ဝတ္ထုငွေကို ဇင်းလဆုတ် ၂-ရက်နေ့တွင် ကောင်းစွာ လက်ခံရရှိပါသည်။ ဤကဲ့သို့ စီးပွားရေးအခက်အခဲကြားထဲမှနေ၍ ဦးပဥ္ဇင်းမှာကြားသမျှ ဝတ္ထုငွေ ၁၅၀/- ကို မငြင်းမဆန်ကြဘဲ လှူဒါန်းတင်ပို့ကြသည်ကို ဦးပဥ္ဇင်းအနေဖြင့် ချီးကျူးပါသည်။ ဝမ်းမြောက်ပါသည်။

ဒကာ၊ ဒကာမတို့ စီးပွားရေးအခက်အခဲနှင့် တွေ့ကြုံနေရသည်ဟု ကြားရတော့ ဦးပဥ္ဇင်း စိတ်မကောင်းပါ။ ဝတ္ထုငွေကိုလည်း ရှေးကလို သုံးစွဲစရာရှိတိုင်း မသုံးဝံ့တော့ပါ။ ဝယ်မည်ဟု ကြံစည်ထားသော မျက်မှန်ကိုလည်း မဝယ်တော့ပါ။ မျက်စိကြည့်မကောင်းဟု ဆိုသော်လည်း မွဲတာတော့မဟုတ်။ အားနည်းခြင်း၊ အဝေးသို့ကြည့်လျှင် ဝေနေခြင်းသာ ဖြစ်ပါသည်။ စာကိုတော့ ကြည့်နိုင်ပါသည်။ သို့ရာတွင် စာကြည့်ဖန်များလျှင် မျက်ရည်များကျ၍ ဝေ၍လာပါသည်။ ရှိပါစေတော့။ ကိုယ့်ဉာဏ်ကို ကိုယ်သုံးပြီး ကျန်းမာရေးကို စွမ်းနိုင်သမျှ ဂရုစိုက်လျက်ပါပဲ။

http://www.dhammadownload.com



ဦးပဋ္ဌင်းသည် တတ်နိုင်သမျှ အဆင်းရဲခံပါမည်။ ရဟန်းတို့၏ ရောင့်ရဲခြင်းဖြင့် ဖြစ်သလိုပဲ တင်းတိမ်ရောင့်ရဲနေပါမည်။ မိမိ၏ ရည်ရွယ်ချက် ပညာရေးလမ်းဖြောင့်ဖို့သာ အဓိကဖြစ်သည်ဟု သဘောထားပါသည်။

ဦးပဋ္ဌင်းတွင် လွှန်ခဲ့သော တန်ဆောင်မုန်းလဆန်းမှစ၍ နတ်တော်လဆန်းအထိ ပခုံး၌ အနာပေါက်ခဲ့ရာ တစ်လကျော်ကျော်မျှ တော်တော်ပြင်းထန်အောင် ခံရပြီး ဆေးဆရာကိုပြ၍ ကုသသဖြင့် ပျောက်ခါနီးပါပြီ။

ဒါယကာကြီးထံမှ စာတွင် ဘထွေးတော်သူ ဦးရဲလှထံတွင် အလှူဝတ္ထုငွေ အလှူခံရမည်ဟုပါရာ ဦးပဋ္ဌင်းအနေဖြင့် တကယ့်တကယ် အခက်အခဲနှင့် ကြုံနေလျှင်တော့ တောင်းပါမည်။ နေသာသမျှတော့ နေပါမည်။

ကလေးမြို့နယ်၊ မြို့လှဘုန်းကြီး ဦးနန္ဒကထံမှလည်း စာအုပ်ဖိုး သက်သက် ၁၀ဝိ/-။ အထွေထွေသုံးရန် ၄ဝိ/-၊ ပေါင်း ၁၄ဝိ/-ကို ၁၃၂၄-ခု၊ နတ်တော်လကတစ်ကြိမ် လွန်ခဲ့သော ကဆုန်လကတစ်ကြိမ် ထောက်ပံ့ခဲ့ပါသည်။

ဒါယကာကြီး၊ ဒါယိကာမကြီးနှင့်တကွ သားသမီးဆွေမျိုးဉာတိအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေရန် ဦးပဋ္ဌင်း မေတ္တာပို့သလျက် ရှိပါသည်။

ဦးသိရိန္ဒ (မန္တလေး)

## အဆင်းရဲခံမည်

ဤပေးစာကို ထောက်ရှုခြင်းအားဖြင့် မန္တလေး၌ စာသင်ကြားနေစဉ် အရှင်သိရိန္ဒ မည်မျှချို့တဲ့ရှာသည်ကို ခန့်မှန်းနိုင်သည်။ ဤသို့ချို့တဲ့သော်လည်း အရှင်သည် စိတ်ဓာတ်မကျ။ အားမငယ်၊ အားမလျှော့။ တတ်နိုင်သမျှ အဆင်းရဲခံမည်ဟု ဖွင့်ဟဆိုသည့်အတိုင်းပင်

http://www.dhammadownload.com



အဆင်းရဲခံခဲ့သည်။ တင်းတိမ်ရောင့်ရဲစွာ နေခဲ့သည်။ ကိစ္စရှိ၍ မြို့တွင်း သွားသည့်အခါ၊ တောင်ပြင်သွား၍ စာတက်ရသည့်အခါတို့၌ ဘတ်စ်ကားမစီးဘဲ ခြေကျင်လျှောက်၍သာ သွားသည်။ သွားစရာကိစ္စရှိ၍ သွားလျှင် သွားရမည့်နေရာသို့သာ စိုက်စိုက်မတ်မတ် သွားတတ်သည်။ စိတ်ကူးပေါက်ရာ၊ လမ်းကြုံရာ ဟိုလည်ဒီလည် အလေ့အထ မရှိ။

အရှင်သိရိန္ဒသည် စေတိယင်္ဂဏ စာသင်တန်းဖြေဆိုရန်အတွက် ၁၃၂၈-ခုနှစ်တွင် ရန်ကုန်သို့ ကြွ၍ ဖြေဆိုခဲ့ရသည်။ ထိုစဉ်က လမ်းစရိတ်ကိုလည်း ခက်ခက်ခဲခဲပင် ရှာဖွေခဲ့ရသည်။

အရှင်သည် ထိုစာမေးပွဲဖြေဆိုရန်အတွက် ရွှေတိဂုံတောင်ဘက်မုခ်အနီးရှိ အင်းလေးဓမ္မာရုံတွင် တည်းခိုလျက် စာမေးပွဲ ဖြေဆိုခဲ့သည်။ ကောင်းစွာ ဖြေဆိုနိုင်ခဲ့သည်။ စာမေးပွဲအပြီး မန္တလေးသို့ ပြန်မကြွမီ သွေးဆေးကန်ကျောင်းတိုက်နေ အဖော်ရဟန်းတစ်ပါးထံ သွားသည်။ ထိုရဟန်းတော်နှင့် အရှင်သိရိန္ဒတို့ အနီးဝန်းကျင်ကို ခြေကျင်လျှောက်၍သွားစဉ် ဗဟန်းမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ရှေ့သို့ ရောက်သွားကြသည်။ အထဲသို့ မဝင်ဖြစ်။ အပြင်ကပင် လှမ်းမျှော်ကြည့်ကြသည်။ ထိုစဉ် အရှင်သိရိန္ဒ၏ စိတ်ထဲတွင် ထိုကျောင်းသို့ ပြောင်းရွှေ့၍ စာဝါချ ထင်ရှားကျော်စောလှသော ထိုကျောင်းတိုက်ဆရာဘော်ကြီး အရှင်ဝါသဝါဘိဝံသထံတွင် ပညာဆည်းပူးလိုသောဆန္ဒ ဖြစ်ပေါ်ခဲ့သည်။ မန္တလေးရောက်စကပင် ဆရာတော်ကြီး၏ ဂုဏ်သတင်းကို ကြားဖူးခဲ့သည်။

http://www.dhammadownload.com



## ရန်ကုန်မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သို့

သို့ဖြင့် မန္တလေးသို့ ပြန်ရောက်သောအခါ မန္တလေးမဟာဝိသုဒ္ဓါရုံ သံတော်ဆင့်ဆရာတော် ဦးတိလောကအား မိမိဆန္ဒကို ဖွင့်ဟလျှောက်ထားသည်။ သံတော်ဆင့်ဆရာတော်ကလည်း ခွင့်ပြုရုံမျှမက တိုက်တွန်းခြင်းပင် ပြုသည်။

"ဦးပဥ္စင်းရဲ့ဆန္ဒ ကောင်းမွန်လှပါတယ်။ ဘုန်းကြီးကလဲ ဦးပဥ္စင်းကို ရန်ကုန် မဟာဝိသုဒ္ဓါရုံတိုက်ကို ပြောင်းရွှေ့ပြီး စာပေ ဆက်လက်ဆည်းပူးစေချင်နေတယ်။ ဦးပဥ္စင်းက အလွန်ဉာဏ်ထက်မြက်ပြီး နှစ်တိုင်း စာမေးပွဲတွေကို အောင်နေတာပဲ။ ရန်ကုန် မဟာဝိသုဒ္ဓါရုံမှာဆိုတော့ ဆွမ်း-ကွမ်းကိစ္စလည်း ပိုပြီးပြည့်စုံတယ်။ အေးအေးချမ်းချမ်းနဲ့ သီတင်းသုံးနိုင်ပြီး စာကို ဖိပြီးကြိုးစားနိုင်တယ်။ တစ်ဖက်ကလည်း စာဝါတွေ ကူညီပို့ချပေးနိုင်မယ်။ ဘုန်းကြီးက ဆရာကော်ကြီးထံ လျှောက်ထားအပ်နှံပေးမယ်။"

ဤသို့ မိန့်တော်မူကာ သံတော်ဆင့်ဆရာတော် ဦးတိလောကသည် ရန်ကုန်မြို့၊ ဗဟန်း ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ပဓာနနာယက ဆရာတော် အရှင်ဝါသဝါဘိဝံသထံတော်တွင် အရှင်သီရိန္ဒကို အပ်နှံပေးသည်။ အရှင်ဝါသဝါဘိဝံသကလည်း ဝမ်းမြောက်ကြည်ဖြူစွာ လက်ခံတော်မူသည်။

## ထူးခြားသောကျောင်းတိုက်နှင့် ထူးခြားသောဘုရား

သို့ဖြင့် အရှင်သီရိန္ဒသည် ရန်ကုန်မြို့၊ ဗဟန်း ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်သို့ ပြောင်းရွှေ့သီတင်းသုံးရန် စီစဉ်သည်။ ရန်ကုန်သို့

http://www.dhammadownload.com



မပြောင်းရွှေ့မီ ထူးခြားသော ကျောင်းတိုက်တစ်တိုက်နှင့် ထူးခြားသော ဘုရားတစ်ဆူသို့ ကြွရောက်ဖူးမြော်လေ့လာခဲ့သည်။

ထူးခြားသောကျောင်းတိုက်ကား အခြားမဟုတ်။ အမရပူရမြို့ရှိ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးပင်တည်း။

ထူးခြားသော ဘုရားကား မန္တလေးအရှေ့ပြင်ရှိ ကုသိုလ်တော်ဘုရားပင်တည်း။ ထိုဘုရားဝင်းတွင်း၌ မင်းတုန်းမင်းကြီး ပဉ္စမသင်္ဂါယနာတင်ပြီးနောက် ရေးထွင်းထားသော ပဋိကတ်ကျောက်စာတော်များ ထားရှိသည်။ ယင်းတို့ကို လေ့လာလိုသောကြောင့် ဖြစ်သည်။

## မဟာဂန္ဓာရုံကျောင်းတိုက်

အရှင်သည် ရှေးဦးစွာ မဟာဂန္ဓာရုံကျောင်းတိုက်သို့ သွားသည်။ မဟာဂန္ဓာရုံကျောင်းတိုက်သည် ရွှေကျင်ကျောင်းတိုက် ဖြစ်သည်။ ထိုအချိန်က ပဓာနနာယကဆရာတော်ကြီး အရှင်ဇနကာဘိဝံသ သက်တော်ထင်ရှား ရှိတော်မူသေးသည်။ အရှင်သိရိန္ဒ သွားရောက်သောအချိန်တွင် ထိုကျောင်းတိုက်၌ ဝါဆိုသံဃာ အပါး ၅၀၀-ကျော်ရှိသည်။

ကျောင်းတိုက်သည် ကျယ်ဝန်းသည်။ သစ်ပင်ကြီး၊ သစ်ပင်ငယ်များဖြင့် ဝေဝေဆာဆာ ရှိသည်။ ကျောင်းတိုက်ကျယ်ဝန်းသည်နှင့်အမျှ ကျောင်းဝင်းမှာလည်း သန့်ရှင်းသည်။ ကျန်းမာရေးနှင့် သန့်ရှင်းရေးကိုငဲ့၍ ကျောင်းဝင်းထဲသို့ ဒကာ၊ ဒကာမအားလုံး ဖိနပ်စီးဝင်ခွင့်ရှိသည်။ ကျောင်းများပေါ်သို့ တက်သောအခါတွင်မှ ဖိနပ်ချွတ်

http://www.dhammadownload.com



ရသည်။

## စိတ်ကောင်းရှိဖို့ ပထမ

ကျောင်းတိုက်တစ်နေရာရှိ ဆိုင်းဘုတ်တစ်ခုပေါ်တွင် မဟာဂန္ဓာရုံကျောင်းတိုက်၏ လမ်းစဉ် ၁၀-ချက်ကို ဤသို့ ထင်ရှားစွာ ရေးသားထားသည်ကို တွေ့ရသည်။

ဤကျောင်းတိုက်၌ –

| | | |
|---|---|---|
| ၁။ | စိတ်ကောင်းရှိဖို့က | ပထမ |
| ၂။ | ဝိနည်းလေးစားဖို့က | ဒုတိယ |
| ၃။ | ကျန်းမာဖို့က | တတိယ |
| ၄။ | သန့်ရှင်းဖို့က | စတုတ္ထ |
| ၅။ | အဝတ်အစားဝတ်တတ်ဖို့က | ပဉ္စမ |
| ၆။ | အနေအထိုင်တတ်ဖို့က | ဆဋ္ဌမ |
| ၇။ | အသွားအလာတတ်ဖို့က | သတ္တမ |
| ၈။ | အပြောအဆိုတတ်ဖို့က | အဋ္ဌမ |
| ၉။ | စည်းကမ်းလိုက်နာဖို့က | နဝမ |
| ၁၀။ | စာတတ်ဖို့က | ဒသမ |

အလွန်ထူးခြားသော ကျောင်းတိုက်ကြီးဖြစ်သည်။ “စိတ်ကောင်းရှိဖို့ ပထမ” ဟူ၍ ညွှန်ကြားထားသည်မှာ အလွန်မှန်ကန်ထိမိလှသည်။ စိတ်ကောင်းမရှိပါက လူ့ဘဝတွင် ဘာမျှတန်ဖိုးမရှိ။ ပရိယတ်တွင် မည်မျှထူးချွန်သော်လည်း စိတ်ကောင်းမရှိပါက အနှစ်သာရမရှိ။ ပဋိပတ္တိတွင်လည်း စိတ်ကောင်းရှိမှသာ ပို၍ အောင်မြင်ပေါက်ရောက်နိုင်သည်။ လောကုတ္တရာအရေးတွင်သာမက လောကီ

http://www.dhammadownload.com



ရေးရာအဖြာဖြာတွင်လည်း စိတ်ကောင်းရှိမှသာ တန်ဖိုးရှိသူများ ဖြစ်ပေမည်။ ထိုအချက်ကို ဆရာတော်ကြီး အရှင်ဇနကာဘိဝံသက ဖော်ထုတ်ညွှန်ပြထားသည်မှာ အလွန်မြတ်နိုးဖွယ်ရာ ကောင်းလှသည်။ အရှင်သိရိန္ဒသည် ဆရာတော်ကြီးကို အံ့ချီးမဆုံး၊ ကြည်ညိုမဆုံး ဖြစ်မိသည်။

## အတုယူဖွယ်စိတ်ထား

မဟာဂန္ဓာရုံကျောင်းဝင်းနှင့် ကျောင်းဝင်းအတွင်းရှိ ကျောင်းကြီးကျောင်းငယ်များသည် သန့်ရှင်းသပ်ရပ်သည်။ အလွန်လည်း တိတ်ဆိတ်ငြိမ်သက်လှသည်။ သံဃာတော် ၅၀၀-ကျော်ရှိသည်ဟုပင် မထင်မှတ်ရ။ တောရကျောင်းကြီးသဖွယ် ဖြစ်နေသည်။ အလွန် စည်းကမ်းကောင်းလှသောကြောင့် ဤဂုဏ်ကို ဆောင်နေခြင်းဖြစ်သည်။

ဆရာတော်ကြီးသည် ရွှေကျင်၊ သုဓမ္မာဟူသော ဂိုဏ်းအစွဲမထား။ ဝိနည်းလေးစားမှုကိုသာ အဓိကထားသည်။ ထို့ပြင် ဂုဏ်ပကာသနတို့ကို အစွမ်းကုန် ပယ်နိုင်သူဖြစ်သည်။ ဂုဏ်ပကာသနလွှမ်းသော အလှူမျိုးကို မနှစ်သက်။ ရဟန်း သံဃာတော်များ ပျံလွန်တော်မူလျှင်လည်း အကျယ်ချဲ့သည်ကို မလိုလား။ အဂ္ဂမဟာပဏ္ဍိတဟူသော ဘွဲ့ထူးဂုဏ်ထူးကို ဆက်ကပ်ရရှိသော်လည်း ထိုဘွဲ့ထူးဂုဏ်ထူးကို တစ်စုံတစ်ခုသော နေရာ၌မျှ အသုံးချတော်မူခြင်း မရှိခဲ့။ တံဆိပ်တုံးများနှင့် ဘွဲ့လက်မှတ်များကိုလည်း မိမိအနားတွင် ချိတ်ဆွဲထားခြင်း မရှိ။ သံဃိကပစ္စည်း သိမ်းဆည်းသော ကိုယ်တော်ထံ၌သာ အပ်နှံထားလိုက်တော့သည်။ နောက်ပိုင်း ကျမ်းစာများ ရိုက်နှိပ်ရာတွင် သကျသီဟ၊ ပထမကျော်၊ အဂ္ဂမဟာပဏ္ဍိတ စသော မိမိရရှိသည့် ဘွဲ့ထူး

http://www.dhammadownload.com



ဂုဏ်ထူးများကို မထည့်ရန်ပင် ညွှန်ကြားတော်မူခဲ့သည်။

## သူများနားလည်ဖို့ ရေးတာ

ဆရာတော်ကြီးသည် ရဟန်းသံဃာတော်များအတွက်လည်း ကျမ်းပေါင်းများစွာ ရေးသားပြုစုတော်မူခဲ့သည်။ လူပုဂ္ဂိုလ်များအတွက်လည်း ကလေး၊ လူငယ်၊ လူကြီးမကျန် လက်စွဲပြုရမည့် စာအုပ်ပေါင်းများစွာကို ရေးသားပြုစုတော်မူခဲ့သည်။ အတွေးရှင်းသဖြင့် အရေးလည်း ရှင်းလှသည်။ မြန်မာစကားပြေ အရေးအသား အလွန်ထူးချွန်လှသည်။ ဆရာတော်ကြီးက "စာဆိုတာ သူများသိဖို့၊ သူများနားလည်ဖို့ ရေးတာ။ ဖတ်မိသူ နားလည်မှ ကောင်းတာ" ဟူ၍ မိန့်တော်မူဖူးသည်။

ဆရာတော်ကြီးသည် မြန်မာ၊ ပါဠိ၊ သက္ကတ၊ မာဂဓ ဘာသာတို့ကို တတ်ကျွမ်းသူဖြစ်သည်။ စာချရာတွင်လည်း မန္တလေးနည်း၊ ပခုက္ကူနည်း နှစ်ပါးစလုံးကို နှံ့စပ်သိမြင်ကျွမ်းကျင်သူ ဖြစ်သည်။ စာချလည်း အလွန်ထူးချွန်လှသည်။ ထို့ပြင် စာပေဖတ်ရှုလေ့လာမှု ပြည့်ဝသဖြင့် ခေတ်အကြောင်းကိုလည်း သိရှိနားလည်သော အရှင်မြတ်ဖြစ်သည်။

## ခြိုးခြံနိုင်သူ

ဆရာတော်ကြီးသည် ခြိုးခြံစွာ၊ ရောင့်ရဲစွာ နေထိုင်နိုင်သော အရှင်မြတ်လည်း ဖြစ်သည်။ ပြည်ပနိုင်ငံများက ဖိတ်ကြားသည်ကိုလည်း လက်ခံတော်မမူ။ ဆွမ်းဘုဉ်းပေးလျှင်လည်း ဆွမ်းဟင်း ၂-

http://www.dhammadownload.com



ခွက်၊ ၃-ခွက်ထက်ပို၍ ဘုဉ်းပေးခြင်းမပြု။ သင်္ကန်းဆိုလျှင်လည်း ၃-ထည်ထက် ပိုမထား။

တစ်ခါက မင်္ဂလာဗျူဟာအသင်းချုပ် ဥက္ကဋ္ဌကြီး ဦးအောင် သိမ်း (ယခု ကွယ်လွန်)သည် မန္တလေးဈေးချိုတော်မှ ထီးနှင့်ဖိနပ် ဝယ် ယူ၍ ဆရာတော်ကြီးအား ကပ်လှူဖူးသည်။ ထိုအခါ ဆရာတော်ကြီး က "ဟင်း-ဖိနပ်က လှလွန်းတယ်။ ထီးကလဲ လက်ကိုင်က ချောမွေ့ ပြောင်လက်လွန်းတယ်" ဟု မိန့်တော်မူသည်။ ထို့နောက် ကိုရင်လေး တစ်ပါးအားခေါ်၍ ကတ္တရာစေးအနည်းငယ် ယူစေသည်။ ဓားငယ် တစ်ခုကိုလည်း ယူစေသည်။ ဖိနပ်သဲကြိုးများကို ကတ္တရာစေးဖြင့် ပြောက်ကျားသုတ်စေသည်။ ထီးရိုးကို ဓားဖြင့် အနည်းငယ်ခုတ်ထစ်စေ၍ ကြမ်းတမ်းအောင်ပြုစေသည်။ လှပသောဖိနပ်နှင့် ချောမွေ့သော ထီးတို့ကို ကြိုက်နှစ်သက်သောစိတ်၊ လောဘစိတ်မဝင်အောင် စီမံခြင်းဖြစ်သည်ကို ဒကာဦးအောင်သိမ်း စဉ်းစားဆင်ခြင်မိသည်။ ကြည်ညိုမဆုံး ရှိခဲ့သည်။

ထို့ပြင် ကျောင်းတိုက်တွင်း၌ အုတ်ဖြင့်ဆောက်ထားသော ကျောင်းကြီးကျောင်းငယ် အသွယ်သွယ်ရှိသော်လည်း ဆရာတော် သီတင်းသုံးသောကျောင်းကား ဝါးကပ်မိုး သစ်သားကျောင်းငယ် ကလေးသာ ဖြစ်သည်။ အနံပေ-၃၀၊ အလျား ၃၆-ပေ၊ အမြင့် ၂၅-ပေရှိ မယောင်မရှားသော ကျောင်းငယ်ကလေးသာ ဖြစ်သည်။ ဆရာ တော်ကိုယ်တိုင် ၁၉၄၈-ခုနှစ်တွင် စစ်ကိုင်း ဒုတိယမဟာဂန္ဓာရုံ ချမ်း အေးဆရာတော်ဘုရားကြီး ပေးစွန့်အပ်သော ကျောင်းဟောင်းမှ အ သားများဖြင့် သပ္ပါယဖြစ်အောင် စီစဉ်တည်ဆောက်စေခဲ့သော ကျောင်း ဖြစ်သည်။

မဟာဂန္ဓာရုံကျောင်းတိုက်သည် ပရိယတ္တိစာသင်တိုက် ဖြစ်

http://www.dhammadownload.com



သော်လည်း ပဋိပတ်နှင့် မကင်းကွာရအောင် စာသင်သားတိုင်း ညစဉ် ၁-နာရီ တရားထိုင်ရသည်။ နံနက်ပိုင်းတွင် မေတ္တာပို့ခြင်း၊ မေတ္တာပွားများခြင်းကိုလည်း အမြဲပြုရသည်။

အရှင်သိရိန္ဒာဘိဝံသသည် မိမိကြည်ညိုမြတ်နိုးသော၊ မိမိစံထားသော ဆရာတော်ကြီး အရှင်ဇနကာဘိဝံသကို ထိုစဉ်က ဝင်ရောက်ဖူးတွေ့ခြင်း မပြုခဲ့ရ။ ထိုအချိန်၌ ကျောင်းငယ်ထဲတွင် ဆရာတော်ကြီးသည် မတ်တတ်ရပ်လျက် မတ်ရပ်စားပွဲတွင် စာရေးနေသည်။ အနှောင့်အယှက်ပြုရာကျမည်စိုး၍ လှမ်းမျှော်ဖူးမြော်ကာ ပြန်ကြွလာခဲ့သည်။ သို့ပြန်ကြွလာစဉ် ဆရာတော်ကြီး၏ မြင့်မြတ်သောစိတ်စေတနာတို့ကို တသက်သက် ခံစားလာမိသည်။

## ပိဋကတ်ကျောက်စာတော် ၂၅၉-ချပ်

ထို့နောက် အရှင်သိရိန္ဒာဘိဝံသသည် ရန်ကုန်မြို့သို့မကြွမီ မဟာလောကမာရဇိန် (ကုသိုလ်တော်)ဘုရားကို ကြွရောက်ဖူးမြော်လေ့လာသည်။ ယင်းသည် မန္တလေးအရှေ့ပြင်၊ မန္တလေးတောင်ခြေ အနီးတွင် ရှိသည်။ မင်းတုန်းမင်းကြီး၏ ကောင်းမှုတော်ဖြစ်သည်။

မင်းတုန်းမင်းကြီးသည် သာသနာတော် လေးနက်ခိုင်မာ၍ ထာဝရ တည်တံ့စေရန် ရည်သန်ကာ ပဉ္စမသင်္ဂါယနာကို တင်ခဲ့သည်။ ထိုအတွက် စကျင်ကျောက်တောင်ကြီးမှ သလင်းကျောက်ဖြူပြားများကို ယူဆောင်စေ၍ ကုသိုလ်တော်ဘုရားဝင်းအတွင်း၌ ဘုရားဟော ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာ တင်စေသည်။ ဘုရားကြီးဆရာတော် အရှင်ဇာဂရ၊ ခန်းပတ်ဝန်ကြီး ဦးရွှေမောင်၊ ယောအတွင်းဝန် ဦးဘိုးလှိုင် စသူတို့၏ အစီအမံ အကြီးအကြပ်ဖြင့် ပြုသည်။ ၁၂၂၂-

http://www.dhammadownload.com



ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁-ရက်နေ့မှစတင်၍ ရေးထွင်းကြသည်။ ၁၂၃၀-ပြည့်နှစ်၊ ကဆုန်လဆန်း ၁၄-ရက်နေ့တွင် ပြီးစီးသည်။ ၇-နှစ်၊ ၆-လ၊ ၁၄-ရက် ကြာခဲ့သည်။ စုစုပေါင်း ကျောက်ချပ်ရေ ၇၂၉-ချပ် ရှိသည်။

ယင်းတို့ကို ကုသိုလ်တော်ဘုရား မဟာရံတံတိုင်း သုံးထပ်အတွင်း၌ သီဟိုဠ်စွယ်တော်ကြုတ်ပုံ အုတ်ဂူပြာသာဒ်တစ်ခုစီဖြင့် ပူဇော်ထားသည်။ ထို့နောက် သုဓမ္မာဆရာတော်များ အမှူးရှိသည့် တိပိဋကဓရ၊ သိက္ခာကာမ၊ သီလဝိသုဒ္ဓိ ဖြစ်တော်မူကြသော တံဆိပ်တော်ရမရ ဆရာတော်၊ သံဃာတော် ၂၄၀၀-တို့က အထပ်ထပ် စစ်ဆေးမေးဖြေကာ သံပြိုင်ရွတ်ဆို၍ နှုတ်တက်သင်္ဂါယနာတင်ကြသည်။ ၁၂၃၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁-ရက်နေ့မှစ၍ ထိုနှစ် တော်သလင်းလပြည့်ကျော် ၁၄-ရက်နေ့အထိ သင်္ဂါယနာတင်ကြသည်။ ရွှေနန်းပြာသာဒ်တော်ကြီး သီဟာသနပလ္လင်တော်ရှေ့၌ သင်္ဂါယနာတင်သည်။ ၅-လနှင့် ၃-ရက်ကြာသည်။

## သင်္ဂါယနာ

ပိဋကတ်သုံးပုံတည်းဟူသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်များ အမှားအယွင်း မရှိရအောင် စုပေါင်းရွတ်ဆို၍ အတည်ပြုခြင်းကို သင်္ဂါယနာတင်သည်ဟု ခေါ်သည်။

ပထမသင်္ဂါယနာကို သာသနာတော်နှစ် (၁) (၅၄၄-ဘီစီ) မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ၃-လအကြာ အဇာတသတ်မင်းလက်ထက်တွင် ရာဇဂြိုဟ်ပြည် ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူမဏ္ဍပ်တော်၌ တင်ခဲ့သည်။ အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်

http://www.dhammadownload.com



အာနန္ဒာ အမှူးပြုသော ရဟန္တာမဟာထေရ်ကြီး အပါး ၅၀၀-တို့က သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ ၇-လကြာမှ ပြီးဆုံးသည်။ ထိုသင်္ဂါယနာသည် နှုတ်တက်ရွတ်ဆိုသော သင်္ဂါယနာဖြစ်၏။

ဒုတိယသင်္ဂါယနာကို သာသနာတော်နှစ် ၁၀၀ (၄၄၃-ဘီစီ) တွင် ဝေသာလီပြည်၊ ကာလာသောကမင်းလက်ထက်၌ တင်ခဲ့သည်။ ဝါဠုကာရာမကျောင်းတိုက်၌ တင်သည်။ အရှင်ယသ၊ အရှင်သဗ္ဗကာမိ၊ အရှင်ရေဝတ အမှူးပြုသော ရဟန္တာမထေရ်ကြီး အပါး ၇၀၀-တို့က တင်တော်မူခဲ့ကြသည်။ နှုတ်ဖြင့် ရွတ်ဆိုပြုလုပ်သော သင်္ဂါယနာပင် ဖြစ်သည်။ အချိန်ကာလ ၈-လကြာမြင့်သည်။

တတိယသင်္ဂါယနာကို သာသနာတော်နှစ် ၂၃၅ (၃၀၈-ဘီစီ) တွင် ပါဋလိပုတ်ပြည်၊ သီရိဓမ္မာသောကမင်း (အသောကမင်း)လက်ထက်၌ တင်ခဲ့သည်။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ၊ အရှင်မဇ္ဈန္တိကအမှူးပြုသော ရဟန္တာမဟာထေရ်ကြီး အပါး ၁၀၀၀-တို့က တင်ခဲ့ကြသည်။ နှုတ်ဖြင့် ရွတ်ဆိုပြုလုပ်သော သင်္ဂါယနာပင် ဖြစ်သည်။ အချိန်ကာလအားဖြင့် ၉-လကြာမြင့်ခဲ့သည်။

စတုတ္ထသင်္ဂါယနာကို သာသနာတော်နှစ် ၄၅၀(၉၄-ဘီစီ)တွင် သီရိလင်္ကာ (သီဟိုဠ်)နိုင်ငံ၊ ဝဋ္ဋဂါမဏိမင်းလက်ထက်၌ တင်ခဲ့သည်။ အရှင်မဟာဓမ္မရက္ခိတ အမှူးပြုသော ရဟန္တာမထေရ်ကြီး အပါး ၅၀၀-တို့က တင်ခဲ့သည်။ ယခင်သင်္ဂါယနာများကဲ့သို့ စုပေါင်းရွတ်ဆိုခြင်းကို အရင်းခံမထားပေ။ ပေပေါ်၌ အက္ခရာတင်၍ ရေးသားခြင်းကိုသာ အရင်းခံထားသည်။ အချိန်ကာလ တစ်နှစ်ကြာသည်။

မြန်မာနိုင်ငံ၊ မန္တလေးနေပြည်တော်တွင် သာသနာတော်နှစ် ၂၄၁၅(ခရစ်နှစ် ၁၈၇၁) မင်းတုန်းမင်းလက်ထက်၌တင်သော ပဉ္စမသင်္ဂါယနာမှာ တစ်မူထူးခြားသည်။ ဆရာတော်၊ သံဃာတော်အရှင်

http://www.dhammadownload.com



မြွတ်တို့ ပိဋကတ်တော် ပါဠိတို့ကို ရွတ်ဆိုခြင်းပြုသော်လည်း ဤသို့ ရွတ်ဆိုခြင်းကို အရင်းခံပမာနမထားပေ။ ကျောက်သား ၇၂၉-ချပ်ပေါ်တွင် အက္ခရာတင်၍ ရေးထိုးခြင်းကိုသာ အရင်းခံပမာနထားလေသည်။

## ရဟန်းအာဇာနည်များ

ဤမျှ နက်နဲခက်ခဲ၍ များပြားလှသော ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်ခြင်းနှင့် သဘောအဓိပ္ပါယ်ကို သိနားလည်ခြင်းတို့မှာ အလွန့်အလွန် ခက်ခဲလှသည်။ သာမန်လူတို့ စွမ်းဆောင်နိုင်ခြင်းမရှိသော အလုပ်ကြီးဖြစ်သည်။ ထိုအလုပ်ကြီးကို ရှေးခေတ်က စွမ်းဆောင်နိုင်သော ရဟန်းအာဇာနည်အချို့ ရှိခဲ့သည်။ ယခုခေတ်တွင်ကား မင်းကွန်းဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ အာဇာနည်အရှင်မြတ်က ပထမဦးစွာ စွမ်းဆောင်ခဲ့သည်။

ကုသိုလ်တော်ဘုရားရှိ ပိဋကတ်ကျောက်စာတော်များကို အရှင်သိရိန္ဒာဘိဝံသ လေ့လာကြည့်ရှုနေသောအချိန် ၁၃၂၉-ခု (၁၉၆၇)တွင် ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ သာမက တိပိဋကဓရဘွဲ့တော်ရ အခြားရဟန်းအာဇာနည်နှစ်ပါးလည်း ပေါ်ထွန်းနေပြီ။ ထိုရဟန်းအာဇာနည်နှစ်ပါးမှာ ဆရာတော် အရှင်နေမိန္ဒ (ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်)နှင့် အရှင်ကောသလ္လ (ပြည်မြို့၊ ပွင့်လှသိမ်ကုန်း ကျောင်းတိုက်)တို့ ဖြစ်ကြသည်။

ထိုရဟန်းအာဇာနည်သုံးပါးတွင် မင်းကွန်းတိပိဋကဓရဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဆဋ္ဌသင်္ဂါယနာမတင်မီ ၁၃၁၅-ခုနှစ်(၁၉၅၃)ကတည်းကပင် တိပိဋကဓရဘွဲ့တော် ရရှိခဲ့သူဖြစ်သည်။

http://www.dhammadownload.com



ဆဋ္ဌသင်္ဂါယနာကို သာသနာတော်နှစ် ၂၄၉၈ (မြန်မာသက္ကရာဇ် ၁၃၁၆၊ ခရစ်နှစ်-၁၉၅၄)တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ရဟန်းသံဃာတော် ၂၅၀၀-တို့က နှုတ်တိုက်ရွတ်ဆို သင်္ဂါယနာတင်ခဲ့ကြသည်။ အချိန်အားဖြင့် ၂-နှစ်ကြာသည်။ ယင်းပိဋကတ်သုံးပုံကို စာအုပ်များအဖြစ် ပုံနှိပ်ထုတ်ဝေရာ စာအုပ်ဆိုက်ကြီးအရွယ်ဖြင့် စုစုပေါင်းစာမျက်နှာ ၈၀၂၆-ရှိသည်။ ယင်းသို့ တင်ပြီး ၁၃၂၁-ခုနှစ် (၁၉၅၉)တွင် ဆရာတော်အရှင်နေမိန္ဒသည်လည်းကောင်း၊ ၁၃၂၅-ခုနှစ် (၁၉၆၃)တွင် ဆရာတော် အရှင်ကောသလ္လသည်လည်းကောင်း တိပိဋကဓရဘွဲ့တော်ကို ရရှိခဲ့ခြင်းဖြစ်သည်။

## ရည်မှန်းခြင်း မရှိခဲ့

အရှင်သိရိန္ဒာဘိဝံသသည် ထိုပိဋကတ်ကျောက်စာတော်များကို ကြည့်ရှုလေ့လာကာ ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်သူများကို အံ့ချီးမဆုံး ဖြစ်ခဲ့သည်။ ယင်းသို့ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်ခဲ့သဖြင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးကို "ကမ္ဘာကျော်ဂင်းနစ်မှတ်တမ်းတင်စာအုပ်ကြီး"တွင် မှတ်ဉာဏ်ထူးချွန်သော ပုဂ္ဂိုလ်ဆူးအဖြစ် မှတ်တမ်းတင်ထားပေသည်။ ယခု တိပိဋကဓရ ဘွဲ့တော်ရရဟန်းအာဇာနည် ၃-ပါး ပေါ်ထွန်းပြီးနေပြီ။ နောက်ထပ်၍ မည်မျှပေါ်ထွန်းလာဦးမည်မသိ။ ထိုစဉ်က မိမိအဖို့ တိပိဋကဓရဘွဲ့တော်ကို ရည်မှန်းခြင်း မရှိခဲ့ပေ။

http://www.dhammadownload.com



# မင်းတုန်းမင်း

အရှင်သိရိန္ဒာဘိဝံသသည် ပိဋကတ်ကျောက်စာတော်များကို လေ့လာကြည့်ရှုရာမှ မင်းတုန်းမင်းကြီးအကြောင်းကိုလည်း ဆင်ခြင်မိသည်။ မင်းတုန်းမင်းသည် ထူးခြားသော သာသနာပြုမင်းတစ်ပါးဖြစ်သည်။ ဉ်ပဉ္စမသင်္ဂါယနာတင်ခြင်း ကောင်းမှုကြီးကို ပြုခဲ့ရုံမျှမက ဘုရားစေတီပေါင်းများစွာ တည်ခဲ့သည်။ ကျောင်းကန်ဇရပ်ပေါင်းမြောက်မြားစွာ ဆောက်လုပ်လှူဒါန်းခဲ့သည်။

ထို့ပြင် သာသနာတော် စင်ကြယ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် မင်းကြီးသည် ၁၂၁၇-ခုနှစ်တွင် ဆရာတော်များနှင့်တိုင်ပင်၍ ဓမ္မဝိနယအမိန့်တော်ပြန်တမ်းကို မင်းမိန့်ဖြင့် ထုတ်ပြန်ခဲ့သည်။ သို့ရာတွင် မင်းကြီး၏ရည်ရွယ်ချက် မအောင်မြင်ပေ။ ဓမ္မဝိနယစာတမ်းကို အကြောင်းပြု၍ သံဃာဂိုဏ်းကွဲမှုစသော မလိုအပ်သည့်ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သည်။

မင်းတုန်းမင်းကြီးသည် ပြည်သူပြည်သားအပေါင်းတို့အားလည်း သီလနှင့်ကုသိုလ်တရား မမေ့မလျော့စေရန် လစဉ် လဆန်း ၅-ရက်နေ့ရောက်တိုင်း ဂရုဓမ္မအမိန့်တော် ပြန်တမ်းကြီးကို လှည့်လည်ဖတ်ကြား စည်လည်စေသည်။

မင်းတုန်းမင်းကြီးသည် ရဟန်းသံဃာများကို အငွှန်ကြည်ညိုလေးစားသည်။

"ရဟန်းသံဃာဆိုသည်မှာ ငါတို့လူများနှင့် မတူပေ။ သားမယားမယူပေ။ ညစာ မစားပေ။ ဆံပင်မထားပေ။ ဝတ်ကြောင် မဝတ်ပေ။ အများစုမှာ ပဋိဝေဓ အရိယာအစစ် မဖြစ်သေးသော်လည်း ရဟန်းအားလုံးမှာ ရဟန်းနှင့်အသွင်အပြင်တူသော လိင်္ဂအရိယာ၊ အ

http://www.dhammadownload.com



ထင်အမြင်အားဖြင့် ကြည်ညိုဖွယ်ရာ ဣရိယာပထ ရှိကြသော ဒဿနအရိယာ၊ လူတို့ထက်မြတ်သော သီလ၊ သိက္ခာကို လိုက်နာကြသော အာစာရအရိယာဂုဏ်တို့ဖြင့် ပြည့်စုံကြသည်သာ ဖြစ်သည်" ဟူ၍ ဆိုလေ့ရှိသည်။

## ဓာတ်ဆရာကြီး ဦးပို

တစ်ခါသော် မန္တလေးနေပြည်တော်မှ ဗေဒင်တတ် ဓာတ်ဆရာကြီး ဦးပိုသည် သံဃာတော်များကို စော်ကားပြောဆိုခဲ့သည်။ ရွာဟိုင်းဈေးအနီး အလှူမဏ္ဍပ်တစ်ခု၌ ဦးပိုသည် တရားစကားဆွေးနွေးရင်း "ဗုဒ္ဓဘုရားရှင်သည် သာသနာ ၅၀၀၀-ထားခဲ့ကြောင်းဖြင့် ရှင်မဟာဗုဒ္ဓဃောသက ဆိုခဲ့သည်မှာ မမှန်။ ပါဠိတော်၌ အနှစ် ၅၀၀-သာ ပါသည်။ ယခုအခါ၌လည်း တကယ့်သံဃာဟူ၍ မရှိ။ ယခု ရှိကြသူများမှာ ဖုန်းကြီးတွေသာ ဖြစ်ကြသည်" စသည်ဖြင့် ထည့်သွင်းပြောဆိုသွားသည်။

ထိုအခါ သီလရှင်မယ်စိုးက ဝင်၍ ငြင်းလေသည်။ သီလရှင်မယ်စိုးသည် ဝန်စု၊ မှူးစုမိဘထဲမှ ပေါက်ဖွားလာသူ ဖြစ်သည်။ ထိုအငြင်းအခုံသည် ကြီးထွားလာရာ မယ်စိုးသည် နန်းတော်သို့ဝင်၍ မိဖုရားခေါင်ကြီးကို လျှောက်ထားသည်။ မိဖုရားခေါင်ကြီးကလည်း မင်းတုန်းမင်းကြီးကို တင်ပြသည်။ အထောက်တော်များကလည်း အရပ်ထဲတွင် ကြားရသည့်သတင်းကို မင်းတုန်းမင်းကြီးထံ တင်ပြကြသည်။

ထိုသတင်းစကားများကို မင်းကြီးကြားသိရသောအခါ စိတ်မသက်မသာ ဖြစ်ရသည်။ ဦးပိုကို သာသနာ့အညစ်အကြေးဟု မှတ်ယူလိုက်သည်။

http://www.dhammadownload.com



"ခါတ်ဆရာငပိုကား မြတ်စွာဘုရား၏ သူပုန်အစစ်ဖြစ်သည်။ အဝီစိမှာ သင်းခံရလိမ့်မည်။ သင်းအယူကို စွန့်မစွန့် စစ်ဆေးစေ" ဟု မိန့်တော်မူလိုက်သည်။

သို့ဖြင့် ကင်းဝန်ထောက် ဦးကောင်းက ဦးပိုကို ခေါ်ယူစစ်ဆေးသည်။ အယူကို စွန့်ရန်လည်း တောင်းပန်သည်။ သို့သော် ဦးပိုကား စိတ်ဓာတ်ပြင်းထန်သူ ဖြစ်သည်။ ခေါင်းမာသူ ဖြစ်သည်။

"အရှင်ဗုဒ္ဓဃောသ အရမ်းမဲ့ထင်သလို ဖွင့်ဆိုထားခဲ့သော အဋ္ဌကထာစကားကို ကျုပ်မယူနိုင်။ အသက်ကိုသာ စွန့်နိုင်မည်။ အယူကို မစွန့်လို။ ဘုရားအယူတော်နှင့် သေရလျှင် မြတ်သည်။ မောင်တို့က သတ်လိုသောဆန္ဒရှိလျှင် ယခုပင် သတ်ပါလော့" ဟု ပြန်ပြောသည်။

ထိုအခါ သူ့ကို လက်ပါးစေများက ကြိမ်ဖြင့်ရိုက်ကြသည်။ ဦးပိုကလည်း ရဲဝံ့စွာပင် အရိုက်ခံသည်။ ဒဏ်ရာပြင်းထန်သဖြင့် လွှတ်တော်ရှေ့၌ပင် သေဆုံးသွားလေသည်။ ဤတွင် စစ်ဆေးတုန်း လက်လွန်ကြောင်း မင်းတုန်းမင်းထံသို့ တင်လျှောက်ကြသည်။

## ကားစင်တင်

ထိုအခါ မင်းတုန်းမင်းက "ငပိုသည် မိစ္ဆာဒိဋ္ဌိ အယူဝါဒကို လှည့်ပတ်ဟောပြောသူ ဖြစ်သည်။ ကမ္ဘာပျက်ခါနီးဆဲဆဲ၌ ပဉ္စာနန္တရိယကံငါးပါးတွင် တစ်ပါးပါး သင့်ရောက်သူသည် အဝီစိမှာခံရသော်လည်း ကမ္ဘာပျက်လျှင် အဝီစိမှ လွတ်သေးသည်။ မိစ္ဆာဒိဋ္ဌိယူကုန်သော သူတို့ကား ကမ္ဘာပျက်သော်လည်း အဝီစိမှ မလွတ်နိုင်။ အခြားကမ္ဘာသို့ ပြောင်း၍ ခံရလေသည်။ ဤမျှလောက် မကောင်းမှုအကုသိုလ်ကံကြီး

http://www.dhammadownload.com



ဖြစ်၍ နောင်ကို သင်း၏အယူကဲ့သို့ မပေါ်ပေါက်ဝံ့အောင် ကြောက်ရွံ့စေခြင်းငှာ ငပိုကို ကားစင်တင်စေ" ဟု မိန့်လေသည်။

သို့ဖြင့် ဦးပို၏ ရုပ်အလောင်းကို အနောက်ပြင်ပုဏ္ဏားကုန်းသချိုင်းအတွင်း ကားစင်၌ ပြထားရလေသည်။

ဤမျှအထိ မင်းတုန်းမင်းသည် သာသနာကို ထိပါးလာလျှင် မခံမရပ်နိုင်သူ ဖြစ်သည်။ ဦးပိုကို သာမက မိမိ အလွန်ခင်မင်ရင်းနှီး၍ ပညာရှိတစ်ဆူဟု ချီးမြှင့်မြောက်စားထားသော ယောအတွင်းဝန် ဦးဘိုးလှိုင်ကိုလည်း အရေးယူခဲ့သည်။

## ဦးဘိုးလှိုင်နှင့် ဗျစ်ရည်

၁၈၇၁-ခုနှစ်၊ နိုဝင်ဘာလထဲတွင် မင်းတုန်းမင်းသည် ဦးဘိုးလှိုင်ကို စလင်းမြို့သို့ စေလွှတ်သည်။ ပုဂံပြည်ကျော်စွာမင်း တည်ထားခဲ့သော ဘုရားတစ်ဆူကို ပြင်ဆင်ရန်ဖြစ်သည်။ ဦးဘိုးလှိုင်သည် စလင်းမြို့အသွား မြင်းခြံသို့အရောက်တွင် "ဗျစ်ရေ (ဘီယာ)ကို ဆေးအဖြစ်အနည်းငယ်သောက်သုံးပါက အပြစ်မရှိကြောင်း" ပြောဆိုသည်။ ထိုအကြောင်းကို မင်းတုန်းမင်းကြီး ကြားသိသောအခါ ဦးဘိုးလှိုင်ကို ပြန်ခေါ်သည်။ ရာထူးမှ ရက်၊ လအတန်ကြာအောင် ချထားခဲ့လေသည်။ နောင်မှသာ ရာထူး ပြန်လည်ပေးအပ်သည်။

## မိဖုရား ၄၅-ပါး

မင်းတုန်းမင်းသည် ဤသို့လျှင် သာသနာရေးကို အလေးထားခဲ့သည်။ သို့ရာတွင် သူသည် နှလုံးသားတွင် ဘုရားတည်ရေး၌ အား

http://www.dhammadownload.com



နည်းမှု ရှိခဲ့သည်။ မိဖုရား များလွန်းသည်။

မင်းတုန်းမင်းကြီးတွင် ရတနာဒေဝီ မိဖုရားခေါင်ကြီးအပြင် အိမ်နိမ့်စံစဉ်က ကောက်ယူတော်မူသော မြောက်နန်းမိဖုရား မယ်သဲ၊ ဘကြီးတော်နှင့် မိဖုရားခေါင်ကြီးမယ်နုက ဖွားမြင်သော အလယ်နန်း မိဖုရား ဆင်ဖြူမရှင်တို့အပါအဝင် ထင်ရှားသော မိဖုရား ၄၅-ပါးရှိသည်။ မိဖုရားများသဖြင့် သားတော် ၅၅-ပါး၊ သမီးတော် ၅၃-ပါး၊ ပေါင်း ၁၀၈-ပါး ထွန်းကားသည်။ ဤသို့ သားတော်၊ သမီးတော်တို့ များသဖြင့်လည်း ထီးနန်းဆက်ခံရေး ရှုပ်ထွေးခဲ့သည်။ မင်းညီမင်းသား များ အသတ်ခံရကာ မြန်မာ့သမိုင်းတွင် အမည်းစက်ထင်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ မြန်မာ့သမိုင်း၌ မင်းတုန်းမင်းကြီးသည် "သဘောပြည့်ဝသည်။ အမြော်အမြင်နှင့် ပြည့်စုံသည်။ ပြည်သူ့အကျိုးကို ကြည့်သည်။ စစ်ကို မလိုလား။ သနားတတ်သူ ဖြစ်သည်။ ရတနာသုံးပါးကို အလွန်လေးစားရိုသေသည်" ဟူ၍ မှတ်တမ်းတင်ခံရသည်။ မင်းတုန်းမင်းကြီးသည် ၁၁၇၆-ခုနှစ်တွင် ဖွားမြင်သည်။ ၁၂၁၄-ခုနှစ်တွင် ဘုရင်ဖြစ်လာသည်။ ၁၂၄၀-ပြည့်နှစ် သက်တော် ၆၄-နှစ်တွင် နတ်ရွာစံသည်။

မင်းတုန်းမင်း၏ အလောင်းတော်ကို မန္တလေးမြို့ နန်းမြို့တွင်း၌ သင်္ဂြိုဟ်၍ အရိုးကို ပြာသာဒ်တည်ထားသည်။ မင်းကြီး နတ်ရွာစံရာ ရွှေနန်းဆောင်ကို သားတော် သီပေါမင်းလက်ထက် ဖျက်၍ အတုမရှိ ကျောင်းတော်ကြီးဝင်းအတွင်း၌ ဖျက်သိမ်းသည့် ပန္နက်ပုံအတိုင်း ရွှေနန်းတော်ကျောင်း ဆောက်လုပ်လှူဒါန်းထားသည်။

ဤသို့လျှင် မင်းတုန်းမင်းကြီးအကြောင်း အရှင်သိရိန္ဒာဘိဝံသသည် တွေးတောဆင်ခြင် သတိသံဝေယူခဲ့သည်။ ထို့နောက် မကြာမီပင် မန္တလေးမြို့သို့ ခွဲခွာ၍ ရန်ကုန်မြို့သို့ ကြွတော်မူလာခဲ့ပေသည်။

http://www.dhammadownload.com



# မန္တလေးမှ ရန်ကုန်သို့

အရှင်သိရိန္ဒာဘိဝံသသည် ၁၃၂၉-ခုနှစ်၊ နယုန်လ (၁၉၆၈-ခုနှစ်၊ ဇွန်လ)၌ ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ်သို့ ပြောင်းရွှေ့တော်မူလာခဲ့သည်။

ထိုအချိန်၌ အရှင်သည် သက်တော် ၂၅-နှစ်အရွယ်သာ ရှိသေးသည်။ မန္တလေး၌ ၅-နှစ်တိုင် ပညာရင်နို့ သောက်စို့ခဲ့သည်။ ထို ၅-နှစ်အတွင်း အရှင်သည် အစိုးရပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။ ဓမ္မာစရိယ စာချတန်းအတွက် ပါရာဇိကဏ်နှင့် အဋ္ဌသာလိနီ ကျမ်းနှစ်ကျမ်းကို ဖြေဆိုအောင်မြင်ပြီးပြီ။ ဓမ္မာစရိယဘွဲ့ရရန် သီလက္ခန် တစ်ကျမ်းသာ ကျန်တော့သည်။ ထို့ပြင် ဝိနယပါဠိ ပါရဂူဘွဲ့ကိုလည်း အောင်မြင်ရရှိပြီးပြီ။ စေတိယင်္ဂဏစာသင်တန်းကိုလည်း အောင်မြင်ပြီးသဖြင့် အဘိဝံသဘွဲ့လည်း ရရှိခဲ့သည်။ ထို့ကြောင့် အရှင်သိရိန္ဒမှ အဘိဝံသဘွဲ့တိုးကာ "အရှင်သိရိန္ဒာဘိဝံသဘွဲ့" ဖြစ်လာသည်။

# ရန်ကုန် မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ်

ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ်သည် ဗဟန်းမြို့နယ်၊ နန္ဒဝန်လမ်း၌ တည်ရှိသည်။ ထိုကျောင်းတိုက်ကို တည်ထောင်သူ ဆရာတော်မှာ အရှင်ဝါသဝါဘိဝံသ ဖြစ်သည်။

အရှင်သိရိန္ဒာဘိဝံသ ပြောင်းရွှေ့ရောက်ရှိချိန်၌ ဆရာတော် ကြီးအရှင်ဝါသဝါဘိဝံသသည် သက်တော် ၆၀-အရွယ်ခန့် ရှိသည်။ ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသသည် ထိုမဟာဝိသုဒ္ဓါရုံ ရွှေကျောင်

http://www.dhammadownload.com



တိုက်သစ်ကို ၁၃၂၀-ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည်။ တည်ထောင်စက စာသင်သံဃာ ၃၀-ခန့်သာ ရှိသည်။ ထို့နောက်မှ စာသင်သံဃာများ တိုးတက်လာသည်။ ၃-နှစ်အတွင်း သံဃာ ၆၀-ကျော်ရှိလာသည်။ စာသင်သံဃာအရေအတွက် တိုးတက်လာသည်နှင့်အမျှ ပရိယတ္တိစာမေးပွဲဟူသမျှတွင် ထိပ်တန်းကချည်း အောင်မြင်လာခဲ့သည်။ ၃-နှစ်အတွင်းမှာပင် ထိုခေတ် နိုင်ငံတော်အစိုးရ သာသနာရေးဌာနက ပါဠိတက္ကသိုလ်ကျောင်းတိုက်အဖြစ် အသိအမှတ်ပြုခဲ့သည်။ ထိုစဉ်က ပါဠိတက္ကသိုလ်ကျောင်းတိုက်အဖြစ် ခံယူနိုင်ရန်မှာ အနည်းဆုံး ပထမကြီးတန်းအောင် သံဃာ ၁၀-ပါး ရှိရမည်။

## ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသ

ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသသည် မန္တလေးမြို့၊ ပရိယတ္တိ ပထမကျော်စာမေးပွဲ၊ အစိုးရ ဓမ္မာစရိယ စာမေးပွဲ၊ သက္ကျသီဟ ဓမ္မာစရိယ စာမေးပွဲစသော နာမည်ကြီး စာမေးပွဲများ၌ ထူးကဲစွာ အောင်မြင်တော်မူခဲ့သော အရှင်မြတ်ဖြစ်သည်။ "အသက် ၂၇-နှစ်၊ ရဟန်း ၇-ဝါရလို့မှ သက္ကျသီဟစာမေးပွဲ မအောင်လျှင် လူထွက်မည်ကွ" ဟု ကြုံးဝါးခဲ့သူ ဖြစ်သည်။ ကြုံးဝါးသည့်အတိုင်းလည်း ခက်ခဲပင်ပန်းလှသဖြင့် "လူသတ်ပွဲ" ဟု ကျော်ကြားလျက်ရှိသော သက္ကျသီဟ ဓမ္မာစရိယ စာမေးပွဲကြီးကို အသက် ၂၇-နှစ်မပြည့်မီ အောင်မြင်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် မန္တလေး၊ အမရပူရ၊ စစ်ကိုင်းမြို့ကြီးများမှ လွန်စွာကျော်ကြားတော်မူသော စာတတ် အကျော်အမော် ဆရာတော်ကြီးများထံတွင် နေ့ဝါ၊ ညဝါများကို ဆရာနည်းရအောင် ကြိုး

http://www.dhammadownload.com



စားသင်ယူခဲ့သူ ဖြစ်သည်။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး၊ မန္တလေးမြို့၊ စိန်ပန်းအရပ်၌ သီတင်းသုံးနေစဉ်က ဆရာတော်သည် တပည့်အဖြစ်ဖြင့် နေခဲ့ဖူးသည်။

ဆရာတော်သည် စာချရာ၌ ဆရာနည်းကျပို့ချနိုင်သည်။ တရားဟောရာတွင်လည်း ဆရာတော်များထံမှ ရရှိခဲ့သော ဩဝါဒ၊ ဗဟုသုတတို့ဖြင့် ဝေဝေဆာဆာ ပြန်လည် ဟောပြောနိုင်သည်။ အလွန်လည်း အလုပ်လုပ်တော်မူသည်။ အချိန်မှန်မှန် စာပေပို့ချသည်။ ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက အဖွဲ့ဝင်အဖြစ်လည်း ဆောင်ရွက်သည်။ ကျောင်းတိုက်သန့်ရှင်းရေးကိုလည်း ဦးဆောင်သည်။ သံဃာအများ ချမ်းသာရေးအတွက် ဆွမ်းခံလည်း ကြွလေ့ရှိသည်။ စာမေးပွဲဖြေဆိုချိန်၌ သံဃာတော်များ ဆွမ်းခံမကြွစေရ။ စာပေကို အာရုံစိုက် ကြည့်ရှုနိုင်ရန် စီစဉ်ပေးသည်။

## စည်းကမ်းရှိသေ

ဆရာတော်သည် စည်းကမ်းကိုလည်း အလွန်ရှိသေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တို့၏ စည်းမျဉ်းအတိုင်း လိုက်နာနိုင်သော သံဃာတော်များကိုသာ လက်ခံသည်။ မြို့ထဲ၌ ပွဲလမ်းသဘင်များ လုပ်လေ့ရှိသည့် သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ သင်္ကြန်၊ လွတ်လပ်ရေးပွဲတို့ကဲ့သို့ ပွဲတော်ရက်များ ရှိပါက တစ်နာရီတစ်ကြိမ် သံချောင်းခေါက်၍ နာမည်ခေါ်ကာ စစ်လေ့ရှိသည်။

အပြစ်ကျူးလွန်သူတွေ့လျှင် ကျောင်းတိုက်မှ အပြီးအပိုင် (သို့မဟုတ်) တစ်ပတ်တန်သည်၊ နှစ်ပတ်တန်သည် နှင်ထုတ်တော်

http://www.dhammadownload.com



မှုသည်။

## အတုယူဖွယ် စည်းကမ်းချက်များ

ဆရာတော်ကြီးသည် ဆွမ်းစားဆောင်တွင် အောက်ပါ ကျောင်းတိုက် စည်းကမ်းချက်များကိုလည်း သေချာကျနစွာ ရေးသား ချိတ်ဆွဲထားသည်။

"ဤကျောင်းတိုက်၌ နေထိုင်လိုသော ပုဂ္ဂိုလ်သည် ဖော်ပြလတ္တံ့သော စည်းမျဉ်းဥပဒေတို့ကို တစ်သဝေမတိမ်း လိုက်နာပါမည်ဟု ကိုယ်တိုင် ကတိပြု ဝန်ခံလက်မှတ်ရေးထိုးပြီးမှသာ နေထိုင်ခွင့်ရပါမည်။

(၁) ဆရာ၊ မိဘ၊ ရဟန်းဒကာ၊ ရဟန်းအမ၊ ရှင့်ဒကာ၊ ရှင့်အမ တစ်ဦးဦးကိုယ်တိုင် ပို့အပ်သူဖြစ်၍ ကျောင်းတိုက်အတွင်း အာမခံ ပုဂ္ဂိုလ် ရှိရမည်။

(၂) နာယကဆရာတော်နှင့် စာချဘုန်းကြီး၊ ဆွမ်းစားကျောင်း ဘုန်းကြီးများ၏ ညွှန်ကြားဆုံးမမှုကို သို့လော၊ သို့လား ဆင်ခြင်မများမူ၍ အမြဲလေးစားလိုက်နာရမည်။

(၃) မြို့၊ ရွာတွင်းသို့ဝင်လျှင် သွား/ပြန် နာယကဆရာတော်ထံ ပန်ကြား၍ ဝိနည်းတော်နှင့်အညီ မချွတ်ဧကန် သက်န်းရုံရမည်။

(၄) ကျန်းမာ၍ အကြောင်းထူးမရှိလျှင် ဆွမ်းခံဝတ်ကို မပျက်စေမူ၍ သံဃာညီညွတ်မှုကို ရှေးရှုလျက် ဆွမ်းစားကျောင်း၌သာ အများနှင့်အတူ ဆွမ်းစားရမည်။

(၅) ယာဝကာလိက ဘောဇဉ်များကိုလည်းကောင်း၊ ယင်းနှင့် ရောစပ်စားသောက်နိုင်သော စားသောက်ဖွယ်တို့ကိုလည်းကောင်း မိမိနေရာ၌ မထားရ။ ဆွမ်းစားကျောင်းသို့သာ ပို့အပ်ထားရမည်။

http://www.dhammadownload.com



(၆) ပြောပလောက်သော ဂိလာနအကြောင်းကို ချန်လှပ်၍ နေ့စဉ် မပျက် ညဥ့်/နံနက် ဝတ်တက်ရာသို့လည်းကောင်း၊ လပြည့် လကွယ် သံဃာ ဥပုသ်ပြုရာသို့လည်းကောင်း၊ ဥပုသ်နေ့ ညစဉ် ရွှေကျင်ဂိုဏ်းကျင့်ထုံး ဩဝါဒ မိန့်ကြားရာသို့လည်းကောင်း မပျက်မကွက် လိုက်ပါရမည်။

(၇) ဆေးလိပ်သောက်ခြင်း၊ နေ့လွဲကွမ်းစားခြင်း၊ ဆေးဝါးခြင်း၊ ဝိနည်းတော်နှင့် မလျော်သော ယာဉ်၊ ရထားစီးခြင်း စသည်တို့မှ လုံးဝ ရှောင်ကြဉ်ရမည်။

(၈) ရုပ်ရှင်ပွဲ၊ ဘောပွဲ၊ အငြိမ့်ပွဲ စသည် သွားရောက်ကြည့်ရှုခြင်း၊ မလျော်သော သင်္ကန်းရောင်ဝတ်ခြင်း၊ အံသကိုဋ် (အင်္ကျီလက်တို)ဝတ်ခြင်း၊ ကွင်းသင်းပိုင်ဝတ်ခြင်းတို့မှ လုံးဝရှောင်ကြဉ်ရမည်။

(၉) တစ်နေ့လျှင် အနည်းဆုံး စာဝါ ၂-ဝါရှိ၍ သတ်မှတ်ပေးသော နေရာ၌သာ စုပေါင်း၍ စာအံခြင်း၊ စာကြည့်ခြင်း ပြုလုပ်လျက် တစ်ပတ် အတွင်း ကျက်စာများကို ဆိုင်ရာ စာချဘုန်းကြီးထံ အမှန်ပြန်ပြရမည်။

(၁၀) ဤကျောင်းတိုက်အတွင်း အချင်းချင်း သွေးကွဲကြောင်းဖြစ် သော အသင်းအပင်းဖွဲ့ခြင်း၊ တစ်ဦးနှင့်တစ်ဦး ချောပစ်ကုန်းတိုက်ခြင်း စသည်မှ ရှောင်ရှားလျက် သံဃာညီညွတ်မှုကို အမြဲလေးစားရှေးရှု နေထိုင် ရမည်။

(၁၁) ဤကျောင်းတိုက်၌ နေထိုင်သမျှ (က) နိုင်ငံရေးမလိုက်စား ခြင်း၊ (ခ) ခေတ်ပညာသင်ကြားခြင်းတို့ကို လုံးဝမပြုလုပ်ပါဟု ဝန်ခံသူဖြစ် ၍ ယင်းဝန်ခံချက်နှင့် အမှန်ညီညွတ်သူ ဖြစ်ရမည်။

(၁၂) ဤကျောင်းတိုက်၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေမည့် အပြောအဆို၊ အပြုအမူများမှ အထူးရှောင်ကြဉ်၍ နေထိုင်ရမည်။

(မှတ်ချက်။ ။ ၁၃၀၇-ခုနှစ်၊ မန္တလေးမဟာဝိသုဒ္ဓါရုံ ဆရာတော် ထုတ်ပြန်တော်မူသော စည်းမျဉ်းဥပဒေကိုသော်လည်းကောင်း၊ ဤစည်းမျဉ်း

http://www.dhammadownload.com



ဥပဒေကိုသော်လည်းကောင်း၊ အခါအားလျော်စွာ ထုတ်ပြန်အပ်သော စည်းမျဉ်းဥပဒေကိုသော်လည်းကောင်း ကျူးလွန်ပါက နာယကဆရာတော်နှင့် စာချဘုန်းကြီးများ၏ ပေးအပ်သော အပြစ်ဒဏ်ကို မသွေမဖီ လိုက်နာခံယူရမည်။)

အရှင်ဝါသဝါဘိဝံသ

(ပဓာန နာယကဆရာတော်)

ဤစည်းမျဉ်းများကို ဖတ်ရှုလေ့လာကာ အရှင်သိရိန္ဒာဘိဝံသသည် နှစ်သက်မိသည်။ အရှင်သည် ဝိနည်းတော်ကို ရိုသေသူလည်းဖြစ်သည်။ စည်းကမ်းကို ရိုသေသူလည်းဖြစ်သည်။ ဤစည်းမျဉ်းများအတိုင်း ဤကျောင်းတိုက်သည် ကောင်းစွာဆောင်ရွက်နိုင်ပါက ကြီးပွားတိုးတက်၍ အရှည်တည်တံ့ ခိုင်မြဲမည်ဟူ၍ ခံယူမိသည်။ သာသနာတော်အတွက်လည်း အားတက်မိသည်။

## စာချ

ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်သို့ ရောက်ရှိ ချိန်၌ အရှင်သိရိန္ဒာဘိဝံသသည် သက်တော် ၂၅-နှစ် အရွယ်သာ ရှိသေးသည်။ ထိုကျောင်းတိုက်၌ အရှင်သည် စာချတာဝန်ကိုလည်း ထမ်းဆောင်သည်။ စာသင်သားအဖြစ်လည်း ခံယူ၍ ပညာဆည်းပူးသည်။

အရှင်သည် ကျောင်းတိုက်ရှိ စာသင်သားများကို တစ်နေ့လျှင် စာ ၂-ဝါပို့ချသည်။ ဆရာသမားကောင်းတို့မည်သည် (၁) မိမိပို့ချသော စာကို အထူးနှံ့စပ် ကျွမ်းကျင်ခြင်းရှိရမည်။ (၂) ဝါသနာထုံ၍ အထူးစိတ်ဝင်စားရမည်။ အထူးနိုးကြား တက်ကြွရမည်။ (၃) စာသင်သားတို့

http://www.dhammadownload.com



၏ အကျိုးကိုလိုလား မေတ္တာထား၍ စေတနာထက်သန်ရမည်။ ရဖို့ ထက် ပေးဖို့သာ အားသန်ရမည်။ (၄) ကိုယ်ကျိုးစွန့်ခွာ အနစ်နာခံနိုင် ရမည်။ အထူးစိတ်ရှည်ရမည်ဟူသော ဆရာသမားကောင်းတို့၏ အ ရည်အချင်းလေးရပ်ကို အရှင်သည် ထိုစဉ်ကပင် ခံယူထားသည်။ ထို ခံယူချက်အတိုင်းပင် လိုက်နာ၍ စာချဆရာတော်တာဝန်ကို အထူး ကြိုးစား ထမ်းဆောင်ခဲ့သည်။

## စာသင်သား

တစ်ဖက်ကလည်း တပည့်ကောင်းပီသစွာဖြင့် အထက်တန်း စာပေ ပရိယတ္တိများကို ကျိုးနွံစွာ၊ ရိုသေစွာ သင်ယူခဲ့သည်။ ဆရာ တော်ကြီး ဦးဝါသဝါဘိဝံသ၊ စာချဆရာတော် ဦးသီလာစာရာဘိဝံသ (၄-ဘွဲ့ရ ယခု ဦးသာဒွေးမြင့်)နှင့် အလယ်တောရ ဆရာတော် ဦးသူရိ ယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)စသော ဆရာတော်များထံ၌ ပါဠိ တော်၊ အဋ္ဌကထာ၊ ဋီကာစသော ပိဋကတ်ကျမ်းစာများကို ဆက်လက် ဆည်းပူးသင်ယူသည်။

အရှင်သိရိန္ဒာဘိဝံသသည် အနေအထိုင်လည်း ကျစ်လျစ် သည်။ အပြင်ထွက်၍ သွားလာလည်ပတ်ခြင်းလည်း မရှိ။ စကားကို လည်း အပိုမပြော။ ဝိနည်းကို အထူးလေးစားစွာ လိုက်နာသည်။ အရှင့်ကို ကြည့်လိုက်လျှင် စာချချိန်၊ စာသင်ယူချိန် မဟုတ်သော အချိန်များတွင် အနားယူလေ့မရှိ။ အမြဲတမ်းလိုလို စာကြည့်၊ စာဖတ်၊ စာမှတ်၊ စာရေးနေသည်ကိုသာ တွေ့ရသည်။

http://www.dhammadownload.com



## အရှင်ဝါသဝါဘိဝံသနှင့် အရှင်သိရိန္ဒာဘိဝံသ

ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသသည် စကားအလွန်နည်းသူ ဖြစ်သည်။ စကားကို အပိုပြောလေ့မရှိ။ ပြောသည့်အခါ၌လည်း အသံတိုးတိုးနှင့် ယဉ်ယဉ်လေးပင် ပြောတတ်သည်။ သို့ရာတွင် ကျောင်းတိုက်၏ စည်းကမ်းကို ဖောက်ဖျက်သူ၊ အပြစ်ကျူးလွန်သူများကိုကား ရိုက်သည်ထက်နာအောင် ဆိုဆုံးမတတ်သည်။

ဆရာတော်ကြီးသည် အရှင်သိရိန္ဒာဘိဝံသ၏ အနေအထိုင်၊ အပြောအဆို၊ အပြုအမူ စသည်တို့ကို နှစ်သက်မဆုံး ရှိသည်။ တစ်ခါဖူးမျှ ပြစ်တင်ဆိုဆုံးမခဲ့ခြင်းမျိုး မရှိခဲ့ပေ။

သို့သော် အခြားစာသင်သားများကဲ့သို့ အရှင်သိရိန္ဒာဘိဝံသ၏ စာအံသံ၊ စာကျက်သံကို မကြားရသောအခါ စိတ်ထဲ၌ တစ်မျိုးဖြစ်မိသည်။ အထက်တန်း ပိဋကတ်စာပေများကို အသက်ထွက်မဟတ် ကျက်နိုင်၊ အံနိုင်၊ ကြိုးစားနိုင်မှ အောင်မြင်ကြသည်ကို မိမိကိုယ်တော်တိုင် ကြုံဖူးသည်။ မြင်ဖူးသည်။ ယခု အရှင်သိရိန္ဒာဘိဝံသထံမှ စာကျက်သံ၊ စာအံသံ မကြားရသောအခါ ထူးဆန်းသလိုလိုဖြစ်နေသည်။ အားမလိုအားမရ ဖြစ်နေသည်။ သို့ရာတွင် အရှင်သိရိန္ဒာဘိဝံသကို ကြည့်လိုက်သောအခါ အမြဲတမ်းလိုလို စာကြည့်နေသဖြင့် စာမကြိုးစားသူဟူ၍လည်း သတ်မှတ်၍မရ။ ဆိုဆုံးမခြင်းလည်း မပြုနိုင်။

## အောင်ပွဲဆင့်ဆင့် နွှဲတိုင်းတင့်

အရှင်သိရိန္ဒာဘိဝံသကား စာကျက်မှန်းကို အများက မသိနိုင်

http://www.dhammadownload.com



သော အသံတိတ်နည်း၊ စိတ်မှတ်နည်းဖြင့် မှန်မှန်ကျက်မှတ်လျက်ပင် ရှိသည်။ ဤသို့ဖြင့် အရှင်သည် စာမေးပွဲအလီလီကို ဝင်ရောက်ဖြေဆိုသည်။ ထူးချွန်စွာလည်း အောင်မြင်သည်။

အရှင်သိရိန္ဒာဘိဝံသသည် ၁၃၂၉-ခုနှစ်တွင် အစိုးရဓမ္မာစရိယတန်း၌ တစ်နိုင်ငံလုံးတွင် အမှတ်အများဆုံးဖြင့် အောင်မြင်တော်မူသည်။ သာသနဓဇ ဓမ္မာစရိယဘွဲ့ကိုသာမက အဂ္ဂမဟာအကျော်ဘွဲ့ထူးကိုပါ ဆွတ်ခူးအောင်မြင်ခဲ့သည်။ ထိုအချိန်၌ သက်တော် ၂၅-နှစ်သာ ရှိသေးသည်။

ထို့နောက် အရှင်သည် ၁၃၃၀-ပြည့်နှစ်တွင် မန္တလေးမြို့၊ သကျသီဟစာမေးပွဲ စာသင်တန်းကို နံပါတ်တစ် အမှတ်အများဆုံးဖြင့် အောင်မြင်တော်မူသည်။ တစ်ဖန် ၁၃၃၁-ခုနှစ်တွင် ရန်ကုန်မြို့၊ စေတိယင်္ဂဏ စာချတန်းကို အောင်မြင်တော်မူပြန်သည်။ "သိရိန္ဒာဘိဝံသ စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက" ဘွဲ့ကို ရရှိတော်မူသည်။ ထို့နောက် ၁၃၃၂-ခုနှစ်တွင် အလွန်ခက်ခဲလှသော သကျသီဟ စာချတန်းကို နံပါတ်တစ်ဖြင့် အောင်မြင်ပြန်သည်။ "သိရိန္ဒာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့" ကို ရရှိသည်။ အဘိဝံသနှစ်မျိုး ရရှိသော ရဟန်းထူး၊ ရဟန်းမြတ်ပင်တည်း။

## တိပိဋကဓရ လမ်းစ

ဤသို့ ပထမပြန် စာမေးပွဲအမျိုးမျိုးကို အရှင်သိရိန္ဒာဘိဝံသ အောင်မြင်သည်ကို ဆရာတော်ကြီး ဦးဝါသဝါဘိဝံသ တွေ့မြင်ရသော အခါ ချီးကျူးအံ့သြမဆုံး ရှိခဲ့သည်။

"ဦးသိရိန်၊ ဒီစာတွေ ဘယ်အချိန်မှာ ဘယ်လိုလုပ် ကျက်

http://www.dhammadownload.com



ထားသလဲ။ စာကျက်တာလဲ မတွေ့ရ၊ စာအံသံလဲ မကြားရပါလား။ သူများတွေ သကျသီဟစာမေးပွဲ လုပ်ပြီဆိုရင် အသက်ထွက်မတတ် ကျက်နိုင်၊ အံနိုင်၊ ကြိုးစားနိုင်မှ အောင်တတ်ကြပါတယ်။ ကိုယ်တော့်ဟာကတော့ တစ်မျိုးပါလား" ဟူ၍ မေးမြန်းတော်မူသည်။

"မှန်ပါ။ ဘုရားတပည့်တော်လဲ ကြိုးစားသင့်သလောက်တော့ ကြိုးစားရတာပါပဲ ဘုရား။ ဒါပေမဲ့ ဘုရားတပည့်တော်နည်းက စာကျက်ပေမယ့် စာကျက်မှန်းကို အများကမသိနိုင်တဲ့ အသံတိတ်နည်း၊ စိတ်မှတ်နည်းပါဘုရား။ တပည့်တော်ကျက်မှတ်တဲ့ အသံတိတ်နည်းက လေနာထခြင်းစတဲ့ ရောဂါကလဲ ကင်းဝေးပါတယ်ဘုရား။ တပည့်တော်ရဲ့အသံကြောင့် သူတစ်ပါးလဲ အနှောင့်အယှက် မဖြစ်ဘူးဘုရား။ နောက်ပြီး စိတ်ထဲမှာ စွဲမြဲနေတော့ ဖြေဆိုရာမှာ ပိုမိုခရီးရောက်ပါတယ်ဘုရား" ဟူ၍ ဦးသိရိန်က ပြန်လည်လျှောက်ထားသည်။

"ဩော် ဒီလိုလား၊ ဒီလိုဆို ကိုယ်တော့်နည်းနဲ့သာဆိုရင် ပိဋကတ်သုံးပုံကိုကျက်ရင်တောင် မပင်မပန်း သက်သက်သာသာနဲ့ ပြီးသွားနိုင်တယ်။ ဖြစ်နိုင်ရင် ပိဋကတ်သုံးပုံကို ဆက်ပြီး ကျက်ပါဦး။ တိပိဋကဓရ စာမေးပွဲ ဝင်ဖြေပါဦး။"

"တပည့်တော် ပိဋကတ်သုံးပုံကိုလဲ တစ်ဖက်က ကြိုးစားကျက်မှတ်နေပါတယ်ဘုရား။ တိပိဋကဓရ စာမေးပွဲဖြေဖို့ မရည်ရွယ်ပါဘူးဘုရား။ ဘုရားဟော ပိဋကတ်တော်တွေကို ကြည်ညိုလွန်းလို့ သိချင်တာသက်သက်နဲ့ လေ့လာကျက်မှတ်နေတာပါဘုရား။ ဟစ်နည်းအားဖြင့် နှလုံးသားမှာ ဘုရားတည်ချင်လို့ လေ့လာကျက်မှတ်နေတာပါဘုရား။"

"ဦးသိရိန်၊ တိပိဋကဓရ စာမေးပွဲ ဝင်ဖြေစမ်းပါ။ ပိဋကတ်သုံးပုံကို အခုလို ရိုးရိုးကျက်မှတ်နေတာထက် တိပိဋကဓရစာမေးပွဲ ဝင်

http://www.dhammadownload.com



ဖြေနိုင်အောင် ရည်ရွယ်ပြီး ကြိုးစားစမ်းပါ။"

ဤသို့ ဆရာတော်ကြီး၏ တိုက်တွန်းချက်ကြောင့် အရှင်သိ ရိန္ဒာဘိဝံသသည် တိပိဋကဓရလမ်းစသို့ ရောက်မှန်းမသိ ရောက်သွား လေတော့သည်။

## အသားလွတ်စား သွေးသားစင်ကြယ်

အရှင်သိရိန္ဒာဘိဝံသသည် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက်ရှိပြီး ၈-နှစ်အကြာတွင် အသက်သတ်လွတ်ကို စတင်ဘုဉ်းပေး ခဲ့သည်။ ၁၃၃၇-ခုနှစ်၊ သက်တော် ၃၃-နှစ်အရွယ်မှစ၍ ကျန်းမာရေး ကို အကြောင်းပြုကာ အသက်သတ်လွတ် ဘုဉ်းပေးခဲ့သည်။ ယနေ့ တိုင်ဖြစ်သည်။

"အသက်သတ်လွတ် ဘုဉ်းပေးတဲ့အတွက် ဦးပဉ္ဇင်းမှာ ခံစား နေရတဲ့ ရောဂါအချို့ လုံးဝပျောက်ကင်းသွားတယ်။ စိတ်ကြည်လင် ခြင်း၊ သွေးသားစင်ကြယ်၍ ကျန်းမာခြင်း၊ အစားအသောက်တာဝန် ပေါ့ခြင်းစတဲ့ ကောင်းကျိုးများစွာတို့ကို ရရှိခဲ့တယ်။ အကျင့်ထူးကြီး တစ်ခုလုပ်ပြီး ကျင့်နေတာတော့ မဟုတ်ပါဘူး" ဟူ၍ အရှင်သိရိန္ဒာ ဘိဝံသက ဖွင့်ဟမိန့်ဆိုတော်မူခဲ့သည်။

## ကမ္ဘာအရပ်ရပ်မှ အသက်သတ်လွတ်စားသူများ

ကမ္ဘာပေါ်တွင် အသက်သတ်လွတ်စားသူ အတော်များများ ရှိသည်။ ယင်းတို့တွင် ဆရာဝန်ကြီးများ၊ ဆေးပညာရှင်ကြီးများ၊ ဉာဏ် ကြီးရှင်ကြီးများ၊ စာပေပညာရှင်ကြီးများ၊ သိပ္ပံပညာရှင်ကြီးများ၊ အား

http://www.dhammadownload.com



ကစားထူးချွန်သူများ စသည်တို့ပါဝင်သည်။ ဆရာဝန်ကြီးများနှင့် ဆေးပညာရှင်ကြီးများသည် ကျန်းမာရေးကို အကြောင်းပြု၍ အသက်သတ်လွတ် စားကြသည်။ ကမ္ဘာကျော် အချို့ပညာရှင်ကြီးများကမူ တိရစ္ဆာန်များကို ညှဉ်းပန်းမှုမှ တားမြစ်ကာကွယ်သောအနေဖြင့် အသက်သတ်လွတ်စားကြသည်။

အချို့ ဆရာဝန်ကြီးများ၊ ဆေးပညာရှင်ကြီးများကမူ မိမိတို့ကိုယ်တိုင် အသက်သတ်လွတ် စားရုံမျှမက အသက်သတ်လွတ်စားခြင်းသည် ကျန်းမာရေးကို အထောက်အကူပြုကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ ရေးသားကြသည်။

## အစာအာဟာရပါရဂူ ဒေါက်တာ ဗောလ်မာ

အမေရိကန်နိုင်ငံရှိ အစာအာဟာရပါရဂူ ဒေါက်တာ ဗောလ်မာ (Dr. H.W. Vollmer)က ပဲအမျိုးမျိုး၊ အစေ့အဆန်အမျိုးမျိုး၊ ဟင်းသီးဟင်းရွက် အမျိုးမျိုး၊ သစ်သီးဝလံအမျိုးမျိုး၊ ဂျုံနှင့် စပါးအမျိုးမျိုး စသည်တို့တွင် ပါဝင်သော ဓာတ်ဩဇာများသည် လူတို့အား သန့်ရှင်းသော အသွေးအသားများ ဖြစ်စေသည်။ ထို့ပြင် ယင်းဓာတ်များ အကျိုးပြုပုံမှာ အသားထက် သာလွန်ကောင်းမွန်လျက် ဥပါဒ်အန္တရာယ်အသွယ်သွယ် များစေသော ရောဂါပိုးမွှားများမှ ကင်းလွတ်ကြစေလေသည်” ဟု ကြေညာခဲ့လေသည်။

## ဒေါက်တာ ဘာချာ၏အဆို

ထို့ပြင် ဂျာမန်နိုင်ငံမှ အစာအာဟာရ ပါရဂူ ဒေါက်တာ

http://www.dhammadownload.com



ဘာချာ (Dr. Ralph Bircher)က "လူ့သဘာဝ အစဖြစ်သော အရွက် စိမ်းများ၊ ကောက်ပဲသီးနှံများနှင့် အပင်မှရရှိနိုင်သော လတ်ဆတ်သည့် အစာများတွင် လူ၏ခန္ဓာကိုယ်အတွက် ပရိုတိန်းဓာတ် စသည်တို့ ပါဝင် နေသည်။ ထို့ကြောင့် လူတို့သည် အသားမပါဘဲ အသက်ရှင်နိုင်သည့် အပြင် ကျန်းမာရေးအဆင့်အတန်းသည် ပိုမိုတိုးတက်စေလေသည်" ဟူ၍ ဆိုထားပေသည်။

## ဒေါက်တာဟိတ်၏အဆို

ထို့ပြင် ဆရာဝန်ကြီး ဒေါက်တာဟိတ် (Dr.Alexande Haig. F.R.C.P)က "အသားတွင် ယူရစ်အက်ဆစ် အဆိပ်ဓာတ် လွန်ကဲစွာ ပါဝင်သည်သာမက ဩဇာဓာတ်ကင်းမဲ့၍ အလွန်ဆိုးဝါးသော ဓာတ် ဟောင်း၊ ဓာတ်ဆွေး၊ ဓာတ်ပျက်များလည်း ပါဝင်နေသည်။ ယင်းဓာတ် တို့ကို စားသုံးခြင်းဖြင့် ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများကို ထိခိုက် ပျက်စီး ချို့ယွင်းစေသည်။ မဖြစ်သင့်သော အနာဆိုး၊ ရောဂါဆိုး၊ ဘေး ဥပါဒ် အမျိုးမျိုးတို့ကို ဖြစ်ပေါ်စေသည်။ ထိုအချက်ကို ဆရာဝန်ကြီး ပေါင်းများစွာတို့က သက်သေသာဓကများနှင့်တကွ အလေးအနက် ထောက်ခံ တင်ပြထားသည်ကို တွေ့ရသည်" ဟူ၍ ရေးသားဖော်ပြ ခဲ့သည်။

## အသားစားခြင်းနှင့် ကင်ဆာရောဂါ

လန်ဒန်မြို့၊ ကင်ဆာရောဂါကုဆေးရုံကြီး၏ အကြီးအမှူး ဆရာဝန်ကြီး မာစဒင် (Alex Marsden. M.D.F.R.C.S)ကမူ "ယခုခေတ်

http://www.dhammadownload.com



၌ ကြောက်မက်ဖွယ်ကောင်းအောင် ပြန့်ပွားလျက်ရှိသော ရောဂါဆိုးကြီးတစ်ခုသည်ကား ကင်ဆာခေါ် အနာ့ပဆုပ် ရောဂါတစ်မျိုးပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ၎င်းရောဂါဆိုးမှ ကာကွယ်ရန်အထူးဆောင်ရွက်သင့်လှပေသည်။ မည်သို့ ဆောင်ရွက်ရမည်နည်းဟူမူ ကင်ဆာရောဂါ ဖြစ်ပွားလာရခြင်း၏ အကြောင်းရင်းပဓာနဖြစ်သောသတ္တဝါတို့၏ အသွေးအသားကို မှီဝဲစားသောက်ခြင်းမှ ရှောင်ကြဉ်ခြင်းပင် ဖြစ်ပေသည်" ဟူ၍ အတိအလင်း ဖော်ပြရေးသားထားသည်။

## ဒေါက်တာ ရောဘတ်ဘဲလ်၏အဆို

ထိုမျှမက ကင်ဆာရောဂါအထူးကုဆရာဝန်ကြီး ရောဘတ်ဘဲလ် (Robert Bell, M.D, F.R.C.S)က "ကင်ဆာရောဂါသည် မကပ်ငြိမဖြစ်ပွားမီအခါကပင် ကြိုတင်ကာကွယ်နိုင်စွမ်းရှိသည်ဟူသောဆရာဝန်အပေါင်း၏ မိန့်ဆိုချက်ပေါ်တွင် ကျွန်ုပ်တို့သည် စိုးစဉ်းမျှယုံမှားဒွိဟမရှိချေ။

"ဤကြောက်မက်ဖွယ်ကောင်းလှသော ကင်ဆာရောဂါဆိုးကြီးသည် လူတို့၏ မှားယွင်းသော တိရစ္ဆာန်အသားစားမှုကြောင့်သာဖြစ်ပေါ်လာရခြင်းမှာ အမှန်မုချဖြစ်သည်။ လူတို့သည် ယဉ်ကျေးသည်ဟု ဝါကြွားကာ အပုပ်၊ အညှီ၊ အဟောက်၊ အချဉ်ပေါက်သည့်တိရစ္ဆာန်အလောင်းကောင်ကို ခုတ်ထစ်၍ နှစ်ခြိုက်စွာ မှီဝဲနေလေ့ရှိသော ဖြစ်အင်မှာ များစွာပင် ဝမ်းနည်းဖွယ်ကောင်းလေတော့သည်" ဟူ၍ ဖွင့်ဆိုရေးသားထားပေသည်။

ထို့ပြင် ဆရာဝန်ကြီး ရောဘတ်ဘဲလ်က "ကျွန်ုပ်တို့ ဇကန် ဒိဋ္ဌသိရှိထားကြသည့်အချက်သည်ကား အသားစားသူများတွင် မစား

http://www.dhammadownload.com



သူများမှာထက် ယူရစ်အက်ဆစ်ခေါ် အဆိပ်ဓာတ်သည် ၃၊ဆမက ပိုမိုများပြား ဖြစ်ပေါ်တည်ရှိနေတတ်သည်။ ထို့ကြောင့် ကျောက်ကပ်မှ စွန့်ပယ်ရသော ယူရိယာခေါ် အညစ်အကြေးသည်လည်း ၂-ဆမက ပိုမိုဖြစ်ပေါ်နေပေသည်။ သို့ဖြင့် ဤအရေးကြီးသော ကျောက်ကပ် သည် အသားစားခြင်းကြောင့် မိမိသဘာဝအလျောက် ဆောင်ရွက် ရမည့် ဝတ္တရားများထက် ပိုမိုအားထုတ် ဆောင်ရွက်ကြရလေသည်။ ထိုသို့ဖြစ်ရကား ဤပြင်းပြလှစွာသော အဆိပ်ဓာတ်ကြောင့် ဖြစ်ပွားရ သည့် ဒူလာ၊ မီးယပ်၊ အကြောအခြင်နာခြင်း၊ ရောင်ရမ်းခြင်း၊ တောင့် တင်းခြင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်း နာကျင်ခြင်းစသော ရောဂါတို့ သည် လူတို့အား ဖိစီးနှိပ်စက်လျက် ရှိနေခြင်းမှာ အံ့သြဖွယ်ရာ မဟုတ် ပေ" ဟူ၍လည်း အတိအလင်း ရေးသားဖော်ပြထားသည်။

## ဇီဝဋ္ဌာယီ ဦးစံလှ၏ သုတေသနပြုချက်

အထက်ပါအချက်တို့မှာ ဇီဝဋ္ဌာယီ ဦးစံလှ သုတေသနပြု၍ ရေးသားတင်ပြထားသော ကျန်းမာရေးဆိုင်ရာ အချက်ပေါင်းများစွာ ထဲမှ အချို့မျှသာဖြစ်သည်။ ဇီဝဋ္ဌာယီ ဦးစံလှသည် မြန်မာနိုင်ငံ၌ "ဇီဝ ဋ္ဌာယီအဖွဲ့" ဟူသော သက်သတ်လွတ်စားသောက်ရေး အဖွဲ့ကို ၁၉၃၂-မှစ၍ တည်ထောင်ခဲ့သူဖြစ်သည်။ ထိုအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံရှိ ထိုအဖွဲ့နည်း တူ ကမ္ဘာ့နိုင်ငံပေါင်းများစွာတွင် သက်သတ်လွတ်စားသောက်ရေး အဖွဲ့ပေါင်းများစွာ ရှိသည်။ ထိုအဖွဲ့တို့သည် လန်ဒန်မြို့ အပြည်ပြည် ဆိုင်ရာ သက်သတ်လွတ်အဖွဲ့ချုပ်ကြီး (International vegetation Union) နှင့် ဆက်သွယ်ထားကြသည်။ ထိုအချိန်က ထိုအဖွဲ့၏ ဥက္ကဋ္ဌ

http://www.dhammadownload.com



မှာ စပိန်နိုင်ငံမှ မင်းသားကြီး၊ သူဌေး ဝပ်လင်ကာလာ (Woodland Kahler) ဖြစ်သည်။ ဒုတိယဥက္ကဋ္ဌမှာ မြန်မာနိုင်ငံမှ ဇီဝဗ္ဗာယီ ဦးစံလှ ဖြစ်သည်။

## သက်သတ်လွတ်စားခြင်းနှင့် ကာယစွမ်းအား

ဦးစံလှသည် သက်သတ်လွတ်စားခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို သုတေသနပြု၍ စာအုပ်များ ရေးသားပြုစု ထုတ်ဝေခဲ့သည်။ သူသည် သက်သတ်လွတ်စားခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်ရုံသာမက ကိုယ်ခန္ဓာနှင့် စိတ်ဓာတ်အင်အား ကြံ့ခိုင်သန်စွမ်းနိုင်မှုကိုလည်း သုတေသနပြု၍ တင်ပြခဲ့သည်။ ကမ္ဘာပေါ်ရှိ သက်သတ်လွတ်စားသူများထဲတွင် အားခွန်ဗလ၊ သတ္တိဗျတ္တိ၊ ဉာဏစွမ်းအား စသော အရည်အချင်းများနှင့် ပြည့်ဝသည့် နာမည်ကျော် ပါရှားဘုရင်ကြီး ဆီးရတ် (Cyrus the Great) ပါဝင်သည်ကိုလည်း တင်ပြထားသည်။ ဩစတြေးလျနိုင်ငံသား မာရေရိုဇ်် (Muray Rose) သက်သတ်လွတ်စားသည်ကိုလည်း တင်ပြထားသည်။ မာရေရိုဇ်သည် အသက် ၁၇-နှစ်အရွယ်၊ ၁၉၅၈-ခုနှစ်၌ အိုလံပစ်ရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ် ၃-ခု ဆွတ်ခူးရရှိခဲ့သူ ဖြစ်သည်။

ထို့ပြင် ဩစတြေးလျနိုင်ငံသား ဒေ့ဗ်ကေလာ (Dave Keller) သည် သက်သတ်လွတ်စားသူဖြစ်သည်။ စက်ဘီးပြိုင်ပွဲများတွင် ဗိုလ်စွဲ၍ အားကစားလောကတွင် ထင်ရှားသူဖြစ်သည်။ မိုင်ပေါင်း ၉၂၀-ခရီးကို ၂-ရက်၊ ၃-နာရီနှင့် ၂၄-မိနစ်မျှဖြင့် အောင်မြင်စွာ စီးနိုင်ခဲ့သူ ဖြစ်သည်။

ထို့ပြင် ဗြိတိန်နိုင်ငံသား သက်သတ်လွတ်စားသူ ဂျော့အယ်

http://www.dhammadownload.com



လာ (George Alar) အကြောင်းကိုလည်း တင်ပြသည်။ သူသည် ဗြိတိန်နိုင်ငံ မြောက်ဘက်အစွန်ဆုံးမှ တောင်ဘက်အစွန်ဆုံးအထိ မိုင်ပေါင်း ၈၄၀-ကို မရပ်မနား လမ်းလျှောက်ခဲ့သူဖြစ်သည်။ တနင်္ဂနွေနေ့မှလွဲ၍ ကျန် ၆-ရက်တွင် လမ်းလျှောက်ခဲ့ရာ ပျမ်းမျှခြင်းအားဖြင့် တစ်နေ့လျှင် မိုင်ပေါင်း ၆၀-လျှောက်နိုင်ခဲ့သည်။ ထိုစံချိန်ကို ယနေ့တိုင် မည်သူမျှ မချိုးနိုင်သေးပေ။

ဇီဝဌာယီ ဦးစံလှသည် ထိုထို အားကစားချန်ပီယံပေါင်းများစွာကို တင်ပြပြီးနောက် ကမ္ဘာကျော်ဉာဏ်ကြီးရှင်များ၊ ပညာရှင်များ၊ စာပေပညာရှင်များတို့ကိုလည်း သုတေသနပြု၍ တင်ပြခဲ့သည်။

## သက်သတ်လွတ်စားသော ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးအချို့

သူတင်ပြသော ပုဂ္ဂိုလ်များတွင် ဂရိလူမျိုး သင်္ချာပါရဂူ ပိုက်သာဂိုးရပ် (Pythagorus, 570 BC)လည်း ပါဝင်သည်။ သမိုင်းဖခင်ကြီး ဟီရိုဒိုတပ် (Herodotus, 484 BC) လည်း ပါဝင်သည်။ ရောမလူမျိုး ကမ္ဘာကျော်ဆရာကြီး အိုဗစ် (Ovit, 43 BC)လည်း ပါဝင်သည်။ အတွေးအခေါ်ပညာရှင်များဖြစ်သော ဆိုကရေးတီး (Socrates)၊ ပလေတို (Plato) စသည့် ပညာရှင်ကြီးများလည်း ပါဝင်သည်။ ထို့ပြင် ကမ္ဘာကျော် ရုရှစာရေးဆရာကြီး တော်စတွိုင်း (Leo Tolstoy)၊ အင်္ဂလိပ်စာရေးဆရာကြီး ဘားနတ်ရှော (Banard Shaw)စသည့် စာပေပညာရှင်ကြီးများလည်း ပါဝင်သည်။

http://www.dhammadownload.com



## ဘားနတ်ရှော၏ ခံယူချက်

စာရေးဆရာကြီး ဘားနတ်ရှောက "ကျွန်ုပ်တို့သည် တိရစ္ဆာန်တို့အား ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်လျက် အသားကို စားနေသမျှကာလပတ်လုံး ကမ္ဘာပေါ်တွင် စစ်မက်ရေးရာများသည် ရှိမြဲရှိနေမည်" ဟူ၍ပင် ရေးသားခဲ့သည်။

ထိုပုဂ္ဂိုလ်ကြီးက ဆက်လက်၍ "အကယ်၍သာ ကျွန်ုပ်သည် ကမ္ဘာ့အာဏာရှင်ကြီးဖြစ်အံ့။ ထိုအခါဝယ် ကျွန်ုပ်သည် သဘာဝဓမ္မအတိုင်းသာ ဖြစ်ပေါ်သော အစာရေစာဖြင့် လူအပေါင်းတို့၏ ကျန်းမာရေး၊ အနာကင်းမဲ့ရေး၊ အားအင်ပြည့်ဖြိုးရေး စသည်တို့ကို ဖြစ်အောင် ဆောင်ရွက်မည်။ ထိုအခါ အရက်သေစာ၊ ငါး၊ အသား၊ ငှက် စသည်တို့ကို စားသုံးရန် လိုတော့မည်မဟုတ်ပေ" ဟူ၍ပင် ရေးသားခဲ့သည်။

## တော်စတွိုင်း၏ခံယူချက်

ကမ္ဘာကျော် ရုရှားစာရေးဆရာကြီး (စစ်နှင့်ငြိမ်းချမ်းရေး ဝတ္ထုကြီးကိုရေးသူ) တော်စတွိုင်းကမူ "အကယ်၍ လူတစ်ဦးတစ်ယောက်သည် လောကုတ္တရာရေးရာ အားထုတ်ခြင်း၌ တကယ်စိတ်ဝင်စားမှုရှိလျှင် ထိုသူ့အဖို့ ရှေးဦးစွာ ပထမဆောင်ရွက်ရမည့် ဝတ္တရားသည်ကား အသားစားမှုမှ ရှောင်ကြဉ်ရန်ဖြစ်သည်။ အကြောင်းကား အသားသည် လူတို့အား စိတ်၏အုပ်ထိန်းမှုကို အနှောင့်အယှက်ပေးစေသည့်အပြင် လောဘ၊ ဒေါသ၊ ရာဂ စသော မလိုလားဖွယ်ရာတရားများကို တိုးပွားစေလေသည်။ အမှန်မှာ အသားစားမှုသည် သက်ရှိသတ္တဝါ

http://www.dhammadownload.com



သတ်မှုကိုဖြစ်စေသောကြောင့် ဒုစရိုက်မှု ကေန် ဖြစ်ရလေတော့သည်" ဟူ၍ မိမိ၏ခံယူချက်ကို ရဲဝံ့စွာ ထုတ်ဖော်ရေးသားခဲ့သည်။

အဆိုပါ စာရေးဆရာကြီး တော်စတွိုင်း၏ နှမတစ်ယောက် သည် အသားကို အလွန် ခင်မင်နှစ်ခြိုက်လျက် သက်သတ်လွတ်စာ ကို အလျှဉ်းမစားနိုင်သူ ဖြစ်သည်။ တစ်နေ့သ၌ ထိုနှမသည် တော် စတွိုင်းတို့၏အိမ်သို့ အလည်အပတ် ရောက်လာသည်။ ဆရာကြီး တော်စတွိုင်း၏ သားသမီးများက မိမိတို့အိမ်မှာ အသက်သတ်လွတ် စားသော အိမ်ဖြစ်သဖြင့် မည်သို့ဧည့်ခံကျွေးမွေးရမည်ကို မသိသဖြင့် ဖခင်ကြီးအား မေးမြန်းသည်။

ထိုအခါ တော်စတွိုင်းက ကြက် ၁-ကောင်ကို နှမဖြစ်သူ (ဧည့် သည်) ထိုင်မည့်နေရာနားရှိ စားပွဲခြေထောက်တွင် ချည်နှောင်ထား စေသည်။ အနီးအနား၌ သားလှီးဓားတစ်ချောင်းကိုလည်း ထားစေ သည်။

နှမရောက်လာ၍ ထမင်းစားပွဲ၌ ထိုင်သောအခါ တော်စတွိုင်း က "နှမလေးဟာ အသားကို ဘယ်လောက်ကြိုက်နှစ်သက်တယ်၊ ဘယ်လောက်စွဲလမ်းတယ်ဆိုတာကို သိပါတယ်။ အစ်ကိုကြီးတို့က လည်း ဧည့်ဝတ်ကျေအောင် ပြုစုလိုပါတယ်။ သို့သော်လည်း အိမ်မှာ အသက်သတ်ဖို့လူက တစ်ယောက်တစ်လေမျှ မရှိလို့ အခက်ကြုံနေရ ပါတယ်။ ဒါကြောင့် အသားရရှိဖို့အတွက် နှမလေးကိုယ်တိုင် လုပ် ဆောင်မှ အောင်မြင်နိုင်မယ့် နည်းလမ်းတစ်ခုပဲ ရှိပါတယ်။" ဟု ဆို သည်။ ထို့နောက် သားလှီးဓားနှင့် ကြက်ကို ညွှန်ပြသည်။

ထိုအခါ တော်စတွိုင်း၏နှမသည် ကြက်ကို မသတ်ရဲတော့ ပေ။ စားပွဲပေါ် ရှိ ဟင်းသီးဟင်းရွက်စသော သက်သတ်လွတ် အစာများ ကိုသာ မှီဝဲလျက် ရောင့်ရဲတင်းတိမ်ခဲ့ရပေသည်။

http://www.dhammadownload.com



ဤသည်တို့ကား ဇီဝဗ္ဗဒါယီ ဦးစံလှ သုတေသနပြု၍ တင်ပြချက်များဖြစ်သည်။ သက်သတ်လွတ်စားမှုဆိုင်ရာ ထိရောက်သော အကြောင်းပြချက်များ ဖြစ်ပေသည်။

## ပါမောက္ခဆရာဝန်ကြီးနှင့် သက်သတ်လွတ်စားခြင်း

အသက်သတ်လွတ် စားခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်ပုံကို ရန်ကုန်ဆေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခ ဆရာဝန်ကြီးတစ်ဦးက ရေးသားတင်ပြထားသည်မှာ အလွန်မှတ်သားဖွယ်ကောင်းလှသည်။ ထိုအငြိမ်းစားပါမောက္ခဆရာဝန်ကြီးသည် "အညတြဆရာဝန်" ကလောင်အမည်ဖြင့် မြတ်မင်္ဂလာစာစောင်၌ ဆောင်းပါး ရေးသားတင်ပြခဲ့သည်။ ထိုဆောင်းပါးမှာ "အသက်ရှည်လိုလျှင်" ဟူသော ဆောင်းပါးဖြစ်သည်။

ဆောင်းပါးတစ်နေရာတွင် ပါမောက္ခဆရာဝန်ကြီးက အောက်ပါအတိုင်း ရေးသားထားသည်။

"လူတိုင်း ခံတွင်းတွေ့နေသည့် အမဲသား၊ ဝက်သား၊ ကြက်သားတို့တွင် ပရိုတင်းဓာတ် ၁၇-ရာခိုင်နှုန်း၊ ၁၈-ရာခိုင်နှုန်း ပါရှိသည်။ ဆိတ်သားမှာ ၁၃-ရာခိုင်နှုန်းသာ ပါရှိသည်။ ပဲအမျိုးမျိုးမှာလည်း အသားနည်းတူ ပရိုတင်းဓာတ် ပါရှိသည်။ ထူးခြားချက်မှာ ပဲပုပ်ပဲတွင် အမဲသားထက် ပရိုတင်း ၂-ဆပါရှိပြီး ခန္ဓာရှိ ကလာပ်စု (ဆဲလ်)များက လိုအပ်သည့် ပရိုတင်းဓာတ် လုံလောက်စွာ ပါရှိသည်။ ပဲပုပ်ပဲမှာ ပရိုတင်းဓာတ် ၃၉-ရာခိုင်နှုန်း ပါရှိပါသည်။

အနောက်ဥရောပနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်တို့မှ ဆေးသုတေသီများ ခံယူချက်မှာ တိရစ္ဆာန်များ၏အသားကို မှီဝဲစားသောက်

http://www.dhammadownload.com



မှ ခန္ဓာထွားကျိုင်း ကျန်းမာသည်ဟု ခံယူလေ့ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက်ပိုင်းတွင် တိရစ္ဆာန်အသားများ စားသူများနှင့် ပဲစေ့အမျိုးမျိုးနှင့် နို့ကိုမှီဝဲသော လူများစု၏ ကျန်းမာသက်ရှည်မှုတို့ကို လေ့လာကြပါသည်။

ထိုအခါ တိရစ္ဆာန်အသားမှ အသားပရိုတင်းဓာတ်ကို မှီဝဲသူများတွင် သွေးတိုးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဒူးဆစ်၊ လက်ဆစ်ရောင်ရောဂါ၊ ကျောက်ကပ်ရောဂါ၊ အစာအိမ်နှင့် အူမကြီးကင်ဆာရောဂါတို့ ဖြစ်တတ်ကြပြီး သက်တမ်းတိုကြသည်ကို တွေ့ရသည်။

သစ်သီး၊ သစ်ရွက်နှင့် ပဲစေ့အမျိုးမျိုး၊ နို့စသည်တို့ကို မှီဝဲသောသူများတွင် အထက်ဖော်ပြပါ ရောဂါများကင်းရှင်းပြီး အသက်ရှည်ကြောင်း တွေ့ရပါသည်။ နှလုံးသွေးကြောပိတ်ရခြင်းအကြောင်းနှင့် အသားများစွာ စားသုံးသောသူများတွင် ကိုလက်စထရောအဆီဓာတ် သွေးထဲတွင် များနေသည်ကို တွေ့ရသည်။ ဤအဆီဓာတ်ကို နှလုံး၊ သွေးတိုးရောဂါ တရားခံအဖြစ် သတ်မှတ်ကြသည်။

ပဲများအနက် ပဲပုပ်ပဲ သုံးစွဲသောသူများ၏ သွေးထဲတွင် ကိုလက်စထရော နည်းပါးပြီး နှလုံးရောဂါဖြစ်မှု နည်းပါးကြောင်း တွေ့ရသည်။

အထက်ဖော်ပြချက်အရ နှလုံးရောဂါ၊ သွေးတိုးရောဂါ ကာကွယ်သည့်အနေဖြင့် အသားများအစား ပဲပုပ်ပဲကို ပရိုတင်းအာဟာရအဖြစ် မှီဝဲသုံးဆောင်သင့်ကြောင်း တင်ပြလိုပါသည်။

ထို့ပြင် အဆိုပါ ပါမောက္ခဆရာဝန်ကြီးက "အာဟာရစွမ်းအင်" ခေါင်းစဉ်ဖြင့် ဆေးပညာပေးဆောင်းပါးကို မြတ်မင်္ဂလာစာစောင်တွင် ဤသို့ ဆက်လက်ရေးသားခဲ့သည်။

"ကစီဓာတ်သည် ဆန်၊ ဂျုံ၊ ပြောင်း၊ အာလူး၊ ကန်စွန်းဥ၊ အုပ်စပါး စသည်တို့တွင် အဓိကပါဝင်သည်။ ပထဝီဒေသအလိုက် စိုက်ပျိုးလွယ်သည့်

http://www.dhammadownload.com



ဒေသများတွင် အဆိုပါသီးနှံတစ်မျိုးမျိုးကို စွမ်းအင်သီးနှံအဖြစ် အသုံးပြုကြလေသည်။ သား၊ ငါး၊ ပုစွန်တို့နှင့် ပဲအမျိုးမျိုးတို့မှလည်း စွမ်းအင်ပေးနိုင်သည့် သတ္တိရှိပေသည်။ ဆန်၊ ဂျုံ၊ ပြောင်း စသည်တို့မှာ သား၊ ငါး၊ ပုစွန်တို့နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းသက်သာ၍ ကမ္ဘာတစ်ဝန်းရှိ လူအများက အသုံးပြုကြလေသည်။

တိုးတက်သည်ဟု ယူဆနေသော ဥရောပ၊ အမေရိကန်တို့တွင် အသားကို ဦးစားပေး၍ စွမ်းအင်အဖြစ် အသုံးပြုကြလေသည်။ ဤ သား၊ ငါး၊ ပုစွန်များကို စားသုံးပြီး ရသတဏှာ၌ ပျော်မြူးနေရာမှ လွန်ခဲ့သည့် ၇-နှစ်၊ ၈-နှစ်လောက်မှစ၍ အမဲသားစား၍ ဦးနှောက်ပျက်ရောဂါ ကူးစက်ခံရသည်ဟု အတတ်ပညာရှင်များက ထင်မြင်ယူဆလာကြသည်။ လူဦးရေ သန်း ၅၀၀-ထဲမှ လူ ၈၀-ကျော် ဦးနှောက်ပျက်စီးရောဂါ ရသည်ကို ထိတ်လန့်တကြား ဖြစ်လာကြသည်။ လူအများအတွက် ရောဂါကာကွယ်ရေးဟု ဆင်ခြေပေးကာ ဗြိတိန်နိုင်ငံတွင် နွားကောင်ရေ ၂-သန်း၊ ၃-သန်း သတ်ဖြတ်ဖျက်ဆီးခံရသည်။ လူသားများအတွက် ဆိုပါက ပါဏာတိပါတကံကို ရဲရဲတင်းတင်း အကောင်အထည်ဖော်ကြလေသည်။ အကုသိုလ်ကြီးလှသည်တကား" ဟူ၍ သတိပြုဆင်ခြင်ဖွယ် ရေးသားတင်ပြထားသည်ကို တွေ့ရသည်။

ဤကား ကျန်းမာရေးနှင့်ပတ်သက်၍ တတ်သိကျွမ်းကျင်နားလည်သော ပါမောက္ခဆရာဝန်ကြီးတစ်ဦး၏ တင်ပြချက်ဖြစ်သည်။

## လယ်တီဆရာတော်ဘုရားကြီးနှင့် အမဲသား

လယ်တီဆရာတော်ဘုရားကြီးသည်လည်း အမဲသားစားခြင်းကို တားမြစ်တော်မူခဲ့သည်။ ဆရာတော်ကြီးသည် ၁၂၇၇-ခုနှစ်တွင်

http://www.dhammadownload.com



သီပေါမင်းကို အင်္ဂလိပ်တို့ ဖမ်းယူသွားပြီး မြန်မာနိုင်ငံကို အုပ်ချုပ်တော့မည်ဟု ကြားသိရသောအခါ စိတ်မသက်မသာ ဖြစ်မိသည်။ ဆရာတော်ကြီးက မြန်မာနိုင်ငံကို အင်္ဂလိပ်များ အုပ်ချုပ်လျှင် ကုန်းသတ္တဝါတွေများစွာ သေကျေပျက်စီးတော့မည်။ အနောက်နိုင်ငံသား အင်္ဂလိပ်တို့သည် အသားစားမှု အားကြီးသော လူမျိုးများဖြစ်ကြသည်။ သူတို့ရောက်လာကြလျှင် နွားသတ်ရုံ ဝက်သတ်ရုံ ဆိတ်သတ်ရုံတွေ အများအပြား ပေါ်ပေါက်လာတော့မည်။ နွား၊ ဝက်၊ ကြက်၊ ငှက်၊ ဘဲ၊ ဆိတ်စသော ကုန်းသတ္တဝါများ သေကိန်းကြီးဆိုက်တော့မည်ဟု ဆင်ခြင်တော်မူမိသည်။

သို့ဖြင့် တပည့်ရဟန်းတော်များအား "ဦးပဥ္စင်းတို့၊ ယခု မြန်မာနိုင်ငံကို ကုလားဖြူများ အုပ်ချုပ်တော့မယ်။ သူတို့အုပ်ချုပ်လျှင် ကုန်းသတ္တဝါတွေများစွာ သေကျေကြလိမ့်မယ်။ ကုန်းသတ္တဝါတွေအနက် နွားသတ္တဝါများဟာ လူတို့ရဲ့ အသက်သခင် ဖြစ်ကြတယ်။ အမိသဖွယ်၊ အဖသဖွယ်လည်း ဖြစ်ကြတယ်။ လူတို့အပေါ်မှာ အလွန်ကျေးဇူးများတယ်။ သို့အတွက် သည်နေ့ကစပြီး နွားသားကို တပည့်တော်လဲ မစားဘူး၊ ကိုယ်တော်တို့လဲ မစားကြပါနဲ့" ဟု မိန့်တော်မူသည်။

ဤသို့ မိန့်တော်မူသည့်နေ့မှစ၍ ဆရာတော်ကြီးသည် နွားသားကို လုံးဝဘုဥ်းပေးခြင်း မပြုတော့ပေ။ တပည့်ရဟန်းတော်များကိုလည်း နွားသားကို ဘုဥ်းမပေးကြရန် အလှူခံတော်မူသည်။ တရားပွဲများ၌လည်း ပရိသတ်များအား နွားသားမစားရန် အလှူခံတော်မူသည်။

ဆရာတော်ကြီးသည် အမဲသားမစားရန် ဟောပြောခြင်း လည်း ပြုသည်။ နွားမေတ္တာစာကိုလည်း ရေးသားတော်မူသည်။ ယင်းမေတ္တာစာကို ရိုက်နှိပ်၍ ဝေငှခြင်းလည်း ပြုတော်မူသည်။ ဤတွင်

http://www.dhammadownload.com



အသိန်းအသောင်းမကသော ထိုခေတ် ရှင်လူရဟန်းတို့သည် နွားသားကို ရှောင်ကြဉ်ခဲ့ကြသည်။

လယ်တီဆရာတော်ဘုရားကြီးသည် အမဲသားကိုရှောင်ကြဉ်ရန် ဆုံးမတော်မူသည်မှာ အချက်သုံးရပ်ရှိသည်။ (၁) ကျေးဇူးရှင်ကို ပြစ်မှားရာကျသဖြင့် ရှောင်ကြဉ်စေခြင်း ဖြစ်သည်။ (၂) နွားကို အခြေပြု၍ လုပ်ကိုင်နေရသော မြန်မာ့လယ်ယာလုပ်ငန်းကို မထိခိုက်စေလို၍ ဖြစ်သည်။ (၃) ထို့ပြင် အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ရာ၌ ထိရောက်စေလို၍လည်း ဖြစ်သည်။

၁၂၇၂-ခုနှစ်၊ တပို့တွဲလတွင် စစ်ကိုင်းတစ်မြို့လုံး ပလိပ်ရောဂါဆိုးကြီး အကြီးအကျယ် ဖြစ်ပွားသည်။ ထိုရောဂါဘေးကို ကာကွယ်ရန် ဒကာများက လယ်တီဆရာတော်ဘုရားကြီးကို လာ၍ပင့်ကြသည်။ ဆရာတော်ကြီးလည်း ချက်ချင်းပင် လိုက်ပါတော်မူသည်။ ရောက်တော်မူသောအခါ ဤသို့ မေးတော်မူသည်။

"မင်းတို့မြို့မှာရှိတဲ့ သံဃာတော်များ ပရိတ်ရွတ်ခြင်း၊ ကမ္မဝါဖတ်ခြင်းပြုလုပ်ပြီး အန္တရာယ်ကို မခုခံကြဘူးလား။"

"သံဃာတော်များ ပရိတ်လဲရွတ်ကြပါတယ်။ ကမ္မဝါလဲ ဖတ်ကြပါတယ်ဘုရား။ ဒါပေမယ့် အန္တရာယ် မပျောက်ငြိမ်းပါဘုရား။"

"မင်းတို့ ပရိတ်ရွတ်၊ ကမ္မဝါဖတ်ဖို့ပင့်တဲ့ သံဃာတော်တွေထဲမှာ အမဲသားစားတဲ့ကိုယ်တော်တွေ ပါဘယ်ထင်တယ်။ အမဲသားစားတဲ့ ပါးစပ်ကြီးနဲ့ "သုဏာတုမေ ဘန္တေ သံဃော" လို့ ဖတ်လိုက်တာနဲ့ တစ်ပြိုင်နက် ပါးစပ်က နွားသားနံ့ကြီးဟာ တစ်ခေါ်လောက်ရောက်အောင် ကင်းထောက်သွားရော။ ဒီအခါ ဘီလူး၊ သဘက်တွေက နွားသားနံ့ကို မီးခိုးလျှောက်လိုက်ကြတော့မှာပေါ့။"

"ဟုတ်ပါတယ်ဘုရား။ တပည့်တော်တို့ပင့်တဲ့ သံဃာတွေထဲ

http://www.dhammadownload.com



မှာ နွားသားစားတဲ့ ဘုန်းကြီး ၂-ပါး ပါပါတယ်။ ယခု ပလိပ်ရောဂါကပ်ထဲကို အဲဒီဘုန်းတော်ကြီး ၂-ပါးလဲ ပါသွားရှာပါပြီဘုရား။"

"အေး-သတိထားကြ။ နောင်ကို ပရိတ်ရွတ်၊ ကမ္မဝါဖတ်ဖို့ သံဃာများကို ပင့်တဲ့အခါ နွားသားစားတဲ့ဘုန်းကြီးများ မပါစေနဲ့ကွဲ့။"

ထို့နောက် ဆရာတော်ကြီးသည် နွားသားမစားသော သံဃာတော်များကို ပင့်ဖိတ်စေသည်။ မိမိကိုယ်တော်တိုင် ဦးဆောင်လျက် ထိုသံဃာတော်များနှင့်အတူ အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဖတ်ပေးတော်မူခဲ့သည်။ ကမ္မဝါဖတ်ပေးတော်မူခဲ့သည်။ အံ့ဩဖွယ်ကောင်းလောက်အောင်ပင် စစ်ကိုင်းမြို့၌ ပလိပ်ရောဂါကပ်အန္တရာယ်ကြီး အေးငြိမ်းသွားကြောင်း အမှတ်အသားရှိသည်။

ဤကား နွားသားစားခြင်းကို တားမြစ်တော်မူသော လယ်တီဆရာတော်ဘုရားကြီး၏ ခံယူချက်နှင့် ဖြစ်ရပ်မှန်တို့ ဖြစ်ပေသည်။

## အသက်သတ်လွတ်ဘုဉ်းပေးသော ဆရာတော်ကြီးများ

မြန်မာဗုဒ္ဓဘာသာ သာသနာရေးလောကတွင် အသက်သတ်လွတ် ဘုဉ်းပေးတော်မူကြသော ဆရာတော်ကြီးအချို့ ရှိသည်။ ယင်းတို့တွင် မျက်မှောက်ခေတ်၌ ညောင်ရမ်းဆရာတော်ဘုရားကြီး၊ မဟာစည်ဆရာတော်ဘုရားကြီး၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး (အရှင်ဇနကာဘိဝံသ)၊ ကုံလုံဆရာတော်ဘုရားကြီး၊ သာမညတောင် ဆရာတော်ဘုရားကြီး စသော အရှင်မြတ်ကြီးတို့သည် ထိပ်တန်းက ပါဝင်သည်။

ညောင်ရမ်းဆရာတော်ဘုရားကြီးသည် ဆဋ္ဌသင်္ဂါယနာတင်ခြင်းကို အောင်မြင်စွာ ဦးဆောင်တော်မူခဲ့သော အရှင်မြတ်ကြီးဖြစ်

http://www.dhammadownload.com



သည်။ မဟာစည်ဆရာတော်ဘုရားကြီးသည် ပျို့ရွယ်စဉ်က အသက်သတ်လွတ် ဘုဉ်းပေးခြင်း မပြုသော်လည်း သက်တော် ၅၀-ကျော်မှစ၍ အသက်သတ်လွတ် ဘုဉ်းပေးတော်မူခဲ့သည်။

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးသည် သက်တော် ၇၂-နှစ်မှစ၍ အသက်သတ်လွတ် ဘုဉ်းပေးတော်မူခဲ့သည်။ ဆရာတော်ကြီးသည် မေတ္တာဘာဝနာ ပွားများရာတွင် ပိုမိုထိရောက်စေရန် အသက်သတ်လွတ် ဘုဉ်းပေးသည်ဟူ၍ ဆိုကြသည်။ အောက်နတ်များက အသားစားမရှောင်ကြသော်လည်း အထက်နတ်များက အသားဟားရှောင်ကြသည်။ ထိုအထက်နတ်များသည် သာသနာတော်ကို ပိုမိုကြည်ညိုကြသည်ဟူသော ကျမ်းဂန်အဆိုကို ဆရာတော်ကြီးက ခံယူသည်။

ဆရာတော်ကြီးသည် မိမိကျောင်းတိုက်ရှိ သံဃာတော် ၄၀၀-ကျော်၏ စားဝတ်နေရေး ဖူလုံမှုအတွက်လည်းကောင်း၊ သာသနာတော်ကို ပြုပြင်ရာ၌ အောင်မြင်ရန်အတွက်လည်းကောင်း အထက်နတ်ကြီးများ၏ အကူအညီ လိုအပ်သည်။ မေတ္တာကို လေးလေးနက်နက်ပို့ခြင်းဖြင့် အထက်နတ်များနှင့် ဒကာ၊ ဒကာမများ၏ မေတ္တာကို ခံယူရရှိမည်။ အကူအညီ ရရှိမည်ဟု ယုံကြည်သည်။ ထို့ကြောင့် အသက်သတ်လွတ်စား၍ မေတ္တာပို့ကြောင်း ဆရာတော်ကြီး အရှင်ယောသိတ ရေးသားပြုစုသော တစ်ဘဝသာသနာ ထေရုပ္ပတ္တိကျမ်းစာအုပ်ကြီးတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ရှမ်းပြည်နယ်မှ ကုံလုံဆရာတော်ဘုရားကြီး (၉၆-နှစ်)ကား အသက်သတ်လွတ် ဘုဉ်းပေးရာတွင် သစ်သီးသစ်ဥများကိုသာ ဦးစားပေး၍ ဘုဉ်းပေးတော်မူသည်။ သီလ၊ သမာဓိ၊ ပညာနှင့်လည်း အထူးပြည့်စုံအောင် ကျင့်ကြံအားထုတ်သည်။ ထို့ကြောင့် ဆရာတော်ကြီး

http://www.dhammadownload.com



၏ ကိုယ်နံ့သည် ကြာညိုနံ့သင်းလျက်ရှိကြောင်း အနီးကပ် ဖူးတွေ့ရသူများက အခိုင်အမာ ပြောဆိုကြသည်။

သာမညတောင် ဆရာတော်ဘုရားကြီး (၉၃-နှစ်တွင် ပျံလွန်တော်မူ)ကား အသက်သတ်လွတ် ဘုဉ်းပေးရုံသာမက အသက်သတ်လွတ်ခေတ်ကိုလည်း ထူထောင်တော်မူခဲ့သည်။ ဆရာတော်ကြီးသည် သက်တော် ၆၀-မှစ၍ အသက်သတ်လွတ် ဘုဉ်းပေးတော်မူခဲ့သည်။ မိမိကို လာရောက်ဖူးတွေ့ကြသော ရာထောင်မက များပြားလှသည့် ရှင်လူအပေါင်းအား သက်သတ်လွတ်ထမင်းဟင်းများကို နေ့စဉ်နေ့တိုင်း ဒါနပြုခဲ့သည်။ ကမ္ဘာပေါ်တွင် လူရာထောင်ပေါင်းများစွာတို့အား သက်သတ်လွတ်ထမင်းဟင်းများ လှူဒါန်းကျွေးနိုင်သူဟူ၍ ဆရာတော်ကြီးတစ်ပါးသာ ရှိမည်ထင်သည်။

ဆရာတော်ကြီးသည် ဤသို့ ရဟန်းရှင်လူပေါင်းများစွာကို သက်သတ်လွတ်ထမင်းဟင်းများ ကျွေးမွေးရုံသာမက သာမညတောင်ခြေရွာများရှိ လူပေါင်းများစွာကိုလည်း သက်သတ်လွတ်စားရန် အောင်မြင်စွာ နှိုးဆော်တိုက်တွန်းနိုင်ခဲ့သည်။ ဆရာတော်ကြီးသည် မေတ္တာဘာဝနာပွားများရာ၌ ပိုမိုထိရောက် အောင်မြင်ရန် အသက်သတ်လွတ်စားခြင်းဖြစ်ကြောင်း သိရသည်။

## ရောင့်ရဲစိတ်ထား၍

ဤဆရာတော်ကြီးများတွင် အများစုမှာ သက်တော်ကြီးရင့်လာသောအခါတွင်မှ သက်သတ်လွတ် ဘုဉ်းပေးတော်မူခဲ့သည်။ အရှင်သိရိန္ဒာဘိဝံသကား ပျို့ရွယ်ချိန် သက်တော် ၃၃-နှစ်အရွယ်ကပင် သက်သတ်လွတ် ဘုဉ်းပေးတော်မူလာခဲ့သည်။ ဟိန္ဒူလူမျိုးများအ

http://www.dhammadownload.com



ဖို့ မွေးဖွားလာချိန်မှစ၍ အသက်သတ်လွတ် စားလာခဲ့သည်။ ထို့ကြောင့် အသက်သတ်လွတ် စားသုံးမှုသည် သူတို့အဖို့ အခက်အခဲ မရှိတော့။ အလေ့အကျင့် ဖြစ်နေပေပြီ။ အရှင်သိရိန္ဒာဘိဝံသအဖို့ကား အရသာရှိသော သားငါးမျိုးစုံကို စားနေရာမှ ထိုထိုရသတဏှာများကို ဖြတ်တောက်၍ စားရခြင်းဖြစ်သည်။ ရောင့်ရဲသောစိတ်ကို ထား၍ ဘုဉ်းပေးရခြင်း ဖြစ်ပေသည်တကား။

## အစမ်းဖြေဆို

၁၃၃၁-ခုနှစ်တွင် အရှင်သိရိန္ဒသည် ယမန်နှစ်ကကဲ့သို့ပင် နေ့စဉ် စာဝါ ၂-ဝါလည်း ပို့ချသည်။ တစ်ဖက်ကလည်း မပြီးပြတ်သေး သော သကျသီဟစာချတန်းကို ဆက်လက်ဖြေဆိုသည်။

ထိုမျှမက ၂၂-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကိုလည်း ဝင်ရောက်ဖြေဆိုသည်။ ဖြေဆိုရာ၌ အစမ်းသဘောဖြေဆိုခြင်းသာ ပြုသည်။ ထို့ကြောင့် ဝိနည်း ၅-ကျမ်းကိုသာ ကျက်မှတ်သည်။ ဥဒါန်းစဉ်ဂါထာများကိုကား ကျက်မှတ်ခြင်းမပြု၊ ချန်ထားခဲ့သည်။

ဤသို့ဖြင့် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကို ဖြေဆိုသည်။ ဝိနည်းငါးကျမ်းကို စတင်ပြန်ဆိုခဲ့ရာ ၃-ကျမ်းခွဲအထိ ချောမောစွာ ပြန်ဆိုနိုင်သည်။ စာထောက်၊ စာမ အဖွဲ့ဝင်များက အလွန်ကျေနပ်နေကြသည်။ အဖွဲ့ဝင်များတွင် ပရိယတ္တိ အမကျော်အမော် ဆရာတော်များသာမက လူပြန်တော်ပညာရှိများလည်း ပါဝင်သည်။

စူဠဝါပါဠိတော်အလှည့်၌ အရှင်သိရိန္ဒက အောင်မြင်စွာ ပြန်ဆိုနေသည်ကို သူတို့အားလုံး ကျေနပ်မဆုံး ရှိနေကြသည်။ စာကိုခုန်ကျော်၍၊ ခုန်ကျော်၍ အပြန်ခိုင်းကြသည်။ အရှင်သိရိန္ဒကလည်း

http://www.dhammadownload.com



ချောမောစွာ ပြန်ဆိုနိုင်သည်။ သို့ရာတွင် ခုဒ္ဒကဝတ္ထု ခန္ဓကအဆုံး ဥဒါန်းစဉ်ဂါထာပေါင်း ၅၀-သို့ အလှည့်ရောက်လာသောအခါတွင်ကား စာထောက်၊ စာမ အဖွဲ့ဝင်များ အံ့အားသင့်သွားကြသည်။ စာထောက်၊ စာမ ဆရာတော်က "တဿုဒ္ဒါန်ဂါထာကို ကျော်ပြန်လိုက်ပါဘုရား" ဟု မိန့်တော်မူလိုက်သည်။

ထိုအခါ အရှင်သိရိန္ဒက ပြုံးကာ လက်အုပ်ချီလျက် "အဲဒီဂါထာတော်များကို ဘုရားတပည့်တော် ရအောင် မကျက်ရသေးပါဘုရား။ သေနာသနက္ခန္ဓကကိုကျော်ပြီး အပြန်ခိုင်းတော်မူပါဘုရား" ဟု လျှောက်ထားလိုက်၏။

စာထောက်၊ စာမ တစ်ဖွဲ့လုံး စောစောက ကျေနပ်ရွှင်ပြုံးနေကြစေကာမူ ယခု မရွှင်ကြတော့ပေ။ တစ်ဦးမျက်နှာ တစ်ဦး အပြန်အလှန်ကြည့်ကြသည်။ ရှေ့ ဘာဆက်လုပ်ရမတုံးဟူသော အဓိပ္ပါယ်သဘောဖြင့် ခဏရပ်နားနေကြသည်။

သူတို့အားလုံးပင် အရှင်သိရိန္ဒကို ကြင်နာသနား၍ စိတ်မကောင်း ဖြစ်နေကြပုံရသည်။ ထို့နောက် စာထောက်၊ စာမ ဆရာတော်များရော၊ စာထောက်၊ စာမ ဒကာကြီး ဦးခင်မောင်လင်းကပါ "အရှင်ဘုရား၊ ဒီလို မလုပ်ပါနဲ့ဘုရား၊ ရသလောက်ကလေးတော့ တစ်ဂါထာကလေးပဲဖြစ်ဖြစ် ပြန်ပေးလိုက်ပါဦး။ ပြီးရင် ကျော်ပေးလိုက်မှာပါ" ဟု ထပ်မံဆိုကြပြန်သည်။

"အဲဒီဂါထာတွေကို ဘုရားတပည့်တော် လုံးဝမရပါဘုရား။ ကျော်သာ မေးတော်မူပါဘုရား" ဟု အရှင်သိရိန္ဒက လျှောက်ထားပြန်၏။

"အရှင်ဘုရား၊ ပြန်ပြီးသမျှစာတွေဟာ သိပ်ကောင်းတာပဲ။ စာသိပ်ရတာပဲ။ အဲဒီနေရာကလေးနဲ့ အလကားဖြစ်ပြီး နစ်နာသွားလိမ့်

http://www.dhammadownload.com



မယ်ဘုရား။ ပါးစပ်လှုပ်ရုံကလေးပဲဖြစ်ဖြစ် စည်းကမ်းဘောင်ဝင်အောင် ပြန်ပေးလိုက်ပါ ဘုရား။"

"ရကို မရတာပါဘုရား။"

"ဒီလိုဆို ဘယ့်နှယ်လုပ်ကြမလဲ ဘုရား။"

"မရတာကို မရဘူးလို့သာ မှတ်လိုက်ပါဘုရား။"

"ဒီလိုဆို အရှင်ဘုရား စာမေးပွဲကျသွားမှာပေါ့။"

"မှန်ပါ၊ ကျပါစေဘုရား။ အစမ်းသဘောနဲ့ ပြန်နေတာပါ။ ကျော်သာ မေးတော်မူပါဘုရား။ ဆက်ပြန်ပါ့မယ်။"

ဤတွင် အဖွဲ့ဝင်များက ကျော်မေးလိုက်ကြရသည်။ ကျန်နေသော စူဠဝါပါဠိတော်ကို ဆက်လက်ပြန်ဆိုစေသည်။ အရှင် သိရိန္ဒကလည်း တည်ငြိမ်စွာပင် အောင်မြင်စွာ ဆက်လက်ပြန်ဆိုတော်မူသည်။ ထို့နောက် ပရိဝါ ပါဠိတော်ကိုလည်း ဣန္ဒြေမပျက်၊ တည်တည်ငြိမ်ငြိမ် ဆက်လက်ပြန်ဆိုခဲ့သည်။ ဝိနည်းငါးကျမ်းလုံးကို အောင်မြင်စွာ ပြန်ဆိုပြီးစီးသွားလေတော့သည်။

## ဦးခင်မောင်လင်း အိပ်မပျော်

ဥဒါန်းစဉ်ဂါထာကို ပြန်ဆိုခြင်း မပြုနိုင်သဖြင့် အရှင်သိရိန္ဒ စာမေးပွဲမအောင်နိုင်တော့ပေ။ ဒကာကြီး ဦးခင်မောင်လင်းကား မမျှော်လင့်ဘဲ မဖြစ်စလောက်ကလေးဖြင့် နစ်နာသွားရလေခြင်းဟုဆိုကာ များစွာ စိတ်မကောင်းဖြစ်ခဲ့သည်။ ထိုနေ့တစ်ညလုံး အိပ်၍ပင် မပျော်တော့ဟု ဖွင့်ဟပြောဆိုခဲ့သည်။ ကျန်အဖွဲ့ဝင်များကလည်း "မဖြစ်သင့်တာကလေးနဲ့ စာမေးပွဲကျရလေခြင်း" ဟုဆိုကာ အားမလိုအားမရ ဖြစ်ရုံမျှမက ပြော၍ပင် မပြီးနိုင်လောက်အောင် ဖြစ်ခဲ့ကြပေ

http://www.dhammadownload.com



သည်။

အရှင်သိရိန္ဒက ကိုယ့်အကြောင်း ကိုယ်သိသူဖြစ်သည်။ အပြုံးမပျက်ပေ။ အစမ်းသဘော ပြန်ဆိုကြည့်ရာ ဤမျှလောက် ချောချောမောမော ပြန်ဆိုနိုင်သည်ကိုပင် အားတက်ကျေနပ်မိသည်။ ဝိနည်းပါဠိတော် ၅-ကျမ်းကို ၁၅-ရက်ပတ်လုံး ပြန်ဆို ပူဇော်ခွင့်ရပေပြီတကားဟူ၍ စိတ်ထဲ၌ ဝမ်းအသာကြီး သာနေသည်။ အကျေနပ်ကြီး ကျေနပ်နေသည်။

## ဆရာတော်ကြီးများ၏ မှတ်ချက်

ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်၊ စာမ ဆရာတော်ကြီးများ အပါအဝင် အချို့ဆရာတော်ကြီးများကလည်း ချီးမွမ်းမဆုံး ရှိနေကြသည်။

"ဦးသိရိန္ဒက စာမေးပွဲအောင်ချင်လို့ စာပြန်တာမဟုတ်ဘူး။ သဒ္ဓါတရားအပြည့်နဲ့ တရားတော်တွေကို ကြည်ညိုလွန်းလို့ စာပြန်တာ။ အချို့ စာပြန်ကိုယ်တော်ကလေးတွေဟာ စာတစ်ခေါက်လောက်အထောက်ခံလိုက်ရလျှင်တောင် စိတ်ဓာတ်ညှိုးကျသွားတာပဲ။ အချို့မျက်ရည်များတောင် ကျကြတယ်။ ရှေ့ဆက်ပြန်လျှင် အသံရော မျက်နှာပါ ပုံမမှန်ချင်တော့ဘူး။ ဦးသိရိန်ကျတော့ ကိုယ့်ဟာကိုယ်လဲ မရတာကို မရဘူးလို့သာ မှတ်လိုက်ပါဘုရား။ စည်းကမ်းအတိုင်းသာလုပ်ပါဘုရားလို့ ရဲရဲပြတ်ပြတ်ပဲ လျှောက်တယ်။ ပြီးတော့ ကျန်နေသေးတဲ့ စာတွေကိုလဲ အပြုံးမပျက်၊ ဣန္ဒြေမပျက် တည်တည်ငြိမ်ငြိမ်၊ စိတ်ပါလက်ပါ၊ ထက်ထက်သန်သန်နဲ့ပြီးအောင် ပြန်ပြလိုက်တာပဲ။ ရဲရင့်ပြတ်သား ထူးခြားရှားပါးတဲ့ ကိုယ်တော်ပါပဲ" ဟူ၍ အံ့ဩပြောမပြီး

http://www.dhammadownload.com



နိုင်အောင် ရှိနေကြပေသည်။

## အဘိဝံသ နှစ်ထပ်ကွမ်းရရှိ

အရှင်သိရိန္ဒသည် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် မအောင်မြင်သော်လည်း သကျသီဟစာချတန်းကိုမူ တစ်ကျမ်းစွဲ၍ အောင်မြင်သွားသည်။ စေတိယင်္ဂဏစာချတန်းကိုလည်း ၃-ကျမ်းစွဲ၍ အောင်မြင်သွားသည်။ အဘိဝံသဘွဲ့ကို ရရှိသွားသည်။

၁၃၃၂-ခုနှစ်၌ အရှင်သိရိန္ဒသည် ဆက်လက်ကြိုးစားသည်။ စာသင်သားများအား စာဝါ ၂-ဝါကို နေ့စဉ် ပို့ချမြဲ ပို့ချသည်။ မပြီးပြတ်သေးသော သကျသီဟ စာချတန်းကိုလည်း ဆက်လက်ဖြေဆိုသည်။ အောင်မြင်သည်။ အောင်မြင်ရာ၌ ရိုးရိုးအောင်မြင်ခြင်းမဟုတ်။ နံပါတ်တစ်စွဲ၍ အမှတ်အများဆုံးဖြင့် အောင်မြင်သည်။ "သိရိန္ဒာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့"ကို ရရှိသည်။ အဘိဝံသဘွဲ့ ရရှိပြန်သည်။ စေတိယင်္ဂဏစာချတန်းကို အောင်မြင်စဉ်က အဘိဝံသ တစ်ဘွဲ့၊ သကျသီဟစာချတန်းကို အောင်မြင်သဖြင့် အဘိဝံသ တစ်ဘွဲ့။ ပေါင်း အဘိဝံသဘွဲ့နှစ်ဘွဲ့ ရရှိသော အရှင်မြတ်ပင်။

## ပိဋကတ်တစ်ပုံ အောင်မြင်

ထိုနှစ်၌ပင် ၂၃-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကို ဝင်ရောက်ဖြေဆိုပြန်သည်။ ယခုအကြိမ်တွင်ကား အစမ်းသဘောဖြေဆိုသည်မဟုတ်။ တကယ်တမ်းဖြေဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် ယမန်နှစ်က မကျက်ဘဲ ချန်ထားခဲ့သော ဥဒါန်းစဉ်ဂါထာများကိုလည်း

http://www.dhammadownload.com



ပိုင်နိုင်စွာ ကျက်မှတ်ထားသည်။

ထို့ကြောင့် ဝိနည်း ၅-ကျမ်းကို အာဂုံရော သဘောရေးဖြေပါ ကောင်းစွာ ဖြေဆိုနိုင်ခဲ့သည်။ အောင်စာရင်းများ ထွက်သောအခါ ကောင်းစွာပင် အောင်မြင်ခဲ့သည်။ "ဝိနယဓရ၊ ဝိနယ ကောဝိဒဘွဲ့" ကို ဆွတ်ခူးရရှိသည်။ ပိဋကတ်တစ်ပုံ အောင်မြင်သဖြင့် အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော အောင်လံတော် ကို ခံယူရရှိသည်။ လစဉ် ဆွမ်းဆန်တော်စရိတ်ကိုလည်း ဆက်ကပ် ခြင်း ခံရသည်။ ကုန်းရေခရီးသွားလာခွင့် အထက်တန်းလက်မှတ်ကို လည်း ဆက်ကပ်ခြင်းခံရသည်။

ထိုနှစ်သည် အရှင်သိရိန္ဒအဖို့ ထူးခြားသောနှစ်ဖြစ်သည်။ တစ် နှစ်တည်း၌ အခက်ဆုံးနှစ်ပွဲကို ထိပ်ဆုံးကချည်း အောင်မြင်ခဲ့သည်။ တစ်ပွဲမှာ သကျသီဟ စာမေးပွဲ။ တစ်ပွဲကား တိပိဋကဓရစာမေးပွဲ (ပိဋကတ်တစ်ပုံ)။ ထိုအချိန်၌ အရှင်သိရိန္ဒသည် သက်တော် ၂၈-နှစ် အရွယ် ရှိသည်။

## မြောင်းမြဆရာတော်ကြီး

ထိုနှစ်တွင် အရှင်သိရိန္ဒာဘိဝံသသည် မန္တလေးသို့ ခေတ္တကြွ ရောက်ရာမှ တွဲပက်ရွှေကျောင်းသာသနာပိုင် မြောင်းမြဆရာတော်ဘုရား ကြီးကို ဝင်ရောက်ဖူးတွေ့သည်။ မိမိသည် မန္တလေး၌ စာသင်သား ဘဝတွင်ရှိစဉ် မြောင်းမြဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသကို ခိုလှုံနေထိုင်ခဲ့ဖူးသည်။ မိမိ၏ ကျေးဇူးရှင်ဆရာတော်ကြီးတစ်ပါး ဖြစ် သည်။

မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ အရှင်သိရိန္ဒ သီတင်းသုံး

http://www.dhammadownload.com



နေထိုင်စဉ်က ဖြစ်သည်။ တစ်နေ့တွင် အရှင်သိရိန္ဒနေထိုင်သော အောင်မြေသာစည် အလယ်တိုက်ကြီးသည် ပါတိမောက်ပြရန် အလှည့်ကျသည်။ မြောင်းမြဆရာတော်ကြီးသည်လည်း ကိုယ်တော်တိုင် ကြွရောက်သည်။ ဥပုသ်ပြုပြီး ပါတိမောက်ပြပြီးပါက သင့်တော်သော ဩဝါဒတို့ကို ချီးမြှင့်ရန်ဖြစ်သည်။

ထိုသို့ အောင်မြေသာစည် အလယ်တိုက်ကြီးရှိ ရဟန်းတော်များ ပါတိမောက်ပြရာတွင် အရှင်သိရိန္ဒအလှည့်သို့ ကျရောက်လာသည်။ အရှင်သိရိန္ဒသည် ရှင်းလင်းပီသစွာ မနှေးမမြန်ရွတ်ဆိုပြီး ပါတိမောက်ပြသည်။ အခြားရဟန်းတော်များ နာရီဝက်ခန့်သာ ကြာသည်။ အရှင်သိရိန္ဒကား မိနစ် ၄၀-ကျော် ကြာသည်။ အချို့ဦးပဉ္စင်းများက ကြာရကောင်းလားဟု ညည်းညူကြသည်။

ပါတိမောက်ပြပြီး၍ မြောင်းမြဆရာတော်ကြီးက ဩဝါဒပေးသောအခါ "ယခု ပါတိမောက်ပြသွားတဲ့ ဦးပဉ္စင်းဟာ သိပ်နှုတ်ရှင်းတယ်။ စာလဲ သိပ်ကျေတယ်။ ဝိနည်းတော်ကို လေးစားရိုသေသောအားဖြင့် ဖြည်းဖြည်းမှန်မှန် ရွတ်ပြသွားလိုက်တာ သိပ်ကြည်ညိုစရာကောင်းတယ်။ အခြားကိုယ်တော်တွေလဲ ဒီဦးပဉ္စင်းလို ကျေအောင်ကျက်ကြ။ ပြန်ဆိုထားကြ။ တာဝန်ကျလို့ ပါတိမောက်ပြကြရပြီဆိုရင်လဲ ဒီဦးပဉ္စင်းလို ကြည်ညိုဖွယ်ဖြစ်အောင် ပြကြ" စသည်ဖြင့် ချီးမွမ်းစကား မိန့်ကြားတော်မူခဲ့သည်။

ဤအကြောင်းကို ဆရာတော် အရှင်ဩဒါတသိရီဘိဝံသက မှတ်တမ်းတင်ရေးသား ဖော်ပြထားသည်။ အရှင်ဩဒါတ သိရီဘိဝံသက "မြောင်းမြဆရာတော်ကြီးကို သိမီလိုက်သော ၁၀-နှစ်တာကာလအတွင်း ဝိသုဒ္ဓါရုံ ပါတိမောက္ခုဒ္ဒေသ (ပါတိမောက်ပြသောရဟန်း)အား ချီးမွမ်းစကားပြောဆိုခြင်း ကို ဤတစ်ကြိမ်သာ မိမိတို့ တွေ့ဖူးပါ

http://www.dhammadownload.com



သည်” ဟူ၍လည်း မှတ်တမ်းတင်ဖော်ပြထားသည်။ ဤသို့လျှင် အရှင်သိရိန္ဒသည် မြောင်းမြဆရာတော်ကြီး၏ ချီးကျူးမှုကို ထူးထူးခြားခြား ခံယူရရှိခဲ့သူဖြစ်သည်။

မြောင်းမြဆရာတော်ဘုရားကြီး အရှင်ဉာဏာဘိဝံသသည် မြင်းမူမြို့၊ ဝမ်းပြေ့ရွာဇာတိဖြစ်သည်။ ၆-ဝါအရတွင် သကျသီဟ စာချတန်းကို အောင်မြင်တော်မူခဲ့သည်။ ၁၂၈၉-ခုနှစ်၌ မြောင်းမြမြို့ ပဋ္ဌာနတာရုံကျောင်းတိုက်ကို တည်ထောင်တော်မူခဲ့သည်။ ၁၃၀၈-ခုနှစ်တွင် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်အရ၊ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်မှ ဆရာတော်ကြီးများ၏ ပင့်ဖိတ်ချက်အရ မြောင်းမြ ပဋ္ဌာနတာရုံမှ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့သည်။ ၁၃၁၅-ခုနှစ်၊ သက်တော် ၆၅-နှစ်တွင် “အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်ကို ဆက်ကပ်ခြင်းခံခဲ့ရသည်။ ၁၃၃၄-ခုနှစ်၊ သက်တော် ၈၄-နှစ်တွင် သာသနာပိုင် ဖြစ်တော်မူလာခဲ့သည်။

မြောင်းမြဆရာတော်ဘုရားကြီးသည် “ရိုးသားဖြောင့်မတ်သည်။ စိတ်ထက်သည်။ တစ်ခါတစ်ရံ စိတ်တိုတတ်သည်။ ပရိယာယ်သုံး၍ သွယ်သွယ်ဝိုက်ဝိုက် တစ်ဖက်သား စိတ်ညွတ်ကိုင်းလာအောင် မပြောမပြောတတ်။ တဲ့တိုးတိုက်ရိုက်သာ ပြောဟောတတ်သည်။ ဒကာ၊ ဒကာမများနှင့် ပြောဟောလေ့မရှိ။ တတ်နိုင်သမျှ ရှောင်ကြဉ်နေတတ်သည်။ အများကောင်းကျိုး လိုလားမှုနှင့် စိတ်နှလုံးဖြူစင်ခြင်းကား ရှိသည်။ မြောင်းမြဆရာတော်၏ စရိုက်ကိုသိလျှင်ကား သည်းခံ၍ ဆက်ဆံခြင်းဖြင့် ပြေပြစ်တတ်ပါသည်။ တစ်ခါတစ်ရံ အများဆန္ဒထက် မိမိက သင့်တော်သည်ဟု ထင်မှတ်သည်ကို မာမာပြောတတ်သည်” ဟူ၍ ရွှေဟင်္သာဆရာတော်ကြီးက ရွှေကျင်နိကာယ သာသနာဝင်တွင် မှတ်တမ်းတင်ဖော်ပြထားသည်။

http://www.dhammadownload.com



မြောင်းမြဆရာတော်ဘုရားကြီးသည် ၁၂၅၀-ပြည့်နှစ်တွင် ဖွားမြင်တော်မူ၍ ၁၃၃၇-ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ပျံလွန်တော်မူချိန်၌ သက်တော် ၈၇-နှစ်အရွယ်တော်ရှိသည်။ ဆရာတော်ကြီးအား အရှင်သိရိန္ဒာဘိဝံသ ယခု ဖူးတွေ့ချိန်မှာ သက်တော် ၈၂-နှစ် ရှိနေပြီ။ ပျံလွန်တော်မမူမီ ၅-နှစ်အလိုတွင် ဖူးတွေ့ရခြင်း ဖြစ်သည်။

## မြောင်းမြဆရာတော်ကြီး၏ အဆုံးအမ

မြောင်းမြဆရာတော်ကြီးသည် အရှင်သိရိန္ဒာဘိဝံသကို တွေ့ရသောအခါ ဝမ်းမြောက်ဝမ်းသာ ရှိရှာသည်။

"မောင်သိရိန္ဒ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သကျသီဟတွေ ဘာတွေ လွယ်လွယ်နဲ့ အောင်သွားတာ သိပ်ဝမ်းမြောက်ပါတယ်။ ဒါပေမယ့် စာမေးပွဲအောင်ရုံနဲ့တော့ မကျေနပ်နဲ့ဦး။ စာမေးပွဲပြီး အနေအထိုင်ကောင်းဖို့ အကျင့်ကောင်းဖို့ ဝိနည်းရိုသေဖို့ သာသနာပြုဖို့ လိုတယ်။ အခုကာလမှာ နားထောင်ကောင်းအောင် အပြောကောင်းသူတွေ ပေါပါတယ်။ တကယ့်လက်တွေ့ အလုပ်လုပ်သူတွေ၊ ကျင့်ကြံ အားထုတ်သူတွေကျတော့ နည်းပါးနေတယ်။ ဟန်သမားတွေလောက် များနေတယ်။ ဒါကြောင့် လက်တွေ့ ကျင့်ကြံအားထုတ် အလုပ်လုပ်ပါဦး" ဟု သတိပေးဆုံးမတော်မူသည်။

ဆရာတော်ကြီးသည် တပည့်ဖြစ်သူအား ဝိနည်းကို ရိုသေရန်နှင့် ပရိယတ္တိသာမက ပဋိပတ္တိကိုပါ ကြိုးစားအားထုတ်ရန် တိုက်တွန်းခြင်းဖြစ်သည်။ ထိုအဆုံးအမသည် အရှင်သိရိန္ဒာဘိဝံသ၏ နှလုံးသား၌ စွဲမြဲခိုင်မာနေပေတော့သည်။

http://www.dhammadownload.com



# စာမေးပွဲအမျိုးမျိုးဖြေဆို

၁၃၃၃-ခုနှစ်တွင် အရှင်သိရိန္ဒာဘိဝံသသည် တိပိဋကဓရ ရွေးချယ်ပွဲတွင် အဘိဓမ္မာ ပထမပိုင်း ၅-ကျမ်းကို ဝင်ရောက်အာဂုံပြန်ဆိုရာ ကောင်းစွာအောင်မြင်သည်။

အရှင့်အဖို့ တိပိဋကဓရ ဘွဲ့ရရန် အပူတပြင်း ကြိုးစားခြင်းမပြု။ ခပ်အေးအေးမှန်မှန်ပင် ဖြေဆိုနေသည်။ အရှင့်အနေဖြင့် အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် တိပိဋကဓရဘွဲ့ကြီးကို မလိုချင်။ အသက်အရွယ်ကြီးရင့်မှသာ ထိုဘွဲ့နှင့် ထိုက်တန်မည်ဟု ခံယူထားပုံရသည်။

သို့ရာတွင် အခြားပရိယတ္တိ စာမေးပွဲမျိုးစုံကိုကား တစ်နှစ်ပြီးတစ်နှစ်၊ တစ်မျိုးပြီးတစ်မျိုး ဝင်ရောက်ဖြေဆိုနေသည်။ ထို့ကြောင့် ၁၃၃၄-ခုနှစ်တွင် အရှင်သိရိန္ဒာဘိဝံသသည် မန္တလေးနိကာယ် စာမေးပွဲကို ဝင်ရောက်ဖြေဆိုသည်။ သီလက္ခန်ကျမ်းကို အောင်မြင်သည်။ ထို့ပြင် ဂုဏ်ထူးဆောင် ဓမ္မာစရိယဟန်းကိုလည်း ဖြေဆိုပြန်သည်။ အောင်မြင်သည်။ ပဋိသမ္ဘိဒါမဂ္ဂပါဠိ ပါရဂူဘွဲ့ ရရှိသည်။ ပါဠိပါရဂူဘွဲ့ကို ဒုတိယအကြိမ် ထပ်ဆင့်ရရှိခြင်းဖြစ်သည်။ ၁၃၂၈-ခုနှစ်တွင် ဝိနယပါဠိ ပါရဂူဘွဲ့ကို ပထမအကြိမ် ရရှိခဲ့သည်။ ယခု ဒုတိယအကြိမ် ရရှိပြန်ရာ ပါဠိပါရဂူ ၂-မျိုးပိုင်ရှင် ဖြစ်လာသည်။

ထို့နောက် အရှင်သိရိန္ဒာဘိငံသသည် ၁၃၃၅-ခုနှစ်တွင် သထုံသုဝဏ္ဏဘူမိ အာဘိဓမ္မိကစာမေးပွဲကို ဝင်ရောက်ဖြေဆိုသည်။ အမှတ်အများဆုံးဖြင့် နံပါတ် ၁-ရ၍ အောင်မြင်သည်။ ထိုမျှမက ဂုဏ်ထူးဆောင် ဓမ္မာစရိယ ဝိဘင်္ဂဒီ စာမေးပွဲကိုလည်း ဝင်ရောက်ဖြေဆိုပြန်သည်။ မြန်မာဂုဏ်ထူး အောင်မြင်၍ သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိပြန်သည်။

http://www.dhammadownload.com



# မြစ်သာမြစ်ကူးတံတား

နိုင်ငံတော်အစိုးရသည် ဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမောစေရေးတို့အတွက် ရထားလမ်းများ၊ ကားလမ်းများ၊ တံတားကြီးများကို အထူးစီမံကိန်းများ ချမှတ်၍ ဖောက်လုပ်သည်။ ယင်းသို့ပြုရာတွင် ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်း ဖောက်လုပ်ရေးလည်း ပါဝင်သည်။ ထိုရထားလမ်းတွင် ဂန့်ဂေါနှင့် ကလေးအကြား မြစ်သာမြစ်ကူးတံတား တည်ဆောက်ရေးလည်း ပါဝင်သည်။

ယင်းတံတားသည် စီမံကိန်းဝင်တံတားကြီး ၆-ခုတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ယင်းတံတားကို ဂန့်ဂေါမြို့နယ်၊ ကန်ရွာအနီး၊ ကျွန်းခုံသာရွာ နယ်မြေ၌ တည်ဆောက်သည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက တည်ဆောက်သည်။ သို့တည်ဆောက်ရန်အတွက် ၁၃၅၅-ခုနှစ်၊ တပေါင်းလဆန်း ၁၂-ရက် (၁၉၉၄-ခုနှစ်၊ မတ်လ ၂၃-ရက်နေ့)တွင် စတင်တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာကျင်းပသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသသည် ကန်ရွာသို့ ခေတ္တကြွရောက်နေသည်။ ဤတွင် မြန်မာ့မီးရထားမှ အမှုဆောင်အင်ဂျင်နီယာ ဦးမောင်မောင်အမှူးပြုသော လူကြီးများက ယောဆရာတော်နှင့်တကွ ကန်တောရကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သိက္ခာနန္ဒ အမှူးပြုသော သံဃာတော်များကို မြစ်သာတံတား စည်းဝေးခန်းမသို့ ပင့်ဆောင်ကြသည်။ နံနက်အရုဏ်ဆွမ်းကပ်၍ ပန္နက်တင်မင်္ဂလာ ကျင်းပကြသည်။

ယောဆရာတော်သည် ဤနေရာ၊ ဤမြစ်၌ တံတားကြီးပေါ်

http://www.dhammadownload.com



လာလိမ့်မည်ဟူ၍ ယခင်က မမျှော်လင့်ခဲ့။ ယခုမူ တံတားကြီးပေါ် လာတော့မည်ကို ဝမ်းမြောက်မိသည်။ ထိုသို့ ဝမ်းမြောက်မိရာမှ ထို တံတားပန္နက်တင်မင်္ဂလာ ကျင်းပသည်ကို မိမိကိုယ်တိုင် ပါဝင်ရသည် ကိုလည်း အံ့သြမိသည်။

မြစ်သာမြစ်ကူးတံတားသည် တစ်နှစ်တာအချိန် သတ်မှတ် ရက်ထက်စော၍ ပြီးစီးခဲ့သည်။ တံတားအရှည်မှာ ၆၈၀-ပေရှိ၏။ ယာဉ်သွားလမ်းအကျယ်မှာ ၁၄-ပေနှင့် ၇-လက်မရှိ၏။ ရထားလမ်း၊ ကားလမ်း နှစ်မျိုးသွားနိုင်၏။ ၂၁-၄-၉၅ ရက်နေ့တွင်ပြီးစီး၍ ဖွင့်လှစ် နိုင်ခဲ့သည်။

## အရှင်သုမင်္ဂလာလင်္ကာရ

၁၃၃၅-ခုနှစ်သည် ရန်ကုန် မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ် အတွက် ထူးခြားအောင်မြင်သော နှစ်ဖြစ်သည်။ ထိုနှစ်တွင် ထိုတိုက် မှ အရှင်သုမင်္ဂလာလင်္ကာရသည် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ တွင် နောက်ဆုံးဖြေဆိုရသော ဒီဃနိကာယ ၃-ကျမ်းကို အာဂုံရော၊ သဘောရေးဖြေပါ အောင်မြင်သွားသည်။ ပိဋကတ်သုံးပုံလုံးကို ပြီး မြောက်အောင်မြင်သွားသဖြင့် တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့ ရရှိ တော်မူသည်။ စတုတ္ထမြောက် တိပိဋကဓရဆရာတော် ဖြစ်သွားပြီ။

အရှင်သုမင်္ဂလာလင်္ကာရသည် ၁၃၃၀-ပြည့်နှစ်မှစ၍ တိပိဋ ကဓရစာမေးပွဲကို စတင်ဖြေဆိုသည်။ ယခု ၁၃၃၅-ခုနှစ်တွင် ပြီးဆုံး အောင်မြင်ရာ ၆-နှစ်အတွင်း အောင်မြင်ခဲ့သူဖြစ်သည်။ အောင်မြင်ချိန် ၌ သက်တော် ၂၇-နှစ်အရွယ်မျှသာ ရှိသေးသည်။ ပိဋကတ်သုံးပုံ ဆောင် အာဂုံနည်းသူမြတ်များတွင် သက်တော်အငယ်ဆုံးဖြင့်

http://www.dhammadownload.com



အောင်မြင်ဆွတ်ခူးခဲ့သူ ဖြစ်သည်။

အရှင်သိရိန္ဒာဘိဝံသသည် အရှင်သုမင်္ဂလာလင်္ကာရ၏ ဉာဏ်ထက်မြက်မှုနှင့် ကြိုးစားနိုင်မှုတို့ကို များစွာ ချီးကျူးခဲ့သည်။

"အရှင်သုမင်္ဂလာလင်္ကာရက သက်တော် ၂၇-နှစ်အရွယ်မှာ တိပိဋကဘွဲ့ ရခဲ့တယ်။ ဦးပဥ္စင်းကတော့ အသက် ၂၇-နှစ်အရွယ်ရောက်မှ တိပိဋကလုပ်လိုစိတ် ပေါ်ခဲ့ပါတယ်။ တိပိဋကရေအလုပ်ကို စခဲ့ပါတယ်" ဟူ၍ ဖွင့်ဟပြောဆိုခဲ့သည်။ (နောင်အခါ စာဖြင့် လည်း မှတ်တမ်းတင်ရေးသားဖော်ပြခဲ့သည်။)

## ပိဋကနှစ်ပုံအောင်မြင်

အရှင်သိရိန္ဒာဘိဝံသသည် မြန်မာနိုင်ငံရှိ ကျောင်းပဆဲ ပရိယတ္တိစာမေးပွဲအားလုံးကို ဝင်ရောက်ဖြေဆိုရန် ရည်ရွယ်ချက်များ ရှိနေသလောမသိ။ ၁၃၃၆-ခုနှစ်တွင် ရန်ကုန်နိကာယ် စာမေးပွဲကို ဝင်ရောက်ဖြေဆိုပြန်သည်။ အဘိဓမ္မာ ပထမပိုင်း ၄-အုပ်တွင် နံပါတ် ၁-ဖြင့် ဂုဏ်ထူးရ၍ အောင်မြင်သည်။ နိကာယဓဇောတက အတ္ထဝိသာရဒမူလ အာဘိဓမ္မိကဘွဲ့ ရရှိသည်။

ထို့ပြင် ထိုနှစ်မှာပင် တိပိဋကရွေးချယ်ပွဲ၌ အဘိဓမ္မာ ပထမပိုင်း ၅-ကျမ်း သဘောနေဖြေစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ကောင်းစွာအောင်မြင်သည်။

၁၃၃၈-ခုနှစ်တွင် အရှင်သိရိန္ဒာဘိဝံသသည် ရန်ကုန်နိကာယ် စာမေးပွဲတွင် အဘိဓမ္မာ အလယ်ပိုင်း ၄-အုပ်ကို ဝင်ရောက်ဖြေဆိုပြန်သည်။ နံပါတ် ၁-ရ၍ အောင်မြင်သည်။ အာဂုံဂုဏ်ထူးဖြင့် အောင်မြင်သဖြင့် နိကာယဓဇောတက မဇ္ဈဝိသာရဒ မဇ္ဈိမ အာဘိဓမ္မိကဘွဲ့

http://www.dhammadownload.com



ရရှိသည်။

ထိုနှစ်မှာပင် အရှင်သိရိန္ဒာဘိဝံသသည် တိပိဋက ရွေးချယ်ပွဲတွင် အဘိဓမ္မာ ဒုတိယပိုင်းကို အာဂုံရော ရေးဖြေပါ ဝင်ရောက်ဖြေဆိုသည်။ နှစ်မျိုးလုံး အောင်မြင်သည်။ အာဘိဓမ္မိက အဘိဓမ္မ ကောဝိဒဘွဲ့ကို ရရှိသည်။ ပိဋက ၂-ပုံပြီးသွားသဖြင့် အရိုးဝါကနက္ကဒဏ်ထီးဖြူတော် ၂-လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကို လက်ခံရရှိသည်။

## ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသနှင့် အရိုးကင်ဆာရောဂါ

မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသသည် တပည့်ဖြစ်သူ အရှင်သိရိန္ဒာဘိဝံသ၏ အောင်မြင်မှုများအတွက် ဝမ်းမြောက်မဆုံးရှိခဲ့သည်။ သို့ရာတွင် ဆရာတော်သည် မကြာမီပင် နာမကျန်းဖြစ်လာသည်။ ဆရာဝန်ကြီးများနှင့် ပြသစစ်ဆေးရာ အရိုးကင်ဆာရောဂါ ခံစားရရှိနေကြောင်း သိရှိရသည်။ အားလုံးပင် စိတ်မကောင်း ဖြစ်ကြသည်။ သို့သော် တရားရှင်များဖြစ်ကြသဖြင့် တရားနှင့် ဖြေကြရသည်။

တစ်နေ့တွင် တောင်မြို့ (အမရပူရ)မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသထံမှ တပည့်ဖြစ်သူ အရှင်ဝါသဝါဘိဝံသထံ ပေးစာတစ်စောင် ရောက်ရှိလာသည်။ ဆရာတော်ကြီးသည် တပည့်ဖြစ်သူထံ မကြာခဏပင် စာပေးလေ့ရှိသည်။ ယခုစာမှာမူ နာမကျန်းဖြစ်နေသည့် တပည့်အတွက် သတိပြုဆင်ခြင်ဖွယ် ရေးသားထားသဖြင့် အလွန်ထူးခြားသည်။

ထိုစာထဲတွင် ဆရာတော်ကြီးက ဤသို့ ထည့်သွင်းရေးသား

http://www.dhammadownload.com



ထားသည်။

(၁) ဘုန်းကြီးတို့သည် ပထမအရွယ်၌ မိမိပညာရေးဖြင့် အချိန်ကုန်စေခဲ့ကြ၏။

(၂) ဒုတိယအရွယ်၌ မှီခိုသူများ၏ ပညာရေးဖြင့် အချိန်ကို ကုန်စေခဲ့ကြ၏။ ထိုအရွယ် ၂-မျိုး၌ စိတ်ထားအလိုက် ကုသိုလ်အနည်းအများ ရခဲ့ကြသော်လည်း အားကိုးလောက်သောကုသိုလ်များ မဟုတ်ကြသေး။

(၃) တတိယအရွယ်၌ကား လာမည့်ဘဝနှင့် နီးကပ်လှပြီ ဖြစ်သောကြောင့် လာမည့်ဘဝအတွက် စိတ်ချလောက်အောင် အဆင်သင့် ပြုထားသင့်သည်ဟု ယူဆပါသည်။ ထို့ကြောင့် "ဘာလုပ်နေပါတုံး" ဟု မေးလျှင် "သေဖို့ ပြင်နေသည်" ဟု ဖြေဆိုရပေလိမ့်မည်။

ဤစာသည် အလွန်တန်ဖိုးရှိလှသည်။ ထိုအချိန်တွင် ဆရာတော် အရှင်ဝါသဝါဘိဝံသသည် ရန်ကုန်ဆေးရုံကြီး၌ တက်ရောက်၍ ဆေးကုသခံယူနေချိန် ဖြစ်သည်။ ဆရာတော်သည် ဆေးရုံမှာပင် ပြန်စာရေး၍ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသထံ ပေးပို့ခဲ့သည်။ ပြန်စာမှာလည်း အလွန်စိတ်ဝင်စားဖွယ်ကောင်း၍ သံဝေဂယူဖွယ် ဖြစ်သည်။ ပြန်စာမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရား၊

၁၃၃၉-ခု၊ သီတင်းကျွတ်လဆန်း ၅-ရက်-

ရှိသေလေးမြတ်စွာ ပြန်လျှောက်ထားအပ်ပါသည် ဘုရား။ ဆရာတော်ဘုရား ဆုံးမမိန့်ကြားတော်မူအပ်သော ဩဝါဒအချက်တို့ကို တပည့်ကြီး၏ထိပ်ထက်၌ မယ်နသံမှုဖြင့် နှုက်သကဲ့သို့ပင် နှစ်သက်လေးစား နှလုံးသွင်းသည့် အားလျော်စွာ လွန်ခဲ့သော ၃-နှစ်လောက်ကပင် ရှေးဆရာတော်ကြီးများ သီတင်းသုံးတော်မူသွားသော သစ်ပင်တောတောင် အထပ်ထပ်

http://www.dhammadownload.com



တို့ဖြင့် ရစ်ပတ်မှိုင်းညို့ နေဖို့ရာကောင်းသော နှောကန်တောရကျောင်းကို ထိန်းသိမ်းပိုင်ဆိုင်သူ ဘုန်းကြီး ဦးဇာဂရထံမှ အသက် ၇၀-ပြည့်၍ ဝါ ၅၀-ရသောအခါ ကပ္ပိယတစ်ယောက်နှင့် ဤဘုရားအနီးတွင် နေထိုင်ရန် အလှူခံ ပြောဆိုထားပြီး ဖြစ်ပါသည်။

ယခုအခါ မမျှော်လင့်ဘဲ ရောဂါဆိုး ဝင်ရောက်နှိပ်စက်သဖြင့် ရှေ့ဆက်လက်၍ ကံကြမ္မာ မည်သို့ဖန်တီးဦးမည်ကို မလျှောက်ထားတတ်အောင် ရှိနေပါသည်ဘုရား။

**တပည့်ကြီး ဝါသဝ**

**ဝိသုဒ္ဓါရုံ၊ ရန်ကုန်။ (ခေတ္တ–ဆေးရုံကြီး)**

အလွန်သံဝေဂဖြစ်ဖွယ်စာ ဖြစ်သည်။ သက်တော် ၇၀-တွင် ပဋိပတ္တိအလုပ်ကိုသာ ဇောက်ချလုပ်ကိုင်တော့မည့် ဆရာတော်၏ ရည်မှန်းချက်ကို သိသာနိုင်သည်။ ဆရာတော်သည် ပရိယတ္တိအကျော်အမော် အရှင်မြတ်တစ်ပါး ဖြစ်သည်။ ကျောင်းတိုက်၌ နေစဉ် စာချနေသော်လည်း ကမ္မဋ္ဌာန်းတရားကို မမေ့။ အချိန်ရတိုင်း အားထုတ်လျက် ရှိသူဖြစ်သည်။ သို့ရာတွင် အားမရနိုင်ပေ။ သက်တော် ၇၀-တွင် အပြီးအပိုင် တောထွက်သွားရန် ရည်မှန်းချက်ရှိသည်။ သို့ရာတွင် မမျှော်လင့်ဘဲ အရိုးကင်ဆာရောဂါကို ခံစားရရှိသဖြင့် ရည်မှန်းချက် မပေါက်မြောက်နိုင် ဖြစ်ရှာသည်။

## ဆရာတော် အရှင်ဝါသဝါဘိဝံသ၏ အဆုံးအမ

ဆရာတော် ရောဂါခံစားရရှိနေစဉ် တစ်နေ့တွင် တပည့်ဖြစ်သူ အရှင်သိရိန္ဒာဘိဝံသအား ဤသို့ပင် သတိပေးဆုံးမတော်မူခဲ့သေး

http://www.dhammadownload.com



သည်။

"ဦးသိရိန်၊ ဘုန်းကြီးအသက် ၇၀-ပြည့်ရင် ကျောင်းကန်တိုက်တာအားလုံး စွန့်ခွာပြီး တောထွက်မယ်။ တရားကိုပဲ အားထုတ်တော့မယ်လို့ ကြိုတင်စိတ်ကူး ဆုံးဖြတ်ထားခဲ့ပါတယ်။ ဒါပေမယ့် ခု အသက် ၇၀-ပြည့်တော့မယ်ဆိုတော့ ရောဂါက လက်ဦးအောင် နှိပ်စက်လိုက်တယ်။ ရောဂါနဲ့ပြိုင်ပြီး တရားနှလုံးသွင်းရတာ ကျန်းမာသလိုတော့ မတွင်ကျယ်ဘူးပေါ့။ ဒါကြောင့် ဦးပဉ္စင်း စာလဲချပါ။ ကိုယ့်အတွက်လဲ အချိန်မနှောင်းရအောင် ကျန်းမာတုန်း တရားကို အားထုတ်ဖြစ်အောင် အားထုတ်ပါ။"

ဆရာတော်သည် တပည့်ဖြစ်သူအား မိမိ၌ စွဲကပ်နေသော အရိုးကင်ဆာရောဂါကို သံဝေဂအာရုံအဖြစ် တရားပြကာ နားချဟောကြား ဆုံးမတော်မူခဲ့သည်။ အလွန်ပင် တန်ဖိုးရှိလှသည်။ အရှင်သိရိန္ဒာဘိဝံသ၏ နှလုံးသား၌ ထိုအဆုံးအမသည် စွဲမြဲတည်လျက် ရှိနေပေသည်။

## သဗ္ဗမင်္ဂလ ဓမ္မဒေသနာကျမ်းကြီး

ဆရာတော် အရှင်ဝါသဝါဘိဝံသသည် စာဝါချရင်း ဝိပဿနာတရားကို နေ့စဉ်အားထုတ်ဟန် တူသည်။ အရှင်မြတ်သည် အရိုးကင်ဆာရောဂါကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။ သေခြင်းတရားကို ရဲရင့်စွာ ရင်ဆိုင်နိုင်ခဲ့သည်။ ဝေဒနာကို ပြင်းထန်စွာ ခံစားရဆဲအချိန်မှာပင် တပည့်ကြီးများ၏ အကူအညီဖြင့် အလွန်တန်ဖိုးရှိလှသော "သဗ္ဗမင်္ဂလ ဓမ္မဒေသနာ" ကျမ်းစာအုပ်ကြီးကို ပြီးစီးအောင် ရေးသားပြုစုသွားခဲ့သည်။ သာသနာတော်နှင့် နောင်လာနောက်သားတို့အတွက် များစွာ

http://www.dhammadownload.com



အကျိုးပြုတော်မူခဲ့သည်။

အရှင်သိရိန္ဒာဘိဝံသသည် ၁၃၄၀-ပြည့်နှစ်တွင် ရန်ကုန် နိကာယ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုပြန်သည်။ ဒီဃနိကာယ် ၃-ကျမ်းလုံး အဓိပ္ပါယ်ဂုဏ်ထူး ရခဲ့သည်။ နိကာယဓရောတက အတ္ထဝိသာရဒ ဒီဃဘာဏကဘွဲ့ ရရှိသည်။

## ပိဋကသုံးပုံ အာဂုံဆောင်

ထိုနှစ်မှာပင် အရှင်သိရိန္ဒသည် တိပိဋကဓရ ရွေးချယ်ပွဲတွင် သုတ္တန္တပိဋက ဒီဃနိကာယ် ၃-ကျမ်းကို အာဂုံပြန်ဆိုသည်။ ကောင်းစွာ အောင်မြင်သည်။ ဒီဃဘာဏကဘွဲ့နှင့် သင်ရိုးပိဋကတ်သုံးပုံ အာဂုံပြီးဆုံးသဖြင့် တိပိဋကဓရဘွဲ့ ရရှိသွားသည်။ ထိုအတွက် အရိုးနီကနက္ကဒဏ်ထီးဖြူတော် ၃-လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကို လက်ခံရရှိသည်။

ထိုအချိန်တွင် ဆရာတော် အရှင်ဝါသဝါဘိဝံသ၏ ရောဂါအခြေအနေမှာ ဆိုးရွားလာနေပြီ။ တပည့်များက ဆရာတော်ကြီး ပျံလွန်တော်မမူမီ ၁၃၄၁-ခုနှစ်၊ ကဆုန်လတွင် ဆရာတော်၏ မွေးနေ့ပွဲကို ကျင်းပကြသည်။ ထိုမွေးနေ့ပွဲနှင့်အတူ တိပိဋကဓရဘွဲ့ရ အရှင်သိရိန္ဒာဘိဝံသနှင့် ဒွိပိဋကဓရ အရှင်ကိတ္တိသာရတို့ကို ဂုဏ်ပြုပူဇော်ပွဲ ကျင်းပသည်။

ထိုပူဇော်ပွဲသို့ ဆရာတော် အရှင်ဝါသဝါဘိဝံသ တက်ရောက်တော်မူသည်။ တပည့်နှစ်ပါး၏ အောင်မြင်မှုကို ဝမ်းမြောက်ဝမ်းသာ ရှိနေရှာသည်။ ဆရာတော်၏ ရဲရင့်တည်ငြိမ်စွာ ရှိနေမှုကို တပည့်များ ဖူးတွေ့ရသည်။ အံ့ချီးကြည်ညိုမဆုံး ရှိခဲ့ကြသည်။

http://www.dhammadownload.com



ထိုပူဇော်ပွဲကျင်းပပြီး ၄-လအကြာ ၁၃၄၁-ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၅-ရက် (၁၀-၉-၇၉)တွင် ဆရာတော် အရှင်ဝါသဝါဘိဝံသသည် တစ်ဘဝ ချုပ်ငြိမ်းတော်မူသည်။ ထိုအချိန်၌ သက်တော် ၇၁-နှစ် (၅၂-ဝါ) အရွယ်တော် ရှိသည်။ အရှင်သိရိန္ဒာဘိဝံသသည် အထူးသံဝေဂ ဖြစ်မိပေသည်။

## ဆရာသခင်၏ တာဝန်ပေးချက်အရ

ဆရာတော်ကြီး ဦးဝါသဝါဘိဝံသသည် ပျံလွန်တော်မမူမီ ၁၃၃၉-ခုနှစ်ကပင် ဤဗဟန်းဝိသုဒ္ဓါရုံတိုက်သစ်ကို အရှင်သိရိန္ဒာဘိဝံသအား ဆရာတော်အရှင်ကောဏ္ဍညနှင့်အတူ တွဲဖက်၍ စောင့်ရှောက်ထိန်းသိမ်း သာသနာပြုရန် တာဝန်ပေးအပ် လွှဲထားခဲ့သည်။ ဆရာတော်ကြီး ပျံလွန်တော်မူပြီးသောအခါ ၁၃၄၁-ခုနှစ်မှစ၍ ဆရာတော် အရှင်ကောဏ္ဍညက ပဓာနနာယကဆရာတော်အဖြစ်လည်းကောင်း၊ အရှင်သိရိန္ဒာဘိဝံသက တွဲဖက်ပဓာနနာယကအဖြစ်လည်းကောင်း တာဝန်ယူခဲ့ရသည်။ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ်ကြီးကို ကြီးပွားတိုးတက်စည်ကားအောင် အစွမ်းကုန်ကြိုးစားစောင့်ရှောက် သာသနာပြုခဲ့ကြသည်။

## ညီနောင်စိတ်ထား

အရှင်ကောဏ္ဍညသည် ၁၂၉၉-ခုနှစ်တွင် ဖွားမြင်တော်မူရာ အရှင်သိရိန္ဒာဘိဝံသထက် သက်တော် ၅-နှစ်ကြီးသည်။ ပါဠိပထမပြန် စာမေးပွဲများတွင် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း

http://www.dhammadownload.com



နှင့် ဓမ္မာစရိယတန်းတို့ကို အောင်မြင်၍ သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူသော အရှင်မြတ်ဖြစ်သည်။ စာသင်သားသံဃာတော်များ အား ပိဋကတ်ကျမ်းစာများကို စွမ်းစွမ်းတမံ ပို့ချပေးနိုင်တော်မူသည်။

ဆရာတော် ဦးကောဏ္ဍညနှင့် ဆရာတော် အရှင်သိရိန္ဒာဘိဝံသတို့သည် တစ်ကျောင်းတိုက်တည်း ၂-ပါးအတူတွဲ၍ နေရစေကာမူ ဆရာတူတပည့်ဖြစ်ခြင်း၊ တိုက်တာနှင့် သာသနာကြီးပွားစေလိုသော ဆန္ဒတူခြင်း၊ ပျံလွန်တော်မူသွားသော ဆရာတော်ကြီးအပေါ် ချစ်ခင်လေးစားမှုတူခြင်း၊ တစ်ပါးနှင့်တစ်ပါး ညီအစ်ကိုရင်းလို စိတ်ထားတတ်ခြင်းစသော အကြောင်းများကြောင့် အချင်းချင်း ဆန့်ကျင်ဘက် လုံးဝ မဖြစ်ခဲ့ဖူးချေ။ သူ့တာဝန်၊ ကိုယ့်တာဝန် ကျေပွန်အောင် ထမ်းဆောင်လျက် ချစ်ခင်ညီညွတ်စွာ လက်တွဲကြိုးစားခဲ့ကြသည်။ ထိုညီညွတ်မှုကို တွေ့မြင်ကြရသော ရဟန်းရှင်လူ ခပ်များများက လက်ဖျားခါ၍ အံ့သြချီးကျူးခဲ့ကြသည်။ အထူးအဆန်းတစ်ခုဟု အသိအမှတ်ပြုခဲ့ကြသည်။

## တာဝန် ၄-မျိုးထမ်းဆောင်

အရှင်သိရိန္ဒာဘိဝံသသည် ကျောင်းတိုက်အုပ်ချုပ်ရေးကို တွဲဖက်ဆောင်ရွက်ရင်း နေ့စဉ် စာဝါ ၂-ဝါ၊ ၃-ဝါစီ ပုံမှန်ပို့ချ သင်ပြပေးသည်။ ဒကာ၊ ဒကာမများအတွက်လည်း ကာလဒေသနှင့် ချင့်ချိန်၍ မေတ္တာရှေ့ထားကာ ဆောင်ရွက်သည်။ လက်တွေ့အသုံးချတရားများကို ဦးစားပေးရွေးချယ်လျက် စိတ်ပါလက်ပါ ထက်ထက်သန်သန် တရားဟောကြားပေးသည်။ ထို့ပြင် တစ်ဖက်ကလည်း တိပိဋကပြီးဆုံးအောင် ဆက်လက်ကြိုးစားသည်။

http://www.dhammadownload.com



## ဝမ်းသာဂုဏ်ယူကြ

အရှင်သိရိန္ဒာဘိဝံသသည် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်ခဲ့သဖြင့် တိပိဋကဓရဘွဲ့ ရရှိခဲ့ပြီ။ သဘောရေးဖြေ ဖြေဆိုပါရန်ကားကျန်နေသေးသည်။ သဘောရေးဖြေအောင်ပြီးမှ တိပိဋကဓရ ကောဝိဒဘွဲ့ ဆက်လက်ရရှိမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အရှင်သိရိန္ဒာဘိဝံသ တိပိဋကဓရဘွဲ့ ရရှိသွားသဖြင့် သက်ဆိုင်ရာဆရာတော်များနှင့် အဖော်ရဟန်းများက ဝမ်းသာမဆုံး ရှိကြသည်။ အရှင်သီတင်းသုံးရာ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တစ်တိုက်လုံးကလည်း ဂုဏ်ယူမဆုံး ရှိနေကြသည်။ လေးစားကြည်ညိုသော ဒကာ၊ ဒကာမများကလည်း ဝမ်းသာမဆုံး ရှိနေကြသည်။

## ဘုမိနက်သန်များ

အရှင်သိရိန္ဒာဘိဝံသသည် ယခင်က ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်ရန်အတွက် မိမိစာပေပို့ချ သင်ကြားပေးသော စာသင်သားများ စာဖြေဆိုအပြီး ကျောင်းပိတ်ရက်များတွင် ကလေးမြို့၊ မြို့လှကျောင်း၊ န္တေလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း၊ မန္တလေးမြို့ စိန်ပန်းတိုက်၊ ကဝမြို့နယ် သက္ကလရွာတောင်ကျောင်း၊ မင်းကွန်းတောင်ရိုး ရတနာရွှေဂူချောင် စသည်တို့သို့ သွားရောက်အနားယူ စာကျက်ခဲ့သည်။ ယခု တိပိဋကဓရဘွဲ့ ရရှိသွားသောအခါ ထိုထိုကျောင်းများမှ ဆရာတော်များ၊ ရဟန်းတော်များ စသည်တို့ကလည်း ဝမ်းသာမဆုံး ရှိကြသည်။ မိမိတို့နေရာများသည် အရှင်သိရိန္ဒာ

http://www.dhammadownload.com



ဘိဝံသအတွက် ဘုမိနက်သန် မြေကောင်းမြေမှန်များ ဖြစ်သည်ဟူ၍ ပြောဆိုဂုဏ်ယူကြသည်။

အထူးသဖြင့် သက္ကလရွာ တောင်ကျောင်း (ဒက္ခိဏာရုံ) ကျောင်းတိုက်သည် အရှင်သိရိန္ဒာဘိဝံသအတွက် ဝမ်းသာဂုဏ်ယူမဆုံး ရှိခဲ့သည်။ ထိုအချိန်က အရှင်အနားယူ ကြွရောက်လာစဉ် ထူးဆန်းသောဖြစ်ရပ်ကိုလည်း ပြောမဆုံး ရှိခဲ့ကြသည်။ ယနေ့တိုင်အောင် ဖြစ်သည်။

## ထူးဆန်းသောမြွေကြီး

၁၃၃၉-ခုနှစ်ခန့်လောက်က ဖြစ်သည်။ အရှင်သိရိန္ဒာဘိဝံသသည် မိမိကို ကြည်ညိုလေးစားသော ဒကာ၊ ဒကာမများကို အကြောင်းပြု၍ ထိုသက္ကလရွာတောင်ကျောင်းတွင် အနားယူစာကျက်ရန် ကြွရောက်ခဲ့သည်။

အရှင်သိရိန္ဒာဘိဝံသ၏ အနေအထိုင် ကျစ်လျစ်မှု၊ ဝိနည်းရိုသေမှုနှင့် ပညာထူးချွန်မှုတို့ကို အကြောင်းပြု၍ ထိုရွာရှိ ဒကာ၊ ဒကာမများကလည်း အလွန်ကြည်ညိုလေးစားကြသည်။ အရှင်စာကျက်မှု အဆင်ပြေစေရန်အတွက် ဆွမ်းကိစ္စအဝဝကို လိုလေသေးမရှိ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထိုစဉ်ဟာ ထိုတောင်ကျောင်း၏ ကျောင်းထိုင်ဆရာတော်မှာ ဆရာတော် ဦးဝိလာသဖြစ်သည်။ အရှင်သိရိန္ဒာဘိဝံသသည် ထိုကျောင်းမှ တိုက်အုပ် ဦးပဥ္ဇင်းဦးဇာဂရ သီတင်းသုံးသော အဆောင်တွင် တည်းခိုနေထိုင်သည်။ ဦးပဥ္ဇင်းဦးဇာဂရသည် အရှင်သိရိန္ဒာဘိဝံသကို အလွန်လေးစားသည်။

http://www.dhammadownload.com



အရှင်သိရိန္ဒာဘိဝံသသည် ဘယ်နေရာသို့ကွဲကွဲ ကျမ်းစာအုပ်ကို လက်ကမချ၊ ကျက်မှတ်နေတတ်သည်။ ကျောင်းဝင်းအတွင်း စင်္ကြံလျှောက်ရင်းဖြင့်ပင် ကျက်မှတ်လေ့ရှိသည်။

တစ်နေ့သော် အရှင်သိရိန္ဒာဘိဝံသသည် ကျောင်းဝင်းအတွင်း စင်္ကြံလျှောက်စာကျက်ပြီးနောက် နားနေရန် ကျောင်းဆောင်ပေါ်သို့ ပြန်တက်သည်။ ထိုစဉ် မြွေကြီးတစ်ကောင်သည် အရှင်၏နောက်မှ သဲသဲမဲမဲ လိုက်လေတော့သည်။ ထိုမြွေကြီးမှာ မြွေဟောက်ကြီးဖြစ်သည်။ အလွန်ရှည်လျားသည်။ မည်းနက်ပြောင်လက်နေသည်။

ထိုမြွေဟောက်ကြီး လိုက်လာသည်ကို အရှင်သိရိန္ဒာဘိဝံသက လုံးဝမသိ။ ကျောင်းပေါ်သို့ အေးအေးဆေးဆေးပင် တက်သွားသည်။ ဘေး မှ ရဟန်းများ၊ ကိုရင်များ၊ ကျောင်းသားများက မြင်ကြသဖြင့် "ဟာ မြွေကြီး၊ မြွေကြီး ကျောင်းထဲဝင်တော့မယ်။ ဟော-ဝင်ပြီ၊ ဝင်ပြီဘုရား" ဟု ဝိုင်းအော်ကြသည်။ ထိုအခါတွင်မှ အရှင်သိရိန္ဒာဘိဝံသသည် မြွေကြီးလိုက်လာနေမှန်း သိရှိရသည်။

ထိုအချိန်၌ မြွေကြီးသည် ကျောင်း၏အုတ်လှေကားထစ်များသို့ပင် ရောက်နေပေပြီ။ ဦးပဥ္စင်းဦးဇာဂရက "ဟေ့-ဟေ့၊ တုတ်နဲ့ခြောက်လှန့် မောင်းထုတ်လိုက်" ဟု ဆိုလိုက်သည်။ အနီးရှိ ရဟန်းများ၊ ကိုရင်များ၊ ကျောင်းသားများကလည်း မြွေကြီးကို ခြောက်လှန့်မောင်းထုတ်ကြသည်။ အရှင်သိရိန္ဒာဘိဝံသကား မြွေကြီးကို ဂရုမပြု။ အပေါ်ထပ်လှေကားသို့ တက်သွား၍ တံခါးပိတ်ပြီး နေလိုက်သည်။

မြွေကြီးကား မည်မျှခြောက်လှန့် မောင်းထုတ်သော်လည်း မရ။ ကျောင်းပေါ်သို့တက်သည့် လှေကားကိုသာ အတင်းတိုးတက် ရန် ကြိုးစားနေသည်။ နောက်ဆုံးတွင် ဦးပဥ္စင်းဦးဇာဂရ မျက်နှာလွှဲတော်မူလိုက်ရသည်။ ကျောင်းသားများသည် မြွေကြီးကို ဝိုင်းဖယ်ရှား

http://www.dhammadownload.com



ကြသည်။

ဤတွင် ထိုမြွေဟောက်ကြီးကို ဦးပဥ္စင်းဦးဇာဂရ သံသယရှိလာသည်။ "ဟေ့-ဒါသာမန်မြွေ မဟုတ်နိုင်ဘူး။ ကျောင်းသားတွေ အရမ်းမလုပ်ကြပါနဲ့" ဟု မေတ္တာရပ်ခံ တားမြစ်သည်။ သို့ရာတွင် ကျောင်းသားများက မြွေကြီးပြန်လာမည်ကို စိုးရိမ်ကြသည်။ ကြောက်ကြောက်နှင့် ကော်ထုတ်ဖယ်ရှားလိုက်ကြသည်။

## ဆရာတော် ဦးဇာဂရ၏ကောက်ချက်

"မြွေကြီးဟာ မြွေဆိုးသဏ္ဌာန်ဖြစ်ပေမယ့် သာမာန်မြွေမျိုးနဲ့ မတူဘူး။ အလွန်ထူးဆန်းတယ်။ သူ့ကို ဖယ်ရှားပေမယ့် ဘယ်သူ့ကိုမှ ပြန်ပြီး အန္တရာယ်မပြုဘူး" ဟူ၍ ဦးပဥ္စင်းဦးဇာဂရက မိန့်တော်မူခဲ့သည်။ နောင်အခါတွင် ထိုအကြောင်းကို စာရေးဆရာမ နန္ဒာခင်အမှူးပြုသော ဒကာ၊ ဒကာမများက မေးလျှောက်ကြည့်ကြသည်။ ထိုအချိန်တွင် ဦးပဥ္စင်းဦးဇာဂရသည် ကျောင်းထိုင်ဆရာတော် ဖြစ်နေပေပြီ။

"ဆရာတော်ဘုရား၊ ဒီမြွေကြီးကို ဘယ်လိုထင်ပါသလဲ ဘုရား။
"

"အဲဒီတုန်းက ဘုရားရှင်ရဲ့ မုက္ခပါဌ်တော်ဖြစ်တဲ့၊ ပိဋကတ်သုံးပုံကို ကျက်မှတ်ရွတ်ဖတ်နေတဲ့ အရှင်သိရိန္ဒာဘိဝံသနောက်ကို မြွေကြီးက ကြည်ညိုပူဇော်ဖို့ လိုက်လာတာလို့ ဆရာတော်ထင်မှတ်တယ်။ မြွေအစစ် ဟုတ်ပုံမရဘူး။ အဲဒီထူးဆန်းတဲ့မြွေကြီး ပေါ်လာကတည်းက ဒီကိုယ်တော် အရှင်သိရိန္ဒာဘိဝံသဟာ ထူးခြားတဲ့ ပုဂ္ဂိုလ်ထူးဖြစ်လာမှာပဲလို့ ဆရာတော်တို့အားလုံး ယုံကြည်ထားတယ်။ ယုံကြည်တဲ့

http://www.dhammadownload.com



အတိုင်းလဲ ဖြစ်လာတာပဲ။ ရွှေ့လျှောက်လဲ ဘုန်းကံကြီးမားတဲ့ ဆရာတော်ကြီးတစ်ပါး ဖြစ်လာလိမ့်မယ်" ဟူ၍ ဆရာတော်ဦးဇာဂရက ကောက်ချက်ချ မိန့်တော်မူခဲ့သည်။

သက္ကလတောင်ကျောင်းဆရာတော် ဦးဇာဂရ ယုံကြည်မျှော်လင့်ထားသည့်အတိုင်းပင် အရှင်သိရိန္ဒာဘိဝံသသည်လည်း တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင်မြင်လာခဲ့သည်။

## သက်တော် ၄၀-ကျော်ပြီးမှသာ

ထိုစဉ်က တိပိဋကကောဝိဒဘွဲ့ကို တစ်နှစ်တည်းဖြင့် အပြီးဖြေဆိုအောင်မြင်နိုင်သော်လည်း အရှင်သိရိန္ဒာဘိဝံသသည် အချိန်ဆွဲနေခဲ့သည်။ မိမိအနေဖြင့် သက်တော် ၃၆-နှစ်အရွယ်တွင် ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်ခဲ့သည်။ တိပိဋကဓရဘွဲ့ ရရှိခဲ့သည်။ နောက်ထပ်၍ တိပိဋက ကောဝိဒဘွဲ့ ရယူရန်မှာ သက်တော်ငယ်သေးသည်။ အချိန်စောလွန်းနေသေးသည်။ တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးသည် သက်တော် ၄၀-ကျော်ပြီးမှ တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့ ရယူခဲ့သည်။ မိမိလည်း ဆရာတော်ကြီးနည်းတူ သက်တော် ၄၀-ကျော်ပြီးမှသာ တိပိဋကကောဝိဒဘွဲ့ကို အပြီးသတ် ရယူချင်သည်။ သို့မဟုတ်က သက်တော်ငယ်ငယ်ဖြင့် မနိုင်ဝန်ကြီး ထမ်းနေရသလို ဖြစ်တော့မည်ဟူ၍ ခံယူမိသည်။ သို့ဖြင့် တိပိဋကကောဝိဒဘွဲ့အတွက် ဖြေဆိုရန် အချိန်ဆွဲနေသည်။

အချို့ဆရာတော်ကြီးများ အပါအဝင် ရဟန်းတော်များက တစ်နှစ်အတွင်းမှာပင် တိပိဋကဘွဲ့ကို အရှင်သိရိန္ဒာဘိဝံသ ဆွတ်ခူးရရှိစေချင်ကြသည်။

http://www.dhammadownload.com



"ဦးသိရိန်တော့ နောက်နှစ်ဆို ဇကန်တိပိဋက ပြီးတော့မှာပါ။ ပြီးတာကိုပဲ မြင်ချင်ပါတယ်။ ဧကန် ပြီးအောင်လဲ တကယ်ကြိုးစား စေချင်ပါတယ်" ဟု မိန့်ကြားကြသည်။

## ဒီဃဆိုတော့ ရှည်ဦးမှာ

အရှင်သိရိန္ဒအဖို့ နောက်ဆုံး သဘောရေးဖြေပွဲအဖြစ် သုတ္တန္တပိဋကဒီဃနိကာယ်သာ ကျန်တော့သည်။ ထို့ကြောင့် အရှင်က "ဒီဃဆိုတော့ ရှည်ဦးမှာပါဘုရား" ဟု ပြန်လျှောက်သည်။ အရှင်သိရိန္ဒ၏ "ဒီဃဆိုတော့ ရှည်ဦးမှာပါဘုရား" ဟူသော စကားသည် အပျော်အပြက်ပြောသလိုလို၊ ရယ်ဖွယ်ပြောသလိုလို ထင်ရသည်။ သို့သော်လည်း အရှင်၏စကားအတိုင်းပင် ၅-နှစ်ကျော်ကြာခဲ့သည်။

ထိုအတွင်း ဒကာ၊ ဒကာမများက "အလွန်များတဲ့ ဝိနည်း၊ အဘိဓမ္မာကြီးတွေကို လွယ်လွယ်နဲ့အောင်ပြီးခဲ့မှတော့ ဒီ-ဒီဃနိကာယ်ကလေး ၃-ကျမ်းကို သည်လောက်ကြာဖို့ မကောင်းပါဘူး။ တကယ်လုပ်ရင် တကယ်အောင်မှာပါ။ ကြိုးစားဖြေပါဘုရား" ဟု ဝိုင်းဝန်းလျှောက်ထားကြပြန်သည်။

"တိပိဋကအားလုံး ပြီးသွားရင် လူတွေက ဝိုင်းအုံကြဦးမှာ။ အပိုတာဝန်တွေက များလာဦးမှာ။ ဦးပဥ္စင်းအတွက် သာသနာ့ဝေစုအရနည်းရုံပဲ ရှိမှာပဲ။ စာကိုတောင် မှန်မှန်ချနိုင်မယ် မထင်တော့ဘူး။ တိပိဋကဓရ တိပိဋကကောဝိဒဆိုတဲ့ ဘွဲ့ကြီးက ကြီးလွန်းလှပါတယ်။ ဦးပဥ္စင်းက အသိဉာဏ်ရော၊ အရွယ်ရော နုပါသေးတယ်။ ဒီဘွဲ့ကြီးဟာ ဦးပဥ္စင်းနဲ့ မထိုက်တန်သေးပါဘူး။ တကယ်မရင့်ကျက်သေးဘဲ သူတစ်ပါး အထင်ကြီးခံရတာဟာ အလွန်အနေရ ကျဉ်းကျပ်ပါတယ်။

http://www.dhammadownload.com



ပထမ တိပိဋကရေ ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသဆိုလဲ သက်တော် ၄၀-ကျော်မှ တိပိဋက ပြီးတော်မူတာပါ။ အခုအချိန်မှာ တိပိဋကဘွဲ့ကြီး ရဖို့ကို ဦးပဥ္စင်း အဓိကမထားချင်သေးဘူး။ စာချလုပ်ငန်းနဲ့ တရားဟောလုပ်ငန်းကိုသာ အဓိကထားချင်သေးလို့ပါ" ဟု ပြန်ပြောသည်။

## လက်တစ်ကမ်းသာကျန်

အရှင်သိရိန္ဒ၏ အကြောင်းပြချက်ကို မည်သူကမျှ ခိုင်လုံသော အကြောင်းအဖြစ် လက်မခံကြ။ မည်သူကမျှ မကျေနပ်ကြ။ ကာယကံရှင်ထက်ပင် ထိုဘွဲ့ကြီးကို ရစေချင်နေကြသည်။

တိပိဋကရေ တိပိဋကကောဝိဒဟူသော ဘွဲ့ကြီးသည် ပရိယတ္တိသာသနာတွင် အမြင့်ဆုံးဘွဲ့ကြီး ဖြစ်သည်။ အရှင်သိရိန္ဒအဖို့ ထိုဘွဲ့ကြီးကို ဆွတ်ခူးရရှိရန်လည်း လက်တစ်ကမ်းသာ ကျန်ပါတော့သည်။ သို့ပါလျက်နှင့် ထိုဘွဲ့ကြီးအတွက် ဤမျှလောက်ကြာအောင် အချိန်ဆွဲနေခြင်းကို မည်သူကမျှ သဘောမတူကြချေ။ အမြန်ဆုံးပင် ပြီးစေလိုကြသည်။

## မော်လမြိုင်သတိပဋ္ဌာန် ဆရာတော်ကြီး

ထိုစဉ် ၁၃၄၅-ခုနှစ်၊ နတ်တော်လ၌ မော်လမြိုင် သတိပဋ္ဌာန် ဆရာတော်ဘုရားကြီးသည် ဗဟန်းမဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ခေတ္တကြွရောက်လာသည်။ အရှင်သိရိန္ဒာဘိဝံသက သွားရောက်ကန်တော့ရာ ကော့ကရိတ်ဆရာတော် ဦးသုမနက "အဲဒါ တိပိဋကရေ ဦးသိရိန္ဒ

http://www.dhammadownload.com



ပါဘုရား" ဟု လျှောက်သည်။

ဆရာတော်ကြီးက "ဪ-ဟုတ်လား။ တရားတွေဘာတွေ အားထုတ်ပြီးပြီလား" ဟု မေးတော်မူသည်။

"တပည့်တော် ပီပီပြင်ပြင် မယ်မယ်ရရရယ်လို့ အားမထုတ်ရသေးပါဘူးဘုရား။"

"အို ဦးပဥ္စင်း နောက်ကျသွားမယ်။ ပရိယတ်ပြီးရင် ပဋိပတ်ပဲ မဟုတ်လား။ စာသင်တာ ကျင့်ဖို့ပဲ။ ဘုရားဟောတဲ့ သတိပဋ္ဌာန် တရားတွေက သိပ်ကောင်းတာ။ မကျင့်နိုင်အောင် မဟောပါဘူး။ သွားလာ၊ နေထိုင်၊ စားသောက်ရင်းတောင် လုပ်လို့ရတာပဲ။ အကျိုးကလဲ သိပ်ကြီးတယ်။ နောက်မကျအောင် မြန်မြန်အားထုတ်စမ်းပါ။"

ဆရာတော်ကြီးက ပိဋကတ်သုံးပုံ အာဂုံဆောင် တိပိဋကဓရနှင့်တန်အောင် တရားအားမထုတ်သေးသည်ကို အားမလို အားမရရှိဟန်တူသည်။ ကရုဏာရှေ့ထားကာ အရှင်သိရိန္ဒာဘိဝံသကို ညွှန်ကြားတော်မူသည်။

## ထူးခြားသော ၁၃၄၆-ခုနှစ်

သို့ဖြင့် အရှင်သိရိန္ဒာဘိဝံသသည် တိပိဋကကောဝိဒဘွဲ့ကို အမြန်ဆုံးပြီးဆုံးအောင် ဖြေဆိုတော့မည်ဟူ၍ ဆုံးဖြတ်လိုက်သည်။ ထိုဘွဲ့ရပြီးနောက် တရားကို ဦးစားပေးမည်ဟူ၍လည်း ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် ၁၃၄၆-ခုနှစ်၊ ၃၇-ကြိမ်မြောက်တိပိဋက ရွေးချယ်ပွဲ၌ ဝင်ရောက်ဖြေဆိုသည်။ ကျန်နေသေးသော သုတ္တန္တပိဋကဒီဃနိကာယ် ၃-ကျမ်း သဘော ရေးဖြေပွဲကို ဖြေဆိုသည်။ ကောင်းစွာ ဖြေဆိုနိုင်သည်။ အောင်စာရင်းများ ထွက်သောအခါ ကောင်းစွာပင်

http://www.dhammadownload.com



အောင်မြင်သွားသည်။

အရှင်သိရိန္ဒာဘိဝံသအဖို့ ပိဋကတ်သုံးပုံ အာဂုံရော၊ သဘော ရေးဖြေပါ အားလုံးအောင်မြင် ပြီးမြောက်သွားပြီ။ တိပိဋကဓရ ဘွဲ့တော်ကိုသာမက တိပိဋက ကောဝိဒဘွဲ့တော်ကိုပါ ရရှိသွားသည်။ သင်ရိုးပိဋကတ်သုံးပုံအားလုံး ပြီးစီးသွားပြီ။

## တိုက်တိုက်ဆိုင်ဆိုင်

ထိုအချိန်၌ အရှင်သိရိန္ဒာဘိဝံသသည် သက်တော် ၄၂-နှစ်၊ ဝါတော် ၂၃-ဝါရှိပြီ။ ထူးခြားသည်ကား ပထမတိပိဋကဓရ၊ တိပိဋက ကောဝိဒဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသသည်လည်း သက်တော် ၄၂-နှစ်၊ သိက္ခာတော် ၂၃-ဝါအရတွင် ပိဋကတ်သုံးပုံအားလုံးကို အောင်မြင်တော်မူခြင်း ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဆရာတော်ကြီးနှင့် အရှင်သိရိန္ဒာဘိဝံသတို့ တိပိဋကဘွဲ့ထူးကြီးကို ရရှိရာတွင် သက်တော်ရော၊ သိက္ခာဝါတော်ပါ တစ်ထပ်တည်း တူညီနေပေတော့သည်။

အရှင်သိရိန္ဒာဘိဝံသသည် တိပိဋကကောဝိဒဘွဲ့ ဆက်လက်ဆွတ်ခူးရရှိသဖြင့် အရှင်သိရိန္ဒာဘိဝံသအား နိုင်ငံတော်အစိုးရက အရိုးဝါကနက္ကဒဏ် ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကိုလည်း ဆက်ကပ်သည်။ ဆွမ်းဆန်တော်စရိတ်ကိုလည်း လစဉ် လှူဒါန်းသည်။ ကုန်း၊ ရေ၊ လေ ၃-ဌာန၌ တပည့် ၂-ဦးနှင့်အတူ အခလွတ် အချိန်မရွေး ခရီးသွားလာခွင့် အထက်တန်းလက်မှတ်ကိုလည်း ဆက်ကပ်လေသည်။

http://www.dhammadownload.com



# အပူဇော်ခံလို၍ မဟုတ်

တိပိဋကအောင်၍ သက်ဆိုင်ရာတို့က ဂုဏာပူဇော်ပွဲ ကျင်းပသည်။ ထို့ပြင် အခြားအခြားသော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များစွာတို့ကလည်း ဂုဏာပူဇော်ပွဲများ ပြုလုပ်ရန် စီစဉ်ကြသည်။ ထိုအခါ အရှင်သိရိန္ဒာဘိဝံသက "အပူဇော်ခံလို၍ တိပိဋကလုပ်သည် မဟုတ်။ နှလုံးသား၌ ဘုရားတည်လို၍သာ တိပိဋကလုပ်သည်" ဟု မိန့်တော်မူကာ ဂုဏာပူဇော်ပွဲ အများအပြားကို လက်မခံ။ ငြင်းပယ်ခဲ့သည်။

အရှင်က "ဓမ္မရတနာကို ရတနာအသိဖြင့် စိတ်နှလုံး၌ ထည့်သွင်းထားရခြင်းကား လောက၌ မည်သည့်အရသာနှင့်မျှ မနှိုင်းယှဉ်လောက်အောင် ပျော်မွေ့ဖွယ်ကောင်း၍ အေးချမ်းမွန်မြတ်လှပေသည်" ဟူ၍ပင် ဆောင်းပါးတစ်စောင်၌ ဖော်ပြရေးသားထားပေသည်။

# ဆရာတော်ကြီး အရှင်ဇနကာဘိဝံသနှင့် ပူဇော်ပွဲ

ဘွဲ့တံဆိပ်တော်များရ၍ ဂုဏာပူဇော်ပွဲများ ကျင်းပကြသည်ကို မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသသည်လည်း မနှစ်သက်။ အားမပေး။ အချိန်ကုန်၍ လူပန်းသည်။ ပူဇော်ကြသူများ အဖို့၌လည်း ငွေကြေးအကုန်အကျ များလှသည်။ ထိုကုန်ကျမည့် ငွေတို့ကို အခြားလိုအပ်သောနေရာဌာနတို့တွင် လှူဒါန်းမှုကိုသာ အားပေးတော်မူသည်။

http://www.dhammadownload.com



# မင်းကွန်းဆရာတော်ကြီး၏ ညည်းချင်း

အလိုနည်းသော အပ္ပိစ္ဆဂုဏ်နှင့် ပြည့်စုံတော်မူသည့် တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသသည်လည်း ဘွဲ့တံဆိပ်များရ၍ ဂုဏာပူဇော်ပွဲများ ကျင်းပကြသည်ကို မလိုလားပေ။ ဆရာတော်ကြီးအဖို့ မြန်မာနိုင်ငံ တစ်ဝန်းလုံးက အုန်းအုန်းကျွက်ကျွက် ပူဇော်ပွဲများ ကျင်းပ၍ မကြာခဏ ပူဇော်ခံခဲ့ရသည်ကို စိတ်မောလူမော ဖြစ်ခဲ့ရရှာသည်။ ထိုအကြောင်းကို ဤသို့ပင် ညည်းချင်းသဖွဲ့ရေး၍ ညည်းညူတော်မူခဲ့ပေသည်။

တိပိဋကဓရ ဖြစ်ရတဲ့အာနိသင်
ဒီကိုယ်တော် ဖတ်ဖတ်မောပေါ့
ကွယ်-ပြောမပြချင်။
ကိုယ့်ကျောင်းနှင့် ကိုယ့်ရပ်ခွင်
နေချင်လျက် မနေရ။
ပူအအေး ယှက်ထွေးကာ ဒဏ်ခံလို့
စုန်အဆန် မြန်းရတဲ့ခရီးမှာ
ကွယ်-ကြီးတဲ့ဒုက္ခ။
မငြင်းတဲ့ မဆန်သာ
နိုင်ငံတော် သာသနာရေးပေမို့
ကွယ်-ပြေးမလွတ်ပါ။
သူတကာ ချမ်းသာဟု ထင်မြင်ကြ။
သို့ကတဲ စိတ်ထဲမှာ သံဝေဂယူလို့
ကံမွေဟူ ဤအဖြစ်ကို
ကွယ်-နှစ်လို့ခံရ။

http://www.dhammadownload.com



# မင်းကွန်းဆရာတော်ကြီးနှင့် ဗိုလ် ၅-ပါး

အရှင်သိရိန္ဒာဘိဝံသသည် တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးကိုလည်း အလွန်လေးစားကြည်ညိုသည်။ မိမိ တိပိဋက ပြီးဆုံးပြီး မကြာမီပင် (၁၃၄၇-ခုနှစ်၊ ကဆုန်လဆန်းတွင်) ဆရာတော်ကြီးကို သွားရောက်ဖူးတွေ့သည်။ ထိုအချိန်၌ ဆရာတော်ကြီးသည် သက်တော် ၇၄-နှစ်ရှိနေပြီ။ မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူလျက် ရှိသည်။

ထိုသို့ ဆရာတော်ကြီးကို သွားရောက်ဖူးတွေ့စဉ် ဆရာတော်ကြီး၏ဂုဏ်ကျေးဇူးကိုလည်း တစိမ့်စိမ့် ကြည်ညိုမိသည်။ လွတ်လပ်ရေးရပြီးနောက် ပထမဦးဆုံးသော တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ၁၃၁၀-ပြည့်နှစ်၊ တပို့တွဲလ၌ စတင်ကျင်းပခဲ့သည်။ အရှင်မြတ် ၆-ပါးတို့ ပင်ရောက်ဖြေဆိုခဲ့ကြသည်။ တစ်ပါးမျှ မအောင်မြင်ခဲ့ကြ။ သက်ဆိုင်ရာတို့ ဝမ်းနည်းအားလျှော့မိကြသည်။ ဤတွင် အရှင်ဝိစိတ္တသာရာ ဘိဝံသက တိပိဋကဓရဘွဲ့ရရှိအောင် မိမိ မဖြစ်မနေ ကြိုးစားမည်ဟု ဆုံးဖြတ်တော်မူလိုက်သည်။ ထိုသို့ ဆုံးဖြတ်ရာမှ မိမိ၏ ကာယဗလနှင့် ဉာဏဗလအားတို့ကို ဝေဖန်ဆန်းစစ်ကြည့်သည်။

"အမောင် ဝိစိတ္တသာရ၊ သင်၏ခန္ဓာကိုယ်ကား ကြုံလှီလှပါတယ်။ လက်မောင်းကို တိုင်းကြည့်ရင် လက်တစ်ဆုပ်စာပဲ ရှိတယ်။ တိပိဋကဓရ စာမေးပွဲအတွက် ကျက်ရမယ့်စာက အများကြီး။ မင်းလက်မောင်းတစ်ဆုပ်စာနဲ့ တိပိဋကဓရ စာမေးပွဲ အောင်နိုင်ပါ့မလား။ အို-ဒါပေမယ့် တိပိဋကဓရ စာမေးပွဲအလုပ်ဟာ ဉာဏဗလအလုပ်ဖြစ်တယ်။ ကာယဗလအလုပ် မဟုတ်ဘူး။ မင်းမှာ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊

http://www.dhammadownload.com



သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဆိုတဲ့ ဗိုလ်ကြီး ၅-ပါး အားအပြည့် အဝရှိတယ်။ အဲဒီတော့ ဗိုလ် ၅-ပါး၊ အားကြီး ၅-ရပ် အပြည့်အဝရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဘာကြောက်စရာရှိသလဲ၊ ဝင်သာဝင်။

"ကြိုးစားအားထုတ်နေရင်း လေဖြတ်ပြီး ဘဝဇာတ်သိမ်းသွားရင်ရော ခံနိုင်မလား။ သံယုတ်ပါဠိတော်မှာ တရားအားထုတ်ရင်း ဇာတ်သိမ်းသွားတဲ့ သမဏနတ်သားဝတ္ထု အရှိသားပဲ။ ဒီကိစ္စမျိုးကို "လုပ်ငန်းခွင်၌ ဘဝဇာတ်သိမ်းခြင်း" လို့ အဌကထာဆရာများကပင် ချီးကျူးထားတာပဲ။ ဒါဖြင့်ရင် သင့်ခန္ဓာကိုယ်ကို ဝိနည်းပိဋကတ်မှာ အပ်နှံနိုင်တာပေါ့။ အပ်နှံနိုင်ပါတယ်။ "ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ" တရားကို စောင့်သူကို တရားကပြန်ပြီးစောင့်ကြောင်း ဘုရားဟောအရှိသားပဲ။ ဒီလိုဆိုရင် သင်ဟာ ဝိနယရေ အလုပ်ကို အားထုတ်ကြိုးပမ်းပေလော့" ဟု ဆရာတော်ကြီးက မိမိကိုယ်ကို မိမိမေးဖြေ ဆုံးဖြတ်ချက်ချခဲ့သည်။ ၁၃၁၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁-ရက်နေ့မှစ၍ ဝိနည်းပိဋကတ်ကို စတင်လေ့လာ ကျက်မှတ်ခဲ့သည်။

ထို့နောက် ၁၃၁၁-ခုနှစ်၊ ပြာသိုလ၌ ကျင်းပသော ဒုတိယအကြိမ် တိပိဋကဓရရွေးချယ်ပွဲကြီးကို ရဲရင့်စွာ ဝင်ရောက်ဖြေဆိုတော်မူခဲ့သည်။ အောင်မြင်တော်မူခဲ့သည်။ ဆက်လက်၍ တတိယ၊ စတုတ္ထ၊ ပဥ္စမ၊ ဆဌမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲများကို အဆင့်ဆင့် ဖြေဆိုတော်မူခဲ့သည်။ အောင်မြင်တော်မူခဲ့သည်။ နောက်ဆုံး ဆဌမအကြိမ်ဖြစ်သော ၁၃၁၅-ခုနှစ်တွင် ပြီးဆုံးအောင်မြင်တော်မူခဲ့သည်။ ထိုအချိန်က ပိဋကသုံးပုံစလုံးအောင်မြင်သူ အရှင်မြတ်ဟူ၍ တစ်ပါးမျှ မရှိ။ ဆရာတော်တစ်ပါးသာ ရှားရှားပါးပါး အောင်မြင်တော်မူခဲ့ခြင်း ဖြစ်သည်။

http://www.dhammadownload.com



## မှတ်ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ်

ဤသို့ ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ လမ်းဖွင့်ပေးတော်မူခဲ့သဖြင့် အရှင်သိရိန္ဒအပါအဝင် အခြားသောအရှင်မြတ်များသည် တိပိဋကဓရကို အောင်မြင်ရရှိတော်မူခဲ့ခြင်း ဖြစ်သည်။ သာသနာ့သမိုင်းတွင် ဆရာတော်ကြီး၏ဂုဏ်ကျေးဇူးကား ကြီးမားလှပေသည်။ မြန်မာကသာမက ကမ္ဘာကပင် အံ့သြချီးကျူးခြင်း ပြုခဲ့ရသည်။ အင်္ဂလန်နိုင်ငံက ထုတ်ဝေသော "ဂင်းနစ်စ် ကမ္ဘာ့အံ့ဖွယ်သုတစာအုပ်ကြီး" တွင် ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသအား မှတ်ဉာဏ်အကောင်းဆုံးပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်ထားခဲ့သည်။

## တရားကိုအဖော်လုပ်

အရှင်သိရိန္ဒာဘိဝံသသည် ဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသထံပါးသို့ ရောက်ရှိ၍ ရိုသေစွာ ဖူးမြော်ကန်တော့သည်။ ဆရာတော်ကြီးက ချစ်ခင်စွာဖြင့် နှုတ်ဆက်တော်မူသည်။

"ဦးသိရိန္ဒလား။ မင်းကွန်းကို ဘာကိစ္စနဲ့ လာတာလဲ။"

"အနားယူဖို့ လာတာပါဘုရား။"

"အနားယူဖို့ကတော့ မင်းကွန်းဟာ အငွန်ကောင်းတဲ့နေရာပေါ့။ ဦးသိရိန္ဒ၊ မစိုးရိမ်ဆရာတော်ဘုရားကြီးက ပြောဖူးတယ်။ အသက်ကြီးလာတဲ့အခါ လူငယ်တွေက အနားကို မကပ်ချင်ကြတော့ဘူး။ ဒီတော့ ဘယ်သူမှ ကိုယ့်အနား မလာချင်နေ၊ ကိုယ်တစ်ယောက်တည်း ပျော်ပျော်နေနိုင်အောင် စာလာပေလာအတိုင်း လေ့ကျင့်ထားကြတဲ့။ စာထဲ ပေထဲကအတိုင်း ပျော်ပျော်နေနိုင်အောင် လေ့ကျင့်ထားဆိုတာ

http://www.dhammadownload.com



လိုရင်းတော့ တရားကိုအဖော်လုပ်ပြီး အားထုတ်ပါလို့ ပြောတာပါ။ တစ်ယောက်တည်းပျော်တဲ့နည်းကတော့ တရားအလုပ်ပဲ ရှိတာပဲ။"

ဆရာတော်ကြီးက မိနစ်ပိုင်းကလေးအတွင်းမှာပင် အရှင်သိရိန္ဒာဘိဝံသအတွက် တစ်သက်လုံး မမေ့နိုင်လောက်အောင် မိန့်ကြားတော်မူလေသည်။

## တရားအားထုတ်

အရှင်သိရိန္ဒာဘိဝံသသည် တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများ၏ အဆုံးအမကိုလည်း နာယူခြင်းပြုသည်။ မိမိကိုယ်တော်တိုင်ကလည်း ဘုရားရှင်၏ တရားတော်များသည် သိရှိရုံမျှနှင့်မပြီး၊ ကိုယ်တိုင်ကျင့်ကြံအားထုတ် ပွားများရမည့် တရားတော်များ ဖြစ်သည်ကိုလည်း ကောင်းစွာ ဆင်ခြင်မိသည်။

သို့ဖြင့် မဟာသတိပဋ္ဌာန်သုတ်တော် အမှူးပြုသော ပဋိပတ်ဆိုင်ရာ တရားတော်များကို သေချာကျနစွာ လေ့လာနှလုံးသွင်းဆင်ခြင်ပြီးနောက် ပဋိပတ်လုပ်ငန်းကို ကြိုးစားလုပ်ဆောင်ခဲ့သည်။ မယ်မယ်ရရ ပီပီပြင်ပြင်ဖြစ်အောင် ကြိုးစား၍ တရားအားထုတ်ခဲ့သည်။ အားထုတ်ရာ၌ တရားစခန်းများ မဝင်ခဲ့။ တစ်ပါးတည်း အောင်မြင်စွာ လေ့လာအားထုတ်နိုင်ခဲ့သည်။

ဒကာတစ်ဦးက အရှင်သိရိန္ဒာဘိဝံသအား "ဆရာတော်၊ တရားစခန်းများ ဝင်ဖူးပါသလား" ဟူ၍ မေးလျှောက်ကြည့်မိသည်။ အရှင်သိရိန္ဒာဘိဝံသက "ဒါတွေဟာ ဘုန်းကြီးရဲ့ တရားစခန်းတွေပဲ" ဟူ၍ဆိုကာ စားပွဲပေါ်ရှိ ပိဋကတ်စာအုပ်များကို ညွှန်ပြခဲ့သည်။

http://www.dhammadownload.com



## ညီနောင်နှစ်ပါးပမာ

အရှင်သိရိန္ဒာဘိဝံသသည် တရားလည်းအားထုတ်သည်။ ကျောင်းတိုက်တွင် နေ့စဉ် စာ ၂-၀ါစီ မှန်မှန်ပို့ချသည်။ ဒကာ၊ ဒကာမ တို့အတွက်လည်း တရားများ ဟောကြားသည်။ ပါထိကဝဂ္ဂပါဠိတော် နိဿယသစ်၊ ဘဝလမ်းညွှန် ဓမ္မာစရိယလမ်းပြကျမ်း စသော ကျမ်းစာများကိုလည်း ရေးသားပြုစုသည်။ ကျောင်းတိုက်၏ အုပ်ချုပ်ရေးတာဝန်ကိုလည်း ဆရာတော် ဦးကောဏ္ဍညနှင့်အတူ လက်တွဲလျက် ဆောင်ရွက်တော်မူသည်။

သာရေး၊ နာရေးနှင့်ပတ်သက်၍ ကျောင်းတိုက်တွင်လည်းကောင်း၊ ပင့်ဖိတ်လာသော ဒကာ၊ ဒကာမများ၏အိမ်တွင် လည်းကောင်း အလှူပွဲများရှိပါက ဆရာတော် ဦးကောဏ္ဍညနှင့် အရှင်သိရိန္ဒာဘိဝံသတို့နှစ်ပါးလုံး အတူကြွသည်။ ဆရာတော် ဦးကောဏ္ဍညက သီလပေးသည်။ ထို့နောက် ဆရာတော်အရှင်သိရိန္ဒာဘိဝံသက တရားဟောကြားသည်။ ညီတော်၊ နောင်တော်နှစ်ပါးပမာ ဆောင်ရွက်တော်မူကြသည်ကို မြင်တွေ့ရသူတိုင်းပင် ဝမ်းသာကြသည်။ ချီးကျူးကြသည်။

## တပည့်များကို ဆုံးမ

ဆရာတော် အရှင်သိရိန္ဒာဘိဝံသသည် နေ့စဉ် စာချရာ၌ အဖိတ်နေ့တိုင်းတွင် စာအနည်းငယ်မျှသာ ပို့ချသည်။ တပည့်များအား ဆုံးမဩဝါဒများ ပေးလေ့ရှိသည်။ ထိုဆုံးမဩဝါဒများတွင် အောက်ပါဆုံးမဩဝါဒကို တပည့်များ အထူးနာယူကြသည်။

http://www.dhammadownload.com



"တပည့်တို့၊ လောကမှာ လူအများပြောလေ့ရှိတဲ့ စကားတစ်ရပ်က သူတော်မှ ကိုယ်ကောင်းတယ်တဲ့။ တကယ့်သူတော်ကောင်းဆိုတာ သူတော်လာအောင် ကိုယ်က ကောင်းပေးရတယ်" ဟူသောဆုံးမဩဝါဒဖြစ်သည်။

ထို့ပြင် ပရိယတ္တိသင်ကြားပြီး ပရိယတ္တိစာမေးပွဲများ ဖြေဆို ခြင်း၊ အောင်မြင်လို၍ ကြိုးစားကြခြင်းနှင့် စပ်လျဉ်း၍ "စာမေးပွဲ ကျင်းပတယ်ဆိုတာ ဘုရားရှင်က ညီတော် နန္ဒမင်းသားကို နတ်သမီးပြပြီး နတ်သမီးလိုချင်ရင် ဒီတရားအားထုတ်ဆိုပြီး ပေးလိုက်တဲ့သဘောပဲ။ ညီတော်နန္ဒမင်းသားဟာ နတ်သမီးလိုချင်ဇောနဲ့ တရားကျင့်တယ်။ အထပ်ထပ်ကြိုးစားရင်းနဲ့ နောက်တော့ တရားသိမြင်လာပြီး ရဟန္တာဖြစ်သွားတယ်မဟုတ်လား။

"ဒီဥပမာလိုပဲ၊ တပည့်တို့ စာမေးပွဲအောင်ချင်လို့ စာကြိုးစားကြတယ်။ စာကြိုးစားရင်း စာပေအရအမိ အသိအမြင်များလာတော့ ဘုရားဟရားတော်များရဲ့ အနှစ်သာရကို တပည့်တို့သိမြင်လာကြလိမ့်မယ်။ ဒီအခါမှာ စာမေးပွဲအောင်မြင်ခြင်းဟာ အဓိကမဟုတ်။ စာပေတတ်မြောက်၍ အနှစ်သာရကို သိမြင်ခြင်းဟာ အဓိကဖြစ်တယ်ဆိုတာ သိလာလိမ့်မယ်" ဟု ဆုံးမတော်မူခဲ့သည်။

## မေတ္တာရှင်

ထိုစဉ်က ဆရာတော်အရှင်သိရိန္ဒာဘိဝံသသည် အဖိတ်နေ့ စာချချိန်မှတစ်ပါး ကျန်အချိန်များတွင် တပည့်များနှင့် စကားပြောဆိုခြင်းမရှိ။ တခြား မည်သည့်ပုဂ္ဂိုလ်နှင့်မျှလည်း ဧည့်ခံ၍ စကားပြောလေ့မရှိ။ အခန်းတွင်းမှ အခန်းပြင်သို့ထွက်လေ့မရှိ။ စာချချိန်၊ ရေချိုးချိန်၊

http://www.dhammadownload.com



ဘုရားဝတ်တက်ချိန်၊ ဆွမ်းစားချိန်များ၌သာ ဆရာတော်ကို ဖူးမြင်ရသည်။ ယုတ်စွအဆုံး ခေါင်းရိတ်လိုသည်ကိုပင် တပည့်များအား လက်ဟန်ပြ၍ ခေါင်းရိတ်ခိုင်းသည်။ ခေါင်းရိတ်စဉ်ကာလကို အချိန် အလကားမထား။ စာကို နှုတ်လုံးသွင်းသရဇ္ဈာယ်လျက် နေတော်မူ၏။

တပည့်တစ်ဦးဖြစ်သူ စောလင်းခိုင်က "ဆရာတော်သည် မေတ္တာရှင်ဖြစ်၏။ စာရေးသူနေထိုင်ခဲ့စဉ်အတွင်း ဆရာတော် စိတ်ဆိုး၊ စိတ်တိုသော အမူအရာကို မတွေ့မြင်ခဲ့ဖူးပေ။ ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့သည်ကား များပြားလှချေတကား" ဟူ၍ ဆောင်းပါးတစ်စောင်၌ ရေးသားထားသည်။

## နေမင်း လမင်းပမာ

ကျောင်းတိုက်ရှိ စာသင်သားတပည့်အများစုက "ရန်ကုန်မဟာဝိသုဒ္ဓါရုံတိုက် ပဓာနနာယကဆရာတော် ဆရာတော်ဦးကောဏ္ဍညသည် နေမင်းနှင့်တူသည်။ ဒုတိယပဓာန နာယကဆရာတော် အရှင်သိရိန္ဒာဘိဝံသသည် လမင်းနှင့်တူသည်" ဟူ၍ တင်စားပြောဆိုခဲ့ကြသည်။

ဆရာတော် ဦးကောဏ္ဍညက တပည့်စာသင်သားများအား "တစ်နေ့ ၂၄-နာရီရှိတဲ့အထဲက တို့ကျောင်းမှာ တစ်နေ့ ၁၈-နာရီ အလုပ်လုပ်နိုင်ရမယ်။ ဒါ သာသနာတော်အတွက်ပဲ။ အဲသလိုမှ မလုပ်နိုင်ရင် အစကတည်းက ဒီကျောင်းကို မလာခဲ့နဲ့" ဟူ၍ မိန့်တော်မူလေ့ရှိသည်။

ထို့ပြင် "အပြစ်ပြ၍ ဆိုဆုံးမသူကို ရွှေအိုးပေးသူလို့ မှတ်ပါတဲ့။ ရွှေကျင်ဆရာတော်ကြီးက ဆုံးမထားတာရှိတယ်။ အပြစ်ကိုပြော

http://www.dhammadownload.com



ပြီး ဆုံးမရင် နာခေါင်းမရှုံ့ကြပါနဲ့။ ရွှေအိုးပေးတာလို့ မှတ်ပါ” ဟူ၍လည်း မိန့်တော်မူလေ့ရှိသည်။

ဤသို့ မိန့်တော်မူသည့်အတိုင်းပင် ဆရာတော် ဦးကောဏ္ဍညသည် စာသင်သားများအား စာကြိုးစားရန်၊ စည်းကမ်းလိုက်နာရန်၊ ဝိနည်းရိုသေကြရန် အမြဲဆုံးမလေ့ရှိသည်။ ကျူးလွန်ဖောက်ဖျက်သူများရှိလျှင်လည်း ဆူပူကြိမ်းမောင်းသည်။ နာနာကျင်ကျင် အပြစ်ပေးသည်။ ထို့ကြောင့် ဆရာတော်အား စေတနာကောင်း၍ “ဆူတတ်၊ ပူတတ်သောဆရာ၊ နေမင်းကြီးနှင့်တူသောဆရာ” ဟူ၍ တင်စားခေါ်ဝေါ်ခဲ့ကြသည်။

ဆရာတော် အရှင်သိရိန္ဒာဘိဝံသကား ထိုသို့မဟုတ်။ ဆူပူကြိမ်းမောင်းခြင်းမပြု။ နာနာကျင်ကျင် အပြစ်ပေးခြင်းမပြု။ သာယာညင်းပျောင်းသော စကားလုံးများဖြင့် ညင်ညင်သာသာ ဆုံးမလေ့ရှိသည်။ ထို့ကြောင့် ဆရာတော့်ကို လမင်းနှင့်တူသည်ဟူ၍ တပည့်များက တင်စားခေါ်ဝေါ်ခဲ့ကြသည်။

## တာဝန်အဆင့်ဆင့်

၁၃၄၆-ခုနှစ်ကစ၍ အရှင်သိရိန္ဒာဘိဝံသသည် ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင် ဖြစ်လာခဲ့သည်။

ထို့နောက် ၁၃၅၁-ခုနှစ်တွင် နိုင်ငံတော်က အရှင်မြတ်အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

၁၃၅၆-ခုနှစ်တွင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ဆရာတော်အရှင်သိရိန္ဒာဘိဝံသအား တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ (တိပိဋကပုစ္ဆက)အဖြစ် တာဝန်ပေးအပ်ခဲ့သည်။

http://www.dhammadownload.com



# ပဓာန နာယကဆရာတော်တာဝန်

၁၃၅၉-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈-ရက်၊ အင်္ဂါနေ့ နံနက် ၄-နာရီအချိန်တွင် ရန်ကုန် မဟာဝိသုဒ္ဓါရုံတိုက် ပဓာနနာယကဆရာတော် အရှင်ကောဏ္ဍညသည် ပျံလွန်တော်မူသွားသည်။

ဆရာတော်သည် ၁၂၉၉-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့ရာ ပျံလွန်တော်မူချိန်၌ သက်တော် ၆၀-အရွယ်သာ ရှိသေးသည်။ ဆရာတော်သည် သာသနဓဇ ဓမ္မာစရိယဘွဲ့ရလည်းဖြစ်သည်။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်များ ဆက်ကပ်ခြင်း ခံရသူလည်းဖြစ်သည်။ မိမိကျောင်းတိုက်တာဝန်အပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်အဖြစ်လည်း တာဝန်ထမ်းဆောင်ဆဲ ဖြစ်သည်။ ထိုစဉ် ဘဝနတ်ထံ ပျံလွန်တော်မူခြင်း ဖြစ်သည်။

ဤတွင် ရန်ကုန် မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကအဖြစ် အရှင်သိရိန္ဒာဘိဝံသအား တင်မြှောက်ကြသည်။ ရွှေကျင်နိကာယ ဥက္ကဋ္ဌ၊ မဟာနာယက ညောင်ရွှေဆရာတော်ဘုရားကြီး ဦးစီးကာ ရွှေကျင်ဆရာတော်ကြီးများက သာသနာရေးဝန်ကြီး၊ ကျောင်းဒကာ၊ ကျောင်းအမများရှေ့မှောက်၌ အခမ်းအနားဖြင့် တင်မြှောက်ကြခြင်းဖြစ်သည်။

ထိုအချိန်၌ ဆရာတော်အရှင်သိရိန္ဒာဘိဝံသသည် သက် တော် ၅၅-နှစ်အရွယ် ရှိပေပြီ။

http://www.dhammadownload.com



# ညင်ညင်သာသာ

ဆရာတော်အရှင်သိရိန္ဒာဘိဝံသသည် ပဓာနနာယကဆရာတော်ဖြစ်ပြီးနောက် ကျောင်းတိုက်ရှိ သံဃာတော် ၁၅၀-ကျော်တို့အား နူးညံ့သိမ်မွေ့စွာ ဩဝါဒပေးတော်မူသည်။

"အရှင်ဘုရားတို့အားလုံး ကျောင်းတိုက်က ချမှတ်ထားတဲ့ စည်းကမ်းတွေကို သိရှိပြီးဖြစ်ကြပါတယ်။ ဒီစည်းကမ်းချက်တွေအတိုင်း တိတိကျကျလိုက်နာကြဖို့ မေတ္တာရပ်ခံပါတယ်။

"တပည့်တော်အနေနဲ့ စည်းကမ်းဖောက်ဖျက်သူများတွေ့ရင် အပြစ်ပေးရမယ်။ ဆိုဆုံးမတဲ့အခါ ဆူပူကြိမ်းမောင်းခြင်းလဲ မပြုပါဘူး။ ကြိမ်နဲ့လဲ မရိုက်ပါဘူး။ ကိုယ်ထိလက်ရောက်လဲ ဘာတစ်ခုမှ မပြုပါဘူး။ ညင်ညင်သာသာပဲ ဆုံးမပါမယ်။ စည်းကမ်းဖောက်ဖျက်တာတွေ့ရရင် တိတိကျကျ အပြစ်ဒဏ်ပေးရပါလိမ့်မယ်။ လိုအပ်တာအားလုံး မဖြစ်မနေ ကြိုးစားဖြည့်ပေးမယ်။ အစွမ်းကုန် ချီးမြှောက်မယ်။ စည်းကမ်းကိုတော့ တစ်ချက်မှ အတိမ်းမခံပါဘူး" ဟူ၍ ဩဝါဒပေးတော်မူသည်။

ထိုသို့ ဩဝါဒပေးတော်မူသည့်အတိုင်းလည်း အရေးယူစရာရှိက ပြတ်သားစွာ အရေးယူတော်မူခဲ့သည်။ လိုအပ်သည်တို့ကိုလည်း အစွမ်းကုန် ဖြည့်ဆည်းပေးတော်မူသည်။ ချီးမြှောက်တော်မူခဲ့သည်။

# ပဋိပတ္တိ မကင်းတဲ့ ပရိယတ်

ထို့ပြင် ပရိယတ္တိသာမဏေ ပဋိပတ္တိပါ ဆောင်ရွက်ကြပါရန် လည်း မူ ချမှတ်တော်မူခဲ့သည်။

http://www.dhammadownload.com



"အရှင်ဘုရားတို့အနေနဲ့ ပရိယတ္တိကိုသာမက ဆရာတော်ကြီးများရဲ့ ဩဝါဒအတိုင်း ပဋိပတ်လုပ်ငန်းကိုပါ ဆက်လက်ကြိုးစားလုပ်ကိုင်နိုင်ဖို့ လိုအပ်ပါတယ်။ ပဋိပတ်မကင်းတဲ့ ပရိယတ်သာသနာ၊ ပရိယတ်မကင်းတဲ့ ပဋိပတ်သာသနာ ထွန်းကားအောင် အရှင်ဘုရားတို့က ကြိုးစားဆောင်ရွက်စေလိုပါတယ်။ တစ်နည်းအားဖြင့် နှလုံးသားထဲမှာ ဘုရားတည်နေအောင် ကြိုးစားကျင့်သုံးရပါမယ်။ အကျင့်မပါရင် အသိတွေသေနေတတ်တယ်။ အသိကို အကျင့်နဲ့ အသက်သွင်းပေးမှ တရားရှင်သန်နေမယ်" ဟူ၍လည်း မိန့်တော်မူသည်။

ဤသို့ဖြင့် ကျောင်းတိုက်ရှိ သံဃာအားလုံး တစ်နေ့လျှင် နှစ်ကြိမ် တရားထိုင်ကြရန် ညွှန်ကြားတော်မူသည်။

ဆရာတော်ကိုယ်တိုင်လည်း စာသင်သားများကို စာဝါလည်း ပို့ချသည်။ ဒကာ၊ ဒကာမများကိုလည်း တရားဟောပြော ဆုံးမသည်။ ကျောင်းတိုက်အုပ်ချုပ်ရေး၊ စည်းကမ်းထိန်းသိမ်းရေးတာဝန်ကိုလည်း မနားမနေ ဆောင်ရွက်တော်မူသည်။ မည်မျှ တာဝန်များ များပြားသော်လည်း တရားအလုပ်ကိုကား မပျက်စေရ။

ထို့ကြောင့်လည်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်အာဒိစ္စဝံသ (ဒွေးလွှင်-ဆားလင်းကြီး)က "ပရိယတ်၊ ပဋိပတ် နှစ်ရပ်စွယ်စုံ မဟာဝိသုဒ္ဓါရုံ" ဟူ၍ ခေါင်းစဉ်တပ်ကာ မှတ်တမ်းတင်ဆောင်းပါး ရေးသားခဲ့သည်။

## ဆရာတော်နှင့် တီဗွီ

ဆရာတော် အရှင်သိရိန္ဒာဘိဝံသ ပဓာနနာယကတာဝန်ကို ယူပြီးနောက် ပြောစမှတ်ပြုဖွယ် အမှုတစ်ခုကို ပြုခဲ့သည်။ ယင်းကား

http://www.dhammadownload.com



ကျောင်းတိုက်တွင် ရုပ်မြင်သံကြားစက် (တီဗွီ)ကို လုံးဝထားခွင့်မပေးခြင်း၊ လုံးဝကြည့်ခွင့်မပေးခြင်းတည်း။

ဆရာတော်သည် ငယ်စဉ် လူဝတ်ကြောင်ဘဝကတည်းကပင် ရုပ်ရှင်မကြည့်၊ ပွဲလမ်းသဘင်မကြည့်၊ ရေဒီယို နားမထောင်ခဲ့ပေ။ နောက်ပိုင်း တီဗွီများ ပေါ်လာသောအခါတွင်လည်း တီဗွီမကြည့်၊ ဗွီဒီယိုမကြည့်။ ဗွီဒီယိုမကြည့်ဆိုရာတွင် ဗုဒ္ဓဂယာမှတ်တမ်းတင် သတင်းကားများကိုပင် မကြည့်ခဲ့ပေ။

## ခန္ဓာတီဗွီ

ဆရာတော်သည် ခန္ဓာတီဗွီ (ခန္ဓာရုပ်နာမ်ကြားစက်)ကိုသာ ကြည့်သည်။ တပည့်ပရိသတ်ကိုလည်း ခန္ဓာတီဗွီကိုသာ နေ့စဉ်အကြည့်ခိုင်းသည်။ ကိုယ့်သတင်း ကိုယ်သိဖို့ ပိုအရေးကြီးကြောင်း မိန့်ကြားတတ်သည်။

"ကိုယ့်ခန္ဓာ ရုပ်မြင်နာမ်ကြားစက်ကြီးက အဆက်မပြတ် ထုတ်လွှင့်နေတဲ့ သတင်းမှန်တွေ သိရဖို့ သတိဉာဏ်ဦးဆောင်တဲ့ ဝိပဿနာဉာဏ်နဲ့ ခန္ဓာတီဗွီ နေ့စဉ်ကြည့်ပေးပါ။ သတင်းအဆက်အသွယ်မပြတ်မှ တရားအနှစ်တွေ အချိန်မီ အမြန်ရနိုင်မယ်။ အချိန်ပိုင်းလေးတွေနဲ့ အချိန်ယူပြီးတော့လည်း ခန္ဓာတီဗွီကို ဉာဏ်စိုက်ကြည့်ဖို့၊ အိပ်ရာထချိန်မှ အိပ်ရာဝင်ချိန်အတွင်း စားသောက်သွားလာ လုပ်ကိုင်လှုပ်ရှားနေသမျှ ဉာဏ်သွင်းထားရင် သတင်းအဆက်အသွယ် မပြတ်ပါဘူး။ ကိုယ့်သတင်းမှန်ကိုမှ ကိုယ်မသိလိုက်ရရင် သိပ်နစ်နာသွားမှာပဲ" စသည်ဖြင့် ဆုံးမဟောကြားတော်မူခဲ့သည်။

http://www.dhammadownload.com



# ခန္ဓာဘောလုံးပွဲ

ထို့ပြင် စိတ်ကို ဘောလုံးဖြင့် ဥပမာပေး၍ စိတ်ဘောလုံးကို အဖြူအမည်းနှစ်သင်း လုကန်နေရသော ခန္ဓာဘောလုံးပွဲအဖြစ် တင်စားကာ နေ့တိုင်း ခန္ဓာဘောလုံးပွဲကန်ရန် ဆုံးမတော်မူခဲ့သည်။

"ခန္ဓာဘောလုံးကွင်းမှာ စိတ်ဘောလုံးကို ကိုယ်ကနိုင်အောင် လုကန်ပါ။ ကိုယ့်အဖြူအသင်းဘက်က ပေါ့ဆသွားရင် အမည်းအသင်းဘက်က အပူ၊ အရှုပ်၊ ဒုက္ခ၊ ဂိုးပေါင်းများစွာ သွင်းသမျှ ခံနေရမယ်။ ကိုယ့်ဘက်ကလဲ ပြန်မသွင်းနိုင်။ သူ့ဘက်က ဂိုးသွင်းတာကိုလဲ မဖမ်းနိုင်ရင် ဗုဒ္ဓဘာသာဝင်လူတစ်ယောက်ပါလို့ ပြောရမှာတောင် ရှက်စရာပါပဲ။ ရှိသာရှိ မသိတဲ့ လူ့ဘဝဟာ အ လွန်း၊ န လွန်း၊ ဖျင်း လွန်းပါတယ်။

"သတိ ဂိုးသမားကောင်းပါစေ။ သတိနဲ့ အဖြူအသင်းတစ်သင်းလုံး ယိန်းထား၊ အမြဲ နှိုးဆော်ပေး။ သီလ၊ သမာဓိ၊ ပညာ ဒဲတန်းသုံးတန်း အပေးအယူ အချိတ်အဆက် မိပါစေ။ သဒ္ဓါ၊ ဝီရိယ၊ ပညာ လှုပ်ရှားမှုမှန်ပါစေ။ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးလှုပ်ရှားမှု အားလုံး နည်းလမ်းမှန်ပါစေ။ ပညာက ရှေ့တန်းကနေပြီး သတိ၊ ဝီရိယ၊ သမာဓိအားနဲ့ ဒါနဂိုး၊ ဝေယျာဝစ္စ သီလဂိုး၊ သမာဓိဂိုး၊ ဝိပဿနာ ဂိုး များများရအောင် သွင်းပေး။

"အမည်းအသင်းဘက်က ကန်သွင်းလိုက်သမျှ အပူ၊ အရှုပ်၊ ဒုက္ခဂိုးတွေကို သတိဂိုးသမားက ဉာဏ်အကူအညီနဲ့ ဝိပဿနာစွမ်းရည်ပေါ်အောင် ရှုမှတ်ပြီး အမိဖမ်းယူပါ။

"အမည်းအသင်းဘက်က သွင်းလာသမျှကို မိအောင်ဖမ်း။ ကိုယ့်အဖြူအသင်းဘက်က သတိဉာဏ်နဲ့ တစ်ဂိုးပြီးတစ်ဂိုးရအောင်

http://www.dhammadownload.com



ဆက်တိုက်သွင်း၊ အလုပ်သာ များပါစေ။ မရှုပ်စေနဲ့။ ဘယ်သူထံမှ ပြန်မအပ်ရတဲ့ နိဗ္ဗာန်ရကြောင်း၊ ငြိမ်းအေးချမ်းသာကြောင်း တရားစွမ်းရည် ကိုယ်ပိုင်ဒိုင်းဆုကို အရယူပြီး ဘဝကို အနိုင်ယူပါ။ ဒါမှ ကိုယ့်ကိုယ်ကိုချစ် လူ့အစစ်ဖြစ်ခွင့် ရသွားမယ်" ဟူ၍လည်း ဟောကြားတော်မူခဲ့သည်။

## တယ်လီဖုန်းမသုံး

ဆရာတော်အရှင်သိရိန္ဒာဘိဝံသသည် မိမိသီတင်းသုံးရာကျောင်းတွင် တယ်လီဖုန်းလည်း လုံးဝမထားပေ။ တယ်လီဖုန်းဖြင့် ဒကာ၊ ဒကာမများကို ပြောဆိုဆက်ဆံခြင်းလည်း မပြု။ တစ်ခါက ဒကာတစ်ဦးက လက်ကိုင်ဖုန်းတစ်လုံး လှူဒါန်းမည်ပြုရာ ဆရာတော်က လုံးဝလက်မခံခဲ့ပေ။

ထို့ပြင် ဆရာတော်သည် တယ်လီဖုန်းဖြင့် ပင့်သော ဆွမ်းစား၊ ကွမ်းစားအလှူမျိုးကိုလည်း လိုက်လေ့မရှိပေ။ ကျောင်းသို့ ကိုယ်တိုင်လာပင့်မှ လိုက်လေ့ရှိသည်။

ဆရာတော်၏ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တွင် သိမ်ထဲ၌ တယ်လီဖုန်းတစ်လုံးတော့ ရှိသည်။ အခြားသံဃာတော်များ အသုံးပြုကြသော်လည်း ဆရာတော်သည် လုံးဝအသုံးမပြုခဲ့ပေ။ ကိုယ်ကိုယ်တိုင်လည်း မည်သူ့ထံကိုမှ ဖုန်းမဆက်။ သူတစ်ပါးဆက်သည်ကိုလည်း ကိုယ်တိုင်နားမထောင်။ တပည့်များကိုသာ စေခိုင်းတတ်သည်။

ထို့ပြင် ဆရာတော့်အား ဒကာ၊ ဒကာမများက မော်တော် ကားလာရောက်လှူဒါန်းကြသည်ကိုလည်း လက်မခံ။ ကျောင်းဒကာ၊ ဒကာမများက ကားဝယ်ပေးပါမည်ဆိုသည်ကိုလည်း လုံးဝလက်မခံ။

http://www.dhammadownload.com



"ဘုန်းကြီးက ကြုံသလိုစီးပါမယ်။ ကျောင်းသံဃာ ချမ်းသာအောင် ဆွမ်းခံကားသာ စီမံပေးလိုက်ကြပါ"ဟုသာ မိန့်ကြားသည်။ မိမိအ တွက်ကား လက်မခံဘဲ ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် ကျောင်းတိုက် တွင် ဆွမ်းခံကား ပစ်ကတ်ကားတစ်စီးသာ ရှိသည်။

## ယောဆရာတော်

ဆရာတော် အရှင်သိရိန္ဒာဘိဝံသသည် မိမိဇာတိဖြစ်သော ယောဒေသကို အလွန်ချစ်ခင်မြတ်နိုးသည်။ ယောသူ၊ ယောသားများ အား လောကီရေးရာတွင်လည်း ကြီးပွားတိုးတက်စေချင်သည်။ လော ကုတ္တရာရေးရာတွင်လည်း ထွန်းပေါက်စေချင်သည်။

ထို့ကြောင့် မိမိ ပိဋကတ်သုံးပုံကို အောင်မြင်ပြီးသောအခါ "ယောဆရာတော်" ဟူ၍ ခံယူတော်မူလိုက်သည်။ ယောနယ်သူ၊ ယောနယ်သားတို့ မိမိအတွက် အားတက်ဂုဏ်ယူနိုင်ကြရန် ဖြစ်သည်။ ထိုအမည်ကို ခံယူသဖြင့် ယောနယ်သူ၊ ယောနယ်သားများကလည်း ဝမ်းသားအားတက်ကြသည်။ ဂုဏ်ယူမဆုံး ရှိကြသည်။ "ယောကပါ၊ ယောဆရာတော် အရပ်ကပါ" ဟု ရဲရဲ့စွာ ဂုဏ်ယူဝင့်ကြွားကြသည်။

## ယောတရားတော်

၁၃၅၃-ခုနှစ်၊ တပေါင်းလဆန်း ၅-ရက် (၈-၃-၁၉၉၂)နေ့တွင် ဆရာတော်သည် အနောက်ဂန့်ဂေါ၊ ရှူးရှီရွာသို့ ဒကာ၊ ဒကာမများ၏ ပင့်ဖိတ်ချက်အရ ကြွရောက်တော်မူခဲ့သည်။ ထိုရွာရှိ စွယ်တော်ရှင် မြတ်ဘုရားကြီးဝင်း အာရုံခံမွှာရုံကြီး၌ "ယောတရားတော်" ဟူသော

http://www.dhammadownload.com



ခေါင်းစဉ်ဖြင့် တရားဟောတော်မူခဲ့သည်။

"နေရာဒေသကလဲ ယောဒေသ၊ တရားဟောတဲ့ ဘုန်းကြီးကလဲ ယောဘုန်းကြီး၊ တရားနာတဲ့ ပရိသတ်ကလဲ ယောပရိသတ်ဆိုတော့ တရားနာမည်ကိုလဲ 'ယောတရားတော်'လို့ နာမည်ပေးရအောင်။ ယောဆိုတာ မြန်မာလိုတော့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းလို့ အဓိပ္ပါယ်ရတယ်။ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ယောလို့ အဲသလို အသံတူအားဖြင့် ယူထားတာ။

"ပါဠိစကားမှာ ယောဆိုတဲ့ စကားလုံးဟာ အလွန်တွင်ကျယ်နေတဲ့ စကားလုံးပါ။"

ယောဘဂဝါ - အကြင်မြတ်စွာဘုရားသည်။

ယောသဘာဝေါ - အကြင်သဘောတရားသည်

ယောဘိက္ခု - အကြင်ရဟန်းသည်။

အစရှိသဖြင့် အဲသလို သုံးတဲ့နေရာတွေလဲ အများကြီးပဲ။

နာမ်ဝိဘတ် ၇-သွယ် ရေပြန်တော့လဲ အာလုပ်ယောတို့၊ ပထမာယောတို့၊ ဒုတိယာယောတို့ စသည် ကြည့်ပြန်တော့ ယောဟာ ပါဠိစကားမှာ အလွန်တွင်ကျယ်တဲ့ စကားလုံးပါ။

ဒါကြောင့် ဒီယောနဲ့ အသံချင်းတူတဲ့ ယောဆိုတဲ့ စကားလုံးဟာ လေးနက်တဲ့အဓိပ္ပါယ်ကို ဖော်ပြတယ်။ အဓိပ္ပါယ်လဲ အင်မတန်ကောင်းတယ်" စသည်ဖြင့် အဖွင့်တရား ဟောတော်မူခဲ့သည်။ ထို့နောက် ယောသူ၊ ယောသားများကို အားပေးကာ "ယောသူ၊ ယောသားလဲ ကောင်းရမှာပဲ။ ကောင်းအောင်လဲ နေရမှာပဲ။ ယောသူ၊ ယောသားဆိုရင် ရိုးသားရမယ်။ ဖြောင့်မတ်ရမယ်။ တရားကို နှစ်သက်မြတ်နိုးရမယ်။ အဲဒါမှ ယောအစစ်ဖြစ်မှာ" ဟူ၍ မိန့်တော်မူကာ နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောတော်မူခဲ့သည်။ ထိုတရားကို

http://www.dhammadownload.com



ကြားနာရပြီး ယောသူ၊ ယောသားများ အားတက်မဆုံးရှိကြသည်။ ဂုဏ်ယူမဆုံး ရှိခဲ့ကြသည်။

အများက အထင်အမြင်မှားကာ အမည်းရောင်အောက်လမ်းနည်းဖြင့် သတင်းနာမည်ကြီးခဲ့ရသည့် ယောကို အဖြူရောင်ပြောင်း၍ အထက်လမ်းခင်းပေးခဲ့သည်။ ယောဆရာတော်ကြောင့် ယောဒေသသည် အမည်းရောင်ပပျောက်၍ အဖြူရောင်၊ အလင်းရောင် တောက်ပြောင်ခဲ့သည်။ တစ်နယ်လုံး အားတက်ကြသည်။

ဤသို့ ဟောပြောရုံသာမက ၂၀၀၂-ခုနှစ်တွင် "ယောတရားတော်" အမည်ဖြင့် စာအုပ်လည်း ထုတ်ဝေတော်မူခဲ့သည်။

ရန်ကုန်မြို့တွင် ပြောင်းရွှေ့နေထိုင်ကြသော ယောနယ်သူ၊ ယောနယ်သားများ ရှိကြသည်။ ထိုပုဂ္ဂိုလ်တို့သည် စည်းလုံး၍ ယောနယ်အသင်း (ရန်ကုန်)ကို တည်ထောင်ခဲ့ကြသည်။ ယောနယ်သူ၊ နယ်သားများအကျိုးကို စုပေါင်း၍ တတ်စွမ်းသမျှ ဆောင်ရွက်ကြသည်။ ထိုအသင်းကြီးက ၁၉၉၅-ခုနှစ်တွင် "ယောနယ်အသင်း (ရန်ကုန်)" ၂၅-နှစ်မြောက် ငွေရတုမဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် ဆရာတော် အရှင်သိရိန္ဒာဘိဝံသ ယောဆရာတော်အမည် ခံယူတော်မူသည်ကို ဝမ်းမြောက်လှိုက်လှဲစွာဖြင့် ဂုဏ်ယူမှတ်တမ်းတင်ထားသည်။

## ယောကဗျာ

ထိုမဂ္ဂဇင်းတွင် ယောဆရာတော်သည် "ယော" ဟူသော ခေါင်းစဉ်ဖြင့် အောက်ပါဂါထာနှင့် ကဗျာကို ရေးဖွဲ့တော်မူခဲ့သည်။

http://www.dhammadownload.com



## ယော

ယော ယာတိ စေဝ ယာပေတိ၊
ယော ယာတဗ္ဗောတိ ယာပိတော။
ယော ယာယတိ စ ဧတေန၊
ယော ဧတ္ထစေဝ ယာယတိ။

(၁) ချစ်ခင်ညီညွတ်၊ ရောက်လာတတ်
သိမှတ် ယော ခေါ်သည်။
(ယာတီတိ ယော)
ချစ်ခင်စရာ၊ ဖြစ်တတ်ပါ
မှန်စွာ ယော ခေါ်သည်။
ချစ်ခင်ကြည်ဖြူ၊ သိတတ်မှု
မှတ်ယူ ယော ခေါ်သည်။
ကုသိုလ်ကိုယူ၊ စိတ်ကြည်ဖြူ
ထိုသူ ယော ခေါ်သည်။
ယောသူယောသား၊ ရိုးဖြောင့်ဖြား
စိတ်ထားဖြူရမည်။

(၂) ချမ်းသာသုံးရပ်၊ ရောက်စေတတ်
သိမှတ် ယော ခေါ်သည်။
(ယာပေတီတိ ယော)
ချမ်းသာသုံးဖြာ၊ ဖြစ်စေပါ
မှန်စွာ ယော ခေါ်သည်။

(၃) ချစ်ခင်လေးမြတ်၊ ရောက်ရှိအပ်
သိမှတ် ယော ခေါ်သည်။
(ယာတဗ္ဗောတိ ယော)

http://www.dhammadownload.com



ချစ်ခင်လေးစား၊ သိအပ်ငြား
မှတ်သား ယော ခေါ်သည်။
ချစ်ခင်လေးမြတ်၊ ဖြစ်စေအပ်
သိမှတ် ယော ခေါ်သည်။
(ယာပိတောတိ ယော)
(၄) ချမ်းသာသုံးတန်၊ ရောက်ကြောင်းမှန်
ဧကန် ယော ခေါ်သည်။
(ယာယတိ ဧတေနာတိ ယော)
ချမ်းသာသုံးဖြာ၊ ဖြစ်ကြောင်းမှာ
မှန်စွာ ယော ခေါ်သည်။
သစ္စာလေးဆူ၊ သိကြောင်းဟူ
မှတ်ယူ ယော ခေါ်သည်။
(၅) ကောင်းစွာ ရောက်ရာ၊ နိဗ္ဗာန်မှာ
မှန်စွာ ယော ခေါ်သည်။
ကောင်းစွာ ဖြစ်ရာ၊ မြတ်ချမ်းသာ
မှန်စွာ ယော ခေါ်သည်။
ကောင်းစွာသိရာ၊ တရားမှာ
မှန်စွာ ယော ခေါ်သည်။
ကုသိုလ်အစု၊ မြတ်ကောင်းမှု
မှတ်ရှု ယော ခေါ်သည်။
ကုသိုလ်ကိုယ္ယူ၊ စိတ်ကြည်ဖြူ
ထိုသူ ယော ခေါ်သည်။
ယောသူ ယောသား၊ ရိုးဖြောင့်ငြား
စိတ်ထားဖြူရမည်။

http://www.dhammadownload.com



# ယောအတွက်လှူဒါန်း

ယောဆရာတော် အရှင်သီရိန္ဒာဘိဝံသသည် မိမိဇာတိ ယောဒေသကို စိတ်ထဲ၊ ရင်ထဲမှ ချစ်မြတ်နိုးရုံသာမက လက်တွေ့အားဖြင့်လည်း အလှူဒါနများပြု၍ ကူညီစောင့်ရှောက်တော်မူခဲ့သည်။

ဆရာတော်သည် လုံးဝအလှူခံလေ့မရှိပေ။ သို့ရာတွင် ဒကာ၊ ဒကာမများနှင့် အသင်းအဖွဲ့များက ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အထူးမြတ်နိုးကြသဖြင့် အမျိုးမျိုး လှူဒါန်းခဲ့ကြသည်။ ပရိက္ခရာမျိုးစုံလည်း လှူဒါန်းကြသည်။ အသုံးအဆောင်မျိုးစုံလည်း လှူဒါန်းကြသည်။ ဝတ္ထုငွေများလည်း လှူဒါန်းကြသည်။ ယင်းတို့ကို ဆရာတော်သည် သိုမှီးမထား။ တစ်ဆင့်ပြန်၍ လှူဒါန်းတော်မူသည်။ (ဘော်တော်ကား၊ လက်ကိုင်တယ်လီဖုန်း လှူဒါန်းသူများပင် ပေါ်လာ၍ အလိုမရှိကြောင်း ငြင်းပယ်ခဲ့ရသည်။)

ဆရာတော်သည် မိမိဇာတိ လက်ပံရွာ၌ သိန်း ၃၀၀-ကျော် အကုန်ခံ၍ ဘုရား၊ ကျောင်းကန်၊ ဓမ္မာရုံ၊ တံတိုင်း၊ ရေတွင်း၊ စာကြည့်တိုက်၊ အလယ်တန်းကျောင်း၊ မီးစက် စသည်တို့ကို ဆောက်လုပ်ပြုပြင် တပ်ဆင်ပေးခဲ့သည်။

သက်ဆိုင်ရာ အလှူရှင်များက ယောဆရာတော် ကျောင်းသားဘဝက နေထိုင်ပညာသင်ကြားခဲ့သည့် ဂန့်ဂေါမြို့နယ်၊ ကန်ရွာ၌ အဆင့်မြင့်တိုက်နယ်ဆေးရုံသစ်ကို ကိုယ့်အားကိုယ်ကိုး၍ ငွေကျပ်သိန်း ၄၀၀-ကျော် အကုန်ခံကာ တိုးချဲ့တည်ဆောက်နေသည်။ ထိုတိုက်နယ်ဆေးရုံ တည်ဆောက်နိုင်ရေးအတွက် ၂၀၀၃-ခုနှစ်တွင် ယောဆရာတော်က ငွေကျပ် သိန်း ၃၀၀-လှူဒါန်းတော်မူခဲ့သည်။

ထို့ပြင် မိမိကျောင်းသားဘဝက ပညာသင်ကြားခဲ့သည့် ကန်

http://www.dhammadownload.com



ရွာ အထက်တန်းကျောင်း၌လည်း သိန်းပေါင်းများစွာ စွန့်ကြဲ၍ လိုအပ်သည်များကို အားဖြည့်လှူဒါန်းခဲ့သည်။ ကန်ရွာရှိ မိမိ သာမဏေဘဝက ပညာသင်ကြားခဲ့သည့် ကန်တောရကျောင်းတိုက်၌ တည်ဆောက်မည့် ပိဋကတ်တိုက်အတွက်လည်း ငွေကျပ် သိန်း ၆၀-လှူဒါန်းတော်မူခဲ့သည်။ ကလေးမြို့ရှိ ကျောင်းများအတွက်လည်း လိုအပ်သည်များကို သိန်းပေါင်းများစွာ စွန့်ကြဲ၍ လှူဒါန်းတော်မူသည်။

## မိဘကျေးဇူးဆပ်

ယောဆရာတော်သည် မိဘကျေးဇူးကိုလည်း အထူးသိတတ်သူဖြစ်သည်။ မိဘနှစ်ပါးမှာ တောင်သူများဖြစ်၍ နွမ်းပါးရှာကြသည်။ သားကြီးဩရသဖြစ်သူ မိမိကို အထူးအားကိုးရှာကြသည်။ သို့ရာတွင် မိမိက လောကီကြီးပွားရေးတို့ကို စွန့်လွှတ်၍ ရှင်ရဟန်းပြုသွားသောအခါ မိဘများ အားငယ်၍ ကျန်ရစ်ခဲ့ရှာသည်။

ထို့ကြောင့် မိမိ ရဟန်းတော်ဘဝရောက်၍ ရှေးဘုန်း၊ ရှေးကံပါရမီကြောင့် အလှူဝတ္ထုငွေများ ထူးခြားစွာ ပူဇော်ခြင်းခံရသောအခါ မိဘနှစ်ပါးကိုလည်း အစွမ်းကုန် ကျေးဇူးဆပ်ခဲ့သည်။ ခမည်းတော်ကြီးနှင့် မယ်တော်ကြီးတို့အတွက် နှစ်စဉ် ငွေသားများနှင့် ပစ္စည်းမျိုးစုံထောက်ပံ့လှူဒါန်းခဲ့သည်။ တရားအားထုတ်နိုင်အောင်နှင့် အလှူကုသိုလ်ပြုနိုင်အောင်လည်း အထူးဆောင်ရွက်ပေးခဲ့သည်။ ခမည်းတော် ဦးရဲနိုင် ကွယ်လွန်သွားသောအခါ မယ်တော်ကြီးနှင့် ဦးလေးဦးမောင်သန်း၊ ညီမတော် သီလရှင်ဆရာလေးတို့ကို ရန်ကုန်မြို့သို့ ခေါ်ယူ၍ သီးခြားနေအိမ်တိုက်ခန်းပေးပြီး အာမိသမေ့ဖြင့် အနီးကပ်ကျေးဇူးဆပ်နေသည်။ လစဉ်လည်း ငွေသားများကို မယ်တော်ကြီးအား

http://www.dhammadownload.com



ပေးကမ်းချီးမြှင့်သည်။ နေ့စဉ်လည်း လိုအပ်သမျှ ပေးကမ်းချီးမြှင့်သည်။

ဤသို့ ရဟန်းဘဝဖြင့် မိဘကျေးဇူးကို ပေးဆပ်ခြင်းမှာ ဗုဒ္ဓဘုရားရှင်အလိုတော်ကျ ဖြစ်သည်။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် တစ်နေ့သောအခါ ရဟန်းတစ်ပါးသည် ဆင်းရဲသွားရှာသော မိဘနှစ်ပါးအား ရဟန်းအဖြစ်နှင့်ပင် အလှူခံ၍ လုပ်ကျွေးပြုစု စောင့်ရှောက်သည်။ ထိုအခါ အချို့ရဟန်းတို့က ကဲ့ရဲ့ကြသည်။ ဤတွင် ဘုရားရှင်က ကဲ့ရဲ့ခြင်းမပြုသင့်ကြောင်း မိန့်တော်မူကာ မိဘကို လုပ်ကျွေးပြုစုသော ရဟန်းအား ချီးကျူးတော်မူခဲ့သည်။ မိမိသည်လည်း ရှေးရှေးဘဝက ရသေ့ရဟန်းဘဝ၌ရှိစဉ် မိဘတို့ကို လုပ်ကျွေးခဲ့ဖူးကြောင်း မိန့်တော်မူ၍ သုဝဏ္ဏသာမဇာတ်ကို ဟောတော်မူခဲ့သည်။

ယောဆရာတော်သည် မိဘများကိုသာမက ဇာတိရွာရှိ အသက် ၇၀-ကျော် အဘိုးအဘွားများနှင့် ဂိလာနများကိုလည်း ထောက်ပံ့လှူဒါန်းခဲ့သည်။ ကလေးသူငယ်များကိုလည်း ပညာရည်ချွန်ဆုများနှစ်စဉ် ချီးမြှင့်ခဲ့သည်။

## သံဃာတော်များအတွက်

နှစ်စဉ်နှစ်တိုင်းပင် မန္တလေး ၅-မြို့နယ်၊ ပုသိမ်ကြီး၊ အမရပူရ ၇-မြို့နယ်ရှိ ယောနယ်ဖွား စာအောင်သံဃာတော်များ၊ သီလရှင်များကို စာအောင်ဆုများ ပေးအပ်လှူဒါန်းခြင်းလည်း ပြုတော်မူသည်။ ရန်ကုန်တိုင်းအတွင်း ရောက်ရှိနေကြသော ယောနယ်ဖွား ရဟန်း၊ သာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ်ပါမကျန် သာသနာရေး စာမေးပွဲအောင်သူအားလုံးကို နှစ်စဉ် ဆုချီးမြှင့်ပေးသည်။

ယောဆရာတော်သည် ကလေးမြို့၌ ဝိသုဒ္ဓါရုံတိုက်ခွဲနှင့်

http://www.dhammadownload.com



တောင်ဖီလာတောရ တိုက်ခွဲ ၂-တိုက်တို့ကိုလည်း တည်ထောင်ထားရာ ထိုသံဃာတော်များအတွက်လည်း စာအောင်ဆုများ နှစ်စဉ်ပေးအပ်လှူဒါန်းသည်။ စာသင်သားအားလုံးအတွက် စာသင်သားသုံးစာအုပ်များကို နှစ်စဉ် လိုအပ်သမျှ လှူဒါန်းသည်။ မြောက်ဒဂုံ စာသင်တိုက်ခွဲအတွက်လည်း လိုအပ်သမျှ လှူဒါန်းသည်။ ကျောင်းတိုက်နှစ်ပတ်လည် အလှူပွဲများကိုလည်း ဦးဆောင်၍ ကျင်းပပြုလုပ်ပေးသည်။ မိမိရဟန်းဘဝ ပညာသင်ကြားခဲ့သည့် မန္တလေးရွှေကျင်နိကာယဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ် နှစ် ၁၀၀-ပြည့်ပွဲနှင့် မိမိ သာမဏေဘဝက ပညာသင်ကြားခဲ့သည့် ဂန့်ဂေါမြို့နယ်၊ ကန်တောရတိုက် နှစ် ၁၀၀-ပြည့်ပွဲတို့ကိုလည်း သိန်း ၂၀၀-ကျော်စွန့်ကြဲ၍ ကျင်းပပြုလုပ်ကာ အလှူကြီးများ လှူဒါန်းခဲ့သည်။

ထို့ပြင် မန္တလေး ဝိသုဒ္ဓါရုံ ဂဏဝါစကနှင့် ကျောင်းဘုန်းကြီးများ၊ ဝိဇ္ဇာလင်္ကာရ ရွှေဘုန်းဝင်ကျောင်းတိုက်များမှ သံဃာတော်များ၊ စုစုပေါင်း သံဃာတော် ၁၀၀-ခန့်အတွက်လည်း ဆွမ်း၊ သင်္ကန်း စသည်နှင့် ဝတ္ထုငွေများ နှစ်စဉ်ဆက်ကပ်လှူဒါန်းသည်။ မိမိကျောင်းတိုက်ရှိ စာချဘုန်းကြီးများကိုလည်း အထူးချီးမြှောက် ပေးကမ်းလေ့ရှိသည်။ ကျောင်းတိုက်သံဃာများ ပစ္စည်းလေးပါး ပြည့်စုံရေးအတွက်လည်း အထူးအားစိုက်သည်။

ထို့မျှမက ပထမပြန်စာမေးပွဲ အတန်းအသီးသီး၌ ထူးခြားစွာအောင်မြင်တော်မူကြသော သံဃာတော်များနှင့် သီလရှင်များကိုလည်း ဝတ္ထုငွေနှင့် ပစ္စည်းများ နှစ်စဉ်လှူဒါန်းသည်။

http://www.dhammadownload.com



## ယူခြင်းထက် ပေးခြင်းအဓိက

ယောဆရာတော်၏ ခံယူချက်ကား အယူသမားထက် အပေးသမားသာ ဖြစ်လိုခြင်း ဖြစ်သည်။ ယူခြင်းထက် ပေးခြင်းကိုသာ မြတ်နိုးသည်။

ဆရာတော်သည် ရန်ကုန်ဝိသုဒ္ဓါရုံတိုက်မှ အစိုးရ ပထမပြန် စာမေးပွဲနှင့် မန္တလေး၊ ပဲခူး၊ တောင်ကြီး၊ ရန်ကုန်၊ မော်လမြိုင်ကျွန်း အသင်းစာမေးပွဲများ၌ အောင်မြင်သော စာအောင်ပုဂ္ဂိုလ်များကို လည်း ထူးခြားစွာ လှူဒါန်းလေ့ရှိသည်။ စာသင်သားများ စာဖြေ အသွား၊ အပြန်၊ ဆုယူအသွားအပြန် ကုန်ကျစရိတ်များအတွက်လည်း ဆရာတော်ကပင် တာဝန်ယူသည်။ အပတ်စဉ် ကျောင်းတွင်းစာမေးပွဲ ၌ အထူးအောင်ပုဂ္ဂိုလ်များကို အပတ်စဉ် ဆုချီးမြှင့်သည်။ လစဉ် မွေးနေ့အလှူလုပ်သည်။

## တရားစာအုပ် ဓမ္မဒါန

ယောဆရာတော်သည် မိမိတရားဟောပြီးနောက် ထိုတရား တော်တို့ကို စာအုပ်ငယ်များ ပုံနှိပ်ထုတ်ဝေလေ့ရှိသည်။ သီးခြား စာအုပ်ရေးသား၍လည်း စာအုပ်ငယ်များ ပုံနှိပ်ထုတ်ဝေသည်။ ထိုထုတ်ဝေသမျှသော စာအုပ်ငယ်များကိုလည်း လက်လှမ်းမီရာ သံဃာတော်များနှင့် ဒကာ၊ ဒကာမများအား ပေးလှူလေ့ရှိသည်။ မိမိဟောထားသမျှ တရားခွေများကိုလည်း ရဟန်းရှင်လူများကို အခမဲ့ လှူဒါန်းသည်။ ကျောင်းပေါ်တက်လာသူအားလုံးကို ဓမ္မလက်ဆောင် စာအုပ်နှင့် တရားခွေ အမြဲပေးကမ်း လှူဒါန်းသည်။ ဓမ္မဒါနအတွက်

http://www.dhammadownload.com



လစဉ် ၁၀-သိန်းအထက်တွင် ရှိသည်။

## အံ့ဖွယ်တူညီ

တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးနှင့် ယောဆရာတော်တို့သည် အချို့အချက်များတွင် အံ့ဩဖွယ်ကောင်းလောက်အောင်ပင် တူညီကြသည်။ မင်းကွန်းဆရာတော်ကြီးသည် သက်တော် ၄၂-နှစ်တွင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို ရတော်မူခဲ့သည်။ ယောဆရာတော်မှာလည်း သက်တော် ၄၂-နှစ်အရွယ်မှာပင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို ရတော်မူခဲ့သည်။

ထို့ပြင် မင်းကွန်းဆရာတော်ဘုရားကြီးသည် မော်တော်ကားလှူဒါန်းသည်ကို လက်မခံခဲ့။ ထိုနည်းတူပင် ယောဆရာတော်သည်လည်း မော်တော်ကားလှူဒါန်းသည်ကို လက်မခံပေ။ ထို့မျှမက နှစ်ပါးလုံးပင် နိုင်ငံရပ်ခြားတိုင်းပြည်များသို့လည်း ကြွရောက်တော်မူခြင်း မပြုကြပေ။

## နိုင်ငံခြားသို့ မကြွလို

မင်းကွန်းဆရာတော်ဘုရားကြီးအား နိုင်ငံခြားတိုင်းပြည်များရှိ မြန်မာဗုဒ္ဓဘာသာဝင်များက ပင့်ဖိတ်ကြသည်။ ဆရာတော်ကြီးက "အမိမြေကို စွန့်ခွာပြီး ဘယ်နိုင်ငံကိုမျှ ခေတ္တဖြစ်ပါစေ၊ မသွားချင်ပါဘူး" ဟူ၍ ငြင်းဆိုတော်မူခဲ့သည်။

ယောဆရာတော်ကိုလည်း အင်္ဂလန်၊ အမေရိကန်၊ ဂျပန်၊ စင်ကာပူ စသည့် နိုင်ငံရပ်ခြားများတွင် နေထိုင်ကြသော ဗုဒ္ဓဘာသာဝင်

http://www.dhammadownload.com



များက ပင့်ဖိတ်ကြသည်။ ယောဆရာတော်က လက်မခံပေ။

"ဘုန်းကြီးကို ဘာကြောင့် ဒကာကြီးတို့ဆီ ပင့်ချင်ရတာလဲ။"

"ဆရာတော်ဘုရားကို ပူဇော်ကန်တော့ချင်လို့ပါ ဘုရား။"

"ဘုန်းကြီးကို ပူဇော်ကန်တော့ချင်ရင် အဝေးကလှမ်းပြီး ပူဇော်ကန်တော့လဲ ရပါတယ်။ စိတ်ထဲကနေ ပူဇော်ကန်တော့လဲ ပြီးတာပါပဲ။ ဘုန်းကြီး အပင်ပန်းခံပြီး တကူးတကန့် ကြွဖို့မလိုပါဘူး။"

"ဆရာတော်ဘုရားကို ပင့်ဖိတ်ပြီး ဆရာတော်ဟောကြားတဲ့ တရားကိုလဲ နာချင်လို့ပါဘုရား။"

"တရားနာချင်တာ လွယ်ပါတယ်။ ဘုန်းကြီးဆီမှာ ဘုန်းကြီး ဟောတဲ့ တရားတွေကို ကက်ဆက်နဲ့သွင်းထားတာ ကက်ဆက်ခွေတွေ တစ်ပုံကြီးရှိတယ်။ ကြိုက်တာယူသွားကြ။ ဘုန်းကြီး ဒါနပြုလိုက်မယ်။ နောက်ပြီး ဒီတရားခွေထဲက အချို့ကို စာအုပ်အဖြစ် ရေးသားထုတ်ဝေထားတာရှိတယ်။ အဲဒီစာအုပ်တွေကို ယူသွားကြပါ။ ဘုန်းကြီး ဒါနပြုလိုက်ပါမယ်။"

"နိုင်ငံခြားတိုင်းပြည်တွေမှာ ကြီးပွားတိုးတက်နေကြပုံတွေ၊ အံ့သြစရာ အဆောက်အအုံကြီးတွေကိုလဲ ဆရာတော့်ကို ပြချင်လို့ပါ ဘုရား။"

"ရုပ်ဝတ္ထုအားဖြင့် ကြီးပွားတိုးတက်နေတာတွေကို ဘုန်းကြီး စိတ်မဝင်စားပါဘူး။ နတ်ပြည်ကို မီနိုင်ပါ့မလား။ ဘုန်းကြီး အဓိကထားတာက စိတ်နှလုံးစင်ကြယ်မှု၊ စိတ်နှလုံးမြင့်မြတ်မှုပဲ။ လောဘ၊ ဒေါသ၊ မောဟနည်းမှုပဲ။ တစ်နည်းအားဖြင့် နှလုံးသားထဲမှာ ဘုရားတည်ဆိုတဲ့အတိုင်း ဘုရားတရားတော်တွေ နှလုံးသားထဲမှာ စွဲမြဲတည်နေဖို့ပဲ အဓိကထားပါတယ်။ တရားတော်နဲ့အညီ ကျင့်ကြံပွားများမှုကိုပဲ ဘုန်းကြီးက အဓိကထားပါတယ်။ ဒါကြောင့် ဘုန်းကြီး၊ ဒကာ

http://www.dhammadownload.com



တို့ဖိတ်တဲ့ နိုင်ငံရပ်ခြားတိုင်းပြည်တွေကို မကြွချင်တာ ခွင့်လွှတ်ကြပါ။"

ဤသို့လျှင် နိုင်ငံရပ်ခြားတိုင်းပြည်များမှ လာရောက်ပင့်ဖိတ်ကြသော နိုင်ငံခြားသားများ၊ မြန်မာများ၊ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၏ ပင့်ဖိတ်မှုများကို ယောဆရာတော်သည် ငြင်းပယ်ခဲ့ပေသည်။

ယောဆရာတော်သည် အိန္ဒိယပြည် ဗုဒ္ဓဂယာသို့ပင် ဘုရားဖူးမကြွခဲ့ပေ။ ဆရာတော်အား ဗုဒ္ဓဂယာသို့ ကုသိုလ်ဖြစ်ပို့ဆောင်ပေးလိုသူ ဒကာ၊ ဒကာမများ အများအပြား ရှိကြသည်။ ဆရာတော်က လက်မခံခဲ့ပေ။

"ဘုန်းကြီးရဲ့ နှလုံးသားထဲမှာ ကြိုးစားပြီး ဘုရားတည်နေပါတယ်။ ဝေးဝေးလံလံ ခရီးသွားပြီး ဘုရားဖူးကြွဖို့ စိတ်မဝင်စားပါဘူး" ဟူ၍ မိန့်တော်မူခဲ့သည်။

# ထိုင်းနှင့် လောနိုင်ငံသို့သာ

ယောဆရာတော်သည် အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါ၊ စင်ကာပူ စသော နိုင်ငံတို့မှ အကြိမ်များစွာ လာရောက်ပင့်လျှောက်ကြသော်လည်း လက်မခံဘဲ ငြင်းပယ်ခဲ့သည်။ ထိုင်းနိုင်ငံနှင့် လောနိုင်ငံသို့ကား ငြင်းပယ်၍မရနိုင်သောအကြောင်းကိစ္စကြောင့် ၁-ကြိမ်စီ ကြွရောက်ခဲ့သည်။

၁၉၉၇-ခု၊ မေလတွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ (ဇင်းမယ်မြို့)၌ ပိဋက ၃-ပုံပူဇော်ပွဲ ကျင်းပသည်။ ပိဋက ၃-ပုံ ပူဇော်ပွဲဖြစ်သဖြင့် ပိဋက ၃-ပုံ နှုတ်ငုံဆောင်ဆရာတော်များကို ဖူးမြင်တွေ့ဆုံလိုလှသည် ဟုဆိုကာ ထိုအချိန်က မြန်မာနိုင်ငံ၌ရှိနေသော တိပိဋကဓရ ဆရာတော် ၃-ပါးလုံးကို မရမက လာပင့်ကြသည်။

http://www.dhammadownload.com



တာဝန်ခံ ထိုင်းဆရာတော်ကြီးကိုယ်တိုင် ရန်ကုန်မြို့သို့ ကြွရောက်လာကာ "ပိဋက ၃-ပုံပူဇော်ပွဲဖြစ်သဖြင့် မဖြစ်မနေ ကြွရောက်စေလိုကြောင်း၊ ယခု တစ်ကမ္ဘာလုံး သာသနာ့ကျက်သရေဆောင် တိပိဋကဆရာတော် ၃-ပါးသာ ရှိနေသောကြောင့် ၃-ပါးလုံး ကြွရောက်ပေးကာ ၁-ပါးလျှင် ပိဋက ၁-ပုံစီ အနှစ်ချုပ်ထုတ်၍ ဟောကြားပေးစေလိုကြောင်း" အတန်တန် မေတ္တာရပ်ခံ တောင်းပန်ခဲ့သည်။

ထို့ကြောင့် ယောဆရာတော်သည် မလိုက်လျှင် မဖြစ်နိုင်လောက်သည့် အကြောင်းကိစ္စလည်းဖြစ်၊ နှစ်နိုင်ငံ သံယာ့ချစ်ကြည်ရင်းနှီးရေးကိစ္စလည်း ဖြစ်သဖြင့် တိပိဋကဓရ အရှင်သုမင်္ဂလာလင်္ကာရ၊ တိပိဋကဓရအရှင်ဝါယာမိန္ဒာဘိဝံသတို့နှင့်အတူ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့သို့ ကြွရောက်ဖြစ်ခဲ့သည်။

ဘိုပွဲတွင် တိပိဋကဓရ ယောဆရာတော်သည် အဘိဓမ္မာတရားတော်ကို အကျဉ်းချုပ်၍ "တရားအသိ လူမျက်စိ" ဟူသောခေါင်းစဉ်ဖြင့် တရားဟောကြားပေးခဲ့သည်။ ၎င်းဟောတရားကို ထိုင်းရဟန်းတော် အရှင်ဓမ္မာလင်္ကာရ (ဓမ္မာစရိယ)က ထိုင်းဘာသာ ပြန်ပေးသည်။ ယောဆရာတော်သည် တရားဟောပြီးနောက် နာရီဝက်ခန့် ပဋ္ဌာန်းပါဠိတော် ပစ္စယဝါရကို ရွတ်ပေးခဲ့သည်။ တရားပွဲပြီးလျှင် တရားနာပရိသတ်အချို့ ရှေ့ကို ဝိုင်းတိုးလာကြပြီး ယောဆရာတော်ထံ သိလိုသော ဘာသာရေးဆိုင်ရာ အမေးများကို မေးကြသည်။ မေးမြန်းသည့် ပရိသတ်ထဲတွင် ထိုင်းပရိသတ်မျှသာမက အနောက်ဥရောပအမျိုးသမီးအချို့ပင် ပါဝင်နေသည်ကို တွေ့ရသည်။ တရားကို ၁-နာရီမျှသာ ဟောပေးခဲ့သော်လည်း မေးမြန်းသည်ကို ဖြေဆိုရသည်မှာ ၁-နာရီခွဲကျော် ကြာသည်။ အချို့ကား တည်းခိုရာကျောင်းသို့ပင် လိုက်မေးကြသည်။

http://www.dhammadownload.com



အခမ်းအနားအားလုံး ပြီးဆုံးသောအခါ တာဝန်ခံဆရာတော်ကြီးက "ဗန်ကောက်သို့ ပို့ပေးမည်ဖြစ်ကြောင်း၊ ဗန်ကောက်မှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်ပို့ပေးမည်ဖြစ်ကြောင်း" မိန့်ကြားရာ အခြားဆရာတော်များ ဗန်ကောက်သို့ ဆက်ကြွကြသည်။ ယောဆရာတော်ကမူ ချင်းမိုင်သို့ပင် မငြင်းသာ၍ ကြွရခြင်းဖြစ်သဖြင့် အလည်သက်သက်သွားလိုသောဆန္ဒလည်း မရှိသောကြောင့် ငြင်းပယ်ခဲ့သည်။ အခမ်းအနားပြီးလျှင်ပြီးချင်း ချက်ချင်းပင် ချင်းမိုင်မှ ရန်ကုန်သို့ ပြန်ကြွခဲ့သည်။ တာဝန်ခံဆရာတော်ကြီးက "မလည်ချင်ဘူးလို့ ငြင်းပယ်တာ ဒီ ၁-ပါးပဲ တွေ့ဖူးတယ်" ဟု မိန့်ကြားတော်မူသည်ဟု သိရသည်။ ဆရာတော်ကြီးက "တပည့်တော်တို့ဟာ ဘုရင့်နောင်ရဲ့ ဆွေမျိုးတွေဖြစ်လို့ ပြန်တွေ့ကြတာပါ" ဟု ချစ်ခင်ရင်းနှီးစွာ မိန့်ကြားသည်။ ထိုင်းလူမျိုးများသည် ယနေ့ထိ ဘုရင့်နောင်မင်းတရားကို ချစ်ခင်လေးစားကြည်ညိုနေကြဆဲဖြစ်သည်ကို လေ့လာသိရှိခဲ့ရသည်။

နောက်တစ်ဖန် ၂၀၀၀-ပြည့်နှစ်၊ ဒီဇင်ဘာလ၌ တိပိဋကယောဆရာတော်သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ၊ ထေရဝါဒတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ၊ ပရိယတ္တိတက္ကသိုလ်နာယကချုပ်ဆရာတော်များဖြစ်ကြသည့် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ ဘဒ္ဒန္တ ဝဏ္ဏိတတို့နှင့်အတူ လာအို (ခေါ်) လာနိုင်ငံသို့ ကြွရောက်ဖြစ်ခဲ့သည်။ နိုင်ငံတော်အစိုးရ၏ မေတ္တာရပ်ခံ တောင်းပန်ချက်အရ မငြင်းပယ်သာ၍ ကြွရောက်ရခြင်းဖြစ်သည်။ သာသနာရေးကိစ္စများ ဆွေးနွေးပြီးနောက် ဗီယင်ကျန်းမြို့မှ ရန်ကုန်မြို့သို့ ပြန်ခဲ့သည်။

ဗီယင်ကျန်းမှ ရန်ကုန်သို့ပြန်ရာတွင် ဗန်ကောက်မှတစ်ဆင့်ပြန်ရခြင်းဖြစ်သည်။ ဗန်ကောက်လေဆိပ်၌ တစ်နေ့တာအနားယူခိုက်

http://www.dhammadownload.com



သံအမတ်ကြီးက ကြွလိုရာပို့ပေးမည်ဟု လျှောက်ရာ "အခြားမည်သည့်နေရာကိုမျှ မသွားလို၊ အယုဒ္ဓယမြို့ဟောင်းကိုသာ သွားကြည့်လိုသည်" ဟု ဆိုသဖြင့် ပို့ပေးသည်။

ယောဆရာတော်သည် အယုဒ္ဓယမြို့ဟောင်းနေရာ၌ "ထိုင်းနှင့်မြန်မာ ဗုဒ္ဓဘာသာဝင် ဆွေမျိုးအချင်းချင်းဖြစ်သဖြင့် နှလုံးသားဘုရားတည်၍ အမုန်းတရား ကင်းပျောက်ကြပါစေ၊ အရာရာ ခွင့်လွှတ်သည်းခံ၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲပါစေ၊ မေတ္တာနှလုံးသားဖြင့် အမြဲအလှဆင်နိုင်ကြပါစေ" ဟု သစ္စာအရေးခံကာ မေတ္တာဖြန့်ပွားလှမ်းခြုံပေးခဲ့သည်။

ညနေတွင် ဗန်ကောက်မှ ရန်ကုန်သို့ ပြန်ရောက်ခဲ့သည်။

## နှလုံးသားဝယ် ဘုရားတည်

ယောဆရာတော်သည် နှလုံးသားဝယ် ဘုရားတည်မှု၊ တစ်နည်းအားဖြင့် နှလုံးသားဝယ် ဘုရားတရားတော်များ ကိန်းအောင်းနေမှုကိုသာ အဓိကထားတော်မူသည်။ "နှလုံးသားဝယ် ဘုရားတည်" ဟူသောစကားသည် ယခုအခါ သာသနာရေးလောကတွင် အသုံးတွင်ကျယ်နေသည်။ ထိုစကားကို စတင်မိန့်ဆိုခဲ့သူမှာ ယောဆရာတော်ပင်ဖြစ်သည်။ ၁၉၉၃-ခုနှစ်က ဟောပြောခဲ့သော ဒေသနာဖြစ်သည်။ အောက်ပါအတိုင်းပင်။

"တစ်ခါတုန်းက ရွာတစ်ရွာမှာ ဖိုးထိန်ဆိုတဲ့ လူတစ်ယောက်ရှိတယ်။ ဘုရားတည်ရန်ဆိုတဲ့အတိတ်နဲ့ ထီထိုးသတဲ့။ ထီဖွင့်တော့ တစ်သိန်းဆုပေါက်တယ်။ သူ့ရည်ရွယ်ချက်ရှိတဲ့အတိုင်း ဘုရားတည်ဖို့အတွက် စီစဉ်တယ်။ မြေတစ်နေရာ ၅-သောင်းပေးဝယ်လိုက်တယ်။ ကျန်

http://www.dhammadownload.com



၅-သောင်းနဲ့ မ,တည်ပြီး ဘုရားတည်မယ်ပေါ့။

မြေဝယ်ပြီးတာနဲ့ လူရှုပ်တစ်ယောက်က "ဒီမြေနေရာ သူပိုင်ပါတယ်"ဆိုပြီး အမှုလာလုပ်တယ်။ ဖိုးထိန်တစ်ယောက် အလုပ်တွေရှုပ်သွားတယ်။ မခံချင်စိတ်နဲ့ ဖြစ်ချင်ရာဖြစ်ဆိုပြီး အမှုရင်ဆိုင်လိုက်ရတာ ဘုရားတည်ဖို့ထားတဲ့ ငွေ ၅-သောင်း အကုန်ပြုတ်ပဲ။ ဒါတင်မကဘူး။ နောက်ထပ် လက်ထဲမှာရှိတဲ့ ငွေ ၅-သောင်းလောက်လဲ ကုန်သွားပြန်တယ်။ ဖိုးထိန်တစ်ယောက် စိတ်ဓာတ်ကျလိုက်တာ၊ စိတ်ညစ်လိုက်တာ။ "ဘုရားတည်ဖို့ ထီထိုးတာ ထီလဲပေါက်ရဲ့သားနဲ့ ငါကြံစည်သလို တစ်ခုမှမဖြစ်၊ အနှောင့်အယှက်တွေနဲ့သာ ရင်ဆိုင်နေရတယ်။ အမှုတွေရှုပ်၊ အလုပ်တွေရှုပ်၊ တယ်လဲ စိတ်ညစ်ဖို့ကောင်းပါလား" ဆိုပြီး အတော်စိတ်ဆင်းရဲနေရှာသတဲ့။

တစ်နေ့တော့ ဘုန်းကြီးကျောင်းရောက်သွားတယ်။ ဘုန်းတော်ကြီးက ဦးတိဿတဲ့။ လူဆိုတာ ကိုယ့်စိတ်ထဲရှိနေတဲ့ အလုံးအခဲတွေကို သူများရှေ့ပြောချလိုက်ရရင် ရှင်းသွားသလို ဖြစ်တတ်တယ်။ ဖိုးထိန်လဲ သူ့စိတ်ထဲက အလုံးအခဲတွေကို ဘုန်းကြီးရှေ့ အန်ထုတ်တော့တာပဲ။ သူ့အကြောင်းအရာကို လျှောက်ထားပြတယ်။ "ဘုန်းကြီးဘုရား၊ တပည့်တော် ဘုရားတည်ဖို့ထီထိုးတာ ထီပေါက်တယ်ဘုရား၊ ဘုရားတည်မယ်လုပ်တော့ အမှုတွေဖြစ်၊ အလုပ်တွေရှုပ်ကုန်တယ်ဘုရား။ တပည့်တော်စိတ်ကူးသလို ဖြစ်မလာတော့ စိတ်ဆင်းရဲပြီး စိတ်ဓာတ်တွေ ကျနေတယ်ဘုရား။ ဘုရားတည်ချင်စိတ်ဟောင်း မရှိတော့ပါဘူးဘုရား။"

ဒီတော့ ဘုန်းကြီးဦးတိဿက "ဟဲ့ ဖိုးထိန်၊ ဘာလုပ်ဖို့ ဘုရားတည်ချင်ရတာလဲ။"

"ကုသိုလ်လိုချင်လို့ ဘုရား။"

http://www.dhammadownload.com



"ကုသိုလ်လိုချင်လို့ ဘုရားတည်ချင်ရင် လွယ်ပါတယ် ဖိုးထိန်ရယ်။ ဘုရားတကယ်တည်ချင်ရင် ငွေလဲ မလိုပါဘူး။ မြေလဲ မလိုပါဘူးကွ။ ငွေမပါဘဲ၊ မြေမပါဘဲ ကုသိုလ်ရအောင် ဘုရားတည်လို့ ရပါတယ်ကွ" လို့ဆိုတော့ ဖိုးထိန်က "အား ဘုန်းကြီးဘုရား၊ ငွေမရှိဘဲ၊ မြေမရှိဘဲ ဘယ်လိုလုပ်ပြီး ဘုရားတည်လို့ ဖြစ်မှာလဲဘုရား။ အမိန့်ရှိပါဦးဘုရား။"

"ဪ-မင်းမှာ နှလုံးသားမြေကြီး ရှိတာပဲကွ။ ဘယ်ဘွား ဝယ်စရာလိုသေးလဲ။ နှလုံးသားမြေကြီးကို သဒ္ဓါ၊ ပညာ၊ သတိနဲ့ ချက်ချင်းရှင်းလိုက်စမ်းပါ။ ဘာမှမခက်ဘူး။ လွယ်လွယ်လေးရယ်။ မင်း နမောတဿ ဆိုတတ်တယ်နော်။"

"ဆိုတတ်ပါတယ်ဘုရား။ တပည့်တော် ငယ်ငယ်ကလေးကစ ရနေတာပါ။"

"အေး၊ ဒီလိုဆိုရင် ပါးစပ်ထဲတင် ပြန်ထွက်သွားမယ့် နမောတဿ မဖြစ်စေနဲ့ကွ။ တကယ့်သက်တော်ထင်ရှား ဘုရားရဲ့ဂုဏ်တွေကို အာရုံပြုပြီး လေးလေးနက်နက် နှလုံးသားထဲ ထည့်ပေးလိုက်စမ်း။ နှလုံးသားထဲ စွဲမြဲအောင် အာရုံပြုလိုက်စမ်း။ အဲဒါ ဘုရားတည်တာပဲကွ။"

"သရဏဂုံ ၃-ပါးရော ဆိုတတ်ရဲ့လား ဖိုးထိန်။"

"တပည့်တော် ငယ်ငယ်ကလေးကစ ဆိုတတ်ပါတယ် ဘုရား။"

"အေး၊ အဲဒီ သရဏဂုံလဲ ပါးစပ်ဖျားတွင် ပြန်ထွက်သွားမယ့် သရဏဂုံ မဖြစ်စေရဘူးကွဲ့။ သဒ္ဓါတရားနဲ့ ယုံယုံကြည်ကြည်၊ ပညာတရားနဲ့ လေးလေးနက်နက်၊ သတိတရားနဲ့ စူးစူးစိုက်စိုက် နှလုံးသားထဲမှာ အာရုံယူပြီးမှ ဆိုရတယ်။ အဲဒါ ဘုရားတည်တာပဲ ဖိုးထိန်။

http://www.dhammadownload.com



ပြီးတော့ ကြတိပိသော ဘဂဝါလဲ ရတယ်ထင်ပါရဲ့။"

"ရပါတယ်ဘုရား။ ကျောင်းသားကလေး ဘဝက ရနေတာပါဘုရား။"

"ဒါဖြင့် မင်းမှာ ဘာမှလဲ ထူးပြီး စာကျက်စရာလဲ မလိုပါလားကွ။ သဒ္ဓါ၊ ပညာ၊ သတိ အရင်းအနှီးလေးစိုက်ပြီး စိတ်နှလုံးထဲ ရောက်အောင် လေးလေးနက်နက် အာရုံယူပြီးမှဆိုရင် နှလုံးသားဘုရားတည်တာပဲကွဲ့။"

"မြေကြီးပေါ် ဘုရားတည်တာက အရင်းအနှီးအများကြီး စိုက်ရတယ်။ ကိရိယာတန်ဆာပလာ အဆောက်အဦတွေ အများကြီး စုဆောင်းရှာဖွေရတယ်။ နှလုံးသားထဲ ဘုရားတည်တာက ကိရိယာတန်ဆာပလာ ဘာမှမလိုဘူး။ တကယ်ယုံတဲ့သဒ္ဓါတရားရယ်၊ စွမ်းအားကို တကယ်သိမြင်တဲ့ ပညာရယ်၊ အာရုံကို စူးစူးစိုက်စိုက် မိမိရရ ဖမ်းနိုင်တဲ့သတိရယ်၊ ဒီလောက်အရင်းအနှီး ကိရိယာတန်ဆာပလာရှိရင် ဘုရားတည်လို့ ရနိုင်ပြီပဲကွ။"

"မြေကြီးပေါ် ဘုရားတည်တာက ရက်နဲ့၊ လနဲ့၊ နှစ်နဲ့ချီပြီး အချိန်အများကြီးယူရတယ်။ နှလုံးသားထဲ ဘုရားတည်တာက စက္ကန့်ပိုင်း၊ မိနစ်ပိုင်းဆို ပြီးသွားတယ်။ ပြီးတော့ စွမ်းအားတန်ခိုးကလည်း ချက်ချင်းရတာကွ။ ဒါကြောင့် ကိုယ့်မှာ နှလုံးသားမြေကြီး ရှိနေမှတော့ သူများမြေကြီး ဝယ်မနေစမ်းပါနဲ့ကွာ။ အသိ၊ သတိနဲ့ အာရုံယူလို့ တရားဂုဏ်တွေထည့်လိုက်၊ ပွားလိုက်ရင် နှလုံးသားထဲ ဘုရားတည်ရတာ လွယ်လွယ်လေးပါကွ။"

"ဖိုးထိန်ရေ၊ သာသနာနဲ့တွေ့ရတဲ့ လူတစ်ယောက်အတွက် လုပ်ချင်ရင်၊ လုပ်တတ်ရင်၊ ယခုချက်ချင်းလုပ်လို့ ဖြစ်ပါတယ်ကွာ။ မနိုင်ဝန်ထုပ်ကြီးကို မနိုင်စိတ်နဲ့ လေးလံစွာ ထမ်းနေမယ့်အစား တစ်စစီ

http://www.dhammadownload.com



ဖြတ်ပြီး နိုင်တဲ့နေရာကစ၊ နိုင်သလောက်ထမ်းလိုက်တာကပဲ လက်ငင်း အစွမ်းသတ္တိ ရစေနိုင်ပါတယ်။ ပြီးတော့ မေတ္တာကလေးပါ တွဲပို့ပေးနိုင်ရင် လူ့လောကမှာ အတော်နေပျော်သွားပြီ ဖိုးထိန်ရဲ့။"

ပစ္စုပ္ပန်တိုင်း တန်ဖိုးထားပြီး လေးလေးစားစား ယုံယုံကြည်ကြည် လုပ်နိုင်ရင် ဘာစာမှလဲ အရှည်ကြီးကျက်စရာမလို။ ကိုယ်ရပြီးသားကို သုံးရုံပဲ မဟုတ်လား။"

"ဖိုးထိန်ရေ၊ ရတနာကို ရတနာလိုယုံပြီး ရတနာကို သုံးတတ်ရင် ရတနာလိုပဲ လူကို အစွမ်းထက်မြက်အောင် လုပ်ပေးနိုင်ပါတယ်ကွာ။"

## ဖိုးထိန် အမြင်မှန်ရ

အဲလို စသဖြင့် ဘုန်းကြီး ဦးတိဿက အသိမှေးမှိန်ပြီး စိတ်ဓာတ်ကျနေတဲ့ ဖိုးထိန်တစ်ယောက်ကို နှလုံးသားထဲ ဘုရားတည်နည်းကို သေသေချာချာပြောပြတော့ ဖိုးထိန်တစ်ယောက် ရွှင်လန်းတက်ကြွလာတယ်။ ဝမ်းသာလို့လဲ မဆုံးနိုင်အောင် ဖြစ်သွားတယ်။

"အား၊ ဘုန်းကြီးဘုရား၊ ဒီလို နှလုံးသားထဲ ဘုရားတည်လို့ ဖြစ်မှန်းသိရင် တပည့်တော် ဘာလို့စိတ်အပင်ပန်းအဆင်းရဲ ခံနေရမှာလဲဘုရား။ စောစောက ဒါမျိုးသိခဲ့ရင် ဒီပုံစံနဲ့ တည်မှာပေါ့။ တပည့်တော် ငွေမလိုဘဲ၊ မြေမလိုဘဲ ဘုရားတည်နည်းကို သိသွားပြီဆိုတော့ ယနေ့ကစပြီး ချက်ချင်း နှလုံးသားဘုရားတည်တော့မယ်ဘုရား။ ဘုန်းကြီးဘုရားဟာ တပည့်တော်ရဲ့ တစ်သက်တာသာမက တစ်သံသရာလုံးအတွက် အလွန်ကျေးဇူးကြီးလှတဲ့ ကျေးဇူးရှင်ကြီးပါဘုရား" လို့ လျှောက်ပြီး ရှိခိုးဝပ်ချ ကန်တော့ပြန်သွားတယ်။

http://www.dhammadownload.com



ဖိုးထိန်က အချိန်မဆိုင်းဘဲ ချက်ချင်း နှလုံးသားဘုရားတည် တော့တာပဲ။ "နမောတဿ" ဆိုတော့ လေးလေးနက်နက် စိတ်အစဉ်မှာ အာရုံယူပြီး ဆိုဘတ်လာတယ်။ သရဏဂုံ ၃-ပါးဆိုတော့လဲ စူးစူးစိုက်စိုက် စိတ်ပါလက်ပါ အာရုံယူလို့ ဆိုတတ်လာတယ်။ ဘုရားဂုဏ်တော်ပွားတော့လဲ သက်တော်ထင်ရှား ဘုရားအထိ အာရုံပြုတတ်လာတယ်။ မိမိနှလုံးသားထဲ တကယ့်သက်တော်ထင်ရှား ဘုရားအစစ်ကြွရောက်သီတင်းသုံးနေသလိုပဲ လေးလေးနက်နက် အာရုံပြုတတ်တယ်။ စိတ်နှင့်အာရုံစွပ်မိလောက်အောင် စိုက်ခနဲ၊ စိုက်ခနဲ အာရုံယူတတ်လာတယ်။

မေတ္တာပါတွဲပြီး ပွားများတတ်လာတယ်။ အမှုလုပ်ခဲ့တဲ့ လူရှုပ်ကိုတောင် မုန်းစိတ်ကင်းအောင် မေတ္တာပွားပို့တတ်တယ်။ "မင်းကစိတ်ရှုပ်လောက်အောင် အမှုလုပ်ဖော်ရပေလို့သာ ငါဟာ ဒီလို နှလုံးသား ဘုရားတည်နည်း သိရတာ။ ကျေးဇူးကြီးလိုက်တာ ကိုလူရှုပ်ရယ်" လို့ ကောင်းကွက်ကိုရှာပြီး ကြည်လင်လေးနက်တဲ့စိတ်နဲ့ မေတ္တာပို့ပေးပါတယ်။

## တရားအစွမ်း

နေ့စဉ် နှလုံးသားထဲ ဘုရားတည်လိုက်တော့မှ ဖိုးထိန်ဟာ စိတ်ပိုကြည်ပြီး စိတ်အားတွေ ရွှင်လန်းတက်ကြွလာတယ်။ စိတ်နှလုံးတွေ ရှင်းလင်းရင့်ကျက်လာတယ်။ ရက်အတော်လေးများ ရလာတော့ ရတနာသုံးပါးကျေးဇူး၊ မေတ္တာကျေးဇူးကြောင့် အရှိန်အဝါတွေတက်၊ အလုပ်လုပ်ရတာတယ်ကောင်း၊ စီးပွားရေးလုပ်ရတာလဲ အဆင်ပြေလို့ ပတ်ဝန်းကျင်ကလဲ ချစ်ခင်လေးစားလိုက်ကြတာ။ "ဒီအလုပ်မျိုး အသိ

http://www.dhammadownload.com



နောက်ကျလိုက်တာ” လို့တောင် စိတ်ထဲမှာ ဖြစ်လာတယ်။ ဒီလောက် ကောင်းမှန်း သိသွားတော့ ဒီအလုပ်ကို တစ်ရက်မှ မလွှတ်ချင်တော့ဘူး။ တရားဆိုတာ ဒီလိုပါပဲ။ လုပ်ဖြစ်ဖို့ပဲ လိုပါတယ်။ လုပ်မိရင် တရားက အစွမ်းပြသွားတာဖြစ်လို့ မလွှတ်နိုင်လောက်အောင် ဆွဲဆောင်တတ်စမြဲပါ။

## လူရှုပ်တောင်းပန်

နောက်ဆုံး နှလုံးသားထဲ ဘုရားတည်တဲ့ကျေးဇူးကြောင့် စောစောက မြေအမှုလုပ်ခဲ့တဲ့ လူရှုပ်ကတောင် ကိုယ်တိုင်လာပြီး တောင်းပန်ရပါတယ်။ “ကိုဖိုးထိန်ရယ်၊ ဘုရားတည်မှာမှန်းသိရင် ကျွန်တော် မြေကြီးပေးမှာပေါ့။ ကျွန်တော် စောစောက ဒီလိုမှန်းမှ မသိဘဲ။ ကဲ. . . ကဲ ကိုဖိုးထိန် ဘုရားတည်မှာဆို မြေကြီးကိုယူပါဗျာ။ ကျွန်တော် ပြောမှား၊ ဆိုမှား၊ ပြုမှားရှိရင်လဲ အားလုံးခွင့်လွှတ်ပါ။ လေးလေးစားစား တောင်းပန်ပါတယ်တဲ့။”

လောကမှာ တရားလောက်စွမ်းတာဟာ တရားပဲရှိပါတယ်။ အဆိုးကို အကောင်းအဖြစ် ပြောင်းပေးနိုင်ဖို့ တရားပေါ်လာတာပဲ မဟုတ်ပါလား။ တရားကလွဲလို့ လောကကိုနိုင်တဲ့အရာ မရှိပါဘူး။

ဒီလိုဆိုတော့ ဖိုးထိန်က “အား. . . မြေမလိုတော့ပါဘူးဗျ။ ကျွန်တော် ဘုရားတည်ပြီးပါပြီ” လို့ ပြန်ပြောသတဲ့။

“ဩော်၊ ကိုဖိုးထိန်၊ ဘယ်နေရာများ သွားတည်လဲဗျာ။ ခင်ဗျားတည်တဲ့ ဘုရားကိုလဲ ကျွန်တော် မမြင်ရပါလား။

“ကျုပ်နှလုံးသားထဲ ဘုရားတည်ပြီးပြီလေ။ ကျုပ်နှလုံးသားထဲမှာ ဘုရားရှိတယ်။ တရားရှိတယ်။ သံဃာလဲရှိတယ်။ မေတ္တာတွေ

http://www.dhammadownload.com



တောင် ထည့်ထားတယ်ဗျ။ ကျွန်တော်ဟာ စောစောက ခင်ဗျားနဲ့ ရန်ဖြစ်ခဲ့တဲ့ ဗလချာ ဖိုးထိန် မဟုတ်တော့ဘူးဗျ။ ရတနာဖိုးထိန် ဖြစ်နေပါပြီ။ ခင်ဗျားအပေါ် ကျွန်တော်မှားခဲ့တာရှိရင်လဲ အားလုံးခွင့်လွှတ်ဖို့ အနူးအညွတ် တောင်းပန်ပါတယ်ခင်ဗျာ။"

သူတည်တဲ့ဘုရားက နှလုံးသားထဲ တိုက်ရိုက်တည်နေတယ်ဆိုတော့ ချက်ချင်းစွမ်းအားက တက်နေတာကိုး။ မြေကြီးပေါ်တည်တဲ့ဘုရားက အာရုံမပြုရင် ဘာမှတတ်နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ဖိုးထိန်က "ကျွန်တော့်နှလုံးသားထဲ ဘုရားတည်ပြီးပြီ။ ခင်ဗျားမြေကြီး ကျုပ်မလိုချင်တော့ဘူး" တဲ့။

## လှူရှုပ် မြေလာပေးပြီ

"ဟာ၊ ဒီလိုမလုပ်ပါနဲ့ ကိုဖိုးထိန်ရယ်၊ ကျွန်တော်လဲ ကုသိုလ်ရအောင် မြေကြီးကို ယူသာယူပါ။ မြေကြီးပေါ်မှာလဲ ဘုရားတည်ပေးပါဦးဗျာ။ ကျွန်တော်မှားတာလဲ ခွင့်လွှတ်ပါ" လို့ပြောပြီး မြေကြီးကို အတင်းလာပေးသတဲ့။ နှလုံးသား ဘုရားမတည်ခင်တုန်းက ရန်လုပ်နေတဲ့သူတောင်မှ နှလုံးသားမှာ ဘုရားတည်လိုက်တော့ လာပြီး ကျိုးကျိုးနွံနွံ ပေးရရှာတယ်။

ဒီတော့ ဖိုးထိန်ကလဲ "မြေကြီးရတော့လဲ တည်ရမှာပေါ့" ဆိုပြီး သူရည်မှန်းထားတဲ့အတိုင်း မြေပေါ်မှာလဲ ဘုရားတည်လိုက်ပါသတဲ့။ ဖိုးထိန် မြေကြီးပေါ် ဘုရားတည်နိုင်တာဟာ နှလုံးသား ဘုရားတည်လိုက်တဲ့ စွမ်းအားကြောင့်သာပါ။ စောစောက နှလုံးသားဘုရားမတည်ဘဲ မြေကြီးပေါ် တည်မယ်လုပ်တုန်းက ရန်လုပ်နေခဲ့လို့ အလုပ်မှ မဖြစ်ခဲ့ဘဲ။ မုန်းသူက ပြန်ချစ်ရတာကလဲ မေတ္တာအစွမ်းကြောင့်ပါ။

http://www.dhammadownload.com



သူများအတွက် ပြောပြနေခြင်းဟာ ကိုယ့်အတွက် လမ်းညွှန် သင်ခန်းစာပါ။

ချုံးပြောလိုက်တော့ စိတ်နှလုံးထဲ ဘုရားဂုဏ်ကို စူးစူးစိုက်စိုက်၊ လေးလေးနက်နက်ထားပြီး အာရုံယူနေ၊ ပွားထုံနေရင် နှလုံးသားဘုရား တည် နေတာပါ။ မြေပေါ်၊ ကျောင်းပေါ်၊ အိမ်ပေါ်မှာတည်ထားတဲ့ ဘုရားကို မိမိရဲ့ခံတွင်းမှတစ်ဆင့် စိတ်နှလုံးထဲအထိ ရောက်အောင် တည်ထားရမှာပါ။ နှလုံးသားဘုရားတည်နေရင် အကောင်းဆုံး အဆောင်ကို ဆောင်ထားတာဖြစ်လို့ ဘေးရန်အပူကင်းပြီး ကိုယ်ရော စိတ်ပါ ကြည်သာရွှင်လန်း ချမ်းမြေ့ရမှာ သေချာပေါက်ပါ။"

ဤကား ယောဆရာတော်၏ အလွန်ထင်ရှားသော "နှလုံး သားဝယ် ဘုရားတည်" ခေါင်းစဉ်ဖြင့် ဟောကြားခဲ့သော တရားအပြည့် အစုံပင် ဖြစ်သည်။

## မြန်မာစကားပြေ ဦးစားပေး

ယောဆရာတော်သည် တရားဟောရာ၌ များသောအားဖြင့် မြန်မာစကားပြေသက်သက်ဖြင့်သာ ဟောလေ့ဟောထ ရှိသည်။ ပါဠိ စကားလုံးများကို မလွဲမရှောင်သာမှသာ ထည့်သွင်းဟောပြောသည်။ ပါဠိမကျွမ်းကျင်သော တရားနာပရိသတ်တို့ ရှင်းလင်းပြတ်သားစွာ သိရှိစေလိုသောစေတနာ ထားရှိသည်။ ထို့ကြောင့် မြန်မာစကားပြေ ဖြင့် အဟောအပြောများသည်ကို သတိပြုမိသည်။

အချို့တရားတို့တွင် ယောဆရာတော်သည် ပါဠိအမည်များ ကိုပင် ဆီလျော်အောင် မြန်မာပြန်ဆို ဟောပြောတော်မူခဲ့သည်။ "နှလုံး သားဝယ်ဘုရားတည် ၄-သွယ်အကျိုးရ" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့

http://www.dhammadownload.com



သောတရား၌ ဆရာတော်က အာယုဝဍ္ဎနကို မောင်သက်တိုးဟူ၍လည်းကောင်း၊ ပုဏ္ဏာကို မပြည့်စုံဟူ၍လည်းကောင်း၊ မဒ္ဒကုဏ္ဍလီကို မောင်ရွှေချောဟူ၍လည်းကောင်း ဆီလျော်အောင် မြန်မာပြန်ဆိုဟောပြောတော်မူခဲ့သည်။ ယောဆရာတော်၏ ထူးခြားချက်ပင်။

## ယောဆရာတော်နှင့် ပရဟိတ

ယောဆရာတော်သည် အလှူဒါနများ ပြုရာ၌ ပရဟိတအလှူဒါနများကိုလည်း ထူးထူးခြားခြား အားပေးတော်မူသော အရှင်မြတ်ဖြစ်သည်။ ဆရာတော်သည် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ် ၃-ပါးအတွက်သာမက ဆေးရုံ၊ စာသင်ကျောင်း၊ စာကြည့်တိုက်၊ ရေတွင်း၊ ရေကန်စသည့် လူအများ အကူအညီလိုအပ်နေသည့် နေရာဌာနများသို့လည်း ကျပ်ငွေသိန်းပေါင်းများစွာ ဦးစားပေး လှူဒါန်းတော်မူခဲ့သည်။ ထို့ပြင် ပရဟိတအလှူကို တိုက်တွန်းနှိုးဆော်သော တရားများကိုလည်း ထူးထူးခြားခြား ဟောကြားတော်မူခဲ့သည်။

## မဂ်လာဗျူဟာ ပရဟိတအဖွဲ့

မဂ်လာဗျူဟာ အသင်းချုပ်ကြီး၏ လက်အောက်ခံအဖွဲ့အစည်းတစ်ရပ်ဖြစ်သော မဂ်လာဗျူဟာ ပရဟိတအဖွဲ့သည် ပရဟိတလုပ်ငန်းများကို တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မဂ်လာဗျူဟာ ပရဟိတအဖွဲ့သည် လူမျိုးမရွေး၊ ဘာသာမရွေး မြန်မာနိုင်ငံသားများထဲမှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် အကူအညီ

http://www.dhammadownload.com



လိုအပ်နေသော ပရဟိတအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များကို တတ်စွမ်းသမျှ ကူညီဖေးမ ထောက်ပံ့လျက်ရှိသည်မှာ ၆-နှစ်ကျော်ရှိပြီ။ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့သည် မူလက ရန်ပုံငွေကျပ် ၂-သိန်းကျော်ဖြင့် မတည်၍ တည်ထောင်ခဲ့သည်။ ၆-နှစ်အတွင်း အလှူငွေစုစုပေါင်း ၂၂၃-သိန်းကျော် ရရှိခဲ့သည်။ ယင်းတို့အထဲမှ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာတို့တွင် ငွေပေါင်း ၁၁၉-သိန်းကျော် ကူညီဖေးမ ထောက်ပံ့လှူဒါန်းပြီး ဖြစ်သည်။

၂၀၀၃-ခုနှစ်၊ ဩဂုတ်လ ၂၄-ရက်၊ တနင်္ဂနွေနေ့၊ နေ့လယ် ပွင့်မင်္ဂလာဗျူဟာအခန်းချုပ်၌ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့၏ ၆-နှစ်မြောက် အထိမ်းအမှတ် အလှူရေစက်ချပွဲ ကျင်းပခဲ့သည်။ ထိုရေစက်ချပွဲတွင် ပရဟိတလုပ်ငန်းကို မြတ်နိုးတော်မူသော ယောဆရာတော်ကို အထူးပင့်ပတ်ခဲ့ကြသည်။ ယောဆရာတော်ကလည်း စိတ်ပါဝင်စားစွာ ကြွရောက်အားပေးသည်။ ရေစက်ချပေးသည်။ ထို့နောက် "သူ့ကိုစောင့်ရှောက်၊ ကိုယ့်ဂုဏ်မြောက်" ဟူသော ခေါင်းစဉ်ဖြင့် ပရဟိတအကြောင်း တရားတော်ကို ဟောပြောတော်မူခဲ့သည်။ ထိုဟောပြောချက်ကို အုပ်ရေ ၁၀၀၀၀-စာအုပ်ရိုက်နှိပ်၍လည်း ဓမ္မဒါန ပြုတော်မူခဲ့သည်။ ထိုတရားတော်သည် ထူးခြားတန်ဖိုးရှိလှသဖြင့် မြတ်မင်္ဂလာစာစောင် ခေါင်းကြီးပိုင်းကပင် ထုတ်နုတ်ဖော်ပြခဲ့သည်။

## အမြင့်မြတ်ဆုံး ပရဟိတစွမ်းအားရှင် မြတ်ဗုဒ္ဓ

ယောဆရာတော်က မိမိဟောကြားတော်မူသော ပရဟိတဆိုင်ရာ တရားတော်ထဲတွင် "လောကထဲမှာ မြတ်ဗုဒ္ဓသာ အမြင့်မြတ်ဆုံး ပရဟိတစွမ်းအားရှင် ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓလောက် ကြီးကျယ်

http://www.dhammadownload.com



ပြောင်မြောက် ထိရောက်အောင် ပရဟိတစွမ်းဆောင်ပေးနိုင်သူ ဘယ်သူမှ မရှိပါဘူး။ မြတ်ဗုဒ္ဓဟာ အကြီးမားဆုံး၊ အမြင့်မြတ်ဆုံး၊ အတိကျဆုံး၊ အပြည့်ဝဆုံး၊ အသေချာဆုံး ပရဟိတစွမ်းဆောင်ရှင်ပါ" ဟူ၍ ဟောကြားတော်မူခဲ့သည်။

"မြတ်ဗုဒ္ဓဟာ ပရဟိတစိတ်နဲ့ပဲ ခက်ခဲတဲ့ပါရမီတွေ ဖြည့်ခဲ့တယ်။ ပရဟိတစိတ်ကြောင့်ပဲ ဘုရားဖြစ်ခဲ့တာပါ။ အတ္တဟိတ သက်သက်သာဆိုရင် ဘုရားဖြစ်အောင် ကျင့်နေဖို့တောင် မလိုတော့ဘူး။ သုမေဓာရှင်ရသေ့ဘဝက သာဝကပါရမီ ပြည့်နေပြီပဲ။ ဆက်အား ထုတ်လိုက်ရင် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရောက်ဖို့ သေချာနေပါပြီ။ ပရဟိတစိတ်ကြောင့်သာ အသက်စည်းစိမ်များစွာ စွန့်လွှတ်အနစ်နာခံပြီး ဘုရားဖြစ်ကြောင်း ပါရမီကောင်းမှုတွေကို ဖြည့်ကျင့်ခဲ့တာ ဖြစ်တယ်" ဟူ၍လည်း ဟောကြားတော်မူခဲ့သည်။

## ပရဟိတဆိုတာ ပေးဖို့သက်သက်

ထို့ပြင် "ပရဟိတဆိုတာ ပေးဖို့သက်သက်ပါ။ လှူတဲ့အခါ သီလရှိတဲ့သူတွေကို ရွေးချယ်ကြတာက ကိုယ့်အတွက်ငဲ့လို့ပါ။ ပရဟိတကျတော့ အယုတ်၊ အလတ်၊ အမြတ်မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ ပုဂ္ဂိုလ်မရွေး၊ ဘယ်သူဘယ်ဝါမရွေး အားလုံးရဲ့ အကျိုးအတွက်ပါ။ သူတို့ဆီက ဘာတစ်ခုမှလည်း မျှော်လင့်ချက် မထားပါဘူး။ ကိုယ့်ကြောင့် သူချမ်းသာသွားရင် ပြီးတာပါပဲ" ဟူ၍လည်း ဟောကြားတော်မူခဲ့သည်။

"ကမ္ဘာမှာ ကြက်ခြေနီ၊ လခြမ်းနီ စတဲ့ လူမှုရေးအဖွဲ့အစည်းတွေဆိုတာ သူ့အတွက် ကိုယ်က အနာခံပေးရတဲ့ အဖွဲ့တွေပဲ။ ကူညီခံ

http://www.dhammadownload.com



ရသူတွေထံက တုံ့ပြန်ကျေးဇူးဆပ်မှုကို ဘာတစ်ခုမှ မမျှော်လင့် မတောင့်တကြပါဘူး။ ယခု မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ဆိုတာလဲ ဒီလိုပါပဲ။ လူမျိုးမရွေး၊ ဘာသာမရွေး၊ ပုဂ္ဂိုလ်သတ္တဝါမရွေး၊ ကံအား၊ ဉာဏ်အား၊ လုံ့လအား မလုံလောက်ရှာကြလို့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် မပြည့်စုံရှာကြသူများကို သူတို့ခန္ဓာ သူတို့ သုံးနိုင်ကြဖို့ မေတ္တာ၊ ကရုဏာ အရင်းခံတဲ့ စေတနာကောင်းနဲ့ ကူညီ ဆောင်ရွက်နေကြတာပဲ" ဟူ၍လည်း ထည့်သွင်းဟောကြားတော်မူ သည်။

## မြင့်မြတ်သူတို့၏အလုပ်

ထို့ပြင် "ပရဟိတ စေတနာရှင်ဟာ ကိုယ့်ကျေးဇူးကိုသိလို့ တုံ့ပြန်မှုကို လုံးဝမျှော်လင့်စရာ မလိုပါဘူး။ ပရဟိတစေတနာရှင်ဟာ ဒုက္ခလွတ်ပါစေဆိုတဲ့ ကရုဏာ၊ ချမ်းသာပါစေဆိုတဲ့ မေတ္တာနဲ့ပဲ ကူညီ တတ်တယ်။ ပေးကမ်းတတ်တယ်။ ထောက်ပံ့တတ်တယ်။ မေတ္တာ၊ ကရုဏာ အရင်းခံတဲ့ မြင့်မြတ်တဲ့ စေတနာနဲ့ပဲ ဆောင်ရွက်ပေးပါတယ်။ ဒါကြောင့်လဲ မြင့်မြတ်သူတို့ရဲ့ အလုပ်ဖြစ်တယ်။ မြတ်ဗုဒ္ဓရဲ့လမ်းစဉ် ကို လိုက်နာကျင့်သုံးရာ ရောက်ပါတယ်" ဟူ၍လည်း ဟောကြားတော် မူသည်။

## အဲ့ဖွယ်အကျိုးပေး

ထို့ပြင် "လောကမှာ ကံ၊ ဉာဏ်၊ လုံ့လ၊ မလုံလောက်ရှာကြ လို့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးစသည့် မပြည့်စုံသူတွေ ရှိနေကြ

http://www.dhammadownload.com



တော့ ကူညီနိုင်စွမ်းရှိသူ ပုဂ္ဂိုလ်တွေက ကူညီကြရမှာပါ။ ကူညီတော့ ပရဟိတစိတ်နဲ့ပဲ ကူညီရမယ်။ သူ့ဆီက ဘာမှမလိုပါဘူး။ သူက ကိုယ့်ကို အသိအမှတ် ပြုချင်လဲပြု၊ မပြုချင်လဲ နေပေါ့။ သူ့ကို ဒုက္ခလွတ်အောင်ကူညီတော့ သူ့ဒုက္ခလွတ်ရင် ပြီးပြီပဲ။ သူ့ကို ချမ်းသာအောင် ကူညီတာဆိုတော့ သူချမ်းသာသွားရင် ပြီးတာပဲ။ မလိုချင်သူကို ကိုယ့်စေတနာက အံ့ဩစရာကောင်းအောင် အကျိုးပေးတတ်ပါတယ်။ မြင့်မြတ်တဲ့စိတ်ထားနဲ့ လုပ်ပေးတော့ မြင့်မြတ်တဲ့အကျိုးကို မလိုချင်လဲ ရမှာပဲ" ဟူ၍လည်း ဟောကြားတော်မူသည်။

## မြတ်မင်္ဂလာစာစောင်နှင့် ပရဟိတ

"တစ်ခါတစ်ရံ မြတ်မင်္ဂလာစာစောင်မှာ ဓာတ်ပုံလေးတွေနဲ့ ပါလာတတ်တယ်။ လူမှုရေး မပြည့်စုံတာလေးတွေ၊ ပညာရေး မပြည့်စုံတာလေးတွေ၊ ကျန်းမာရေး မပြည့်စုံတာလေးတွေ ပရဟိတစေတနာရှင်တွေရဲ့ အကူအညီကို လိုအပ်ပုံတွေ ဖတ်ရှုရတယ်။ မေတ္တာ၊ ကရုဏာ အားကြီးတဲ့ ပရဟိတစေတနာရှင်တွေက ကူညီလိုက်တဲ့အကြောင်းတွေလဲ အဲဒီစာစောင်ထဲမှာပဲ ဝမ်းမြောက်ဝမ်းသာ ဖတ်ရှုရတယ်" ဟူ၍လည်း ဟောကြားတော်မူသည်။

## မေတ္တာ၊ ကရုဏာ၊ မုဒိတာ

ထို့ပြင် ပရဟိတလုပ်ငန်းနှင့် ပတ်သက်၍လည်း "သူ့ဒုက္ခလွတ်စေချင်လို့ ကူညီတာက ကရုဏာ၊ သူချမ်းသာစေချင်လို့ ကူညီတာက မေတ္တာ၊ သူချမ်းသာသွားပြီလို့ ကြားရတာက မုဒိတာ။ တကယ်တော့

http://www.dhammadownload.com



ပရဟိတဆိုတာ လောဘကို တိုက်ရိုက်ဖြိုဖျက်ရတဲ့အလုပ် ဖြစ်ပါတယ်။ မေတ္တာ၊ ကရုဏာနဲ့ ဆောင်ရွက်တာဖြစ်လို့ ဒေါသကိုလဲ တိုက်ရိုက်ဖျက်ဆီးနေရတဲ့အလုပ် ဖြစ်တယ်။ အသိတရား ဦးဆောင်ပြီး လုပ်လိုက်တော့ မောဟကိုပါ သန့်စင်ခွင့် ရလိုက်ပြန်တယ်။ ဒီလိုဆိုတော့ လောဘ၊ ဒေါသ၊ မောဟကို အနိုင်ယူရတဲ့အလုပ်ပါပဲလား။ ဒါကြောင့် မြင့်မြတ်တဲ့အလုပ် ဖြစ်ရတာပါ" ဟူ၍လည်း ဟောကြားတော်မူသည်။

"လောကထဲမှာ ဆင်းရဲ ဒုက္ခ အပူပြဿနာမျိုးစုံကို ဖန်တီးနေတဲ့ လောဘ၊ ဒေါသ၊ မောဟအပူငွေ့တွေကို ဖယ်ရှားသန့်စင်ပြီး မြင့်မြတ်တဲ့စိတ်ထားနဲ့ ဆောင်ရွက်နေရတာဖြစ်လို့ စဉ်းစားလိုက်ရင် ပရဟိတအလုပ်ဟာ အလွန်ကြည်နူးစရာကောင်းတဲ့ အလုပ်ပါ" ဟူ၍ ဟောကြားတော်မူသည်။

## ယောဆရာတော်၏ ခံယူချက်

ယင်းတို့မှာ အလွန်ထူးခြားလှသည်။ တန်ဖိုးရှိလှသည်။ အမှန်တရားကို မီးမောင်းထိုးပြလိုက်သကဲ့သို့ ရှိသည်။ ကြားနာရသူအပေါင်း အလင်းရစေသော တရားတော်မြတ်ဖြစ်သည်။ ထိုတရားတော်မြတ်ကို အခြေပြု၍လည်း ယောဆရာတော်၏ ခံယူချက်ကို သိနိုင်သည်။ ယောဆရာတော်၏ စိတ်ဓာတ်ကို အကဲခတ်နိုင်သည်။ ယောဆရာတော်၏ စူးရှသောအမြင်ကို တွေ့သိနိုင်သည်။

## ဝ ုးဟောပြောပွဲများ

ယောဆရာတော်သည် စာချခြင်းကို အလေးပေးဆောင်ရွက်

http://www.dhammadownload.com



ဟော်မူသည်နှင့်အမျှ တရားဟောခြင်းကိုလည်း အလေးပေး ဆောင်ရွက်တော်မူသည်။ ဒါယကာ၊ ဒါယိကာမများက သာရေး၊ နာရေးတို့နှင့် ပတ်သက်၍ အိမ်များသို့ ကြွရောက်ပါရန် ပင့်ဖိတ်သည့်အခါများတွင်လည်း ကြွရောက်တရားဟော်တော်မူသည်။ အထူးတရားပွဲများအဖြစ် ပင့်ဖိတ်လျှောက်ထားလာသော စာသင်တိုက်များ၊ ဓမ္မာရုံများ၊ ဓမ္မသဘင်များ၌ ကျင်းပသည့် တရားပွဲများကိုလည်း ကြွရောက်ချီးမြှင့်တော်မူသည်။

ထို့ပြင် မိမိသီတင်းသုံးတော်မူရာ "ထေရာသန" ကျောင်းတွင် မိမိကျောင်းတိုက်ရှိ သံဃာတော်များအား ဆွမ်းကပ်သောအခါမှာလည်း အလှူရှင်တို့ကို တရားဟောပြော ချီးမြှင့်လေ့ရှိသည်။ ကျောင်းရှိ သံဃာအား ဆွမ်းကပ်ခြင်းသည် တစ်နှစ်လုံး နေ့တိုင်းလောက်ပင် ရှိသည်။ ထေရာသနကျောင်းဆို၍ ကျောင်းကြီးမဟုတ်ပါ။ ကျောင်းငယ်လေးမျှသာ ဖြစ်သည်။ ထိုကျောင်းငယ်ကလေးတွင် ခြိုးခြံရောင့်ရဲစွာ သီတင်းသုံးတော်မူလျက် ပရိသတ်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သေချာကျနစွာပင် တရားဟောပြော ချီးမြှင့်လေ့ရှိသည်။ ထိုကျောင်းငယ်၌ တစ်နေ့လျှင် တရားပွဲ ၃-ပွဲမျှ ဟောပြောရသည်။ တရားပွဲကြီးများနှင့် စုပေါင်းလိုက်လျှင် ဆရာတော်၏ တစ်နေ့တာ တရားဟောပြောရသော အကြိမ်သည် ပျမ်းမျှ ၄-ကြိမ်ခန့် ရှိနိုင်ပေသည်။

## ဂျပန်သူဌေး ဇနီးမောင်နှံ

ထိုတရားပွဲများတွင် ဂျပန်လူမျိုး သူဌေးဇနီးမောင်နှံကို ဟောပြောသော တရားပွဲသည် အလွန်စိတ်ဝင်စားဖွယ် ကောင်းသည်။ ထို

http://www.dhammadownload.com



ဂျပန်လူမျိုး ဇနီးမောင်နှံသည် ဂျပန်ပြည်၌ နေထိုင်ကြသူများ ဖြစ်သည်။ အလွန်ကြွယ်ဝ ချမ်းသာကြသည်။ သို့ရာတွင် စိတ်မချမ်းသာကြရှာ။ သားကလေး ကွယ်လွန်သွားသောကြောင့် ဖြစ်သည်။

သူတို့ဇနီးမောင်နှံသည် သောကကို·ရင်ဝယ်ပိုက်လျက် မြန်မာပြည်သို့ ခေတ္တရောက်ရှိလာကြရာမှ မိတ်ဆွေအချို့၏ ညွှန်ကြားချက်အရ ယောဆရာတော်ကို လာရောက်ဖူးမြော်ကြသည်။ မိမိတို့၏ သောကကို တင်ပြလျှောက်ထားကြသည်။ သောကမှ ကင်းရကင်းကြောင်း တရားဟောပြောပေးပါရန်လည်း တောင်းပန်လျှောက်ထားကြသည်။

ဤတွင် ယောဆရာတော်က စကားပြန်မှတစ်ဆင့် သောကကင်းဝေးတရားကို ဟောကြားချီးမြှင့်တော်မူခဲ့သည်။ ၁၉၉၈-ခုနှစ်၊ ဧပြီလထဲတွင် ဖြစ်သည်။ ထိုအကြောင်းကို ဆရာတော်က "တရားကျေးဇူးစွမ်းရည်ထူး" တရားတွင် ဤသို့ ထည့်သွင်းဟောကြားတော်မူခဲ့သည်။

## ဒုက္ခသစ္စာ

"လွန်ခဲ့တဲ့ သကြံန်လောက်တုန်းက ဂျပန်ကြီးဇနီးမောင်နှံ ကျောင်းရောက်လာကြတယ်။ သူတို့ ပစ္စည်းအလွန်ကြွယ်ဝတဲ့ သူဌေးကြီးတွေလို့ ဆိုတာပါပဲဗျာ။ သူဌေးဆိုတာကတော့ ပိုက်ဆံပေါ်တာပြောတာပါ။

လောကလူတွေလဲပဲ ပြောကြတယ်ပေါ့လေ။။ "ပိုက်ဆံပေါ ရင် ချမ်းသာတယ်၊ ပိုက်ဆံပေါရင် ချမ်းသာမှာ။" ဒါတော့ လောကပြောကြတဲ့ စကားကိုဗျ။ သာသနာ့ဓာတ်ခွဲခန်းထဲ ထည့်ကြည့်ပါ။ အကုန် ဒုက္ခသစ္စာလို့ပဲ အဖြေထုတ်ပါတယ်။ သုခလို့ အဖြေမထုတ်ပါ။

http://www.dhammadownload.com



ပိုက်ဆံတွေ၊ ပစ္စည်းတွေ၊ လောကခန္ဓာ အားလုံးတွေကို သာသနာ့ ခေတ်ခွဲခန်းထဲ ထည့်ကြည့်။ ဒုက္ခသစ္စာကြီးပဲ အဖြေထုတ်တယ်။ သုခလို့ အဖြေမထုတ်။ ဒါကြောင့် ဒုက္ခသစ္စာ ကိုင်ထားကြရတာပါ။

သိန်းတစ်ရာရှိရင် ဒုက္ခသစ္စာပေါင်း သိန်းတစ်ရာ ကိုင်ထားရသောကြောင့် သိန်းတစ်ရာတန် ဆင်းရဲသားစာရင်းထဲ ပါသွားနိုင်ပါတယ်။

သိန်းတစ်ထောင်ရှိသော ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာပေါင်း သိန်းတစ်ထောင်ကို ကိုင်ထားရတာဖြစ်သောကြောင့် သိန်းတစ်ထောင်တန် ဆင်းရဲသားစာရင်းထဲ ပါသွားနိုင်ပါတယ်။

မဂ္ဂသစ္စာလမ်းကြောင်းနဲ့ ရှင်းမပေးရင်၊ တရားကမ်း တည်ဆောက်မပေးရင် ရှိတာတွေ ကိုယ့်ပြန်ပြီး လောင်တတ်ပါတယ်။ အဲဒါကြောင့် ရှိတိုင်း မချမ်းသာကြပါ။ အရှိကို အသိနဲ့ ဝင်ထိန်းကြမှ ချမ်းသာနိုင်ကြပါတယ်။ ဒါကြောင့် သူတို့ ပိုက်ဆံပေါသောကြောင့် သူဌေးကြီးတွေလို့ ခေါ်ရတာပါ။

## သားလေး သေသွားလို့ပါ

ကျောင်းရောက်လာတော့ သူဌေးပုံစံနဲ့ လာကြတာကမဟုတ်။ ပူလောင်တဲ့ အမူအရာကြီးဘွေ၊ အားငယ်တဲ့ အမူအရာကြီးတွေနဲ့ပေါ့။ ဘာဖြစ်ကြတာလဲလို့ မေးတော့ "သားလေး သေသွားလို့ပါ" တဲ့။ အင်မတန်ချစ်စရာကောင်းတဲ့ သားလေး သေသွားတယ်။ ရောဂါဖြစ်လာတော့ သူတို့က ပိုက်ဆံအလွန်ပေါတာကိုဗျ။ ပိုက်ဆံကုန်ချင်သလောက်ကုန်ဆိုပြီးတော့ အကောင်းဆုံး ဆေးဆရာ၊ အကောင်းဆုံး ဆရာဝန်တွေနဲ့ ကုတယ်။

http://www.dhammadownload.com



မိဘနှစ်ပါးကလဲ သွားပြီး ဆုတွေတောင်းလို့။ သို့သော် မရတဲ့။ လက်လွှတ်လိုက်ရတယ်။ သားလေး သေဆုံးသွားပြီလဲဆိုရော လောင်လိုက်တာ၊ လောင်လိုက်တာ၊ စိတ်ဘယ်နား သွားထားရမယ် မှန်းကို မသိတော့ဘူး။

စားတော့လဲ ဒီစိတ်၊ ဝအောင် မစားနိုင်တော့ဘူး။ အိပ်တော့လဲ ဒီစိတ်၊ ဝအောင် မအိပ်နိုင်တော့ဘူး။ အလုပ်လုပ်တော့လဲ ဒီစိတ် ဘာမျှပြီးအောင် မလုပ်နိုင်တော့ဘူး။ အချိန်ပြည့် ဒီအပူစိတ်ကြီးဟာ လောင်လိုက်တာ။ နှိပ်စက်လိုက်တာ။ တို့ချစ်တဲ့သား မရှိတော့ တံ့ရှာတဲ့ ပစ္စည်းတွေ ဘာများ အဓိပ္ပါယ်ရှိသေးတော့သလဲလို့ ဒီလိုတောင် လျှောက်စဉ်းစားလိုက်တာ။

အဲဒါနဲ့ မဖြစ်ဘူး။ ရှူလိမ့်မယ်ဆိုပြီးတော့ စိတ်ပြေလက် ပျောက် ခရီးထွက်လာတယ်။ မြန်မာပြည်ရောက်တော့ ဗုဒ္ဓဘာသာ ဘုန်းကြီးတွေက ပူလောင်တဲ့စိတ်ကို အေးအောင်လုပ်နည်းလေးတွေ ပြောတတ်တယ်လို့ ကြားတာနဲ့ လာခဲ့တာပါတဲ့။

သူတို့ပူတဲ့ စိတ်ကလေး အေးအောင်လုပ်တဲ့နည်းကလေး ပြောပေးပါတဲ့။ တရားကျတော့ တယ်တော်တယ်ဗျ။ ရုပ်ဝတ္ထုတွေက တကယ့်အရေးကျတော့ မတတ်နိုင်ကြတော့ဘူးဗျာ။ သူတို့တရား အင် မတန်တော်နေတဲ့ အချိန်ဗျာ။ ဒါနဲ့ သူတို့ကို အချိန်နာရီဝက်လောက် ပေးပြီး ပြောပေးရပါတယ်။

## သတိ

အရေးကြီးတာက စိတ်ထိန်းဘရိတ်၊ "သတိ" က အရေးအကြီးဆုံးဖြစ်တဲ့အကြောင်း၊ မော်တော်ကားမောင်းရင် ဘရိတ်ပါမှ၊

http://www.dhammadownload.com



အထိန်းပါမှ၊ မတိုက်အောင်၊ မမှောက်အောင်၊ အန္တရာယ်ကင်းအောင် လိုရာရောက်အောင် မောင်းနိုင်သလို စိတ်ဟာလဲ အထိန်းဘရိတ်ပါမှ အာရုံနဲ့စိတ် အဆင်ပြေပြီးတော့ တည်ငြိမ်ရင့်ကျက် အေးချမ်းစွာ နေနိုင်တဲ့အကြောင်း။

ဘယ်အာရုံပဲယူယူ အထိန်းဘရိတ်ပါမှ စွမ်းအားရတဲ့အကြောင်း၊ မမြင်ရတဲ့၊ ကိုင်လို့မရတဲ့ စိတ်ကလေးကို ဖမ်းချင်ရင် အာရုံကစောင့်ဖမ်းရတဲ့အကြောင်း၊ အာရုံကိုသိတာနဲ့ စိတ်ဟာ ဖမ်းမိသွားတဲ့အကြောင်း၊ စိတ်ကို ဖမ်းမိတာနဲ့ သတိကြိုးနဲ့ တင်းကျပ်စွာ ချည်ထားလိုက်ရတဲ့အကြောင်း၊ ပူတဲ့စိတ်ကလေးကိုလဲ အပူငြိမ်းအောင် အာရုံအစားထိုး ကုရတဲ့အကြောင်း၊ တစ်ခါတစ်ရံ ပူတဲ့ စိတ်ကလေးကိုပဲ ပူတယ်၊ ပူတယ်၊ ပူတယ်၊ ပူတယ်နဲ့ အသိစိတ်ကလေးနဲ့ လိုက်နေရတဲ့အကြောင်း၊ မိမိအတွက် ဘယ်ဟာမှ အပိုင်ပေးထားတာ မရှိတဲ့အကြောင်း။

ကိုယ့်သား၊ ကိုယ့်သမီး၊ ကိုယ့်ပစ္စည်းဆိုတာ အသာထားဦး။ ကိုယ့်ခန္ဓာတောင်မှ ကိုယ့်အတွက် အပိုင်ပေးထားတာ မဟုတ်တဲ့အကြောင်း၊ ကိုယ့်စိတ်ကြိုက် ကန့်သတ်ပိုင်ခွင့် လုံးဝမရှိတဲ့အကြောင်း အဲဒါကို ကိုယ်က ဉာဏ်နဲ့ကြိုတင်ပြီး သိထားရတဲ့အကြောင်း။ ဉာဏ်နဲ့ကြိုတင်ကြည့်မထားရင် ကိုယ့်စိတ်တိုင်းမကျတိုင်း လောင်ရမှာ ဖြစ်တဲ့အကြောင်း စသည်ဖြင့် သတိပဋ္ဌာန် အခြေခံလေးတွေရော၊ တရားစွမ်းအားတွေရောပြောပြီး နာရီဝက်လောက်ပဲ ကြာတယ်။

## မိနစ် ၂၀-တရား

စကားပြန်နဲ့ပြောတော့ မိနစ် ၂၀-တရားလောက်ပဲ ရှိမှာပါ။

http://www.dhammadownload.com



တရားပြီးသွားတော့ သူတို့ တရားနဲ့အသိ တော်တော်ထိုက်တန်တယ် ဗျ။ ပြုံးပြုံး ပြုံးပြုံးနဲ့၊ နှလုံးအတော်အေးသွားတဲ့သဘော ရှိပါတယ်။ တကယ်တရားအားထုတ်တာ မဟုတ်သေးဘူးဗျ။ အဲဒါ နာတဲ့တရား။ နာတာတောင် လာစဉ်တုန်းက ထိုင်စဉ်တုန်းကနဲ့ မတူတော့ဘူးဗျ။ တရားရေအေး သောက်သုံးခွင့်ရသွားတဲ့ သဘောပဲ။

စကားပြန်နဲ့ ပြောတယ်။ "ဒီလိုစကားမျိုး တစ်သက်လုံး တစ်ခါမှ မကြားဖူးဘူး" တဲ့။ စိတ်မှာ အထိန်းဘရိတ်ရှိမှန်း ခုမှသိတာတဲ့။ နောက်တော့ အထိန်းဘရိတ်နဲ့ ထားတော့မယ်တဲ့။ မမြင်ရတဲ့ စိတ်ဖမ်းနည်းလေးတွေလဲ အခုမှသိတာ။ ပူလောင်တဲ့ စိတ်ကို ကုသတဲ့ နည်းလေးတွေလဲ ခုမှသိတာ။ ရလာတဲ့ဘဝဆိုတာ ကိုယ့်ဟာ ဖြစ်ချင်တာမှန်တယ်။ အခုမှ တရားမျက်လုံးလေး အထိုက်အလျောက် ရလာတာ။ နောက်တော့ အတတ်နိုင်ဆုံးငြိမ်းအောင် နေတော့မယ်ဆိုတဲ့ အကြောင်း၊ သူတို့ကို ဒီလိုအချိန်ပေးပြီးတော့ ဟောပြောပေးတာလဲ ကျေးဇူးတင်လို့မဆုံးတဲ့အကြောင်း စသည်ဖြင့်ပြောပြီးတော့ ပြုံးပြုံး ပြုံးပြုံးနဲ့ ပြန်ထွက်သွားကြတယ်ဗျာ။

## တရားရေအေး

ဆိုလိုဘာကတော့ တကယ့်အရေးကျတော့ တရားသာ အေးချမ်းတဲ့အကြောင်း ပြောတာပါဗျ။ အပူကလဲ ဘယ်သူ့မှ မျက်နှာမလိုက်ဘူးဗျ။ အပူတွေ၊ ကိလေသာတွေကလဲ "ဪ-သူက မြန်မာဆိုတော့ များများနှိပ်စက်မှဟဲ့" ဆိုပြီး မလုပ်ဘူးဗျ။ "သူက ဂျပန်ဆိုတော့ လျှော့မှဟဲ့" ဆိုပြီးတော့ မလုပ်ပါဘူးဗျ။ တရားအထိန်း၊ တရားကမ်းသာ မရှိလို့ကတော့ အကုန်လုံး ရှူအောင် လောင်မှာချည်းပဲဗျ။ အချိန်မီ

http://www.dhammadownload.com



ထိန်းနိုင်ရင်ထိန်း၊ မထိန်းနိုင်ရင် လောင်မှာချည်းပဲဗျ။ ဒါကြောင့်မို့လို့ တရားဟာ အပူမျိုးစုံအေးအောင် လုပ်နိုင်တဲ့ ရေအေးလို့ ခေါ်တယ်ဗျ။

## အကောင်းဆုံး စိတ်အပန်းဖြေခြင်း

ရေသည် ညှိုးနွမ်းမှုအားလုံးကို လန်းဆန်းစေသလို တရားလည်းပဲ စိတ်ဓာတ်ညှိုးနွမ်းမှု၊ ပင်ပန်းမှုအားလုံးကို လန်းဆန်းသွားစေနိုင်တယ်။ ဒါကြောင့် တရားအားထုတ်ကြတာ အကောင်းဆုံးသော စိတ် အပန်းဖြေခြင်းဗျ။

စိတ်အပန်းဖြေကြတာ မနက်အိပ်ရာထ၊ ဘုရားရှေ့သွား၊ အပန်းဖြေကြရတယ်ဗျ။ ညအိပ်ရာဝင်တော့လဲ ထို့အတူပဲ ဘုရားရှေ့သွား၊ ၅-မိနစ်၊ ၁၀-မိနစ်၊ ၁၅-မိနစ်၊ နာရီဝက်၊ တစ်နာရီစသည် အပန်းဖြေကြရတယ်ဗျ။ စိတ်အပန်းမဖြေလို့ မရပါဘူးဗျာ။ ဒါကြောင့် အဲလို စွမ်းအားရှိတဲ့အတွက် ရေအေးလို့ တင်စားတယ်ဗျ။

## တရားဆေး

တစ်ခါ ဆေးတဲ့ဗျ။ လောကခန္ဓာမှာ ရောဂါမရှိရင် ဆေးဆရာရဲ့အစွမ်း မသိရဘူးဗျ။ ခန္ဓာမှာ ရောဂါတွေရှိလို့ ဆေးဆရာရဲ့ အစွမ်းကို သိရတာဗျ။ ထို့အတူပေါ့။ လောကမှာ ဆင်းရဲအပူတွေမရှိရင် သူတော်ကောင်းအစွမ်း ဘယ်သိနိုင်လိမ့်မတုံး။ ဆင်းရဲဒုက္ခအပူတွေရှိနေလို့သာ သူတော်ကောင်းအစွမ်း သိရတာ။ လောကမှာ အန ရောဂါမရှိလို့ရှိရင် ဆေးအစွမ်း မသိနိုင်ပါဘူး။ အနာရောဂါတွေ သောကြောင့်သာ ဆေးအစွမ်းသိရတာပါ။

http://www.dhammadownload.com



ဒါမျိုးလိုပေါ့။ လောကဆင်းရဲဒုက္ခ အပူတွေမရှိရင် တရား ဘာလုပ်တော့မလဲ။ တရားအစွမ်း ဘယ်လိုလုပ်မှ မသိတော့ဘူး။ ဆင်းရဲဒုက္ခ အပူမျိုးစုံတွေ ရှိနေသောကြောင့်သာ တရားအစွမ်း သိရတာ။ ဒါကြောင့် လူစွမ်းတယ်၊ လူစွမ်းတယ်နဲ့ တရားကြောင့် စွမ်းကြတာပါ။"

ဤကား ယောဆရာတော် ဟောကြားတော်မူခဲ့သော တရားများထဲမှ အနည်းငယ် ဖော်ပြချက်ဖြစ်သည်။ ဆရာတော် ဟောပြောသော တရားအားလုံးပင် သူ့နည်း၊ သူ့ဟန်ဖြင့် တန်ဖိုးရှိကြသည်။ သူ့အလှနှင့်သူ ရှိကြသည်။

## ဓမ္မပုံပြင်များ

ယောဆရာတော်သည် တရားဟောရာ၌ တရားနာပရိသတ်တို့ ပိုမိုသဘောပေါက်စေရန် ဓမ္မပုံပြင်များကိုလည်း ထည့်သွင်းဟောပြောတတ်သည်။ ယင်းတို့မှာ စိတ်ဝင်စားဖွယ်ရာလည်း ကောင်းသည်။ တရားသဘောလည်း ပါဝင်သည်။ အလွန်တန်ဖိုးရှိသော ဓမ္မပုံပြင်များ ဖြစ်သည်။

ဆရာတော်၏ တပည့်တစ်ပါးဖြစ်သော အရှင်ကေသရိန္ဒ (သာသနဓဇ ဓမ္မာစရိယ)သည် "တော်ဝင်နွယ်" ဟူသော ကလောင်အမည်ကို ခံယူလျက် ယောဆရာတော်၏ ဓမ္မပုံပြင်အချို့ကို မှတ်တမ်းတင် ရေးသားခဲ့သည်။ မြတ်မင်္ဂလာစာစောင်တွင် လစဉ်ဖော်ပြခဲ့သည်။ ထို့နောက် ယင်းတို့ကို စုပေါင်း၍ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။ အောင်မြင်သောစာအုပ်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

http://www.dhammadownload.com



# ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးနှင့် ယောဆရာတော်

သာသနာတော်အတွက် အလွန်အလုပ်လုပ်သော ဆရာတော်များတွင် ယောဆရာတော်လည်း တစ်ပါးအပါအဝင်ဖြစ်သည်။ ယောဆရာတော် အလွန်အလုပ်လုပ်သည်ကို ညောင်ရွှေမြို့၊ ကံကြီးပရိယတ္တိစာသင်တိုက်၊ တေရသမ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)ကိုယ်တော်တိုင် အနီးကပ် တွေ့မြင်တော်မူခဲ့သည်။ သည်တွင် ကျန်းမာရေးအတွက် ဂရုပြုရန်နှင့် အလုပ်ကို လျှော့လုပ်ရန်ပင် သတိပေးတော်မူခဲ့သည်။

ဆရာတော်ဘုရားကြီးက မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် ၄၅-နှစ်ပြည့် သာသနာ့မော်ကွန်း အထိမ်းအမှတ်မဂ္ဂဇင်းတွင် ဤသို့ ပင်ထည့်သွင်းရေးသားထားတော်မူခဲ့သည်။

## ရဟန်းထူးရဟန်းမြတ်

"ဆရာတော်ဟာ ရှေး (ဦးဝါသဝ၊ ဦးကောဏ္ဍည) ဆရာတော်ဘုရားလက်ထက်တုန်းက ဤမဟာဝိသုဒ္ဓါရုံတိုက်မှာ ကြာကြာသီတင်းမသုံးခဲ့ဖူးပေ။ ယခု ဦးသိရိန္ဒာဘိဝံသ (ယောဆရာတော်)လက်ထက်တွင်မှ ကြာကြာသီတင်းသုံး နေထိုင်တော်မူခဲ့ဖူးပါသည်။

"ဦးသိရိန္ဒာဘိဝံသ၏ တစ်နေ့တာ သာသနာ့အလုပ် ကြိုးစားအားထုတ်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။

"ဦးသိရိန္ဒာဘိဝံသသည် နံနက် ဘုရားဝတ်တက် ထိုးမောင်းခေါက်သောအခါ ဘုရားဝတ်တက်နေရာသို့ ရောက်ရှိပြီး သံဃာတော်များကို

http://www.dhammadownload.com



စစ်ဆေး ဩဝါဒပေးနေသည်။ ဘုရားဝတ်တက်ပြီး၍ သံဃာတော်များ မြို့တွင်းသို့ အရုဏ်ဆွမ်းခံ ကြွသောအခါမှာ ကျောင်းတိုက်သို့လာ၍ နံနက် အရုဏ်ဆွမ်းကပ်ကြမည့် ဒကာ၊ ဒကာမများကို တရားရေအေး အမြိုက် ဆေး တိုက်ကျွေးလျက်ရှိသည်။

"နေ့ဆွမ်းမကပ်မီမှာလည်း ဒကာ၊ ဒကာမတို့ သံသရာတစ်လျှောက် အကျိုးများရာများကြောင်း တရားဟောပြလျက်ရှိသည်။ နေ့ဆွမ်းစားပြီး တစ်နာရီအချိန်မှစ၍ အဌကထာ စာဝါများကို ပို့ချလျက်နေသည်။ ညချမ်း အချိန်ကာလ၌လည်း ကျောင်းတိုက်တွင် တပည့်သံဃာများနှင့်အတူ ဘုရား ဝတ်တက်ပြီး ဆုံးမစရာရှိက ဩဝါဒပေးဆုံးမ၍ ပရိယတ်၊ ပဋိပတ် စွယ်စုံ ဖြစ်စေရန် ကမ္မဋ္ဌာန်းထိုင်ခိုင်းလေ့ရှိသည်။ မြို့တွင်းရပ်ကွက်တွင်လည်း ည တရားဟော ပင့်ပန်ထားမှုရှိလျှင် ဒါယကာ၊ ဒါယိကာမတို့၏ ဘဝသံသရာ ဒုက္ခဘေး ငြိမ်းအေးမှု ရနိုင်ရေး ထောက်မျှော်တွေး၍ ကြွရောက်တရားချီး မြှင့်လေ့ရှိသည်။

"ဤသို့လျှင် တရားဟောခြင်း၊ စာဝါပို့ချခြင်း၊ တပည့်များအား အဆုံးအမပေးခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်းတို့ဖြင့် တစ်နေ့တာအဖို့ကို ကုန်လွန် စေပြီး၊ နောက်နေ့၊ နောက်နေ့များတွင်လည်း ဤအတိုင်းပင် အချိန်များကို တန်ဖိုးရှိစွာ ကုန်ဆုံးစေသည်ကို တွေ့မြင်ခဲ့ရသည်။

"ဆရာတော် ဦးသိရိန္ဒာဘိဝံသသည် "သဒ္ဓါ ဟတ္ထော မဟာနာမ"၊ သဒ္ဓါသည် လက်နက်နှင့်တူကြောင်း ဟောညွှန်စာရှိသည့်အတိုင်း ကုသိုလ် ဟူသမျှကို ထက်သန်သော သဒ္ဓါတရားဖြင့် လုပ်ယူလေ့ရှိသည်။ တစ်ခါ တစ်လေတွေ့၍ အလုပ်လုပ်တာ များလွန်းကြောင်း ပြောလျှင်လည်း ဆက် ၍ဆက်၍သာ လုပ်နေလေ့ရှိသည်။ သတိတရားသည်လည်း အစဉ်ကပ် လျက် ရှိသည်။

"သတိံစ ခွါဟံ ဘိက္ခဝေ၊ သဗ္ဗတ္ထိကံ ဝဒါမိ" ဟောညွှန်းသည်နှင့်

http://www.dhammadownload.com



အညီ သတိတရားဟူသည် ကုသိုလ်လုပ်တိုင်း ပါဝင်စမြဲဖြစ်သည်။ ဦးသိရိန္ဒာဘိဝံသသည် တစ်နေ့လုံး ကုသိုလ်တရားနှင့်သာ မွေ့လျော်နေတတ်သူဖြစ်၏။ အမြဲတစေ စာပေဘက်တွင် သမာဓိနှင့်နေထိုင်သော ပုဂ္ဂိုလ်ထူးဖြစ်သည်။ ပိဋကတ်သုံးပုံ အာဂုံဆောင်ထားသည့်အားလျော်စွာ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဟူသော နိကာယ် ၅-ရပ် ပိဋကတ်သုံးပုံ တရားဘဏ်တိုက်ကြီးကို ထိန်းသိမ်းနေသည့် အဖိုးတန် ပညာရတနာရှိသော ရဟန်းပုဂ္ဂိုလ်ဖြစ်ပေသည်။ ထို့ကြောင့် တစ်နေ့လုံး သဒ္ဓိန္ဒြေ၊ ဝိရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတည်းဟူသော တရားရတနာ ၅-မျိုးနှင့် ပြည့်စုံသော ရဟန်းထူး၊ ရဟန်းမြတ်ဟု ဆိုရပေမည်။"

ယောဆရာတော်သည် မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်တိုက်သစ်၏ သာသနာ့တာဝန်များကို ဦးဆောင်တာဝန်ယူဆောင်ရွက်တော်မူသည်သာမက ကျောင်းတိုက်ခွဲများကိုလည်း တည်ထောင်တော်မူသည်။

၁၃၄၅-ခုနှစ်၌ ကလေးမြို့၊ ဗောဓိကျောင်းဆရာတော် ဦးကောသလ္လ၊ ထိုမာရွာကျောင်းဆရာတော် ဦးပညာဝံသတို့၏ မေတ္တာရပ်ခံ တိုက်တွန်းလှူအပ်မှုကြောင့် ကလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကို လက်ခံ၍ စာသင်တိုက်အဖြစ် တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။ တပည့်ကြီးများအား စောင့်ရှောက်ထိန်းသိမ်းရန် တာဝန်ပေးထားသည်။ မိမိကိုယ်တော်တိုင်လည်း မကြာခဏ သွားရောက်လမ်းညွှန်ကာ ကိုယ်အား၊ ဉာဏ်အားဖြင့် စွမ်းနိုင်သလောက် ထိန်းသိမ်းစောင့်ရှောက် သာသနာပြုလျက်ရှိသည်။

ထို့ပြင် ၁၃၅၁-ခုနှစ်၌ တောင်ဖီလာတောရဆရာတော် ဦးကောသလ္လ၏ မေတ္တာရပ်ခံ တိုက်တွန်းလှူအပ်မှုကြောင့် ကလေးမြို့နယ်၊ တောင်ဖီလာတောရကျောင်းတိုက်ကို လက်ခံလိုက်ရပြန်သည်။

http://www.dhammadownload.com



စာသင်တိုက်အဖြစ် တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြန်သည်။ တပည့်ကြီးများကို တာဝန်ပေးအပ်၍ မကြာခဏ ကိုယ်တော်တိုင် သွားရောက်သည်။ လမ်းညွှန်သည်။

ထို့နောက် ၁၃၅၇-ခုနှစ်၌ ကလေးမြို့နယ်၊ အင်တိုင်းကြီးရွာ ကျောင်းကို လက်ခံ၍ တပည့်ကြီးများကို စောင့်ရှောက်ထိန်းသိမ်း သာသနာပြုစေသည်။

ထို့နောက် ၁၃၆၃-ခုနှစ်၌ မြောက်ဒဂုံ ထေရဝါဒ ဓမ္မရောင်ခြည်ရိပ်သာကို ယာယီလက်ခံ၍ တပည့်ကြီး အရှင်ကေသရိန္ဒကို တာဝန်ပေးအပ်သည်။ စောင့်ရှောက်ထိန်းသိမ်း သာသနာပြုစေသည်။

## ကျောင်းပေါင်းများစွာ

မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်မှ တိုက်ရိုက်ခွဲပေးခြင်း မဟုတ်ဘဲ မဟာဝိသုဒ္ဓါရုံ၌ ပညာသင်ကြားပြီး တတ်မြောက်သွားကြသော အရှင်မြတ်များကလည်း ကိုယ်တိုင် စာသင်တိုက်များ ဖွင့်လှစ်ကြသည်။ သာသနာပြုနေကြသည်။ ထိုထိုကျောင်းများကား မြောက်မြားစွာပင် ရှိသည်။

## ပဲခူး ဓမ္မသီတဂူ ရွှေအင်ကြင်းကျောင်း

ယင်းတို့တွင် ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်ရှိ ဓမ္မသီတဂူ ရွှေအင်ကြင်းကျောင်းလည်း ပါဝင်ပါသည်။ ပဓာနနာယကဆရာတော်မှာ အရှင်ဣန္ဒာစာရ (သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ)ဖြစ်သည်။ ထိုဆရာတော်သည် လယ်တီဆရာတော်ဘုရားကြီး၏တပည့်၊

http://www.dhammadownload.com



အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၌ ကမ္မဋ္ဌာနာစရိယအဖြစ် ပါဝင်လျက် အနာဂါမ်ဆရာသက်ကြီး တရားရှုနည်းဖြင့် တရားညွှန်ပြနေသည်မှာ အထူးအောင်မြင်လျက် ရှိသည်။ မိမိကျောင်းတွင်လည်း ကိုယ်ပိုင်ဝိပဿနာရိပ်သာ ဖွင့်လှစ်ရန် ကြိုးပမ်းလျက်ရှိသည်။ မကြာမီ အကောင်အထည် ပေါ်လာတော့မည်။

## ရွှေအင်ကြင်းဆရာတော်၏ ကိုယ်တွေ့

အရှင်ကုဏ္ဍာစာရသည် ၁၉၉၆-ခုမှ ၁၉၉၈-ခုနှစ်အထိ ၂-နှစ်ကျော်ကြာမျှ မဟာဝိသုဒ္ဓါရုံတိုက် ဆွမ်းစားကျောင်းတာဝန်ခံအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ အရှင်သည် ယောဆရာတော်၏ တပည့်တစ်ပါးဖြစ်သည်။ ဆရာတော်နှင့် ၂-နှစ်ကျော်ကြာမျှ နီးကပ်စွာ သီတင်းသုံးနေထိုင်တော်မူခဲ့ဖူးသည်။ ယောဆရာတော်၏အကြောင်းကို ကောင်းစွာလေ့လာ ဆည်းပူးခွင့်ရခဲ့သည်။

ဆရာတော် အရှင်ကုဏ္ဍာစာရက "ယောဆရာတော်ဟာ အမြင့်ဆုံးဘွဲ့ထူးဂုဏ်ထူးတွေ ရရှိပေမယ့် ဝင့်ကြွားထည်ဝါလိုစိတ် လုံးဝမရှိဘူး။ လှူကြ၊ တန်းကြတဲ့ အဆောင်အယောင်တွေကိုလဲ သုံးဆောင်ခံစားလိုစိတ် အလွန်နည်းပါးတယ်။

"ဆရာတော်ဟာ ကိုယ်ပိုင်ကား မထားဘူး။ ကားလှူသော်လဲ လက်မခံဘူး။ တီဗွီလှူသော်လည်း လက်မခံဘူး။ တယ်လီဖုန်းလှူသော်လဲ လက်မခံဘူး။ တိုက်အုပ်ဆီမှာထားတဲ့ တယ်လီဖုန်းကိုလဲ လုံးဝ အသုံးမပြုဘူး။ ဆရာတော့်ထံ ဘယ်သူမှ တယ်လီဖုန်းဆက်လို့ မရဘူး။ ဆရာတော်ကလဲ ဘယ်သူ့ဆီကိုမှ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ပြောဆိုခြင်း မပြုဘူး။ စာချခြင်း၊ တရားဟောခြင်း၊ စာရေး

http://www.dhammadownload.com



ခြင်းစတဲ့ သာသနာအကျိုးပြု လုပ်ငန်းများကိုသာ အချိန်ကို တန်ဖိုးရှိစွာ အသုံးချတယ်။ ကိုယ်ပိုင် ပဋိပတ်အလုပ်ကိုလဲ နေ့စဉ်မှန်မှန် ကြိုးစားအားထုတ်တယ်။

"ဘုန်းကြီးသိသမျှ ယောဆရာတော် အသက်သတ်လွတ် ဘုဉ်းပေးတော်မူနေတာ အနှစ် ၄၀-ကျော်နေပြီ ထင်ပါတယ်။ လာရောက်ဆက်ကပ်လှူဒါန်းကြတဲ့ အသက်သတ်လွတ် အစားအစာများနဲ့ ပတ်သက်ပြီးတော့လဲ ဘာကိုမျှ မငြင်းပယ်ဘူး။ ဒါကိုတော့ ကြိုက်တယ်၊ ဟိုဟာကိုတော့ မကြိုက်ဘူး စသည်ဖြင့်လည်း မိန့်ဆိုခြင်းမရှိဘူး။ ဘယ်အစာကို စီမံပေးပါလို့လဲ မပြောရုံသာမက အရိပ်အယောင်တောင်မပြဘူး။ ဆွမ်းစားခံ့ပေါ် ရှိတာကိုပဲ ဘုဉ်းပေးတော်မူတယ်။ အလွန်ရောင့်ရဲတော်မူတယ်။

"ငါယ်လီဖုန်းနဲ့ ပတ်သက်ပြီး ဆရာတော်ကို တရားဟောပင့်၊ ဆွမ်းစားပင့်ဖို့အတွက် ဖုန်းဆက်ပင့်လျှောက်ပါက သံဃ အဂါရဝ၊ ဓမ္မ အဂါရဝဖြစ်တယ်လို့ ခံယူထားပုံရတယ်။ သာသနာ့တန်ခိုး ညှိုးမှိန်သွားမှာ စိုးရိမ်ပုံရတယ်။ နောက်ပြီး တယ်လီဖုန်းလာတိုင်း စကားပြောနေရရင်လဲ ကိစ္စပိုတယ်။ အလုပ်ပိုတယ်။ မိမိမှာ သာသနာအတွက် အချိန်ပြည့် အသုံးချနေရလို့ အလုပ်ကို ထိခိုက်စေတယ်လို့ ယူဆပုံရတယ်" ဟူ၍ ဖွင့်ဟမိန့်ကြားတော်မူသည်။

ထို့ပြင် ဆရာတော် အရှင်ဣန္ဒာစာရက "ယောဆရာတော် ဟာ မိမိသီတင်းသုံးရာ ကျောင်းငယ်လေးထဲမှာ စာရေး၊ စာချ၊ တရားတိပ်ခွေကူး၊ ကိုယ်ပိုင်ပဋိပတ်အလုပ် အားထုတ်ခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေတယ်။ ဆွမ်းပင့်လို့ ဆွမ်းစားထွက်ချိန်၊ တရားဟောထွက်ချိန်များမှအပ ကျောင်းပြင်ကို ထွက်ကြွတော်မူလေ့မရှိဘူး။

"ဆရာတော်ဟာ စာချတော်လွန်း၊ ကောင်းလွန်းလို့ တစ်ခြား

http://www.dhammadownload.com



ကျောင်းများမှ ရဟန်းတော်များ၊ သီလရှင်များပါ စာဝါ လာတက်တတ်ကြတယ်။ ဓမ္မာစရိယတန်း စာဝါပို့ချရာမှာ ဆိုင်ရာ အဋ္ဌကထာ တစ်အုပ်ကိုသာ ကိုင်ချလေ့ရှိတယ်။ နိဿယစာအုပ် မလိုဘူး။ စာတစ်အုပ်ပင် ကိုင်သော်လဲ အခြားဆက်စပ်ရာ သဒ္ဒါကြီး၊ သဒ္ဒါငယ်၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်းစတဲ့ ကျမ်းငယ်များမှ လိုအပ်ရာကို ထုတ်နုတ်ရွတ်ဆို ညွှန်ပြတော်မူနိုင်တယ်။ အံ့ဖွယ်မှတ်ဉာဏ်ကောင်းသူ ဖြစ်တယ်။

"တစ်ခါက ဆွမ်းစားတစ်ကြိမ်သာ ပင့်ပြီး တစ်ကြိမ်သာ မြင်ဖူးဝဲ့ ဒကာတစ်ဦးက ၃-နှစ်အကြာမှာ ဆွမ်းစားလာပင့်တယ်။ ထိုအခါ ထိုဒကာရဲ့နာမည်ကို ဆရာတော်က မှတ်မိနေတယ်။ ထိုဒကာဟာ အံ့ဩမဆုံး၊ ဝမ်းသာကြည်နူးမဆုံး ဖြစ်သွားတယ်။

"ဆရာတော်ဟာ မည်မျှရင်းနှီးတဲ့ ဒကာဖြစ်စေကာမူ အစဉ်သဖြင့် မျက်လွှာချပြီး စကားပြောဆိုလေ့ ရှိတယ်။ လိုတဲ့စကားပဲ ပြောတယ်။ အပိုစကား မပြောဘူး။ အသံထွက်လောက်အောင် ရယ်မောခြင်းလဲ မရှိဘူး။ အနည်းငယ်ပြုံးရုံသာ ပြုံးတော်မူတတ်တယ်။" ဟူ၍လည်း ဖွင့်ဟမိန့်ဆိုတော်မူခဲ့ပေသည်။

## ယောဆရာတော်နှင့် ရဝေနွယ် (အင်းမ)

ယောဆရာတော်နှင့် ပတ်သက်၍ အလွန်ထူးခြားသော အချက်တစ်ရပ်ကို ရဝေနွယ် (အင်းမ)က ရေးသားတင်ပြထားသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ ရဝေနွယ် (အင်းမ)သည် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ သုခပဋိပဒါသဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက်၌ သီတင်းသုံးတော်မူလျက်ရှိသော အရှင်ရာဇိန္ဒဖြစ်သည်။ အရှင်သည် "မင်္ဂလာအတွေးများ" ဓမ္မစာအုပ်ဖြင့် ဓမ္မဗိမာန်

http://www.dhammadownload.com



စာပေဆုနှင့် ဆန်းလွင်စာပေဆုများတွင် ပထမဆုရရှိသူဖြစ်သည်။ အရှင်က မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ၄၅-နှစ်ပြည့် သာသနာ့ မော်ကွန်း အထိမ်းအမှတ် မဂ္ဂဇင်း၌ "အိပ်မက်ပါသော ခြေလှမ်းများ" ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးထားသည်။

## မိမိသက်နီးကို မိမိကိုယ်တိုင်လျှော်

ထိုဆောင်းပါးတွင် အရှင်က ယောဆရာတော်သည် သက်တော် ၆၀-ကျော်သည်အထိ မိမိဝတ်ရုံသော သက်နီးကို ကိုယ်တိုင်လျှော်၊ ကိုယ်တိုင်ရုပ်၊ ကိုယ်တိုင်ခေါက်ကြောင်း၊ မိမိသီတင်းသုံးသော ၁၀-နှစ်တာကာလအတွင်း ကိုယ်တိုင်မြင်တွေ့ရကြောင်း ရေးသားထားသည်။ အံ့ချီးဖွယ်ကောင်းလှသည်။ ပရိယတ္တိဘွဲ့ထူး၊ ဂုဏ်ထူးများ အမြင့်ဆုံးရရှိသော အရှင်မြတ်၊ ဝါဆိုသံဃာ ၁၅၀-ကျော်၏ အကြီးအမှူးပဓာနနာယကဆရာတော် အရှင်မြတ်၊ သက်တော် ၆၀-ရှိသော အရှင်မြတ်။ ဤအရှင်မြတ်ကြီးသည် မိမိဝတ်ရုံသော သက်နီးကို တပည့်များ မဖွပ်လျှော်စေရ။ မိမိကိုယ်တိုင် ဖွပ်လျှော်၊ ကိုယ်တိုင်ရုပ်၊ ကိုယ်တိုင်ခေါက်သိမ်းသည်ဆိုသည်မှာ အံ့ချီးဖွယ်ပင်။

ရဝေနွယ် (အင်းမ)က သူ၏ဆောင်းပါးတစ်နေရာတွင် ဤသို့ ရေးသားဖော်ပြထားသည်။

"သူသည် ယောဆရာတော်ကျောင်းတွင် ဆယ်စုနှစ်တစ်စုနီးပါး နေခဲ့သည်။ ထိုကာလအတွင်း သူကိုယ်တိုင် ယောဆရာတော်၏ သက်နီးကို တစ်စုံတစ်လေမျှ လျှော်မပေးခဲ့ဖူးသလို တစ်ခြား ကိုရင်၊ ဦးပဉ္စင်းတွေ လျှော် ပေးခဲ့သည်ကိုလည်း မတွေ့ခဲ့ရပါ။ မြန်မာပြည် သာသနာ့သမိုင်းတွင် ကိုယ့် သက်နီး ကိုယ်လျှော်ဝတ်ခဲ့သော ဆရာတော်တစ်ချို့ ရှိခဲ့ပါလိမ့်မည်။ သို့

http://www.dhammadownload.com



သော် ထိုဆရာတော်များကို သူမသိခဲ့ပါ။ သူသိသည်မှာ သူ့ဆရာတော် တစ်ပါးသာ ဖြစ်ပါသည်။ သူသိရသလောက် ဆရာတော့်ရေချိုးခန်းထဲ တွင် အဝတ်လျှော်ဇလုံ မရှိပါ။ သက်တော် ၆၀-ကျော် ဆရာတော်တစ်ပါး သင်္ကန်းကို ကိုယ်တိုင်လျှော်၊ ကိုယ်တိုင်ရုပ်၊ ကိုယ်တိုင်ခေါက်၊ မြင်ကွင်းအား လုံးသည် သမိုင်းတစ်ခု၏ ရှားပါးပုံရိပ်တစ်ခု ဖြစ်နေပါလိမ့်မည်။"

ဤရေးသားချက်တွင် "သူ" ဆိုသည်မှာ ရဝေနွယ် (အင်းမ) ဖြစ်ပါသည်။ အရှင်ကိုယ်တိုင် မြင်တွေ့ရသည်တို့ကို တင်ပြထားခြင်း ဖြစ်သည်။

## နေ့လယ်နေ့ခင်း မကျိန်း

ထိုပြင် ဆရာတော်အများစုသည် နံနက်စောစော အိပ်ရာထ ကြရသဖြင့် နေ့လယ် ဆွမ်းဘုဉ်းပေးပြီးနောက် တစ်ရေးတစ်မှိတ် ကျိန်း စက်သောအလေ့ ရှိတတ်ကြသည်။ ယောဆရာတော်ကား နေ့ဆွမ်း စားပြီး ကျိန်းစက်တတ်သည့်အကျင့် ရှိတော်မမူ။ ထိုမျှမက နေ့လယ် နေ့ခင်းတွင် အိပ်ရာပေါ်၌ ကျောခင်း၍ ကျိန်းစက်တတ်သည့် အကျင့် လည်း ရှိတော်မမူပေ။

## အရှင်ကေသရိန္ဒ ကိုယ်တွေ့

ထိုအကြောင်းကို အရှင်ကေသရိန္ဒ (ဓမ္မရောင်ခြည်)က သူ၏ "အပ္ပမာဒ နှလုံးသားပိုင်ရှင်" ဆောင်းပါးတွင် ဤသို့ ထည့်သွင်းရေး သားထားသည်။

"ယောဆရာတော်မှာ နေ့ဆွမ်းစားပြီး ကျိန်းစက်တတ်သောအကျင့်

http://www.dhammadownload.com



ရှိတော်မမူရုံမျှမက အိပ်ရာပေါ်မှာ ကျောခင်းပြီး အနားယူခြင်းမျိုးလည်း ရှိတော်မမူပါဘူး။ ဒါကြောင့် ည ကျိန်းစက်ချိန်မှတစ်ပါး ဆရာတော်ကို လျောင်းခြင်းအရိယာပုတ်နှင့် ဖူးတွေ့နိုင်ဖို့ဆိုတာ အင်မတန် ခဲယဉ်းလှပါတယ်။ ဘယ်အချိန်မှာပဲဖြစ်ဖြစ် စံကျောင်းတော်အတွင်းကို ဝင်လိုက်ရင် ကုလားထိုင်မှာဖြစ်စေ၊ စာဖတ်၊ စာရေးနေတော်မူတဲ့ ဆရာတော်ကိုသာ ဖူးတွေ့ကြရမှာပါ။"

ယောဆရာတော်သည် စာချခြင်း၊ တရားဟောခြင်း၊ စာရေးခြင်း၊ စာဖတ်ခြင်း၊ ကျောင်းတိုက်ကြီးကို အုပ်ချုပ်ခြင်း၊ တရားအားထုတ်ပွားများခြင်း၊ သာရေး၊ နာရေးကိစ္စများ ပင့်ကြသည်ကို လိုက်ပါချီးမြှင့်ရခြင်းစသော သာသနာ့တာဝန်မျိုးစုံကိုလည်း ဆောင်ရွက်ရသည်။ မိမိထူထောင်ထားသော ကလေးမြို့ရှိ ကျောင်းတိုက်များသို့လည်း မကြာခဏ ကြွရောက်တော်မူရသည်။

## ဩဝါဒါစရိယတာဝန်များ

ထိုသို့ သာသနာ့တာဝန်အလုပ်များ များပြားလှသည့်ကြား ထဲမှ အောက်ပါအသင်းအဖွဲ့များတွင် တာဝန်ယူ သာသနာပြုလျက် ရှိသည်။

(၁) ပထမ ၅-နှစ်၊ ဒုတိယ ၅-နှစ် ကာလပတ်လုံး ဝိနည်းမိုရ် တာဝန်ကို ထမ်းဆောင်ခဲ့၍ ၁၃၄၆-ခုနှစ်မှစ၍ ရွှေကျင်နိကာယဂိုဏ်းလုံး ဝန်ဆောင်၊ (၂) နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ တိပိဋကာဓရ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ (၃) နိကာယ်သာသနာတော် ထွန်းကားရေးအသင်း ဩဝါဒါစရိယ၊ (၄) ဓမ္မသာကစ္ဆာအဖွဲ့ ဩဝါဒါစရိယ၊ (၅) တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်း ဩဝါဒါစရိယ၊ (၆) ဆူးလေစေတီတော် ဂေါပကအဖွဲ့

http://www.dhammadownload.com



ဩဝါဒါစရိယ၊ (၇) အဘိဓမ္မာ ပြန့်ပွားရေးအသင်း ဩဝါဒါစရိယ၊ (၈) ဓမ္မဗျူဟာသာသနမာမကအဖွဲ့ ဩဝါဒါစရိယ၊ (၉) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ၊ (၁၀) တိပိဋကဓမ္မရက္ခိတအဖွဲ့ ဩဝါဒါစရိယ၊ (၁၁) မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်၏ ဩဝါဒါစရိယ၊ (၁၂) ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိ သာသနာနုဂ္ဂဟ ဆန်လျှအသင်းကြီး၏ ဩဝါဒါစရိယ၊ (၁၃) ရန်ကုန်-မန္တလေး ယောနယ်အသင်း၏ ဩဝါဒါစရိယ၊ (၁၄) မြတ်မင်္ဂလာစာစောင် နာယက၊ (၁၅) ဇမ္ဗူ့ရတနာစာစောင် နာယက၊ (၁၆) မိုးကုတ်မြို့ နိကာယ်သာသနာတော် ကြီးပွားရေးအသင်း၏ ဩဝါဒါစရိယ၊ (၁၇) မင်္ဂလာဗျူဟာအသင်းချုပ်၏ ဩဝါဒါစရိယ၊ (၁၈) ပိဋကတ်ဗျူဟာအဖွဲ့၏ ဩဝါဒါစရိယ၊ (၁၉) ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်၏ ဩဝါဒါစရိယ၊ (၂၀) လယ်တီဆရာတော်ဘုရားကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၏ ဩဝါဒါစရိယ။

ဤသာသနာရေးဆိုင်ရာ အဖွဲ့များတွင် ဩဝါဒါစရိယ တာဝန်များကို ဆောင်ရွက်တော်မူရာ၌ အမည်ခံသက်သက်မဟုတ်။ ထက်သန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရသည်။

## ယောဆရာတော်နှင့် မြန်မာစကားပြေ

ယောဆရာတော်သည် တရားဟောကောင်းသလို မြန်မာစကားပြေ အရေးအသားလည်း ကောင်းသည်။ ဟောပြောသောတရားများကို စကားပြောဟန်ဖြင့် ရေးသည့်နည်းတူ ဆောင်းပါးများ၊ ကျမ်းများကို စာပေရေးဟန်ဖြင့် ပြောင်မြောက်စွာ ရေးသားနိုင်စွမ်းရှိသည်။ ရေးရာ၌ စကားအသုံးအနှုန်း ရှင်းလင်းလွယ်ကူသည်။ လူအများ နားလည်နိုင်အောင် ရေးနိုင်စွမ်းရှိသည်။ အရေးအသား ဝါကျဖွဲ့

http://www.dhammadownload.com



ထုံးမှာလည်း ကျစ်လျစ်သည်။ ရှင်းလင်းသည်။ သိပ်သည်းသည်။ စကားပြေကို စံပြုဖွယ် ရေးသားနိုင်စွမ်း ရှိသည်။ ယနေ့အထိ ဆရာတော် ရေးသားပြုစုပြီးသော ကျမ်းကြီး၊ ကျမ်းငယ်များမှာ အုပ်ရေ ၃၀-ကျော် ရှိနေပြီ။

## ယောဆရာတော်၏ ကဗျာအချို့

ဆရာတော်သည် မိမိဟောကြားသော တရားတော်များ၊ စာများတွင် အဓိကအကြောင်းအချက်များကို မှတ်သားမိနိုင်ရန်လည်း မကြာခဏပင် ကဗျာများ ဖွဲ့ဆိုထည့်သွင်းဖော်ပြလေ့ ရှိသည်။ ထိုထိုကဗျာများမှာ အကြောင်းအရာလည်း တန်ဖိုးရှိသည်။ အဖွဲ့အနွဲ့လည်း ပြောင်မြောက်သည်။ ယင်းတို့အထဲမှ အချို့ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

### မေတ္တာနှလုံး အလှဆုံး

✍ ဤသာသနာ၊ ငြိမ်းချမ်းစွာ
ကမ္ဘာကြီးကို၊ လှစေသည်။
✍ မြန်မာ၌သာ၊ သာသနာ
ခိုင်မာ ပြည့်စုံသည်။
✍ ဗုဒ္ဓဝါဒ၊ မြတ်ဓမ္မကြောင့်
ကမ္ဘာ့အလယ်၊ ဂုဏ်ရည်ကြွယ်
ခန့်ထယ် (ထည်) မြန်မာပြည်။
✍ မေတ္တာနှလုံး၊ အလှဆုံးကြောင့်

http://www.dhammadownload.com



ရွှင်ပြုံးကြည်သာ၊ တို့မြန်မာ
ကမ္ဘာကပင်၊ မော်ကြည့်သည်။

✍ ဗုဒ္ဓမြတ်စွာ၊ သာသနာကြောင့်
ကမ္ဘာလည်းလှ၊ လူလည်းလှ
အေးမြချမ်းသာသည်။

✍ နောက်ဆုံးမှာကား၊ မြတ်တရားသာ
ဆောက်တည်ရာ၊
လူမှာစွမ်းအား၊ ပြည့်ဝသည်။

## နှလုံးသားဝယ် ဘုရားတည် ၄-သွယ်အကျိုးရ

- ပညာကြီးလတ်၊ ဘုရားမြတ်
  ဆည်းကပ်သူလည်း၊ ဉာဏ်ကြီးပါ။
- အပူကင်းစင်၊ ဘုရားရှင်
  ဦးတင်သူလည်း၊ အပူကွာ။
- တန်ခိုးကြီးပြေား၊ မြတ်ဘုရား
  လေးစားသူလည်း၊ တန်ခိုးဖြာ။
- ရုပ်ဆင်းသပ္ပာယ်၊ အံ့ဩဖွယ်
  ကိုးကွယ်သူလည်း၊ အေးချမ်းပါ။
- နှလုံးသားဝယ်၊ ဘုရားတည် (တယ်)
  တကယ်စွမ်းတဲ့၊ လူသားပါ။
- လူ၏စွမ်းအား၊ မြတ်တရား
  စိတ်ထားကောင်းဖို့၊ လိုရင်းပါ။

http://www.dhammadownload.com



# အချိန်တန်ဖိုး

* အချိန်တိုင်းဟာ၊ တစ်ကြိမ်သာ
  နှစ်ခါမပေးချေ။
* မသုံးတတ်မူ၊ ဖြုန်းလေသူ
  အပူတိုး၍နေ။
* သုံးနိုင်သူကား၊ ပြုံးနိုင်ပြား
  စွမ်းအားတိုး၍၊ အေးမြပေ။
* အချိန်တိုင်းသိ၊ စွမ်းအားရှိ
  သတိမြဲအောင်၊ ကြိုးစားလေ။
* အချိန်ကိုထိန်း၊ အပူငြိမ်း
  တွက်ကိန်း ကိုက်ကြစေ။
* အချိန်တန်ဖိုး၊ လူ့တန်ခိုး
  ကောင်းကျိုး စည်ပင်ဝေ။

# စွမ်းရည်မကြယ် ရှက်စဖွယ်

❖ ကျမ်းရင်းမပေါက်
မှတ်စုလောက်သာ၊ ဘွဲ့ယူကာဖြင့်
ပညာညွှန့်ကို၊ ခူးယူလိုပြား
ဖြတ်လမ်းသွား
စွမ်းအားမစုံ၊ ရှက်ဖွယ်ပ။

http://www.dhammadownload.com



❖ ထိုက်တန်လောက်အောင်၊ မကျင့်ဆောင်ဘဲ
အချောင်နေကာ၊
ပေးတာကိုစား၊ အပျင်းပွား
ယောက်ျားမပီ၊ ရှက်ဖွယ်ပ။

❖ စွမ်းရည်မကြွယ်၊ ရှက်စဖွယ်
တကယ် အောက်တန်းကျ။

## ခန္ဓာကိုယ်ထဲ ဘောလုံးပွဲ

✪ ခန္ဓာကိုယ်ထဲ၊ ဘောလုံးပွဲ
ဆင်နွှဲ တတ်ပါစေ။

✪ စိတ်ဘောလုံးမှာ၊ ကန်စရာ
ပတ်ချာ လှည့်၍နေ။

✪ အဖြူအသင်း၊ အမည်းသင်း
နှစ်သင်း ယှဉ်ပြိုင်နေ။

✪ အဖြူအသင်း၊ ပေါ့ဆခြင်းကြောင့်
ညံ့ဖျင်းသွားကာ၊ အမည်းသာ
များစွာ ဂိုးသွင်းနေ။

✪ ဂိုးရှုံးပြန်က၊ အပူရ (အပါယ်ကျ)
ဒုက္ခ ပင်လယ်ဝေ။

✪ အဖြူအသင်း၊ စိတ်အားတင်းသော်
အနိုင်ပေါ်
ရွှင်ပျော် အားတက်ပေ။

http://www.dhammadownload.com



- အမည်အသင်း၊ ဂိုးပြန်သွင်းက
  လုံ့လကိုတွန်း၊ သတ္တိစွမ်း
  ဂိုးဖမ်းတတ်ပါစေ။
- ဒါနတစ်ဖြာ၊ သိက္ခာသုံးပါး။
  စွမ်းအားကိုညှစ်၊
  ကြိုးစားတက်ရင်း၊ သတိခင်း။
  ဂိုးသွင်းလိုက်ပါလေ။
- ဆင်းရဲမလို၊ ချမ်းသာလိုသူ
  အဖြူသင်းသာ၊ နိုင်သင့်ပါ
  ကောင်းစွာ ကြိုးစားလေ။
- စွမ်းရည်ဒိုင်းဆု၊ ရအောင်လု
  ကောင်းမှု ပိုင်ပါစေ။

## အသိခြားနား ယင်နှင့်ပျား

- လောကမျက်မြင်၊ ပျားနှင့်ယင်
  နှိုင်းယှဉ်ကြည့်နိုင်ကြ။
- အသိခြားနား၊ ယင်နှင့်ပျား၊
  စွမ်းအားမတူကြ။
- ယင်ကောင်ပမာ၊ ရှုပ်ထွေးစွာ၊
  ကောင်းတာမစုက။
- ခုရောနောင်ပါ၊ ပူလောင်ကာ၊
  ချမ်းသာဆုံးရှုံးရ။

http://www.dhammadownload.com



○ ပျားကောင်ပမာ၊ ဖြောင့်မှန်စွာ၊
ကောင်းတာစုထားမှ။

○ ခုရောနောင်ပါ၊ အေးမြကာ၊
ချမ်းသာရနိုင်ကြ။

○ (၁) တိကျလေးနက်၊ ခံယူချက်၊
မြင့်တက်တူညီရ။

○ (၂) စည်းကမ်းသစ္စာ၊ စောင့်ထိန်းကာ၊
ဖြောင့်စွာကြိုးစားရ။

○ (၃) ကိုယ်ကျိုးစွန့်ခွာ၊ ပေးကမ်းကာ၊
နစ်နာခံတတ်မှ။

○ (၄) အသိမှန်ကန်၊ ပညာဉာဏ်ဖြင့်၊
နှိုင်းချင့်တိုင်းတာ၊ ဆုံးဖြတ်ကာ၊
ကောင်းစွာသိမြင်ရ။

○ နောက်နည်းတစ်တန်
သည်းခံသနား၊ ဝမ်းမြောက်ပြား၊
ပွားများမေတ္တာ ခြံုတတ်ရ။

○ ၄-မျိုးရှိလျှင်၊ စွမ်းအားရှင်၊
အောင်မြင်တိုးတက်ရ။

○ အများပေါင်းစု၊
ဤ ၄-ခုမှာ၊ အောင်မြင်တာ၊
ဝမ်းသာရွှင်လန်း အားတက်ရ။

(ယောဆရာတော်)

(ပြီးပါပြီ)

မင်းယုဝေ (၁-၅-၂၀၀၅)

http://www.dhammadownload.com

# အကိုးများ


၁။ ရွှေကျင်သာသနာ ၁၃၅-နှစ် ခရီးမှတ်တမ်း (သီတဂူဆရာတော် အရှင်ဉာဏိဿရ) (၁၃၅၇)

၂။ စံကင်းဆရာတော် ဦးမာနိတာသီရိ၊ ဦးနန္ဒမာလာဘိဝံသ (၁၃၃၄)

၃။ ရွှေကျင် နိကာယသာသနာဝင် (ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတ ထေရ်) (၁၉၆၃)

၄။ ဆရာတော် ဦးဗုဓ် (သခင်အောင်ဖေ) (၂၀၀၂)

၅။ မင်းတုန်းမင်း (တိုက်စိုး) (၁၉၇၂)

၆။ တစ်ဘဝသံသရာ (အရှင်ဇနကာဘိဝံသ) (၁၉၈၄)

၇။ နှစ် ၁၀၀-ပြည့် အထိမ်းအမှတ် ဂုဏာပူဇာစာတမ်းများ (အရှင် ဇနကာဘိဝံသ) (စာရေးဆရာများ)

၈။ မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ (ပထမပိုင်း) (အရှင် သီလာနန္ဒာဘိဝံသ) (၁၉၇၉)

၉။ လယ်တီမဟာထေရုပ္ပတ္တိကထာကျမ်း (လယ်တီဦးဝဏ္ဏိတ) (၁၉၅၆)

၁၀။ မြန်မာ့စွယ်စုံကျမ်း [အတွဲ(၃)၊ အတွဲ(၄)၊ အတွဲ(၈)၊ အတွဲ(၉)၊ အတွဲ(၁၁)၊ အတွဲ(၁၃)]

၁၁။ ချင်းဝိသေသတိုင်း သမိုင်းအစ (သိန်းဖေမြင့်) (၁၉၆၇)

http://www.dhammadownload.com



၁၂။ တို့ပြည်တို့ရွာ ကဗျာများ (မင်းယုဝေ) (၁၉၉၄)
၁၃။ အရှင်ဇနကာဘိဝံသ တစ်ဘဝသာသနာ (အရှင်ယောသိတ) (၁၉၈၄)
၁၄။ ဗုဒ္ဓဘာသာတရားတော် (အထက်တန်းအဆင့်) သာသနာရေးဝန်ကြီးဌာန (၁၉၉၄)
၁၅။ ဗုဒ္ဓဘာသာတရားတော် အခြေခံအဆင့် (၁၉၉၅)
၁၆။ ယောဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ဝိသေသလက္ခဏာများ (ဆရာတော် အရှင်အဂ္ဂဉာနာဘိဝံသနှင့် ဆရာတော် အရှင်ကောသလ္လ) (၁၉၉၉)
၁၇။ ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ၏ ထေရုပ္ပတ္တိကထာ (ယောနယ်အသင်း၊ ရန်ကုန် (၁၉၉၀)
၁၈။ ရတနာ့ဂုဏ်ရည်နှင့် မြစ်သာမြစ်ကူးတံတား (အရှင်နန္ဒ-ကန်တောရ) (၂၅-နှစ်မြောက် ယောအသင်း၊ ငွေရတုမဂ္ဂဇင်း) (၁၉၉၀)
၁၉။ နိုင်ငံတော်အကျိုးပြု ရေအရင်းအမြစ် ကလေးဒေသ ယောနယ်မှ မြစ်သာ (ကလေး-ဝင်းသူ) (ကြေးမုံ ၂၆-၉-၂၀၀၂)
၂၀။ သာလွန်မင်းလက်ထက်က ယော (ဒေါက်တာတိုးလှ) (ယောနယ်အသင်း ၂၅-နှစ်မြောက် ငွေရတုမဂ္ဂဇင်း)
၂၁။ ယောမြို့က ပြန်ခဲ့တယ် (မြတ်ဆွေ) (ရတနာမွန်၊ ၁၉၈၂၊ မတ်)
၂၂။ ယောအကြောင်း သိကောင်းစရာ (သစ္စာ-ဘိက္ခု၊ ဘုံဘေ) (ယောနယ်အသင်း၊ ရန်ကုန်၊ ၂၅-နှစ်မြောက် ငွေရတုမဂ္ဂဇင်း)
၂၃။ ဂန့်ဂေါမြို့ ဖြစ်စဉ် (ဒုဗိုလ်မှူးကြီး လှထွား၊ ငြိမ်း) (ယောနယ်အသင်း၊ ရန်ကုန်၊ ၂၅-နှစ်မြောက် ငွေရတုမဂ္ဂဇင်း)
၂၄။ ပင်နီချောနှင့် ယောထဘီ (ဆရာမ ဒေါ်မြစန်း) (ယောနယ်အသင်း၊ ရန်ကုန်၊ ၂၅-နှစ်မြောက် ငွေရတုမဂ္ဂဇင်း)

http://www.dhammadownload.com



၂၅။ လူ့အစာစစ်တမ်း **(Mains Food)** (ဇီဝဋ္ဌာယီ ဦးစံလှ) (၁၉၆၅)

၂၆။ အသက်ရှည်လိုလျှင် (အညတြ ဆရာဝန်) (၁-၂-၂၀၀၁) မြတ်မင်္ဂလာစာစောင်

၂၇။ အာဟာရစွမ်းအင် (အညတြ ဆရာဝန်) (၁-၇-၂၀၀၁) မြတ်မင်္ဂလာစာစောင်

၂၈။ ဆဋ္ဌမမြောက် တိပိဋကဆရာတော် (ဉာဏ်လင်းအောင်) (၁-၁၁-၁၉၉၅) မြတ်မင်္ဂလာစာစောင်

၂၉။ ထေရဝါဒ ဗုဒ္ဓဘာသာအထွန်းကားဆုံးသော မြန်မာနိုင်ငံ (မောင်အောင်ဝင်း-ထူးကြီး) မြတ်မင်္ဂလာစာစောင်

၃၀။ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင် (အရှင်မာနိတသီရိနှင့် အရှင်အာဒိစ္စဝံသ) (၂၀၀၂)

၃၁။ တိပိဋကရေ ယောဆရာတော်၏ ရဟန်းသက် နှစ် ၄၀-အထိမ်းအမှတ် သိက္ခာထပ် (အရှင်သီရိန္ဒ) (၁၃၆၄-ခုနှစ်) (၁၃၅၇)

၃၂။ ယောနယ်ဂုဏ်ဆောင် ဆရာတော်ကြီးများ (အရှင် ကန်တောရ) (ယောနယ်အသင်း၊ ရန်ကုန်၊ ၂၅-နှစ်မြောက် ငွေရတုမဂ္ဂဇင်း)

၃၃။ ယောတရားတော် (တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက (ယော) ဆရာတော်) (၂၀၀၂)

၃၄။ အပေါင်းလက္ခဏာတရားတော် (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၁၉၉၈)

၃၅။ ကိုယ့်လမ်းကိုယ်လျှောက် ကောင်းရာရောက် (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၂၀၀၁)

၃၆။ ဘဝတစ်ကွေ့ ခဏတွေ့ (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၂၀၀၀)

၃၇။ တရားကျေးဇူး စွမ်းရည်ထူး (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၂၀၀၄)

၃၈။ ဘဝလမ်းညွှန် (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၁၉၉၅)

http://www.dhammadownload.com



၃၉။ မေတ္တာပန်းခိုင် သုံးပွင့်ဆိုင် (အရှင်သီရိန္ဒာဘိဝံသ (ယော))(၁၉၉၉)
၄၀။ သာခု (၄)ပါး မြတ်တရား (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၂၀၀၁)
၄၁။ စိတ်ဓာတ်ကိုမြှင့် လုပ်ပိုင်ခွင့် (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၁၉၉၉)
၄၂။ ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ် (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၂၀၀၁)
၄၃။ နှလုံးသားဝယ် ဘုရားတည် (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၂၀၀၁)
၄၄။ မေတ္တာလက်စွဲ ရာပြည့်ပွဲ (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၂၀၀၅)
၄၅။ တရားအသိ လူမျက်စိ (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၂၀၀၁)
၄၆။ အေးမြရွှင်ပြုံး လူ့နှလုံး (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၂၀၀၂)
၄၇။ သူ့ကိုစောင့်ရှောက် ကိုယ့်ဂုဏ်မြောက် (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၂၀၀၅)
၄၈။ မေတ္တာကျေးဇူး စွမ်းရည်ထူး (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၂၀၀၆)
၄၉။ အနှစ်ထုတ်ယူ စွမ်းတဲ့လူ (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၁၉၉၉)
၅၀။ လူ၏ဖွမ်းအား မြတ်တရား (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၂၀၀၂)
၅၁။ ကိုယ့်ကိုကိုယ်ချစ် လူအစစ် (အရှင်သီရိန္ဒာဘိဝံသ (ယော)) (၂၀၀၃)

http://www.dhammadownload.com